လူငယ်စာစဉ်
၂၀



# လူငယ်တွေစိန်စီမှ အချိန်စီးတဲ့လူကြီးတွေဖြစ်မယ်

မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာခင်မောင်ညို၊ ခင်စောတင့်၊ ဦးအေးချို(မဟာဝိဇ္ဇာ)၊ မောင်သိန်းလွင်၊
မြင့်ကြိုင်၊ လက်ာရည်ကျော်၊ သရဝဏ်(ပြည်)၊ လင်း – ဆေး(၁)၊ မောင်ခိုင်တည်၊ ရဲသျှမ်း၊ ကြည်စိုးထွန်း၊
သင့်နော်၊ မောင်ကိုကို(အမရပူရ)၊ မြနှောင်းညို၊ မသီတာ(စမ်းချောင်း)၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊
သားအေးည၊ နှင်းဆီအောင်၊ ခင်လန်းဆန်း၊ ဝိုင်၊ မနွယ်(ကလော)၊ သကျနွယ်(ရွှေပင်လယ်)၊ မြနဒီ၊
သီတဂူဇေယျ၊ ရွှေစကား

လူငယ်သွေးသစ်

ဒေါက်တာဖြိုးသီဟ၊ ကေတုမာလာ၊ ဘိက္ခုရွှေဥတ်၊ နွေလှိုင်းဆည်းဆာ၊ အောင်မျိုး၊ ပန်းခက်နွယ်

လူငယ်သွေးသစ် အထူးကဏ္ဍ

ခင်မိုမိုနီ

စာအုပ်အမှတ် (၅၃)

လူငယ်တစ်ယောက်သည် ရသစာပေနှင့် ယဉ်ပါးသည့်အတွက်
စိတ်အရည်အသွေးကောင်းများနှင့် ပြည့်ဝသော်လည်း သုတစာပေ
အဖတ်အရှုနည်းလျှင် သိသင့်သောအသိအမြင် ချို့တဲ့သည့်အတွက်
'လူအ'ကလေးများ ဖြစ်သွားပါလိမ့်မည်။ ထို့အတူ သုတစာပေ
အဖတ်အရှုများသည့်အတွက် အသိအမြင်ကြွယ်ဝသော်လည်း
ရသစာပေ အဖတ်အရှုနည်းလျှင် ရသစာပေနှင့်
မယဉ်ပါးသည့်အတွက် နှလုံးသားရိုင်းပျသော
'လူရိုင်း'ကလေးများ ဖြစ်သွားပါလိမ့်မည်။
မောင်ခင်မင်(ဓနုဖြူ)

နယူတန်ဟာ တကယ့်ကို သိပ္ပံပညာနဲ့ပတ်သက်တဲ့
ကြီးကျယ်မြင့်မြတ်သူပါပဲ။ ဒါပေမဲ့ သူ့ရဲ့မခံချင်စိတ်ကို
မနှိုးဆွနိုင်ရင်တော့ သူ ဒီလို ကြီးကျယ်တဲ့
အတွေးတွေကို ရလာမှာမဟုတ်ဘူး။
ဒေါက်တာခင်မောင်ညို

ဂျာမဏီမှာ ၇ နှစ်နီးပါး ပညာသင်ကြားပြီး ပြန်လာတဲ့
အဲသည် လူငယ် မြန်မာပြည်ပြန်လာတော့ သူများတွေလို
ကားတွေဘာတွေ ပါမလာဘူး။ သူ ယူလာတာအားလုံးက
ပညာရပ်ဆိုင်ရာ စာအုပ်တွေပဲဖြစ်တယ်။ ပညာနဲ့အတူ
နောက်ထပ် ပါလာတာတစ်ခုက အရက်စွဲလာတာပါ။
ရဲသျှမ်း

အနှစ်ပြည့် သစ်တောကြီးတစ်တော ဖြစ်ထွန်းလာဖို့
နှစ်တစ်ရာလောက်မှ ရင်းနှီးမြှုပ်နှံမှုမပြုလျှင်
အရည်အသွေးပြည့်ဝလာမည် မဟုတ်သလို
လူ့သယံဇာတဖော်ထုတ်ရာ၌လည်း နှစ်ပေါင်း
(၂၀)၊ (၃၀) လောက်မှ မရင်းနှီး မမြှုပ်နှံ
မဖြည့်ဆည်းဘဲ လူ့အရည်အသွေး
ပြည့်ဝလာနိုင်မည် မဟုတ်ပါ။
မောင်ခိုင်တည်

ကျောင်းထိုင်ဘုန်းကြီး၏ အတွေးအခေါ်နှင့်
ပညာရည်သည် ရွာဥက္ကဋ္ဌထက်
ပိုမိုမြင့်မားနေဖို့ လိုအပ်ပါသည်။
သားအေးည

ခုတော့ အဖိုးအဖွားထားရစ်ခဲ့တဲ့ လယ်မြေကေပေါင်းများစွာနဲ့
လယ်လုပ်ကိရိယာ ထွန်တုံးထွန်တံတွေ အပါအဝင်
ကျွဲနွားကောင်ရေ နှစ်ဆယ်အစိတ်ဟာ သူတစ်ပါး
လယ်မြေမှာ ထွန်စက်မောင်းနေမယ့် မြေးနှစ်ဦးကို
အဖိုးအဖွားကိုယ်စား မစောင့်ရှောက်နိုင်တော့ပါ။
ခင်လန်းဆန်း

စာပေခရီးသွားများ လူငယ်စာစဉ် (၂၀)၊ စာအုပ်အမှတ် (၅၃)

## လူငယ်တွေစိန်စီမှ

# အချိန်စီးတဲ့လူကြီးတွေဖြစ်မယ်

(လူငယ်အကျိုးပြုစာပေစုစည်းမှု)


စာပေခရီးသွားများစာအုပ်တိုက်

အမှတ် (၀၀၁)၊ တိုက်(စီ)၊ ကန်ရိပ်မွန်ကွန်ဒိုဝင်း၊
(၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၄၀၃၃၆၉၊ ၀၉ ၅၄၁၅၃၀၉၊ ၀၉ ၇၉၅၅၅၁၂၈၆
E-mail: literarytravellers@gmail.com

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | - | ၁၀၀၀ |
| ထုတ်ဝေသူ | - | ဒေါ်ခင်မို့မို့နီ (၀၀၆၇၁)<br>စာပေခရီးသွားများစာအုပ်တိုက်<br>အမှတ်(၀၀၁)၊ တိုက်(စီ)၊ ကန်ရိပ်မွန်ကွန်ဒိုဝင်း၊<br>ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်သူ | - | ဒေါ်ခင်နှင်းလွင် (၀၀၁၄၉)<br>ရွှေဟင်္သာပုံနှိပ်တိုက်<br>အမှတ်(၃၁)၊ ဦးရွှေဥန်းလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးအောင်မိုး (မြ-၀၇၆၅၁)<br>Stars Empire ပုံနှိပ်တိုက်<br>အမှတ်(၇၈/၈၁)၊ အခန်း(၀၀၂)၊ (၅၆)လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီ | - | ငြိမ်းငြိမ်းအိ |
| အတွင်းဖလင် | - | AZ |
| စာအုပ်ချုပ် | - | ကိုမြင့် |
| ဖြန့်ချိရေး | - | စာပေခရီးသွားများ<br>ဖုန်း-၀၉ ၅၄၀၃၃၆၉၊ ၀၉ ၅၄၁၅၃၀၉၊<br>၀၉ ၇၉၅၅၅၁၂၈၆ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |

၈၉၅.၈၃

မောင်ခင်မင်(ဓနုဖြူ)နှင့်…အခြား

လူငယ်တွေစိန်စီမှအချိန်စီးတဲ့လူကြီးတွေဖြစ်မယ် / မောင်ခင်မင်(ဓနုဖြူ)နှင့်…အခြား။

--- ရန်ကုန်၊ စာပေခရီးသွားများစာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၇။

- ၂၂၄ စာ၊ ၂၁ စင်တီ။

(၁) လူငယ်တွေစိန်စီမှအချိန်စီးတဲ့လူကြီးတွေဖြစ်မယ်

# မာတိကာ


| | | |
|---|---|---|
| | - ရည်ညွှန်းစကား | ၅ |
| ၁။ | လူငယ်များလျှောက်လှမ်းကြရမည့်ခရီးလမ်းဝယ်..**မောင်ခင်မင်(ဓနုဖြူ)** | ၇ |
| ၂။ | အချိန်စီးတဲ့လူကြီး...**ဒေါက်တာခင်မောင်ညို** | ၁၃ |
| ၃။ | စိတ်ထားလေးတွေအရောင်တင်...**ခင်စောတင့်** | ၂၀ |
| ၄။ | လူချွန်လူကောင်းကလေးတွေဖြစ်အောင်...**မောင်သိန်းလွင်** | ၂၄ |
| ၅။ | စိန်စီခံရသောလူငယ်၊နေသဖွယ်လူကြီး...**ဦးအေးချို(မဟာဝိဇ္ဇာ)** | ၃၀ |
| ၆။ | ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်...**ရဲသျှမ်း** | ၄၀ |
| ၇။ | စိန်ကြီး(၃၈)လုံး...**ကြည်စိုးထွန်း** | ၄၅ |
| ၈။ | လူငယ်တွေစိန်စီပါမှ...**မောင်ခိုင်တည်** | ၅၀ |
| ၉။ | လူငယ်တွေစိန်မစီပါမှ...**လက်ာရည်ကျော်** | ၅၅ |
| ၁၀။ | **စိန်စီတဲ့လူငယ်၊အချိန်စီးတဲ့လူကြီး...မြင့်ကြိုင်(အောင်မိုးဆောင်း)** | ၆၂ |
| ၁၁။ | လူငယ်နှင့်နိုင်ငံရေး...**သရဝဏ်(ပြည်)** | ၆၉ |
| ၁၂။ | ဆယ်လုံးစီးစိန်သန့်...**လင်း-ဆေး(၁)** | ၇၅ |
| ၁၃။ | စိန်ကောင်းကျောက်ကောင်း...**မြနှောင်းညို** | ၈၀ |
| ၁၄။ | မျှော်လင့်ခြင်းလူငယ်...**သင့်နော်** | ၈၄ |
| ၁၅။ | ကျင့်ပါသားတို့တာ...**နှင်းဆီအောင်** | ၉၀ |
| ၁၆။ | ဘယ်အနာဂတ်ကိုရွေးမှာလဲ...**သားအေးည** | ၉၇ |
| ၁၇။ | သင်သည်မည်သို့သောလူငယ်နည်း...**မောင်ကိုကို(အမရပူရ)** | ၁၀၂ |
| ၁၈။ | လုလင်လုံမတို့နဲ့ အနာဂတ်...**မသီတာ-စမ်းချောင်း** | ၁၀၆ |
| ၁၉။ | **စမ်းနှင့်ကမ်း...သကျွန္တယ်(ရွှေပင်လယ်)** | ၁၁၀ |
| ၂၀။ | မျှော်လင့်ခြင်းနိုင်ငံတော်...**ဝိုင်** | ၁၁၆ |
| ၂၁။ | အပ်ဖျားရေစက်အနက်ပင်လယ်..**ဒေါက်တာမြင့်သန်း(ညောင်လေးပင်)** | ၁၃၈ |

၂၂။ မင်းဘာယ်မှာလဲမောင်စိန်ထွား…**မြနန္ဒီ** ၁၄၃
၂၃။ စိတ်သို့ခံယူချက်…**သီတာဝေယျ** ၁၅၅
၂၄။ စိန်စွမ်းဂုဏ်ရည်…**မနွယ်(ကလော)** ၁၆၁
၂၅။ စီးဆင်းလား စုန်ဆင်းလား…**ခင်လန်းဆန်း** ၁၆၆
၂၆။ လူငယ်တွေစိန်စီမှအချိန်စီးတဲ့လူကြီးတွေဖြစ်မယ်…**ရွှေစကား** ၁၇၀

## *လူငယ်သွေးသစ်*

၁။ ယုံကြည်ရတဲ့သူဖြစ်အောင်လုပ်ပါ…**ဒေါက်တာဖြိုးသီဟ** ၁၇၆
၂။ ယုံကြည်ရာလမ်းကိုဆက်လျှောက်စို့…**ကေတုမာလာ** ၁၈၂
၃။ နှစ်ဖက်လှ…**ဘိက္ခုရွှေဥတ်** ၁၈၇
၄။ သွေးသစ်ပျိုးခြင်း…**နွေလှိုင်းဆည်းဆာ** ၁၈၉
၅။ အထွတ်အထိပ်မရောက်ခင်…**ပန်းခက်နွယ်** ၁၉၄
၆။ အောင်မြင်ချင်လား…**အောင်မျိုး** ၁၉၇
၇။ အနက်ရှိုင်းဆုံးပင်လယ်(၅)…**ခင်မို့မို့နီ** ၂၀၆

# ရည်ညွှန်းစကား

'လူငယ်တွေစိန်စီမှ အချိန်စီးတဲ့လူကြီးတွေဖြစ်မယ်'

အချိန်တို့သည် တစတစ ရွေ့လျားလျက်ပင်။

လောက၏မွေတာ ကူးပြောင်းခြင်း၊ ရွေ့လျားခြင်း တို့သည် အခဲ့အဆက် ရှိနေဖြစ်နေလျက်။

လူတို့၏မွေတာသည်လည်း ထိုနည်းတူပင်မဟုတ်ပါလား။

ကံတရား၏ပို့ဆောင်မှုဖြင့် ရောက်ရှိမှီတွယ်လာရသော လူ့ဘဝသည် ချမ်းသာ၊ ဆင်းရဲ၊ နိမ့်မြင့်၊ ဉာဏ်ရည်အမျိုးမျိုးတို့ ကွဲပြားလာခဲ့ရသည်။ မည်သို့ပင်ကွဲပြားသည် ဖြစ်စေ၊ မွေးဖွားလာပြီး လူ့အဖြစ်ကို ရလာသည်မှစ၍ အသိုက်အဝန်းကောင်း၊ မိဘဆရာကောင်း အမှီအခိုကောင်းများနှင့် ဆုံတွေ့ရပါလျှင် ဤလူ့ဘဝတွင် တောက်ပကောင်းမွန်နိုင်ပေလိမ့်မည်။ ယင်းတို့အနက် အလိုအပ်ဆုံး၊ အကောင်းဆုံး၊ အဖြစ်သင့်ဆုံးသည်ကား 'ကိုယ်တိုင်' ဟူသော တစ်ဦးချင်း၏ ကိုယ်ပိုင်စွမ်းအား အရည်အသွေးနှင့် သင်ယူလိုစိတ်၊ သိလိုစိတ်၊ တတ်လိုစိတ်သာလျှင် ဖြစ်ပေသည်။

အရာရာတွင် ငါသိတယ်၊ ငါတတ်ပြီးပြီ၊ သင်ယူစရာမလို ဟူသော မိမိကိုယ်ကို မာန်ဝင်စိတ်၊ လက်မခံလိုစိတ်သည်ကား လူတစ်ဦးအတွက် အကြီးမားဆုံးသော အမှားအယွင်းပင် ဖြစ်ပေမည်။ ထို့ပြင် လောကရှိ အရာရာတိုင်းသော အမှုကိစ္စများတွင်လည်း ဉာဏ်၊ အသိတရား၊ စာနာစိတ်၊ မေတ္တာထားစိတ်၊ သင်ယူလိုစိတ်၊ မျှဝေလိုစိတ်၊ လုံ့လဝီရိယ၊ ဇွဲ၊ သတ္တိများဖြင့် ရင်ဆိုင်ဖြေရှင်းနိုင် ကျော်ဖြတ်နိုင်ရပေလိမ့်မည်။

စာပေခရီးသွားများ

ထိုအရာကား လူတစ်ဦးအတွက် နှလုံးသွင်းဆင်ခြင်အပ်သော မြတ်သောမနောပင် ဖြစ်ပေသည်။

ယင်းသို့သော မြတ်မနောဖြင့် လူ့ဘဝခရီးတာတွင် ရှင်သန်နိုင်ခြင်းသည်သာ မိမိကိုယ်မိမိ စိန်စီခြင်းမည်ပေလိမ့်မည်။ တစ်နည်း၊ ထိုထိုစိတ်ထား၊ မနောများဖြင့် ရှင်သန်တတ်စေရန်အတွက် ပျိုးထောင်ပေးတတ်သော လူအများ (သို့မဟုတ်) လူကြီးများသည်လည်း လူ့ဘောင်လောကအတွက် အမှန်တကယ်ပင် လိုအပ်လှပါသည်။

အပေးအယူမျှသော လူငယ်နှင့် လူကြီးဘဝ(သို့မဟုတ်) မြတ်မနောထားဖြင့် ဖြည့်စွမ်းတတ်သော လူငယ်နှင့် မြတ်မနောဖြင့် ပျိုးထောင်ပေးတတ်သော လူကြီးတို့ဖြင့် တည်ဆောက်အပ်သော လူ့ဘောင်သည်ကား ငြိမ်းအေးသောဘဝများ၊ ငြိမ်းချမ်းသောတေးများဖြင့် သာယာလှပဝေဆာနေလိမ့်မည်ဟု ယုံကြည်မိပါသည်။ လူငယ်နှင့် လူကြီးအပေါင်းတို့သည် မြတ်သဘောထားများဖြင့် မြတ်မနောများကို မွေးမြူပိုင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒပြုလျက်.....

**မေတ္တာဖြင့်**
**ခင်မို့မို့နီ**

# လူငယ်များသျှောက်လှမ်းကြရမည့်ခရီးလမ်းဝယ်

**မောင်ခင်မင်(ဓနုဖြူ)**

ခေတ်တွေ စနစ်တွေ ဘယ်လိုပဲ ပြောင်းပါစေ။

ခေတ်အဆက်ဆက်တွင် 'လူငယ်' အစုအဖွဲ့ အသိုက်အဝန်းများ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့သည်။

ကျွန်တော်တို့ သိမီသလောက် 'အာရှလူငယ် အစည်းအရုံး' ဆိုသော လူငယ်အဖွဲ့အစည်းအကြောင်းကို ငယ်စဉ်ကပင် ကြားဖူးခဲ့သည်။ စစ်အတွင်းမှာ စတင်ပေါ်ပေါက်သော အဖွဲ့အစည်းဖြစ်သည်ဟု သိရသည်။ လွတ်လပ်ရေးရစမှာတော့ 'ဗမာနိုင်ငံလူငယ်များအစည်းအရုံး' ဆိုသော အဖွဲ့အစည်းကို တွေ့ရသည်။ ရန်ကုန်မှာ တိုက်နယ် (မြို့နယ်) အလိုက် အစည်းအရုံးခွဲတွေ ဖွဲ့စည်းကာ လူငယ်များ၏ ဉာဏဗလ၊ ကာလယဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ ဖွံ့ဖြိုးရေးအလုပ်များကို ဆောင်ရွက်ကြသည်။ လူငယ်များ ပါဝင်လှုပ်ရှားကြသည်။ 'ဗလစ' ဆိုသော အတိုကောက်နာမည် ထင်ရှားသည်။

ဖဆပလခေတ်မှာ ဖဆပလလူငယ်၊ ဆိုရှယ်လစ်ဝါဒ လေ့လာရေး လူငယ်အဖွဲ့ (ဆလလဖ)ဆိုသော အဖွဲ့အစည်း နာမည်တွေ ကြားရသည်။ တစ်ဖက်မှာ 'ပြည်သူ့လူငယ်' ဆိုသော အဖွဲ့အစည်းလည်း ရှိသည်။ ပြည်ထောင်စုပါတီခေတ်ကျတော့ 'ပြည်ထောင်စုလူငယ်' အဖွဲ့ ပေါ်လာ

သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာတော့ 'လမ်းစဉ်လူငယ်' ပေါ့။ ရှေ့ဆောင်လူငယ်၊ တေဇလူငယ်၊ ရွှေသွေးလူငယ် ဟူ၍ အသက်အရွယ်အလိုက် ခွဲခြားမှုမျိုးလည်း ရှိသည်။ နဝတ၊ နရကခေတ်မှာတော့ 'ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း'။

တက္ကသိုလ်တွေ ကျောင်းတွေမှာလည်း ကျောင်းသားလူငယ်အဖွဲ့အစည်းများ ရှိသည်။ 'တကသ' (တက္ကသိုလ်ကျောင်းသားများသမဂ္ဂ) ကစ၍ ဗကသ (ဗမာနိုင်ငံကျောင်းသားများသမဂ္ဂ)၊ ရကသ (ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ) ဟူ၍ အဖွဲ့အစည်းများ ဖြန့်ကြက်ထားသည်။ တက္ကသိုလ်နယ်မြေမှာ 'တပ်ဦး'၊ 'တိုးတက်'၊ 'ဒီအက်စ်အို' စသော အစုအဖွဲ့နာမည်များ ကြားရသည်။

'ကင်းထောက်လူငယ်'အဖွဲ့၊ ဝံပုလွေငယ်ခေါ် ကလေးအဖွဲ့ စသည့် အဖွဲ့များလည်းရှိသည်။ လမ်းစဉ်ပါတီခေတ်မှာ 'လူရည်ချွန် စီမံကိန်း'နှင့် အညီ 'လူရည်ချွန်' လူငယ်များလည်း နှစ်အလိုက် စုစည်းမိကြသည်။

လူငယ်အသိုက်အဝန်း အဖွဲ့အစည်းများကို အစိုးရက ဖွဲ့စည်းပေးသည်လည်း ရှိသည်။ နိုင်ငံရေးပါတီများက ဖွဲ့စည်းပေးသည်လည်း ရှိသည်။ ဝါသနာတူလူငယ်များစု၍ ဖွဲ့စည်းသည့် စာပေ၊ လူမှုရေး၊ ဘာသာရေး၊ အားကစား စသည့် အဖွဲ့အစည်းများလည်း ရှိသည်။

'တို့တစ်ကိုယ်ကောင်း စိတ်ထားပယ်၊ အများအကျိုးအတွက် ထမ်းရွက်မယ်။ နေမင်းရောင် လမင်းရောင်တို့ အစွမ်းပြရမယ်' ဆိုသော အာရှလူငယ် သီချင်းမှသည် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်' အစချီသော ကျောင်းကောင်စီ သီချင်းအဝိလူငယ်များ၏ အသံအမျိုးမျိုးကို ကြားရသည်။

လူငယ်များကို အနာဂတ်နိုင်ငံ၏ အိပ်မက်ကောင်းများကို အကောင်အထည်ဖော်မည့်သူများအဖြစ် အများက နေရာပေးထားကြသည်။ လူငယ်များကိုယ်တိုင်ကလည်း လှပသော အနာဂတ်ကို တည်ဆောက်လိုကြသည်။ အရည်သွေးပြည့်ဝသော လူငယ်များဖြစ်အောင် မိမိကိုယ်မိမိ ဖြည့်ဆည်း

နေကြသောလူငယ်များ၊ အများအကျိုးကို လိုလားတက်ကြွစွာ ဆောင်ရွက်နေကြသော လူငယ်များ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ အများအပြားရှိနေသည်။

တစ်ထောင့်တစ်နေရာတွင်မူ အချိန်အလေအလွင့်များသော လူငယ်များလည်း ရှိသည်။ တစ်ချိန်က မိမိတို့ အချိန်ကို လက်ဖက်ရည်ဆိုင်တွင် အသုံးများသော လူငယ်များသည် ယခုအခါ ဖေ့ဘွတ်ပွတ်သည့်အလုပ်တွင် အချိန်အများကြီး သုံးနေကြသည်။ အင်တာနက်ကို ဆုံးစမရှိ ကျယ်ပြန့်သော ပညာတံခါးကို ဖွင့်နိုင်သော သော့အဖြစ် အကျိုးရှိရှိ အသုံးပြုနေသော လူငယ်အများအပြား ရှိသလို အင်တာနက်ကို ကစားစရာ အဆင့်လောက်သာ သဘောထားပြီး ကစားနေကြသော လူငယ်များလည်း အများအပြားရှိသည်။ ထိုလူငယ်များသည် အိမ်ဦးခန်းမှာ တင်ထားသည့် ပညာပါရဂူ ပါမောက္ခကြီးများ ရှိနေပါလျက် ထိုပညာရှင်ကြီးများထံမှ တန်ဖိုးရှိလှသော ပညာများကို သင်ယူဆည်းပူးရမည့်အစား ထိုပညာရှင်ကြီးများကို ဖျော်ဖြေသူများအဖြစ် သဘောထားကာ သီချင်းဆိုခိုင်း၊ ကခိုင်းနေကြသည်နှင့် တူနေကြောင်း ကျွန်တော် တစ်ခါက ရေးဖူးပါသည်။

အလွတ်ကျက်ပြီး အန်ချသော ကြက်တူရွေး ပညာရေးစနစ်ကြောင့် လူငယ်အတော်များများ ရသစာပေနှင့် စိမ်းလာကြသည်။ ရသစာပေကို နှစ်သက်မွေ့လျော်စွာ ဖတ်ရှုအရသာခံသည့် အလေ့များ နည်းလာကြသည်။ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ ရသစာတမ်း (အက်ဆေး) ဟု သင်ပြထားသော အတ္ထုပ္ပတ္တိ၊ မှတ်တမ်း စသည့် ရသစာပေများနှင့် မယဉ်ပါးဘဲ ကိန်းဂဏန်း၊ အချက်အလက်၊ လမ်းညွှန် စသည့် ရသမပါသော သုတစာများကို အာရုံတိမ်းညွတ်သော လူငယ်များက ရသစာပေကို အရသာခံရမည့်အစား ရသစာပေထဲက သုတတွေကို အာရုံစူးစိုက်မိသောအခါ 'မသင့်တာ အမြင်သန်လိုက်ပုံက' ဆိုသော စာချိုးအတိုင်း အမြင်တွေ တိမ်းကုန်ကြသည်။ ရှေးက စာဆိုဦးယာ ဖွဲ့သော တပေါင်းလဘွဲ့ အဲချင်းမှ တပေါင်းလ၏ သာယာသော မြစ်ပြင်၏ မြင်ကွင်းကို ဖွဲ့သည်။ 'ငထွေ

မြင်း ငပူးတင်းတို့ သောင်ရင်းကိုဆန်သည်၊ တောင်ယံဝဲခိုလို့၊ ပိုက်ခြေကို ဆင်း' ဆိုသော သရုပ်ဖော်အဖွဲ့ကလေး၏ အလှကို မမြင်ဘဲ ထိုကဗျာတွင် ငါးလေးကောင်ပါသည် ဆိုသော အချက်အလက်ကိုသာ မှတ်သားဖို့ အာရုံပြု နေကြသည်။ စာဆို မယ်ခွေရေးသည့် 'ချစ်သူအတွက် ကိုယ်တိုင်လိပ်သော ဆေးလိပ်ကလေးကို အမြတ်တနိုး လက်ဆောင်ပေးသည့်အကြောင်း ဖွဲ့ထား သည့်ကဗျာကလေးမှ ဆေးလိပ်ကို မေတ္တာသင်္ကေတအဖြစ် မြင်လာပြီး နှစ်သက်ရမည့်အစား ထိုကဗျာသည် ကလေးများကို ဆေးလိပ်သောက်ချင် လာအောင် အားပေးသည့်ကဗျာ ဖြစ်သည့်အတွက် ကျောင်းမှာ မသင်သင့် ဆိုသော 'မယောင်ရာဆီလူးသည့်အမြင်' မျိုး မြင်လာကြသည်။ ဆရာဇော်ဂျီ ၏ 'ပန်းပန်လျက်ပဲ' ကဗျာမှ 'ဗေဒါပျံ့အံ့ကိုခဲ၊ ပန်းပန်လျက်ပဲ' ဆိုသော အလင်္ကာအဖွဲ့၏ လေးနက်သော အဓိပ္ပာယ်ကို မမြင်ဘဲ 'ဗေဒါက ပျံ့နိုင်လို့ လား၊ ဗေဒါမှာ အံ့သွားကောရှိလို့လား၊ သဘာဝလဲ မကျဘူး' ဟူ၍ အလှဖျက်ဆီးသောအမြင်ဖြင့် မြင်လာကြသည်။ ဆရာမင်းသုဝဏ်၏ 'သူ့မှာတမ်း'ကဗျာမှ ဒဏ်ရာဖြင့် အသက်ဆုံးရတော့မည့် ပြောက်ကျား စစ်သားကလေးနှင့် ရွာသားများ အချီအချ မေးမြန်းပြောဆိုကြပုံကို အရသာ မခံနိုင်ဘဲ 'သေခါနီးဖြစ်နေတဲ့ စစ်သားကလေးအတွက် ဆရာဝန်သွားမခေါ် ဘဲ ဘာဖြစ်လို့ စကားတွေများနေကြတာလဲ'ဟု နေရာတကာ လက်တွေ့ကိစ္စ နှင့် ယှဉ်စဉ်းစားတတ်သော၊ ရိုင်းပျသောအမြင်ဖြင့် မြင်လာကြသည်။ ရသ စာပေနှင့် စိမ်းလာသောအခါ ရသစာပေနှင့် မယဉ်ပါးသောအခါ ကိန်းဂဏန်း အချက်အလက်များ၊ လက်တွေ့ကိစ္စများကိုသာ ရှေ့တန်းတင်ကြခြင်း ဖြစ်ပါသည်။

လူငယ်များ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ရန်အတွက် 'ရသ' စာပေနှင့်၊ 'သုတ' စာပေကို ဟန်ချက်မျှမျှ ဖတ်ရှုလေ့လာဖို့ လိုအပ်ကြောင်း ပညာရှင်များ မိန့်ဆိုကြသည်။ ရသစာပေက စိတ်ပိုင်းဆိုင်ရာ အရည်အသွေး များ ဖွံ့ဖြိုးအောင် အားပေးသည်။ ချစ်စရာတွေ့လျှင် ချစ်တတ်သောစိတ်၊ သနားစရာတွေ့လျှင် သနားတတ်သောစိတ်၊ အများအကျိုး ဆောင်ရွက်လို

စိတ်၊ မိမိလုပ်ဆောင်နိုင်သည့်ကိစ္စကို ဦးဆောင်၍ လုပ်လိုစိတ်၊ အများနှင့် စုပေါင်းညှိနှိုင်း ဆောင်ရွက်လိုစိတ်၊ စွန့်လွှတ်အနစ်နာခံလိုစိတ် စသည့် စိတ်ကောင်းစေတနာကောင်းများ ပေါ်ပေါက်အောင် ရသစာပေက နှိုးဆော်ပေးသည်။ သိစရာ မှတ်စရာ အသိအမြင်များကို မှန်မှန်ကန်ကန် ခံယူရရှိနိုင်အောင် သုတစာပေက အားပေးသည်။ လူငယ်တစ်ယောက်သည် ရသစာပေနှင့် ယဉ်ပါးသည့်အတွက် စိတ်အရည်အသွေးကောင်းများနှင့် ပြည့်ဝသော်လည်း သုတစာပေ အဖတ်အရှုနည်းလျှင် သိသင့်သောအသိအမြင် ချို့တဲ့သည့်အတွက် 'လူအ'ကလေးများ ဖြစ်သွားပါလိမ့်မည်။ ထို့အတူ သုတစာပေ အဖတ်အရှုများသည့်အတွက် အသိအမြင်ကြွယ်ဝသော်လည်း ရသစာပေ အဖတ်အရှုနည်းလျှင် ရသစာပေနှင့် မယဉ်ပါးသည့်အတွက် နှလုံးသား ရိုင်းပျသော 'လူရိုင်း'ကလေးများ ဖြစ်သွားပါလိမ့်မည်။ ချစ်စရာကို ချစ်ရကောင်းမှန်းမသိ၊ သနားစရာတွေ့ပါလျက် ဟားတိုက်ရယ်ချင်ရယ်တတ်သည်။ အများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် စိတ်မဝင်စားဘဲ ရှိတတ်သည်။ ထို့ကြောင့် 'သုတရသ ဟန်ချက်မျှရေး'သည် လူငယ်များအတွက် အရေးပါပါသည်။

စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့် အနုပညာနယ်ပယ်များ၊ ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်နယ်ပယ်များ၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များ စသည့် နယ်ပယ်အသီးသီးတွင် အောင်မြင်ဖြစ်ထွန်းနေသော 'လူကြီး'များ၏ အတ္ထုပ္ပတ္တိများကို လေ့လာကြည့်သောအခါ ထိုလူကြီးများ 'လူငယ်'ဘဝက အချိန်ကို အကျိုးရှိရှိ အသုံးချပြီး ကြိုးစားအားထုတ်ခဲ့ရသည့် အကြောင်းများကို တွေ့ရသည်ချည်း ဖြစ်ပါသည်။ 'လေးစားအပ်သော အလုပ်ဟူသမျှတွင် ဖြတ်လမ်းဟူ၍ မရှိချေ' ဟု ဆရာဇော်ဂျီ မိန့်ဆိုဖူးသည့်အတိုင်း ထို'လူကြီး'များသည် လူငယ်ဘဝက ကြိုးစားအားထုတ်မှုမရှိဘဲ ဖြတ်လမ်းဖြင့် ထိုနေရာသို့ ရောက်လာခဲ့ကြခြင်း မဟုတ်ပါ။ ဖြတ်လမ်းသုံး၍ ရောက်သည်ဆိုလျှင်လည်း ရေရှည်ခံစရာ အကြောင်းမရှိပါ။ 'ကိုယ်ခံ'ကောင်းအောင် ကြိုးစားအားထုတ်ခြင်း မပြုဘဲ အချိန်လေအချိန်လွင့်

များခဲ့သော လူငယ်များသည်လည်း သာမန်ဘဝဖြင့်ပင် ရုန်းကန်လှုပ်ရှားရင်း မထင်မရှား အညတြဘဝဖြင့်သာ တစ်သက်လုံး နေသွားရသည့် ဖြစ်ရပ်များကို မိမိတို့၏ပတ်ဝန်းကျင်တွင် အများအပြား တွေ့မြင်နိုင်ပါသည်။ ငယ်စဉ်က ဖြုန်းခဲ့သော အချိန်များကို နှမြောသောစိတ်ဖြင့် တသသဖြစ်နေကြသူများကို တွေ့ဖူးပါသည်။

'လူငယ်'ဘဝမှ 'လူကြီး'ဘဝသို့ လျှောက်လှမ်းသော ခရီးလမ်းကို စိန်စီသောလမ်းဖြစ်အောင် လူငယ်များ ကြိုးပမ်းနိုင်ကြပါစေဟု...။

*မောင်ခင်မင်(ဓနုဖြူ)*

# အချိန်စီးတဲ့လူကြီး

ဒေါက်တာခင်မောင်ညို

လူငယ်တွေဟာ မှန်ကန်စွာ တွေးခေါ်ရမယ်။ မေတ္တာတရားတွေနဲ့ လောကကြီးကို စိန်စီဖို့ ကြိုးစားရမယ်။ ဒီအခါ မိမိသည်လည်း အချိန်စီးတဲ့ လူကြီးတစ်ယောက် ဖြစ်လာပါမယ်။

## အချိန်စီးတဲ့လူကြီး

ဒီနေ့ ကိုဘသစ်နဲ့ တွေ့တယ်။

"ကိုဘသစ် အတော်ဝနေပါလား"

"ဟုတ်ပ။ အသက်ကြီးမှ အချိန်မစီးဘူး ပြောမှာစိုးလို့ ဟား... ဟား"

ကိုဘသစ် ရယ်နေတယ်။

အသက်ကြီးပြီး အချိန်မစီးဘူး ဆိုတဲ့ စကားဟာ ကျွန်တော်တို့ ပြောနေကျစကားပါပဲ။

ကြီးတဲ့လူတွေဟာ အသိဉာဏ် ပြည့်ဝရမယ်။ တစ်ဖက်သားကို ငဲ့ညှာရမယ်။ ကိုယ်ကျင့်တရား ကောင်းရမယ် ဆိုတဲ့ ကျင့်ဝတ်ကောင်းတွေ ပြည့်စုံမှုကို ပြောတာပါ။ Body Weight ကို ပြောတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုဘသစ်က ဘာမဆို သရော်တော်တော် ပြောတတ်သူပါ။

"တကယ်တော့ ဆင်တွေမှာ အသက်ကြီးတဲ့ကောင်တွေက ဦးဆောင်တယ်၊ ဘာလို့လဲသိလား"

"လူတွေမှာလို သူက လူကြီးဖြစ်နေလို့ပေါ့၊ ဆင်ကြီး ဖြစ်နေတာပေါ့"

"ဟုတ်တယ်၊ ဒါပေမဲ့ လူတွေမှာကျတော့ လူမှုအသိုင်းအဝိုင်းမှာ လူတစ်ယောက်ရဲ့ တန်ဖိုးကို အသက်အရွယ်က မဆုံးဖြတ်ဘူး"

"ဒါဆိုရင် လုပ်သက်ရော"

"အမှန်တော့ မြန်မာပြည်မှာ လုပ်သက်က စကားပြောပါတယ်။ ဒါပေမဲ့ ဒါတွေဟာ အရေးပါတာ မဟုတ်ဘူး။ တကယ်တမ်း အသက်အရွယ်၊ အတွေ့အကြုံထက် အရည်အသွေးက အရေးကြီးတယ်"

## ကြိုးစားခြင်းမှ

လူတွေအတွက် အရည်အသွေး အရေးကြီးပါတယ်။

"ဒါဆို လူရဲ့လိုအပ်ချက်က အရည်အသွေးဆိုတော့ အရည်အသွေး မြင့်တက်ဖို့ ဘာလုပ်ရင် အကောင်းဆုံးလဲ ကိုဘာသစ်"

"ကျွန်တော် ဆိုလိုတာက လူငယ်ဘဝကတည်းက ထူးချွန်အောင် အရည်အသွေး မြင့်မားဖို့ ကြိုးစားထားရမယ်ဆိုတာပါ။ ဒီလို အရည်အသွေး မြင့်ဖို့ ကြိုးစားဖို့က အဓိက အတော်ကျတယ်"

"ဒါပေမဲ့ ကိုဘာသစ် လူတွေဟာ အခွင့်အခါပေးမှ ဒါမှမဟုတ် အခြေအနေပေးမှ ကြိုးစားနိုင်တယ်လေ။ အချိန်အခါလည်း ရှိသေးတယ်"

ကိုဘာသစ် ပြုံးနေတယ်။

"ဆရာညို ဆင်ခြေတွေ ဒီလောက်များတယ်ဆိုတာ မသိဘူး။ တကယ်တော့ ခင်ဗျားပြောတာလည်း မှန်ပါတယ်။ လူငယ်အများစုဟာ အခွင့်အရေးတွေမရလို့ မတော်လာတာပါ။ အခွင့်အရေးတွေရကာမှ ကြိုးစားနိုင်ပါတယ်။ ကျွန်တော် ဆာအိုက်ဇက် နယူတန်အကြောင်း ပြောပြမယ်။ ခင်ဗျားတို့သိတဲ့ နယူတန်အကြောင်းပါ"

တကယ်တော့ သိပ္ပံပညာ သင်ယူသူတိုင်း နယူတန်ကို သိကြပါတယ်။ သူရဲ့အလင်းလှိုင်း သီအိုရီတို့၊ ရောင်စဉ် (၇) မျိုးတို့ ရွေ့လျားမှု

သီအိုရီတို့ပေါ့။

သိပ္ပံပညာမှာ နယူတန်ရဲ့ ရွေ့လျားမှု ဒုတိယနိယာမဟာ အင်မတန် အသုံးဝင်တယ်။

တစ်ခုခုလုပ်တိုင်းမှာ တုံ့ပြန်မှုရှိတယ် (To every action, there is an equal and opposite reaction) ဆိုတာပါပဲ။

အမှန်တော့ လူအတော်များများဟာ ဘယ်လိုတုံ့ပြန်တယ်ဆိုတာကို သဘောပေါက်ကြတယ်။ နယူတန်ရဲ့ သီအိုရီကတော့ ဘယ်လိုတုံ့ပြန်လဲ ဆိုတာ မကဘူး။ ဘယ်လောက်တုံ့ပြန်လဲဆိုတာကို သင်္ချာနည်းအရ ဖော်ထုတ်နိုင်တယ်။

ဒါ့အပြင် သူဟာ ကဲကုလသင်္ချာကိုလည်း ထုတ်ဖော်ခဲ့သူပါ။

ကဲကုလသင်္ချာဟာ အင်မတန် အရေးပါတယ်။ တကယ်လို့ ကဲကုလသင်္ချာသာမရှိရင် ခုလို အာကာသထဲ ဒုံးပျံတွေ ဂြိုဟ်တုမလွှတ်တင်နိုင်ပါဘူး။

သူဟာ သိပ္ပံမှာ အင်မတန် ထူးချွန်တဲ့ သူတစ်ယောက်ပါ။

## နယူတန် ငယ်ဘဝ

ဒါပေမဲ့ နယူတန်ရဲ့ ငယ်စဉ်ဘဝကိုကြည့်ရင် အံ့သြစရာကောင်းလောက်အောင် ညံ့ဖျင်းတဲ့လူတစ်ယောက်ဖြစ်တာကို တွေ့ရပေလိမ့်မယ်။

သူဟာ ငယ်ငယ်က လုံးဝကျောင်းမနေချင် မထူးချွန်တဲ့သူပါ။

နယူတန် ခပ်ငယ်ငယ်က မိဘနှစ်ပါး အိမ်ထောင်ပြိုကွဲသွားတယ်။ အမေဟာ နောက်အိမ်ထောင်ပြုသွားတော့ သူဟာ အဘွားနဲ့ နေရတယ်။ အဘွားဟာလည်း ဆင်းရဲသူတစ်ယောက်ပါပဲ။ နယူတန်ဟာ လောကကြီးကို အင်မတန် စိတ်နာတယ်။ ဒါကြောင့် ကျောင်းသွားတယ်ဆိုတာ ဝတ်ကျေတန်းကျေပဲဖြစ်တယ်။ (အင်္ဂလန်မှာ အသက် ၁၆ နှစ်ထိ လူတိုင်း ကျောင်းနေရမယ်လို့ ဥပဒေနဲ့ ပြဋ္ဌာန်းထားတယ်)

ဒါကြောင့် သူဟာ စာကို ဝတ်ကျေတန်းကျေပဲလုပ်တယ်။ အတန်း

ထဲမှာ နောက်ပိတ်ရှေးပါ။ သူ့နောက်မှာ ဘယ်သူမှ မရှိတော့ဘူး။ ဒီနေရာမှာ ပြဿနာတစ်ခုက ကျောင်းအချင်းချင်း ယှဉ်ပြိုင်တဲ့အခါ နယူတန့်ကြောင့် ကျောင်းရဲ့အမှတ်တွေ နိမ့်ကျပြီး ရှုံးရတာပါပဲ။ ဒါကို ကျောင်းသား ကျောင်းသူတွေက နယူတန်ကို မကျေနပ်ကြဘူး။

တစ်ရက်မှာ အတန်းထဲမှ အမြဲပထမရတဲ့ လူငယ်လေးက နယူတန်ကို စိန်ခေါ်တယ်။ ပိန်လှီနေတဲ့ နယူတန်လေးကို အနိုင်ကျင့်တော့တယ်။

သူက နယူတန်ရဲ့ ရင်ဘတ်ကို ဖိနပ်နဲ့ ဆောင့်ကန်ခဲ့တယ်။

ကောင်လေးက "မင်းကြောင့် တို့ကျောင်း သိက္ခာကျတယ်၊ ကျက်သရေယုတ်တဲ့ကောင်" လို့ ပြောတယ်။

နယူတန်လေးဟာ နာကျင်လွန်းလို့ ရုတ်တရက် စကားတောင် မပြောနိုင်ဘူး။

ဒါပေမဲ့ ခဏကြာတော့ သူ့ကို ပိတ်ကန်တဲ့ သူငယ်လေးရဲ့မျက်နှာကို စေ့စေ့ကြည့်ကာ နယူတန်က ပြောတယ်။

"ဒီမှာ သောမတ်စ် မင်းဟာ အတန်းထဲ အမြဲပထမရနေတဲ့ သူပဲ မဟုတ်လား"

"ဟုတ်တယ်၊ မင်းကြောင့် တို့ကျောင်းသိက္ခာကျရတယ်။ မင်းကို တို့သတ်ပစ်မလို့"

"ငါ မသေပါဘူး သောမတ်စ်။ ဒါပေမဲ့ မင်း မှတ်ထား။ ဒီနေ့က စပြီး မင်း အတန်းထဲ ဘယ်တော့မှ ပထမ မရစေတော့ဘူး"

"မင်း ပထမ မရစေတော့ဘူး"

ဆိုတဲ့ စကားဟာ နယူတန့်ရဲ့ သန္နိဋ္ဌာန်ပါပဲ။

နယူတန်ဟာ အတန်းထဲ ကြိုးစားလိုက်တာ ပထမ အမြဲရသွားတယ်။ အတန်းထဲကောင်လေး ဘယ်တော့မှ ပထမ မရတော့ဘူး။

## စိန်စီထားတဲ့ ဘဝအစ

လူငယ်ဘဝမှာ အင်မတန် နုံချာတဲ့ နယူတန်လေးဟာ တက္ကသိုလ်

ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့တယ်။ ဒါပေမဲ့ နယူတန်ဟာ တက္ကသိုလ် တက်ခွင့် မရခဲ့ဘူး။ သူ့အမေဟာ သူ့အဘွားဆီ ပြန်ရောက်လာပြီး သူ့ကို ခိုင်းစားဖို့ လယ်ထဲကို ခေါ်သွားတယ်။ နယူတန်ဟာ လယ်ယာလုပ်သား အဖြစ် အလုပ်လုပ်ရတယ်။ ဒါပေမဲ့ သူချစ်တဲ့စာတွေကို သတိရတယ်။

နွေဦးပေါက်တော့ သူတို့မိသားစုဟာ လယ်ယာထွက်ကုန် ပစ္စည်း တွေကို မြို့ပေါ်တင်ရောင်းကြတယ်။ အမေနဲ့ ဈေးရောင်းနေရင်း နေ့ခင်း နေ့လယ် ထမင်းစားချိန် အားလပ်တဲ့အခါ သူဟာ စာကြည့်တိုက်ကို အပြေး အလွှား သွားခဲ့တယ်။ သူ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဝါးစားသလို ဖတ်တော့တာပါပဲ။ အချိန်တန်လို့ ပြန်မရောက်တဲ့ နယူတန်ကို သူ့အမေက စိတ်ပူတာပေါ့။ နယူတန်လေးဟာ စာကြည့်တိုက်ထဲကို ရောက်နေတယ်။ သူ့အမေ နယူတန်ကိုတွေ့တော့ စာကြည့်တိုက်ထဲက ခေါ်ထုတ်ပြီး စိတ်ဆိုး မာန်ဆိုး ဆူတယ်။ သားအမိနှစ်ယောက်ကို စာကြည့်တိုက်က ထွက်လာတဲ့ နယူတန်ရဲ့ ဆရာက လှမ်းတွေ့လိုက်တယ်။

"ဘာလို့ ဆူနေရတာလဲ"

"ဒီကလေး အလုပ်မလုပ်ဘူး၊ ဈေးရောင်းနေရာက ထွက်လာပြီး ဘာမှအသုံးမကျတဲ့ စာအုပ်တွေကို ဖတ်နေတယ်"

"သူက နယူတန် မဟုတ်လား၊ စာသိပ်တော်တဲ့ကလေးပဲ၊ သူ့ကို ဘာလို့ တက္ကသိုလ်မထားတာလဲ"

သူ့အမေဟာ ဘာပြောရမယ် မသိဘူး။

"ကျွန်မတို့ သူ့ကို လယ်ထဲမှာ ခိုင်းနေရတယ်။ ပြီးတော့ သူ့ကို ကျောင်းထားပေးဖို့ ပိုက်ဆံလည်း မရှိဘူး"

"ပိုက်ဆံက အရေးမကြီးဘူး။ သူက စကောလားရှိရမှာပါ။ သူ့ ကို ကျောင်းထားဖို့ ကျွန်တော် ကူညီပါမယ်"

ဒီလိုနဲ့ နယူတန်ဟာ ကင်းဘရစ် တက္ကသိုလ်ကို တက်ခွင့်ရသွား တယ်။ ဒါပေမဲ့ သူဟာ အားလပ်ချိန်တွေမှာ ကျောင်းရဲ့သန့်ရှင်းရေးတွေကို လုပ်ပေးရတယ်။ ကျောင်းစောင့်တာဝန်တွေကို ယူရတယ်။

ဒီမှာ သူရဲ့ကံကြမ္မာ အလှည့်အပြောင်း ဖြစ်လာတယ်။

## ကံကြမ္မာ

နယူတန်ဟာ ကျောင်းတက်နေရင်း သူ့ရဲ့ပညာအရည်အသွေးကို သင်္ချာဆရာက မြင်တယ်။ ဆရာက ညနေဘက် သူ့ကို သန့်ရှင်းရေးတွေ မလုပ်စေတော့ဘဲ သူနဲ့အတူတူ သင်္ချာပုစ္ဆာများကို ဖြေရှင်းဖို့ ခေါ်လိုက်တယ်။ သူတို့နှစ်ယောက်ဟာ သင်္ချာပုစ္ဆာတွေကို ဆွေးနွေးတယ်။ ဆရာ့ရဲ့ ထောက်ခံချက်နဲ့ နယူတန်ရဲ့ အရည်အချင်းတွေကြောင့် ကျောင်းတော်ကြီးက ထောက်ပံ့ကြေးပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ အင်္ဂလန်မှာ Scarlett Fever ဆိုတဲ့ ကူးစက်ရောဂါကပ်ဆိုးကြီး ကျရောက်လာတယ်။ ဒီရောဂါဟာ ကူးစက်ရောဂါပါပဲ။ အဲဒီခေတ်က ဘာကြောင့် ဒီရောဂါဖြစ်တယ်ဆိုတာကို မသိဘူး။ ကပ်ရောဂါဖြစ်တော့ နယူတန်လည်း အိမ်ပြန်လာခဲ့ရတယ်။ နယူတန်ဟာ လယ်ထွန်ရင်း သူ့ဆရာပေးလိုက်တဲ့ စာအုပ်တွေကို လေ့လာတယ်။ အားရင် စာကြည့်တိုက်ကို သွားတယ်။ နောက်ဆုံး သူဟာ ကဲကုလသင်္ချာကို တီထွင်နိုင်လာတယ်။ အဲဒါက သူ အသက် ၂၃ နှစ်လောက်သာ ရှိသေးတဲ့အရွယ်ပါ။ ကျောင်းကြီးပြန်ဖွင့်တော့ နယူတန်ရဲ့ ကဲကုလသင်္ချာဟာ သင်္ချာဆရာတွေအားလုံး လက်ခံတဲ့ သင်္ချာပညာ ဖြစ်လာတယ်။

နယူတန်ဟာ ကျောင်းပြီးတော့ ကင်းဘရစ်ကျောင်းတော်ကြီးမှာ ပါမောက္ခ ဖြစ်လာတယ်။ သူ့ရဲ့တွေ့ရှိချက်တွေဟာ သိပ္ပံပညာကို အကျိုးပြုတာတွေ အများကြီးပါပဲ။ သူ့ကို ဘုရင်ကြီးဟာ ဆာဘွဲ့ပေးပြီး သူကောင်းပြုခဲ့ပါတယ်။ သူ အငြိမ်းစားယူတဲ့ အသက်အရွယ်ရောက်တော့ ငွေတိုက်စိုးတာဝန်ကို ဆက်လက်ပေးကာ လစာငွေများ ခံစားစေခဲ့တယ်။ အဲဒီရာထူးမှာ သူသေတဲ့အထိ ခံစားခဲ့တယ်။ သူသေတော့ မှူးမတ်တွေ ဘုရင်မိဖုရားတွေ မြှုပ်နှံတဲ့ Westminster Abbey မှာ မြှုပ်နှံဖို့ ဘုရင်က ခွင့်ပြုခဲ့ပေမယ့် သူ့ရဲ့ဆန္ဒအတိုင်း ရွာကိုပို့ကာ မြှုပ်နှံစေခဲ့ပါတယ်။

## စာပေခရီးသွားများ

## စာဖတ်ဖို့

ဒါဟာ လူငယ်ဘဝကစပြီး စိန်စီထားတယ်လို့ ပြောတာပါပဲ။ လူကြီးဘဝမှာ တကယ့်ကို အချိန်စီးတယ်လို့ ဆိုနိုင်တာပေါ့။ ဒီလိုအကျိုးရလဒ်တွေကို ဘယ်လိုရတာလဲ။ အဓိက,ကတော့ ဘဝကို အရှုံးမပေးတာက စတာပါပဲ။ နယူတန်ဟာ တကယ့်ကို သိပ္ပံပညာနဲ့ ပတ်သက်တဲ့ ကြီးကျယ်မြင့်မြတ်သူပါပဲ။ ဒါပေမဲ့ သူ့ရဲ့မခံချင်စိတ်ကို မနှိုးဆွနိုင်ရင်တော့ သူ ဒီလို ကြီးကျယ်တဲ့ အတွေးတွေကို ရလာမှာ မဟုတ်ဘူး။ သူရဲ့ အရည်အသွေးတွေဟာ သူကြိုးစားခြင်းမှ ရလာတာပါပဲ။ သူ မကြိုးစားရင် ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး။ မြန်မာတွေ ပြောစမှတ်ပြုတဲ့ ဝန်ဇင်မင်းရာဇာကို သတိရကြမှာပါ။ ဝန်ဇင်းရွာက လယ်ထွန်နေတဲ့ အသည်သားဟာ ဝန်ကြီးတစ်ပါးဖြစ်လာတာ ဘာကြောင့်လဲ။ သူဟာ စာတွေကို အမြဲဖတ်လို့ပဲ။ သူ့ကို စာတိုင်ညီလို့တောင် ခေါ်သေးတယ် မဟုတ်ပါလား။

မိတ္ထီလာကန်ပေါင်ကျိုးတော့ ကန်ပေါင်မှာရှိတဲ့ နတ်ရုပ်နဲ့ ပတ်သက်ပြီး ဘယ်သူမှ မဖော်ထုတ်နိုင်ခဲ့ဘူး။ ဒါကို ဝန်ဇင်း အသည်သားက ဖော်ထုတ်နိုင်ခဲ့တယ်။ သူ စာဖတ်လို့ပါပဲ။

## နိဂုံး

ကျွန်တော်တို့ခေတ်မှာ ဖတ်စရာတွေ အများကြီး၊ သင်ယူစရာတွေ အများကြီးပါပဲ။ ဘဝကို အလွယ်တကူနဲ့တော့ ကြီးပွားတိုးတက်ဖို့ မျှော်မှန်းလို့တော့ မရပါဘူး။ မှန်ကန်စွာ ကြိုးစားရမယ်။ မှန်ကန်စွာ တွေးခေါ်ရမယ်။ မေတ္တာတရားတွေနဲ့ လောကကြီးကို စိန်စီဖို့ ကြိုးစားရမယ်။ ဒီအခါ မိမိသည်လည်း အချိန်စီးတဲ့ လူကြီးတစ်ယောက် ဖြစ်လာပါမယ်။ မိမိ တတ်နိုင်တဲ့ ဝီရိယကို မလျှော့ဘဲ ကံနဲ့ဉာဏ်အထောက်အကူနဲ့ အောင်မြင်နိုင်ပါတယ်။

***ဒေါက်တာခင်မောင်ညို***

# စိတ်ထားလေးတွေအရောင်တင်

ခင်စောတင့်

လူငယ်တွေကို အရောင်တောက်လာအောင် တန်ဖိုးတက်လာအောင် ဘယ်လိုစီနီစီပေးရမလဲလို့ စိတ်ကူးကြည့်မိပါတယ်။ လမ်းမှာသွားနေတဲ့ ဆံပင်နီကြောင်ကျား၊ ဂျင်းဘောင်းဘီအောက်နား ဖွာလံကျဲ၊ ဒူးမှာ အပေါက်ဖောက်ထားပြီး နားမှာလည်း နားကပ်သုံးစုံ ဝတ်ထားတဲ့ လူငယ်ကို 'Pretty Woman' ရုပ်ရှင်ထဲက Richard Gere ရဲ့ သပ်သပ်ရပ်ရပ် ဝတ်စားပြီး ဆံပင်ပုံစံလှလှ ကျက်သရေရှိတဲ့ ဥပမိရုပ်နဲ့ နေရာလဲပြီး ကြည့်မိတယ်။ အခုတလော ရေပန်းစားနေတဲ့ ဆရာဝန် အဆိုတော်လေးက ပါးချိုင့်လေးနဲ့ သေသေချာချာကြည့်ရင် လူချောလေးပါ။ ဒါပေမယ့် ဆံပင်က အဝါတောက်တောက်ဆိုတော့ ညိုတဲ့အသားနဲ့ မဟပ်မိဘဲ ရုပ်ရည်က မှိန်သွားပါတယ်။ သူ့ကို ရှပ်အင်္ကျီလှလှ၊ စတိုင်(လ်)ဘောင်းဘီဝတ်ပေးပြီး အမေမွေးကတည်းက ဆံပင်အမည်းရောင်လေးနဲ့ ဂျူတီကုတ် ဝတ်ပေးကြည့်မိပါတယ်။ ဥပမိရုပ်ပြောင်းပြီး ခန့်ညားသွားပါတယ်။ စိန်တွေပေါ်ရင် စီနီစီပေးလိုက်ချင်ပါတယ်။ တစ်ခေတ်က အဆိုတော် ဇော်ဝင်းရှိန်ကို သတိရမိတယ်။ မြန်မာလိုဝတ်ရင် စတစ်ကော်လာအင်္ကျီ၊ ပုဆိုးနဲ့ တိုက်ပုံအနက်နဲ့ အပြည့်အစုံ ဝတ်တတ်ပြီး ဘိုလိုဝတ်ရင်လည်း ဘောင်းဘီ၊ ရှပ်လက်ရှည်၊ ကုတ်အင်္ကျီအပြင် Necktie ပါ ဝတ်လေ့ရှိပါတယ်။ မျက်နှာကလည်း တည်တည်လေးပါပဲ။

အဆိုတော်သလို၊ Drum တီးလည်း ကောင်းပါတယ်။ personality အပြည့်ရှိတဲ့ အဆိုတော် ဖြစ်ပါတယ်။

ဝတ်စားဆင်ယင်ပုံနဲ့ ဥပဓိရုပ်ကို ပြင်ပြီးတဲ့အခါ စိတ်ထားလည်း ပြင်ရပါဦးမယ်။ အပြောအဆို အနေအထိုင် ယဉ်ကျေးမယ်၊ တစ်ကိုယ်ကောင်းမဆန်ဘဲ သူတစ်ပါးကို ကူညီတတ်တဲ့ ပရဟိတစိတ်ဓာတ်လည်း ရှိမယ်ဆိုရင် ဆရာမိဘတွေလည်း ဂုဏ်တက်ပြီး အသက်တွေရလာတဲ့အခါမှာ အချိန်စီးတဲ့လူကြီး ဖြစ်လာပါမယ်။

စကားပြောရင် ဆဲရေးတိုင်းထွာပြီး ပြောတတ်မယ် ပုဆိုးကြီးမ,ပြီး ကွမ်းတွေ တပစ်ပစ်စားပြီး နေရာတကာ လျှောက်ထွေးနေမယ်ဆိုရင် လူကြီးဘဝမှာ ယဉ်ကျေးတဲ့သူ ဖြစ်လာပါ့မလားဆိုတာ စဉ်းစားစရာပါပဲ။ တစ်နေ့က အငှားကားစီးသွားတော့ လမ်းသွယ်ထဲက ပြည်လမ်းကိုအထွက်မှာ ရှေ့က ကားနှစ်စီးက ဖြတ်မထွက်ရဲကြပါဘူး။ ကျွန်မရဲ့ ကားဆရာက ကျော်တက်ပြီး ကားတွေကို လက်ပြပြီး အတင်းထွက်ပစ်လိုက်တော့ ဘေးက ကားနှစ်စင်းလည်း ထွက်ခွင့်ရသွားတယ်။ ကျွန်မက 'ဟယ်'ကနဲဖြစ်သွားတော့ 'ဒီလိုမှ မလုပ်ရင် ကားက ရွှေ့တော့မှာမဟုတ်ဘူး အန်တီရဲ့' တဲ့။ အင်းလျားလမ်း မီးပွိုင့်ရောက်တော့ ကွေ့မယ့်ကားတွေ တန်းစီနေကြတယ်၊ သူက ဆယ်စင်းလောက်ကို ကျော်တက်ပြီး ထိပ်ဆုံးကသွားရပ်တယ်။ တစ်ဖက် ယာဉ်ကြောရှင်းတာနဲ့ ကွေ့ထွက်လိုက်တော့ တန်းစီထားတဲ့ကားတွေ ကျန်ခဲ့ပါတော့တယ်။ သူရဲ့လျင်တာကို အသိအမှတ်ပြုပေမယ့် သူ့စိတ်ဓာတ်ကိုတော့ သဘောမတွေ့ခဲ့ပါဘူးရှင်။

Facebook မှာ Video Clip လေး တစ်ခု ကြည့်လိုက်ရပါတယ်။ အမျိုးသားတွေ ကြင်နာစိတ်နဲ့ ဂရုစိုက်တတ်ပုံတွေကို ပြပါတယ်။ မိသားစု သဘော်ပေါ်က အတက်မှာ ကုန်းပေါင်ခိုင်မခိုင်ကို အမျိုးသားက အရင်စမ်းသပ်ပြီးမှ မိသားစုကို လက်ကမ်းပြီးခေါ်ပါတယ်။ ညဘက်မှာ အမျိုးသား အပြင်သွားမှာကို ဇနီးက ပိုက်ဆံအိတ်လိုက်ပေးပါတယ်။ ကားသမားကို ခဏစောင့်ခိုင်းထားပြီး သူ့ဇနီး အခန်းကို ပြန်ရောက်ပြီး မီးဖွင့်တာမြင်မှပဲ

ဆက်ပြီး ထွက်သွားခိုင်းတာကို ပြပါတယ်။ အဘိုးကြီးနဲ့ အဘွားကြီး ညနေဘက် ပလက်ဖောင်းပေါ်က ဆိုင်လေးမှာ ထိုင်ကြတော့ အဘွားကြီး မျက်နှာကို နေရောင်ထိုးလို့ လက်ကလေးနဲ့ ကာထားရရှာတယ်။ အဘိုးကြီး က မြင်တော့ နေကွယ်တဲ့ မျက်နှာချင်းဆိုင်နေရာမှာ ပြောင်းထိုင်တော့မှ အဘွားကြီးမျက်နှာ နေမပူတော့ပါဘူး။ စုံတွဲလေးနှစ်ယောက် လမ်းလျှောက် လာကြတာ ကောင်မလေးက လမ်းဘက်ကို ရောက်နေတယ်။ ကားတွေက ဥဒဟိုသွားနေကြတယ်။ ကောင်လေးက ချက်ချင်းနေရာပြောင်းပြီး ကောင် မလေးကို အတွင်းဘက်ကို နေစေပါတယ်။ ကြည့်ရတာ ကြည်နူးစရာပါ။ သူတို့တွေ အချိန်စီးတဲ့လူတွေ ဖြစ်လာကြတာ ငယ်စဉ် လူငယ်ဘဝမှာ ဆရာသမား မိဘတွေက လူ့အဖိုးတန်တွေ ဖြစ်လာအောင် စိန်စီပေးခဲ့ကြလို့ပဲ မဟုတ်ပါလား။ လူငယ်တွေ ကြီးပြင်းကြရာမှာ ပတ်ဝန်းကျင်နဲ့ ဆရာသမား မိဘဘိုးဘွားတွေရဲ့ သက်ရောက်မှု အများကြီး ပါဝင်ပါတယ်။

တစ်နေ့က သား ဦးဇင်းမွေးနေ့အတွက် အမှတ်တရ ထုတ်ဝေတဲ့ 'ပျော်ရွှင်ကြရာဝယ်' ဆိုတဲ့ စာအုပ် (၁၀၀) သွားလှူရာမှာ သားအမိနှစ် ယောက်နဲ့ တွေ့ခဲ့ရပါတယ်။ သားက ကိုယ်ပိုင်လုပ်ငန်းနဲ့ မိသားစုလည်း ရှိပါတယ်။ သူတို့မောင်နှမတွေ ငါးတန်းလောက်ကတည်းက အရှင်ဆန္ဒာဓိက ရဲ့ စာအုပ်တွေကို နေ့စဉ် နာရီဝက် ဖတ်ရတယ်။ ဘယ်လောက်ဖတ်ပြီးတယ် ဆိုတာ လုပ်ပေးထားတဲ့ ဇယားထဲမှာ ရေးရတယ်၊ ပုတီးစိတ်ရတယ်၊ တရားလည်း ထိုင်ရတယ်၊ မိနစ်နဲ့မှတ်ပြီး ဇယားထဲမှာ ထည့်ရတယ်။ လကုန်ရင် အမှတ်ပေါင်းပြီး အမေက ဆုချပါတယ်။ စနစ်ဇယား ကောင်း လှပါတယ်။ အရွယ်ရောက်လာတော့ အကောင်းအဆိုး ချင့်ချိန်တတ်လာကြ တယ်။ ဘဝလမ်းကြောင်းကို ရွေးချယ်တတ်ကြတယ်။ အခုထက်ထိ သားက အလုပ်မသွားခင် သူနာထားတဲ့ တရားတစ်ပုဒ်ဖြစ်စေ၊ ဖတ်ထားတဲ့ တရား တစ်ပုဒ်ကိုဖြစ်စေ ဖခင်ကို အစအဆုံးပြောပြီးမှ အလုပ်ကို သွားတယ်လို့ သိရပါတယ်။ ချီးကျူးစရာကောင်းတဲ့ မိသားစုပဲ ဖြစ်ပါတယ်။ မိခင်က သားသမီးတွေကို စိန်စီပေးတာကို သားသမီးတွေကလည်း ဆက်လက်ပြီး

ဘဝကို စိန်စီလာကြတဲ့အတွက် လူကြီးဖြစ်လာချိန်မှာ အချိန်စီးတဲ့တန်ဖိုးရှိလူသားတွေ ဖြစ်လာကြတာ အမှန်ပါပဲ။ သူတို့မိသားစုကို အတုယူသင့်လှပါပေတယ်။ ဒီအကြောင်းကို ရေးပါရစေလို့ ခွင့်တောင်းတော့ အများအကျိုးရှိမယ်ဆိုရင် ရေးပါလို့ ပြောသွားပါတယ်။

ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာတော့မှာ ဖြစ်တဲ့အတွက် ဉာဏ်အလင်းတွေ တောက်ပနေအောင် စိန်စီထားတဲ့ လူငယ်လူရွယ်တွေ လိုအပ်ပါတယ်။ အသက်တွေသာကြီးသွားတယ် အချိန်မစီးဘူးလို့ ပြောစမှတ် မပြုရအောင် ခေါင်းဆောင်ကောင်းရဲ့ လမ်းညွှန်မှုအောက်မှာ တစ်တပ်တစ်အား ပါဝင်ပြီး တိုင်းပြည်ကို အကျိုးပြုကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

Bloom where you were planted.

***(Anon)***

'သင့်ကို စိုက်ပျိုးတဲ့နေရာမှာ အလှဆုံး အကောင်းဆုံးပွင့်ပါ'

***ခင်စောတင့်***

# လူချွန်လူကောင်းကလေးတွေဖြစ်အောင်

**မောင်သိန်းလွင်**

အငယ်တည်းက မဆုံးမသော်
မိဘတလည် ရန်သူမည်ဟု

သံဝရပျို့(ရှင်မဟာရဋ္ဌသာရ)

ငယ်စဉ်ကလေးဘဝ အိပ်ရာဝင်ပုံပြင်တွေကို အမေပြောပြလို့ ကြားခဲ့ရ သိခဲ့ရပါတယ်။ အဲဒီပုံပြင်တွေထဲမှာ စွဲနေတဲ့ ပုံပြင်လေးတစ်ခု ရှိပါတယ်..။ ခိုး၊ ဆိုး၊ လုယက်၊ အကျင့်ပျက်တဲ့ လူဆိုးတစ်ယောက်ကို ဖမ်းမိတယ်..။ ဘုရင့်ရှေ့မှောက်ကိုပို့ပြီး စစ်ဆေးစီရင်တယ်...။ ဘုရင်က သေဒဏ်ပေးတဲ့အတွက် သုသာန်တစပြင်ပို့ပြီး ကွပ်မျက်ဖို့ စီစဉ်တယ်။ ကွပ်မျက်ခါနီးဆဲဆဲမှာ မိခင်ဖြစ်သူနဲ့ တွေ့ပါရစေလို့ ခွင့်တောင်းတယ်...။ သေရမယ့်လူတစ်ယောက်ရဲ့ နောက်ဆုံးဆန္ဒကို လိုက်လျောတဲ့အနေနဲ့ မိခင်ကို ခေါ်ပေးတယ်။ အမေ့ကို တီးတိုးမှာစရာရှိလို့ပါလို့ တောင်းဆိုတော့ မိခင်က သူ့ရဲ့နားကို ရာဇဝတ်သားရဲ့ပါးစပ်နားသို့ ကပ်ပေးလိုက်တယ်..။ ရာဇဝတ်သားက ကားစင်တင်ပြီး ခြေလက်တွေကို ချုပ်နှောင်ထားတာ ခံနေရတာကိုး...။ ဒါကြောင့် မိခင်က သူ့နားရွက်ကို သားဖြစ်သူရဲ့ပါးစပ်နား ကပ်ပေးလိုက်တာ ဖြစ်တယ်...။ သားဖြစ်သူ လူဆိုးက ဘာစကားမှမပြောဘဲ မိခင်ရဲ့နားရွက်ကို ကိုက်ဖြတ်လိုက်တယ်...။ အာဏာပါးကွက်သားတွေနဲ့ အနီးအနားမှာရှိတဲ့ လူတွေလည်း အံ့သြသွားတာပေါ့...။ ဒီတော့မှ မိခင်ဖြစ်သူဟာ သူ့ကို ငယ်စဉ်ကလေးဘဝကတည်းက လိမ္မာရေးခြားရှိအောင်

မသွန်သင်၊ မဆုံးမပေးခဲ့လို့ အခုလို လူဆိုးဘဝရောက်ရှိပြီး သေဒဏ်စီရင်ခြင်း ခံရတာဖြစ်တယ်လို့ ရှင်းပြတယ်…။

ဒီပုံပြင်ကလေးကို အမေပြောပြလို့ ကြားဖူးပြီးကတည်းက မိဘ၊ ဆရာ၊ လူကြီးသူမတွေ ဆိုဆုံးမစကားကို မနာခံရင် ငါလည်း ပုံပြင်ထဲကလို လူဆိုးကြီးဖြစ်တော့မှာပဲလို့ စိုးထိတ်မိခဲ့ပါတယ်…။ သူ့လိုပဲ သေဒဏ်ပေးခံရမှာကိုလည်း ကြောက်မိပါတယ်..။ လူကြီးသူမ ဆိုဆုံးမမှုကို နာခံရမယ်ဆိုတဲ့ အသိစိတ်ကို ကျွန်တော့်ရင်ထဲရောက်အောင် အမေသွတ်သွင်းပေးခဲ့တာပါပဲ…။

## ကလေးကောင်းမှ လူကြီးကောင်းမယ်…

အသက်ကလေးနည်းနည်းရလာတော့ ကျောင်းတက်ရပါတယ်…။ ကျွန်တော်က မြို့ကြီးသားမဟုတ်တဲ့ တောသားဆိုတော့ ဘုန်းကြီးကျောင်းပညာရေးနဲ့ စခဲ့ရပါတယ်…။ ပြီးတော့ ကျွန်တော့်ကို မွေးတဲ့အခါက လွတ်လပ်ရေးမရသေးတဲ့ အင်္ဂလိပ်ရဲ့ကျွန်သဘောက်အဖြစ်နဲ့နေရတဲ့ ခေတ်ကာလကလည်း ဖြစ်နေတာကိုး…။ ဒီခေတ်လို အမက၊ အလက၊ အထက ဆိုတာတွေလည်း မရှိသေးဘူးလေ…။

**ယံ မင်္ဂယံ ဒွာဒသဟိ စိန္တယိံသု သဒေဝကာ** နဲ့စပြီး မိတ်ဆက်ရတာကိုး။ သူ့အသက်မသတ်ဖို့၊ သူတစ်ပါးသားမယားကို မပြစ်မှားဖို့၊ သူတစ်ပါးရဲ့ဥစ္စာပစ္စည်း မခိုးယူဖို့၊ လိမ်လည်ပြောကြားတဲ့ မုသားစကားကို မဆိုဖို့၊ သေရည်သေရက်နဲ့ မူးယစ်စေတတ်တဲ့ အရာအားလုံးကို ရှောင်ကြဉ်ဖို့ ဆရာတော်ဘုရားက ဆုံးမဩဝါဒပေးတာကိုလည်း ခံယူခဲ့ရပါတယ်။ **'ဘိန်း၊ ဘင်း၊ ကစော်၊ လော်စာ၊ သောက်စားပြုသူများ စီးပွားပျက်မည်ကြောက်'** ဆိုတဲ့ ကြောက်ကြီးကိုးလုံး ဆုံးမစာတွေကိုလည်း နာခံခဲ့ရပါတယ်။

**"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"** ဆိုတာ ဗုဒ္ဓဘာသာရဲ့ အနှစ်ချုပ်တရား ဖြစ်တယ်။ အထက်မှာဖော်ပြခဲ့တဲ့ ပါဏာတိပါတာ စတဲ့ ကံငါးပါးကိုစောင့်ထိန်းရင် ရရှိတဲ့အကျိုး၊ ဖောက်ဖျက်

ရင် ခံစားရမယ့်အပြစ်တို့ကိုလည်း ဆရာတော်က ညွှန်ပြဆုံးမခဲ့ပါတယ်…။ အဲဒါတွေနဲ့ ပတ်သက်တဲ့ ပုံပြင်ကလေးတွေ၊ ဘုရားဟောတဲ့ သုတ္တန်တရားတော်တွေကိုလည်း သင်ကြားပေးခဲ့ပါတယ်…။

အထူးသဖြင့် ကိုယ်ချင်းစာတရားကို ဦးထိပ်ထားဖို့ အရာရာကို သည်းခံတတ်ဖို့ ကလေးပင်ဖြစ်သော်လည်း စိတ်ဓာတ်ကို ရင့်ကျက်အောင် မွေးမြူဖို့ သွန်သင်ခဲ့ပါတယ်…။ 'ခန္တီမူလ မာန်ကိုချ၊ ဒေါသကိုပယ်၊ မေတ္တာလွှယ်' ဖို့ကိုလည်း သွန်သင်ခြင်းခံခဲ့ရပါတယ်။ စိတ်ဓာတ်ဆိုတာ ငယ်စဉ်ကတည်းက ပြုပြင်မှ လူတော်လူကောင်းတွေ ဖြစ်လာလိမ့်မယ်။ ကလေးဘဝက အကျင့်သီလကောင်းမှ သိက္ခာသမာဓိရှိတဲ့ လူကြီးတွေ ဖြစ်လာလိမ့်မယ်‥ဆိုတာကို ကျွန်တော်တို့ခေါင်းထဲ ရိုက်ထည့်ပေးခဲ့ပါတယ်။

အသက်အရွယ်ရလာတော့ ရွှေဥမင်ဆရာတော်ရေးသားတဲ့ ဆိုဆုံးမစကားတွေကို ဖတ်ရှုမှတ်သားရပြန်ပါတယ်။

**"ကလေး ကလေး အထင်မသေးနဲ့။**
**ကလေးကြီးက လူကြီးဖြစ်မယ်။**
**ကလေးကောင်းမှ လူကြီးကောင်းမယ်။**
**လူကြီးကောင်းမှ တိုင်းပြည်ကောင်းမယ်"** ဆိုတဲ့ ဩဝါဒကလေးကိုလည်း မှတ်သားရပါတယ်။

× × ×

## နမ်းတစ်ဆုပ်ကြောင့် . . .

ရှေးခေတ် ဘုရင့်သားတော်၊ သမီးတော်တို့ဟာ မင်းညီမင်းသားတို့ တတ်အပ်တဲ့ ပညာအရပ်ရပ်ကို ဒိသာပါမောက္ခဆရာကြီးထံ သွားရောက်ပညာသင်ယူကြရပါတယ်…။ ပညာသင်ယူနေတဲ့ မင်းသားတစ်ပါးက နေပူလှမ်းထားတဲ့ နှမ်းတွေကို တွေ့တယ်…။ နှမ်းလက်တစ်ဆုပ်ကို ပိုင်ရှင်ထံခွင့်မတောင်းဘဲ ယူစားမိတယ်။ ပထမပိုင်းမှာတော့ ပိုင်ရှင်က သီပေမယ့် တစ်ခါတလေပဲဆိုပြီးတော့ ခွင့်လွှတ်တယ်…။ နောက်ထပ် နောက်ထပ် ယူစားတာကိုတွေ့တော့ ပါမောက္ခဆရာကြီးကိုသွားတိုင်တယ်။ ပါမောက္ခ

ဆရာကြီးက မင်းသားကို ခေါ်ယူစစ်ဆေးပြီး ရိုက်နှက်ဆုံးမတယ်…။ မင်းသားလည်း သည်းခံပြီး ပညာကိုဆုံးခန်းတိုင်ရောက်အောင် သင်ယူခဲ့တယ်။ နောက်မိမိတိုင်းပြည်ကို ပြန်လာခဲ့တယ်…။ ဖခမည်းတော် နတ်ရွာစံတော့ ဘုရင်ဖြစ်လာတယ်…။

ဘုရင်ဖြစ်သွားတဲ့အခါမှာ ကျောင်းသားဘဝက အရိုက်အနှက်ခံခဲ့ရတာကို သတိရပြီး ဒေါသစိတ်ဝင်တယ်။ ဒီသာပါမောက္ခဆရာကြီးကို ကလဲ့စားချေ သတ်ဖြတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူ့နေပြည်တော်ကို ပင့်ဖိတ်တယ်…။ ဆရာကြီးရောက်လာတော့ ဆရာကြီးက ရှင်းပြတယ်။ အဲဒီအချိန် အဲဒီအခါက အခုလို မဆုံးမခဲ့ရင် ခုချိန်မှာ ဘုရင်ဖြစ်လာမှာ မဟုတ်တော့ဘူး…။ အကျင့်ပျက်တဲ့ လူဆိုးတစ်ယောက်ဖြစ်သွားနိုင်တယ် ဆိုတာကို ရှင်းလင်းဆုံးမတယ်။ မင်းသားလည်း အမျက်တွေ ပြေလျော့ပြီး ဆရာကြီးကို ဝန်ချတောင်းပန်တယ်။ ချီးမြှင့်မြှောက်စားတယ်…။

## မင်းတုန်းမင်းနဲ့ ငါးခြောက်ပြား . . .

ပဉ္စမသံဃာယနာတင် မင်းတုန်းမင်းတရားကြီးငယ်စဉ်က စံကျောင်းဆရာတော်ဘုရားထံမှာ ပညာသင်ယူရတယ်။ ရှေးအခါက ဘုရင့်သားတော်တွေဟာ ဘုန်းတော်ကြီးကျောင်းတွေမှာ စာပေသင်ကြားကြရတယ်။ မင်းသားတွေရဲ့ နောင်ရေးကို မျှော်ကိုးပြီး လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ် စတဲ့ အမျိုးမျိုးသော အတတ်ပညာတွေကို ဆရာတော်များထံမှာ ပညာဆည်းပူးကြရတယ်…။

တစ်နေ့ကျတော့ ဒါယကာတစ်ယောက်က ဆရာတော်ကို ထူးထူးခြားခြား ကြီးမားလှတဲ့ ငါးခြောက်ပြားကြီးတစ်ခု လာလှူတယ်။ ဆရာတော်က ငါးခြောက်ပြားကို မင်းတုန်းမင်းအလောင်းအလျာ မောင်လွင်ထံအပ်ပြီး ကျက်သရေခန်းထဲမှာ သိမ်းခိုင်းတယ်…။ နောက်တစ်နေ့ ဆရာတော်က ငါးခြောက်ပြားကို သွားယူခိုင်းတယ်…။ ငါးခြောက်ပြားက မရှိတော့ဘူး။ တစ်ယောက်ယောက်က ယူသွားဟန်တူတယ်။ ဆရာတော်က "ဘုရင့်သား

ဆိုတာ တစ်ချိန်ချိန်မှာ နိုင်ငံတော်ကို အုပ်ချုပ်မင်းလုပ်ရမယ့်သူ ဖြစ်တယ်။ ဒီလိုနိုင်ငံတော်ကို ဝသိန်းသိမ်းအုပ်ချုပ်ရမယ့်သူက ငါးခြောက်ပြားလေး တစ်ချပ်ကိုမှ လုံခြုံအောင်မထိန်းသိမ်းနိုင်ရင် နင်-နိုင်ငံတော်ကို ဘယ်လို လုံခြုံအောင် ထိန်းသိမ်းနိုင်ပါ့မလဲ..'' လို့ မိန့်ဆိုပြီး ကြိမ်နဲ့အချက်ပေါင်း များစွာ ရိုက်ပြီး ဆုံးမဖူးတယ်...။ မင်းတုန်းမင်းအလောင်းအလျာ မောင်လွင် က အဆုံးအမကို ကြည်ဖြူစွာနာခံတယ်...။ သူ ဘုရင်ဖြစ်လာတော့ ဆရာ တော်ကို အလွန်ခမ်းနားကြီးကျယ်တဲ့ **မဟာဇောတိကာရာမ** ကျောင်းတော်ကြီး ဆောက်လုပ်ပြီး လှူဒါန်းတယ်...။ ဆရာတော်ကိုလည်း စန္ဒိမာဘိသီရိ ဓဇပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့တံဆိပ်တော်ကို ကပ်လှူတယ်...။

မင်းတုန်းမင်းတရားကြီး သက်တော်ကြီးလာတဲ့အခါ သားတော်တွေ ကိုခေါ်ပြီး သူ့ကျောကုန်းမှာရှိတဲ့ အနာရွတ်တွေကို လှန်ပြတယ်။ ငါးခြောက် တစ်ပြားကြောင့် စံကျောင်းဆရာတော်ရဲ့ အဆုံးအမခံရပုံကို ပြောပြတယ်။ ပြီးတော့ သားတော်တွေကို ''မိမိတို့ရဲ့ ကျေးဇူးရှင်ဆရာတော်တွေက ဘယ်လို ပဲ ရိုက်နှက်သွန်သင်ဆုံးမသည် ဖြစ်စေ၊ မငြိုငြင်သော စိတ်ဓာတ်နဲ့ အဆုံးအမခံကြရမယ်...'' လို့ ဆုံးမတော်မူတယ်။

× × ×

## လူချွန်လူကောင်း

တိုင်းပြည်တိုင်း တိုင်းပြည်တိုင်းကို ကြည့်ပါ။ နယ်ပယ်အသီးသီးမှာ အလွန့်တန်ဖိုးရှိတဲ့ လူကြီးလူကောင်းတွေကို တွေ့ရမှာ ဖြစ်တယ်...။ ပညာ ရေးနယ်ပယ်မှာ တပည့်တွေကို ကောင်းစွာသင်ကြားပို့ချနေတဲ့ ဆရာ၊ ဆရာမတွေ၊ ကထိကတွေ၊ ပါမောက္ခတွေကို တွေ့နိုင်ပါတယ်။ ကျန်းမာရေး နယ်ပယ်မှာ ထူးချွန်ထက်မြက်တဲ့ သမားတော်ကြီးတွေ၊ ခွဲစိတ်ကုဆရာဝန် တွေ၊ ရောဂါအသီးသီးကို ကုသနိုင်တဲ့ အထူးကုဆရာဝန်ကြီးတွေ၊ တိုင်းရင်း သမားတော်ကြီးတွေကို တွေ့ရမှာ ဖြစ်ပါတယ်...။ အုပ်ချုပ်ရေးနယ်ပယ်မှာ လည်း ကျွမ်းကျင်တတ်မြောက်တဲ့ အရာရှိ၊ အရာခံ၊ ညွှန်မှူး၊ ညွှန်ချုပ်၊ အတွင်းဝန်၊ ဝန်ကြီး စတဲ့ ပုဂ္ဂိုလ်ကြီးတွေရှိပါတယ်...။ တိုင်းပြည်မှာ

တရားဥပဒေစိုးမိုးဖို့ ကြိုးစားထိန်းသိမ်းနေတဲ့ ရဲအရာရှိကြီးငယ်တွေ၊ တရားသူကြီးတွေရှိသလို နိုင်ငံတော်ရဲ့လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော်သားတွေ၊ အရာရှိကြီးငယ်တွေ ရှိပါတယ်။ ခရီးလမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်ရင်လည်း ယာဉ်အမျိုးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်အမှုထမ်းနိုင်တဲ့သူတွေ ရှိပါတယ်။ ကုန်းလမ်းခရီးမှာ မော်တော်ကားနဲ့ယန္တရား အမျိုးမျိုးမောင်းနှင်နိုင်တဲ့သူတွေ၊ ရေလမ်းခရီးမှာ မော်တော်၊ စက်လှေ၊ သင်္ဘောအမျိုးမျိုးကို ကြီးကြပ်မောင်းနှင်နိုင်တဲ့ မာလိန်မှူးတွေ၊ လေကြောင်းခရီးမှာလည်း လေယာဉ်အမျိုးမျိုးကို မောင်းနှင်နိုင်တဲ့ လေယာဉ်မှူးတွေ ရှိပါတယ်။

ဒါတင်မကသေးပါဘူး။ ဝိဇ္ဇာနယ်ပယ်၊ သိပ္ပံနယ်ပယ်အသီးသီးမှာ ကျွမ်းကျင်တတ်မြောက် ဦးဆောင်ဦးရွက်ပြုနေသူတွေ ရှိကြပါတယ်…။

အဲဒီလို တန်ဖိုးရှိတဲ့·· အချိန်စီးတဲ့·· လူကြီးတွေဖြစ်လာအောင် ငယ်စဉ်ကလေးဘဝကတည်းက ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးခဲ့လို့ပါပဲ…။ တစ်နည်းအားဖြင့် လူငယ်တွေကို စိန်စီပေးလို့ အချိန်စီးတဲ့လူကြီးတွေ ဖြစ်လာခဲ့ကြတယ်··လို့ ဆိုရမှာဖြစ်ပါတယ်··။ နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်ကတော့ **လူငယ်တွေကိုလည်း ရွှေချပေးကြပါ** လို့ တင်စားပြောဆို မှာကြားခဲ့ဖူးပါတယ်။

လူငယ်တွေကိုယ်တိုင်ကလည်း နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက်တဲ့သူတွေ ဖြစ်ရမယ်…။ နိုင်ငံတော်အတွက် အရေးပါတဲ့ လူသားအရင်းအမြစ်တွေဖြစ်ရမယ် ဆိုတဲ့ ခိုင်မာတဲ့ စိတ်ဓာတ်နဲ့ ကြိုးစားကြဖို့ လိုပါတယ်။ မိမိဘဝ တိုးတက်အောင်မြင်ဖို့ မိမိကိုယ်တိုင်ကြိုးစားမှ ဖြစ်မယ်ဆိုတဲ့ အသိကို သတိနဲ့ယှဉ်ပြီး ဆင်ခြင်ဖို့လည်း လိုပါတယ်။

ချစ်ခင်လေးစားလျက်
***မောင်သိန်းလွင်***

## စိန်စီခံရသောလူငယ်
## နေသဖွယ်လူကြီး

ဦးအေးချို(မဟာဝိဇ္ဇာ)

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊
သင်လည်းတစ်ဦး၊ သားထူးသားမြတ်၊
ဖြစ်အပ်ရာသည်"

ဤကဗျာသည် ဆရာဇော်ဂျီ၏ 'အိုတက်လူတို့'ကဗျာမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။ ဤကဗျာကို အများဖတ်ရှု သိရှိကြပြီးလည်း ဖြစ်ပါသည်။

ယနေ့လူငယ်သည် နောင်ဝယ်လူကြီး ဖြစ်လာမည်မှာ သေချာသည်။ အချိန်တို့သည် လူငယ်အား လူကြီးအဖြစ် ပို့ပေးသွားပေလိမ့်မည်။ အသက်မကြီးချင်ပါဘူး ဟူ၍ ငြင်းမရ။ လူကြီးဖြစ်ရမည့်သင်သည် 'သားထူး သားမြတ်' ဖြစ်အပ်သည်ဟု ကဗျာကဆိုသည်။ လူငယ်ဘဝကတည်းက သားထူးသားမြတ်ဖြစ်ပါမှ၊ ကြီးပျင်းအရွယ် ရောက်လာသည့်အခါ 'လူကြီး လူကောင်း'ဘဝနှင့် အရာရောက်လာပေလိမ့်မည်။

လူငယ်ဘဝတွင် သားထူးသားမြတ် ဖြစ်လာစေရန် လူငယ်များကို မြေတောင်မြှောက်ပေးရပေမည်။ 'မြေတောင်မြှောက်'ဆိုသော အသုံးအနှုန်းကို မြန်မာအဘိဓာန်တွင် 'အပင်ကို ရှင်သန်ကြီးထွားအောင် မြေဆွခြင်း၊

မြေဖို့ခြင်း စသည်ပြုလုပ်သည်’ဟု အဓိပ္ပါယ်ဖွင့်သည်။ သီးပင်၊ စားပင်တို့ ဖွံ့ဖြိုးတိုးတက်လာစေရန် မြေတောင်မြှောက်ပေးရသည်။ မြေဆွသင့်လျှင် မြေဆွရသည်။ မြေဖို့သင့်လျှင် မြေဖို့ရသည်။ မြေဆီသြဇာထည့်သင့်လျှင် ထည့်ပေးရသည်။ ပေါင်းသင်သင့်လျှင် ပေါင်းသင်ရသည်။ ပေါင်းဆိုသည် မှာ သီးပင်စားပင်နှင့် ရောနှောပေါက်နေသော မြက်အစရှိသော ပင်ငယ်များ ဖြစ်သည်။ ထိုပေါင်းပင်များသည် သီးပင်စားပင်၏ ဖွံ့ဖြိုးမှုကို အနှောင့် အယှက်ပေးသည်။ သီးပင်စားပင်တို့အတွက် ပံ့ပိုးထားသော မြေဆီသြဇာတို့ ကို ပေါင်းပင်များက စားသုံးလိုက်လေလျှင် သီးပင်စားပင်တို့ မြေဆီသြဇာ အရနည်းပြီး လှီးကင်းသွားမည်။ ထို့နောက် သီးပင်စားပင်တို့ကို ရေမှန်မှန် လောင်းပေးရမည်။ ဤသည်တို့သည် မြေတောင်မြှောက်ပေးခြင်း၏ လုပ်ငန်း တို့သည် မြေတောင်မြှောက်ခြင်း၏ လုပ်ငန်းသဘာဝများဖြစ်သည်။ ဤ သဘောသဘာဝ အကြောင်းတရားများကြောင့် သီးပင်စားပင်တို့၌ အကျိုး ဖြစ်ထွန်းလာသည်ကို သာဓကထားပြီး ‘မြေတောင်မြှောက်’ ဆိုသော အသုံး အနှုန်းကို ‘တိုးတက်ကြီးပွားအောင် အားပေးကူညီသည်’ဟု ဆင့်ပွားအနက် အဓိပ္ပါယ်ကိုလည်း ဖွင့်ဆိုကြသည်။

ဤသို့ လူငယ်များကို မြေတောင်မြှောက်ပေးခြင်းသည် ‘လူငယ် တွေကို စိန်စီသည်’ဟုလည်း ဆိုနိုင်မည်ထင်သည်။ ‘စိန်စီသည်’ ဆိုခြင်းမှာ လှပတင့်တယ်စေရန် စိန်နှင့်တန်ဆာဆင်ခြင်းဖြစ်သည်။ လူသည် မွေးဖွားလာ စက သဘာဝအားဖြင့် အဝတ်အစားမျှပင်မပါ။ မိဘက မွေးဖွားပြီး၍ သန့်စင်ပြီးလျှင် အဝတ်နှင့် စတင်ထွေးပတ်သည်။ ထိုအဝတ်ပိုင်းသည် မည်သည့်ပုံစံမျှ မရှိ၊ လေးထောင့်စပ်စပ်မျှသာဖြစ်သည်။ အလျားအနံအားဖြင့် ၃ ပေ ပတ်လည် ရှိတတ်သည်။ ထိုအဝတ်အပိုင်းအစကို အနှီးဟုခေါ်သည်။ နောင်တွင် အပေါ်ဝတ်၊ အောက်ဝတ်အင်္ကျီ၊ လုံချည်၊ ထမီ၊ ဘောင်းဘီ စသည်ဖြင့် အရွယ်အလျောက် ဆင်ပေးသည်။ ထို့နောက် ရွှေ၊ ငွေ၊ ရတနာ၊ လက်ဝတ်တန်ဆာများ ဆင်ယင်ပေးပြန်သည်။

ထိုနည်းတူ မွေးကင်းစကလေးသည် မည်သည့်မျှမသိ။ ထိုမှ တစ်စ

တစ်စ သင်ကြားပေးလာသည့်အခါ စကားပြောတတ်လာသည်။ အဖေအမေ ခေါ်တတ်လာသည်။ သိချင်သည်ကို မေးသည်၊ လိုချင်သည်ကို ပြောသည်။ အစရှိသည်ဖြင့် ကိုယ်၊ နှုတ် နှစ်မျိုးဖြင့် ဆက်ဆံရေးနယ်ပယ်၌ ဝင်ဆံ့လာအောင် ကြိုးစားလာမည်။ ဤသည်မှာ အင်္ကျီ၊ လုံချည်၊ ထမီ၊ ဘောင်းဘီတို့ ဝတ်ပေးခြင်းဖြစ်သည်။ လူ၏ခန္ဓာကိုယ်၌ ရွှေ၊ ငွေ၊ ရတနာ၊ လက်ဝတ်တန်ဆာများ ဆင်ယင်သကဲ့သို့၊ စိန်စီသကဲ့သို့ နှလုံးကိုလည်း နူးညံ့ပျော့ပျောင်းအောင် သွန်သင်ထိန်းကျောင်းပေးရပေမည်။ ဆိုလိုသည်မှာ စိတ်ကိုလည်း သင်ကြားပေးရဦးမည်ဖြစ်သည်။

လူတစ်ဦး၏ စိတ်ကို သင်ကြားရန်အတွက် ကိုယ်၊ နှုတ်၊ နှလုံး (၃) မျိုး စောင့်ထိန်းရန် အထူးလိုအပ်လာသည်။

ကိုယ်အမူအရာ ယဉ်ကျေးခြင်းကို မိဘများက ငယ်စဉ်ကပင် တဖြည်းဖြည်း သင်ကြားပေးလာသည်။ မိဘထံမှ မိမိလိုချင်သည့် ပစ္စည်းရှိလျှင် လိုချင်ကြောင်းပြော၍ တောင်းယူကြရမည်။ မိဘထံမှ မတောင်းဘဲ မိဘမပေးမည်စိုး၍ မသိအောင်လည်း မယူအပ်။ မိဘက အကြောင်းကြောင်းကြောင့် မပေးလျှင်လည်း လုယူသည့်သဘောမျိုး မိဘလက်အတွင်းမှ အဓမ္မမယူရ။ လူကြီးမိဘများရှေ့မှ ဖြတ်သန်းသွားလာရလျှင် ရိုရိုသေသေ ခေါင်းငုံ့သွားလာရပေသည်။ လူကြီးမိဘဆရာသမားများရှေ့တွင် ထိုင်လျှင်လည်း မိမိက အမြင့်နေရာမှာ မထိုင်ရ။ အနိမ့်နေရာတွင် ခြေလက်နှစ်ဖက် ကျစ်ကျစ်လျစ်လျစ် နေထိုင်ကြရမည်။ ဝတ်စားဆင်ယင်လျှင်လည်း သန့်ရှင်းသော အဝတ်အစားကို သပ်ရပ်စွာ ဝတ်ဆင်ရမည်။ လူကြီးမိဘဆရာသမားများက မိမိကို အကြောင်းကြောင်းကြောင့် ခေါ်လျှင် ရိုသေကျိုးနွံစွာ လာရမည်။ ခေါ်သည်ကို မကြားဟန်ဆောင်၍ မသိဟန်ရှောင်၍ ဖယ်ခွာမသွားရ စသည် စသည်ဖြင့် ကိုယ်အမူအရာ ယဉ်ကျေးခြင်းကို အချိန်အခါနှင့် အခြေအနေ အလိုက် သင်ကြားပေးရမည်။

ထိုထက်အရွယ်ရလာလေလျှင် သုစရိုက်တရား၊ ဒုစရိုက်တရားများကို သင်ကြားပေးရပြန်သည်။ ဒုစရိုက်တရားကို ရှောင်နိုင်လျှင် သုစရိုက်

တရားကို ကျင့်ပြီးသားဖြစ်၏။ ဒုစရိုက်ကို အနက်ဖွင့်ရသော်၊ ဒုသည်-မကောင်းသော၊ စရိုက်သည်-အပြုအမူ၊ အလေ့၊ အကျင့် ဖြစ်သည်။ ထို့ကြောင့် ဒုစရိုက် ဆိုသည်မှာ မကောင်းသော အပြုအမူဖြစ်သည်။ ဒုစရိုက် (၁၀)ပါးတွင် ကာယဒုစရိုက် (၃) မျိုး ရှိသည်။ ကာယဒုစရိုက်သည် ကိုယ်ဖြင့်ပြုကျင့်သော မကောင်းမှုဖြစ်သည်။ ထို (၃) မျိုးမှာ-

(၁) သူ့အသက်သတ်ခြင်း

(၂) သူ့ဥစ္စာခိုးယူခြင်း

(၃) သူ့သားမယားကို ကျူးလွန်ခြင်း

တို့ဖြစ်သည်။ ထိုသုံးမျိုးကို မကျူးလွန်မိစေရန် ထိန်းနိုင်လျှင် မိမိကိုယ်ကို ကောင်းအောင်ထိန်းသိမ်းခြင်း ဖြစ်သွားပေမည်။

နှုတ်ကို စောင့်ထိန်းရန်လည်း လိုသည်။ 'ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်'၊ 'နှုတ်ချိုသျှိုတစ်ပါး'၊ 'နှုတ်ကောင်းလျှင်ပြည်စိုး' ဆိုသော စကားများသည် နှုတ်၏ယဉ်ကျေးမှု အကျိုးရလဒ် စကားများဖြစ်ပြီး 'နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ'၊ 'ဆင်ဖွေမြင်းဖွေထက် နှုတ်ဖွေဆိုးသည်' ဆိုသော စကားများသည် နှုတ်သရမ်းမှုကြောင့် ခံစားကြုံတွေ့ရမည့် ဆိုးကျိုးများကို ရည်ညွှန်းသည့် စကားများ ဖြစ်သည်။

'ဆင်ဖွေမြင်းဖွေထက် နှုတ်ဖွေဆိုးသည်' ဆိုသော စကားရှိသည်။ ကျွဲ၊ နွား၊ ဆင်၊ မြင်းများ၏ ခန္ဓာကိုယ်ပေါ်တွင် ဖွေဟူသော အမှတ်များရှိသည်။ ထိုဖွေတွင်လည်း ဖွေဆိုး၊ ဖွေကောင်း ဟူ၍ ရှိပြန်သည်။ ဖွေဆိုးရှိသော ကျွဲ၊ နွား၊ ဆင်၊ မြင်းကို လက်ဝယ်ထားပြီး သုံးစွဲလျှင် သုံးစွဲသူ၌ ထိခိုက်ဒုက္ခရောက်တတ်သည်ဟု ယုံကြည်ကြသည်။ ဤယုံကြည်ချက်အကြောင်းကို အခြေခံပြီး ပြောကြသော စကားဖြစ်သည်။ နှုတ်ဖွေဆိုသည်မှာ ဝစီဆိုးသွမ်းမှုကို ဆိုလိုသည်။ ဝစီဒုစရိုက် (၄) မျိုး ရှိသည်။ ၎င်းတို့မှာ-

- မဟုတ်မမှန်ပြောဆိုခြင်း
- ကုန်းတိုက်စကားပြောဆိုခြင်း

- ကြမ်းတမ်းသောစကား၊ ဆဲရေးသောစကားပြောခြင်း
- အကျိုးမရှိသော၊ သိမ်ဖျင်းသောစကားပြောခြင်း တို့ ဖြစ်သည်။
* ဟိနနတ္ထ၊ မဆဲကြနှင့်၊ ကြီးကငယ်သည်၊ နင်ဟယ်ကိုမျှ၊ မဆိုကြနှင့်။
* အစ်ကိုကြီးအား ညီငယ်များလည်း စကားနှုတ်ဆက်၊ ဖက်၍မဆို၊ ရှိသေလှစေ၊ ကိုကြီးအစ်မ သည်နှစ်ဝကို၊ မိဘကဲ့သို့ မှတ်ပါလေ။
* တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင် သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ။
* ရပ်သူရွာသား၊ သူကောင်းများ၏၊ နားမှာမဆန့်၊ မခန့်မငေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက်ထွမ်းအောင်၊ အသွမ်းမကျင့်ကြလေနှင့်။

အထက်ပါ ဆုံးမစာ ကောက်နုတ်ချက် ကဗျာများသည် နှုတ်ဖွေ မဆိုးစေရန် ဖွဲ့နွဲ့ထားသော ကဗျာများဖြစ်သည်။

ကိုယ်နှုတ်နှစ်မျိုးကို လုံခြုံအောင် စောင့်ထိန်းပြီးဖြစ်လျှင် နှလုံးကို စောင့်ထိန်းရန် လိုသေးသည်။

'နှလုံး' ဆိုသည်မှာ အဘယ်နည်း။

နှလုံးကို မြန်မာအဘိဓာန်တွင် 'ပိန်ချည်ဖောင်းချည်ဖြင့် သွေးလည်ပတ်မှုကို ပုံမှန်ဖြစ်စေသော ကိုယ်တွင်းအင်္ဂါ' ဟု အနက်ဖွင့်သည်။ နှလုံး၏အနက်အဓိပ္ပါယ်မူရင်းမှာ ကိုယ်တွင်းရှိ 'နှလုံး' ဟူသော အင်္ဂါသာ ဖြစ်သည်။ နောင်တွင် ဆင့်ပွားအနက်အဖြစ် 'နှလုံး'ကို 'စိတ်'ဟု အဓိပ္ပါယ် ယူကြသည်။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်ပါးမေတ္တာပို့တွင် 'နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ'ဟု ရွတ်ဆိုပြီး မေတ္တာပို့ထားသည်။

နတ်ရှင်နောင်ကို တွင်းသင်းမင်းကြီး ဦးထွန်းညိုက သူ၏ မဟာရာဇဝင်သစ်တွင် 'ထိုမင်းကား ရတုဆိုခြင်း၌ အလွန်သိမ်မွေ့၏။ ဂမ္ဘီရဉာဏ်နှင့် ပြည့်စုံ၏။ နှလုံးသော်ကား ကောက်ကျစ်ဆန်းပြား၏' ဟူ၍ ဝေဖန်ထား

သည်။ ထိုဝေဖန်ချက်ပါ 'နှလုံး'သည် စိတ်ပင်ဖြစ်သည်။

ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏ ပညာမသုံး၊ နှလုံးမပျောင်း၊ လက်ရုံးကောင်းကား၊ တစ်ကြောင်းမျှသာ၊ စူးပမာသို့၊ လိုရာကိစ္စ၊ များမကျတည့်' (မဃဒေဝ-၂၀၀)

'ပညာမသုံး၊ နှလုံးမပျောင်း၊ လက်ရုံးကောင်းကား'ဆိုသည်မှာ ဆင်ခြင်တတ်သော အသိဉာဏ်ပညာကိုလည်း သုံးစွဲခြင်းလည်းမရှိ၊ ပျော့ပျောင်းနူးညံ့သောစိတ်လည်းမရှိဘဲ လက်ရုံးအားကို လက်ရုံးစွမ်းကိုသာ အားကိုးသောသူသည်ဟု အဓိပ္ပါယ်ဖွင့်နိုင်သည်။ ထိုကဗျာ၌ပါသော 'နှလုံးလှ' 'နှလုံးမပျောင်း' ရှိ 'နှလုံး' ဟူသော ဝေါဟာရတို့သည် စိတ်ပင်ဖြစ်သည်။

'စိတ်'ကို ပါဠိဘာသာဖြင့် 'မနော'ဟု သုံးသည်။ ဓမ္မပဒပါဠိတော် မယကဝဂ်လာ 'မနောပုဗ္ဗင်္ဂမာ'ချီဂါထာကို ဆရာတော်အရှင်သေဋ္ဌိလက 'စိတ်နှင့်စပ်ဆိုင်သမျှသော တရားတို့သည် စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူး ဖြစ်ကုန်၏။ စိတ်ဖြင့် ပြီးကုန်၏'ဟူ၍ 'မနော'ပုဒ်များကို 'စိတ်' အဓိပ္ပါယ် မြန်မာပြန်ခြင်းဖြစ်သည်။ ထို့ကြောင့် 'နှလုံး'ကို ထိန်းသိမ်းရေးဟူသည် ဒုစရိုက်ဆယ်ပါးရှိ 'မနော' ဒုစရိုက် (၃) ပါးကို ရှောင်ကြဉ်ရန်ဖြစ်သည်။ ၎င်းတို့မှာ-

(၁) သူပိုင်ပစ္စည်းကို မိမိပိုင်ပစ္စည်း ဖြစ်စေရန် တောင့်တခြင်း။

(၂) သူ့အသက်ခန္ဓာကိုယ်ကို ပျက်စီးစေလိုခြင်း။

(၃) ကံ ကံ၏အကျိုး မယုံကြည်ဘဲ ဖယ်ရှားခြင်း

တို့ဖြစ်သည်။ ဖော်ပြပါအတိုင်း စိတ်အတွင်း၌ ပေါ်ပေါက်မလာအောင် ထိန်းသိမ်းရခြင်းသည် စိတ်ကိုထိန်းသိမ်းခြင်းဖြစ်၏။ သူ့ပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်စေလိုခြင်းကို 'အဘိဈ္ဈာ'ဟု ပါဠိလို သုံးနှုန်း၏။ 'ဒီလူ သိပ်အဘိဈ္ဈာများတာပဲ'ဟု ပြောလေ့ရှိကြ၏။ သူ၏ အသက်၊ ခန္ဓာ၊ စည်းစိမ် ဥစ္စာ စသည်တို့ ပျက်စီးစေလိုသည့် စိတ်ပေါ်ပေါက်လာခြင်းကို 'ဗျာပါဒ'ဟု

သုံးသည်။ ကံ ကံ၏အကျိုး မယုံကြည်ခြင်းကို 'မိစ္ဆာဒိဋ္ဌိ' ဟု ဆိုသည်။

* အရောင်းအဝယ် အသွယ်သွယ်တွင်၊ လိုဖွယ်ရရန်၊ ဖိုးထိုက်တန်လျှင်၊ မှန်သည်ကိုလိုက်၊ လောဘတိုက်၍၊ လူမိုက်မဆိုရစေနှင့်၊
* သူ၏စီးပွား၊ ငါ့စီးပွားကို၊ ထောက်ထားမိစေ၊ ကြီးလောဘကို မျှတစေ။
* အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ သုံးပါးလက္ခဏာ၊ မခြာအောက်မေ့၊ တစေ့စေ့လျှင်၊ အလေ့အထ၊ ကွပ်ဆုံးမ၍။

ဖော်ပြပါ ဆုံးမစာကဗျာ ကောက်နုတ်ချက်များသည် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့ ကင်းစင်အောင် မနောဒုစရိုက်များ မပေါ်ပေါက်စေရန် ထိန်းသိမ်းရမည်ကို ဖွဲ့နွဲ့ထားသော ကဗျာများဖြစ်သည်။

ဖော်ပြခဲ့ပြီးဖြစ်သော 'ကိုယ် စိတ် နှလုံး' သုံးမျိုးကို စောင့်ထိန်းလျှင်...

'ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစွာ၊ သတ္တဝါကို မေတ္တာသက်ပေ၊ လျှုဖို့ဝေ၍၊ စိတ်စေ့ကြည်သန်၊ သဘောမှန်သား၊ ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်' (လောကသာရ-၅)

ကိုယ်စိတ်နှလုံး ထိန်းသိမ်းစောင့်ရှောက်တတ်လျှင် မျက်မှောက်ဘဝရော၊ သံသရာဘဝတို့တွင်ပါ ချမ်းသာစီးပွား ရနိုင်မည်ဟု ဆိုသည်။ ဤသို့ ချမ်းသာစီးပွားရရန် လေ့ကျင့်လမ်းညွှန်ပေးခြင်းသည် လူငယ်ကို **စိန်စီခြင်းပင်** ဖြစ်သည်။

စာသင်ကျောင်းတွင် 'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ' ဆိုသော နှီးဆော်စာတမ်းလေးများကို ချိတ်ဆွဲထားကြသည်။ ထို 'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ' တို့သည် ကျောင်းသားလူငယ်များအဖို့ စိန်စီလမ်းညွှန်များပင်ဖြစ်သည်။

'စိတ်ဓာတ်' ဆိုသည်ကို 'စိတ်သဘောထား' ဟု အဘိဓာန်၌ အနက်ပေးသည်။ ဓမ္မဒဂါထာ (၁၈၃)ခုတွင် 'မကောင်းမှုရှောင်၊ ကောင်းမှု

ဆောင်၊ ဖြူအောင်စိတ်ကိုထား’ ဟု ဆုံးမထားသည်။ ဖြူစင်သော စိတ်ရှိစေရန် မကောင်းမှုများကို ရှောင်ရမည်။ ကောင်းမှုများကို ကျင့်ကြံလိုက်နာဆောင်ထားရမည်။ လောကစကားနှင့်ပြောရလျှင် ရှောင်ရန်ကို ရှောင်ရမည်။ ဆောင်ရန်ကို ဆောင်ရမည်။ ထို့ပြင် စိတ်ထားကိုလည်း ဖြူစင်အောင်ထားရမည်ပင်။

‘စည်းကမ်း’ဆိုသည်ကို ‘လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်’ ဟု အဘိဓာန်၌ အနက်ပေးသည်။ မင်္ဂလာသုတ်ပါဠိတော်ရှိ ‘ဝိနယောစ သုသိက္ခိတော’ကို မင်္ဂလာကဗျာတွင် ‘လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာ သင်ကြားနားလည်စေ’ဟု ဖွဲ့သည်။ ကျင့်ဝတ်စည်းကမ်းများကို နားလည်လိုက်နာခြင်းသည် မင်္ဂလာဖြစ်၏။ ထိုထက်ပို၍ပြောရလျှင် ကျင့်သုံးဆောက်တည်ရမည့် သီလတို့ကို စောင့်ထိန်းခြင်းသည်လည်း လူ့စည်းကမ်းလိုက်နာခြင်းပင် ဖြစ်၏။

ပန်းရနံ့သည် လေတင်လေညာသို့မသွား။ စန္ဒကူးရနံ့၊ တောင်ဇလပ်ပန်းရနံ့၊ စပယ်ကြက်ရုံးရနံ့တို့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ သီလတည်းဟူသော သတင်းရနံ့သည် လေတင်လေညာသို့သွား၏။ သူတော်ကောင်းတို့၏ သတင်းသည် အလုံးစုံသော အရပ်သို့ ပျံ့နှံ့လှိုင်၏။ သီလ၏ရနံ့သည် လေတင်လေညာ အထက်အောက်ဖီလာတို့၌သာ သင်းပျံ့ကြိုင်လှိုင်သည်မဟုတ်၊ နတ်ပြည်တိုင်အောင် သင်းပျံ့၏ ဟူ၍ ဓမ္မပဒတွင် ဟောကြားတော်မူ၏။

သီလနှင့် ပြည့်စုံလျှင် နံ့သာချေးဖြစ်သည်။ သီလသည် ရတနာဖြစ်ပြီး သီလတရားအပေါင်းတို့သည် ရတနာချေးရုံဖြစ်သည်ဟု မိလိန္ဒပဉှာတွင် ဟောကြားထားသည်။ သီလကိုစောင့်ထိန်းသူသည် ရနံ့သင်းပျံ့ပြီး ရတနာတို့နှင့် ပြည့်စုံသူဟု ဆိုနိုင်သည်။ လူငယ်များကို သီလစောင့်ထိန်းစေရန် စည်းကမ်းများလိုက်နာစေရန် တိုက်တွန်းလမ်းညွှန်ပေးခြင်းသည် စိန်စီခြင်းပင်ဟု ဆိုရပေမည်။ စိန်သည် ရတနာပင် မဟုတ်ပါလော။

‘ပညာ’ဆိုသည်ကို ‘ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်’ ဟု

အဘိဓာန်၌ အနက်ပေးသည်။

* မီးရောင် လရောင်၊ နေအရောင်၊ ဉာဏ်ရောင်လွှမ်း၍မိုး။
* ပညာသမာ၊ အာဘာနတ္တိ၊ မြတ်မုနိ၊ ဟောရှိကျမ်းကိုကိုး၊
* ထို့ကြောင့်များစွာ၊ လူတကာ၊ ပညာရအောင်ကြိုး။
* ပညာကောင်းမှာ၊ ဒေသနာ၊ သုံးရာမကုန်နိုး။

ဆိုသော သံပေါက်အနှစ်သာရများသည် ပညာ၏တန်ဖိုးပင်ဖြစ်သည်။ ပညာမရှိလျှင် နွားအသွင်ဟုလည်း ဆိုမည်။ ပညာမဲ့လျှင် ဆင်ခြင်စဉ်းစားဉာဏ်မဲ့လျှင် လူမဟုတ်ဘဲ တိရစ္ဆာန်ဖြစ်သွားပေမည်။

မွေးဖွားသည်မှစ၍ အသက်ရှစ်ဆယ်၊ ကိုးဆယ်၊ တစ်ရာ ကြီးသူဖြစ်သော်လည်း မသင့်သောကာလ၌ ဆိုတတ်သူ၊ မမှန်သောစကားကို ဆိုတတ်သူ၊ အကျိုးနှင့်မစပ်သည်ကို ဆိုတတ်သူ၊ တရားနှင့်မစပ်သည်ကို ဆိုတတ်သူ၊ အဆုံးအမနှင့် မစပ်သည်ကို ဆိုတတ်သူ၊ မသင့်သောအခါ၌ အကြောင်းမရှိ အပိုင်းအခြားမရှိသော အစီးအပွားနှင့်မစပ်သော မမှတ်သားလောက်သောစကားကို ဆိုတတ်သူ ဖြစ်ခဲ့မူ ထိုသူသည် ကြီးပင်ကြီးသော်လည်း လူမိုက်သာဖြစ်သည်ဟူ၍ မြတ်စွာဘုရားက ဆုံးမထားလေသည်။

နက်မှောင်သော ဆံပင်တို့နှင့် တင့်တယ်လျက် ပျိုမျစ်သော ကောင်းသောအရွယ်ရှိသည့် ပထမအရွယ် လုငယ်ပင် ဖြစ်စေကာမူ ကာမဂုဏ်ကို မခံစားလျှင် ကာမဂုဏ်နှင့် ညစ်ညမ်းမနေလျှင် ကာမဂုဏ်၏ ပူလောင်ခြင်းကိုမခံရ ဖြစ်လေလျှင် ကာမဂုဏ်တို့ကို ရှာမှီးရန် လုံ့လပြုသူ မဟုတ်လျှင် ထိုသူသည် ငယ်ပင်ငယ်သော်လည်း 'ပညာရှိလူကြီး' ဖြစ်သည်ဟူ၍ အရှင်မဟာကစ္စည်းက ကန္ဒရာယနပုဏ္ဏားကို ဟောကြားဖူးလေသည်။

ကာမဂုဏ်ဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟတို့ ဖိစီးတတ်သော အာရုံများဖြစ်သည်။ စည်းစိမ်ချမ်းသာဥစ္စာ၊ မေ၊ တန်ခိုးဩဇာ၊ အာဏာတို့ အားလုံး ကာမဂုဏ်ဟု ဆိုနိုင်သည်။ ထိုကာမဂုဏ်များ ထုံမွှမ်းနေလျှင် လူကြီးလူမိုက်ပင် ဖြစ်သည်။ ထိုသို့မဖြစ်စေရန် ပညာဖြင့် ဆင်ခြင်ကျင့်သုံးရန် အရေးကြီးလေသည်။

'ကိုယ်စိတ်နှလုံး' သုံးမျိုးလုံး စောင့်ထိန်းစေရန် လူငယ်များကို လေ့ကျင့်ပေးနိုင်လျှင်-

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတို့ လူငယ်များ၌ ပြည့်စုံစေရန် ပံ့ပိုးဖြည့်တင်းပေးနိုင်လျှင်-

လူငယ်များကို စိန်စီပေးသည်မည်၏။ စိန်စီပေးခြင်းခံရသော လူငယ်များ ကြီးပြင်းလာသောအခါ 'လူသာငယ် လူငယ်ဟုတ်ကြီး လူသာကြီး လူကြီးပေါသော' မဖြစ်ဘဲ ပညာရှိလူကြီး ဖြစ်သွားပေမည်။ အချိန်စီးသော လူကြီးသာမက မီးရောင်၊ လရောင်၊ နေအရောင်တို့ထက် ထွန်းပြောင်သော လူကြီး ဖြစ်သွားနိုင်ပေလိမ့်မည်။

*ဦးအေးချို(မဟာဝိဇ္ဇာ)*

# ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်

ရဲသျှမ်း

ဖြစ်ရပ်မှန်တစ်ခုကို ပြောပြချင်ပါတယ်။

မြေလတ်မြို့လေးတစ်မြို့မှာ လူငယ်လေးတစ်ယောက်ဟာ ၁၉၆၀ ဝန်းကျင်တုန်းက မက်ထရစ် စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ပါတယ်။ အလယ်တန်းပြ ကျောင်းဆရာကြီးရဲ့သားပါ။ အဲသည်ကာလတွေတုန်းက မက်ထရစ်အောင်ဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်။ ထူးချွန်လွန်းမှသာ အောင်တာဖြစ်တယ်။ တစ်မြို့လုံးမှာ နှစ်ယောက်ပဲ အောင်ခဲ့တာပါ။ မက်ထရစ် အောင်တဲ့အချိန်မှာ အဲသည်လူငယ်လေးရဲ့ အသက်က ၁၆ နှစ်ပြည့်စပဲ ရှိပါတယ်။ ငယ်ပေမယ့် ချွန်သူပေါ့။

ရန်ကုန်တက္ကသိုလ် ရောက်တယ်။ ဆရာဝန် အင်ဂျင်နီယာတို့ကို မရွေးချယ်ခဲ့ဘဲ သစ်တောပညာကို ရွေးချယ်ခဲ့ပါတယ်။ လူနည်းစုတက်တဲ့ ဘာသာရပ်ပါ။ သူ သစ်တောပညာရပ်ကို စိတ်ဝင်စားခဲ့တာကိုး။ ဒုတိယနှစ် အောင်တော့ အရှေ့ဂျာမဏီကို ပညာတော်သင် လွှတ်ခံရပါတော့တယ်။ ၁၉ နှစ်တောင် မပြည့်သေးတဲ့ လူတော်လေးရဲ့ ပညာထူးချွန်မှုကြောင့် ရွေးချယ်ခံခဲ့ရတာပဲဖြစ်တယ်။

အဲသည်တုန်းက ဂျာမဏီက အရှေ့၊ အနောက် ကွဲနေသေးတယ်။ ဘာလင်တံတိုင်းကြီး ခြားနေသေးတယ်။ အရှေ့ဂျာမဏီမှာ လူငယ်လေး သိပ္ပံဘွဲ့ (သစ်တော)ရပြီးတဲ့နောက် ထူးချွန်တဲ့အတွက် မဟာဘွဲ့အတွက်

ဆက်လက်ပညာသင်ကြားခွင့်ရပြန်ပါတယ်။ အရှေ့ဂျာမဏီမှာ အနေကြာလာတဲ့အခါမှာ ဥရောပ ယဉ်ကျေးမှုနဲ့ ရာသီဥတုအရ အရက်သောက်တတ်လာတယ်။

ဂျာမဏီမှာ ၇ နှစ်နီးပါး ပညာသင်ကြားပြီး ပြန်လာတဲ့ အဲသည်လူငယ် မြန်မာပြည်ပြန်လာတော့ သူများတွေလို ကားတွေဘာတွေ ပါမလာဘူး။ သူ ယူလာတာအားလုံးက ပညာရပ်ဆိုင်ရာ စာအုပ်တွေပဲဖြစ်တယ်။ ပညာနဲ့အတူ နောက်ထပ် ပါလာတာ တစ်ခုက အရက်စွဲလာတာပါ။

သစ်တော တက္ကသိုလ် ဖွင့်ပြီဆိုတော့ နည်းပြအဖြစ် အမှုထမ်းရတယ်။ သူက စာသင်ပြရတာထက် သုဘေသနကို ပိုပြီး နှစ်မြိုက် ခုံမင်တာမို့ သုတေသနဘက်ကို ရောက်ပါတယ်။ လက်ထောက်ညွှန်မှူး ရာထူးအရမှာ မိဘချင်း ရင်းနှီးတဲ့သူရဲ့ သမီးကြီးနဲ့ အိမ်ထောင်ပြုပါတယ်။ သူ့အသက် ၃၀ နှစ်၊ သူ့အိမ်ထောင်ဘက် ၂၅ နှစ်။ ဇနီးသည်ကလည်း နယ်ကောလိပ် တစ်ခုက နည်းပြဆိုတော့ ပညာတတ်ချင်း လိုက်ဖက်ညီခဲ့တယ်လို့ ဆိုရပါမယ်။

အိမ်ထောင်သည် ဖြစ်ပြီမို့ အရက်ကို ကြိုးစားဖြတ်ပါတယ်။ အဲသည်တုန်းက မလှိုင်နယ်ထဲမှာရှိတဲ့ ရွှေပေါ်ကျွန်း ဆရာတော်ဆီမှာ အရက်၊ သားကြီး၊ ငါးကြီး လှူပြီးတော့ကို ရှောင်ကြဉ်ခဲ့တာပါ။ သို့ပေမယ့် သစ်တော ဝန်ထမ်းအရာရှိ မဟုတ်လား။ ကွင်းဆင်းခရီးတွေ ထွက်တဲ့အခါမှာ မြို့နယ် အသီးသီးက အရက်နဲ့ပဲ ဧည့်ခံကြတာဆိုတော့ ပြန်သောက်ပြန်တယ်။

သားလေးတစ်ယောက်လည်း ရပြီဆိုတော့ အနာဂတ်အတွက် စီမံချက်တွေ ချလို့ပေါ့။ အရွယ်အရ၊ ပညာအရ၊ အနည်းဆုံး ညွှန်ချုပ်အဆင့်တော့ ရောက်မှာပဲလို့လည်း တွေးဆခဲ့ပါတယ်။ သည်ကြားထဲမှာ နိုင်ငံခြားဆိုတာလည်း အကြိမ်ကြိမ် သွားရတယ်။ သူက ပညာထူးချွန်သူကိုး။

ပညာရှင်တစ်ယောက်အဖြစ် သစ်တောလောကမှာ အရာရောက် ထင်ရှားသလို အရက်ကိုလည်း နေရာမရွေး၊ တံဆိပ်မရွေး၊ အချိန်မရွေး သောက်သူလို့လည်း ကျော်ကြားပြန်ပါတယ်။ သူ့အသက် ၄၀ နှစ် ဒုတိယ

ညွှန်မှူးအဆင့်မှာ မဆလခေတ်ကာလရဲ့ ပေါလစီအရ မန္တလေးနန်းတွင်း ထဲမှာ သဘောတရားရေးရာသင်တန်း ဆိုတာ တက်ရပါတယ်။ သူ့မှာ သမီးလေးတစ်ယောက်လည်း ထပ်ရနေပါပြီ။ သားကြီး ၄ နှစ်၊ သမီးငယ် လေး ၄ လအရွယ် သင်တန်းတက်စဉ်မှာ Night Pass ရတဲ့ည အပြင်ထွက် ရာက အရက်မူးပြီး ဝမ်းကွဲညီအိမ်မှာ အိပ်တော့ တက်သွားရာကနေ အသက် ဆုံးသွားပါတော့တယ်။ အနားမှာ လူမရှိတာလည်းပါတယ်။ လုံးဝကို မမျှော်လင့်တဲ့ ဖြစ်ရပ်ပါပဲ။

ပညာတတ်တစ်ဦးရဲ့ ကြေကွဲဖွယ် ဖြစ်ရပ်တစ်ခုပါပဲ။

မုဆိုးမဆရာမခမျာ သားနဲ့သမီးကိုဆွဲလို့ မိဘအိမ်ပြန်တက်ရတယ်။ ဆရာမလည်း လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခရာထူးတွေ တိုးမြင့်လာပြီး သားနဲ့သမီးလည်း ဘွဲ့တွေ အသီးသီးရပါပြီ။ သို့ပေမယ့် သားဖြစ်သူက ဖတဆိုးအဖြစ် အလိုလိုက်မှုတွေကြောင့် လွယ်လွင့်တကူရနေ တဲ့ စိတ်ကြွဆေးပြားတွေ သုံးစွဲစပြုလာပါပြီ။ အချိန်မီသိရှိပြီး အဲသည် ဝန်းကျင်ကို အဆက်ဖြတ်ပေးဖို့ ဆွေမျိုးတစ်စုလုံး ကြိုးပမ်းကြရပါတော့ တယ်။ သင်္ဘောသားအဖြစ် ဆောင်ရွက်ပေးလိုက်ပါတယ်။ တကယ်တမ်း စိတ်ဓာတ်ခိုင်မာမှုမရှိ၊ မူးယစ်ဆေးဝါးကို တောင့်တနေပြီဆိုတော့ သင်္ဘော ပေါ်က ဖယ်ရှားခံရတယ်။ မြန်မာပြည်ပြန်ရောက်တော့ ပိုဆိုးသွားပါပြီ။ စိတ်ကျရောဂါပါပဲ။ သည်တော့ ထွက်ပေါက်အဖြစ် အရက်ကို အလွန်အကျွံ သောက်လာတော့တာပဲ ဖြစ်ပါတယ်။

မိခင်ဖြစ်သူ ဆရာမခမျာ မျက်ရည်နဲ့ မျက်ခွက်ပါပဲ။ သမီးငယ် လေးက တပ်မတော် အရာရှိနဲ့ အိမ်ထောင်ကျပြီး ဘဝရပ်တည်နိုင်ပေမယ့် သားကြီးကတော့ အခြေအနေ ယိမ်းယိုင်နေပါပြီ။

ဆရာမလည်း အငြိမ်းစား ယူခဲ့ပါပြီ။ မိခင်၊ ဖခင်တို့လည်း ဆုံးပါး သွားပြီမို့ မိသားစုပိုင် အိမ်ကြီးကို မောင်နှမတစ်စု ခွဲဝေယူတဲ့အခါ သူ ရရှိတဲ့ သိန်း ၆၀၀ ကို သမီးငယ် ၃၀၀၊ သား ၃၀၀ အဖြစ် ခွဲခြမ်းပြီး သားအတွက် စီးပွားရေးလုပ်ငန်းအဖြစ် မန္တလေး-ပြင်ဦးလွင် လိုင်းကား

ထူထောင်ပေးလိုက်ပါတော့တယ်။ သားက အဲသည်ကာလတွေမှာ အကြိမ်ကြိမ် ဆေးရုံရောက်ပြီးပြန်လာ၊ အရက်ဖြတ်ထားချိန်ပေါ့။ သား ချစ်သူကောင်မလေးက ယုံကြည်ရပြီ ထင်ပါရဲ့။ လက်ထပ်ဖို့ သဘောတူလိုက်တယ်။ သားလည်း အိမ်ထောင်ရှင်ဖြစ် ယောက္ခမအိမ်ရောက်ပြီ။ ကိုယ်ပိုင်စီးပွားရေးလည်း ရှိပြီ။

ဆရာမလည်း ဟင်းချနိုင်ပြီ။ သမီးကမွေးတဲ့ မြေး ထိန်းတော့မယ်လို့ စိတ်ကူးရုံရှိသေး၊ သားယောက္ခမက 'ဆရာမသား ပြန်လာခေါ်ပါတော့' တဲ့လေ။

ကားရောင်းပစ်လိုက်တယ်။ ကားရောင်းရသမျှ ပိုက်ဆံတွေ သောက်စားပစ်တာ လတောင်မကူးဘူး။ အိမ်ထောင်ရေးက ဖရိုဖရဲ။ ဆရာမဆီ ပြန်ရောက်။ ဆရာမခမျာလည်း ညီမတွေနဲ့ ကပ်ရပ်နေရတာလေ။ သည်လိုမူးနေတဲ့ တူတစ်ယောက်ကို အဒေါ်တွေကလည်း ဘယ်လိုမှ မကြည်ဖြူကြတော့ဘူး။

လိမ္မာပါပြီ၊ အချိုးပြေပါပြီဆိုပြီး နေကြတာလည်း ရက်ပိုင်းပါပဲ။ ပါမောက္ခအငြိမ်းစား ဆရာမကြီးကိုယ်တိုင် သားအတွက် အရက်ဝယ်ပေးရတဲ့ အဆင့်ကို ရောက်လာပါပြီ။ အဒေါ်တွေက ဘယ်လိုမှ မကြည်ဖြူတော့ သား ငမူးက အိမ်ကဆင်းတယ်။ ဆင်းသာ ဆင်းတယ်၊ ဘယ်သွားရမှန်းသိတာ မဟုတ်ဘူး။ ဘယ်သူကမှ လက်မခံတာ။ သည်တော့ ဆရာမကြီးလည်း ညီမတွေအိမ်က ခွာရတော့တယ်။ သားမူးခေါ်ပြီး သူကျောင်လည်ခဲ့တဲ့ တက္ကသိုလ်ဝင်းထဲက ဝန်ထမ်းငယ် အိမ်လွတ်ကလေးမှာ သွားနေရပါတယ်။ ဒါလည်း အဆင်မချောပြန်ဘူး။ အရက်မူးလွန်တဲ့အခါ တိရစ္ဆာန်တစ်ကောင်လို အော်ဟစ်တာဆိုတော့ ကျောင်းဝန်းကျင်မှာ မသင့်လျော်တော့ဘူးလေ။

ဆရာမကြီးနဲ့ သားတို့ သမီးငယ်ဆီသွားကြမလား။ သမီးငယ်ခင်ပွန်းက ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ။ သူ့ပတ်ဝန်းကျင်နဲ့ ဘယ်လိုမှ သဟဇာတမဖြစ်နိုင်ဘူးလေ။

အခုတော့ သားအမိနှစ်ယောက် ဝမ်းကွဲမောင်နှမတွေရှိရာ ရွာ

ကလေးကို ရောက်နေရပြီ။ အဒေါ်တွေ၊ ဦးလေးတွေက ဝေးရင်ပြီးရောဆိုပြီး သူတို့တတ်နိုင်သလောက် လစဉ် ငွေကြေးထောက်ပံ့ပေးနေတာပါ။

ရွာကလေးမှာတော့ အော်ချင်အော်၊ ဟစ်ချင်ဟစ် အခွင့်သာပုံရပါတယ်။ အရက်ပုံမှန် ဝယ်ပေးနေရတာကလွဲရင် ဆရာမကြီး နည်းနည်းတော့ အသက်ရှူချောင်ပုံ ရပါရဲ့။

ဝန်းကျင်က ပြောကြတယ်။ ဆရာမကြီး ကျန်းမာဖို့ လိုတယ်။ သား အရင်သေလို့ မဖြစ်ဘူးတဲ့။ သားထက် အရင်သေသွားမှာကိုလည်း ဆရာမကြီး စိုးရိမ်နေပါတယ်။

ဟုတ်တယ်လေ။ သူ အရင်သေသွားရင် သူ့သားကို ဘယ်သူက လက်ခံမှာတုံး။ အရက်ဝယ်ပေးမှာတုံး။ ကျွေးထားမှာတုံး။ လမ်းဘေးမှာ သူတောင်းစားလို ခွေးသေ ဝက်သေ ဖြစ်သွားမှာပေါ့နော်။

ဒါ တကယ့် ဖြစ်ရပ်မှန်ပါ။ ပညာတတ် မိသားစုက ပေါက်ဖွားလာပြီး ပညာတတ်တစ်ယောက် ဖြစ်ခဲ့ပါလျက် စိတ်ဓာတ်မခိုင်ကျည်တော့…။

ဖခင် သစ်တောအရာရှိ ငယ်ရွယ်စဉ်မှာပဲ ဆုံးပါးခဲ့။

သား အရက်ကျွန်ဖြစ်၊ နွံနစ်။

မိခင် ဆရာမကြီး အရက်ဝယ်ပေးနေရတဲ့ အဖြစ်။

ခါးသည်းလိုက်တာ။ ဘယ်အရာက အဲသည်လို အဖြစ်ကို တွန်းပို့ခဲ့သလဲ။ အဖြေရရှိနေပါပြီ။

လူငယ်ဘဝမှာ ပညာသင်၊ ဘွဲ့ရ၊ ပညာတတ်ဖြစ်ရုံနဲ့ မပြီးပြည့်စုံပါဘူး။ စိတ်ဓာတ်ခိုင်ကျည်မှုနဲ့ နှလုံးရည် ပြည့်စုံဖို့ လိုအပ်လှပါတယ်။ သည့်အတွက် စာဖတ်ရမယ်။ ဗုဒ္ဓအဆုံးအကို နာယူရမယ်။ မင်္ဂလာတရားတော်နဲ့အညီ နေတတ်ရမယ်။

လူငယ်တွေ ပညာလည်း တတ်ပါစေ။

နှလုံးသားလည်း လှပါစေ။

စိတ်ဓာတ်လည်း ခိုင်ကျည်ကြပါစေ။

*ရဲသျှမ်း*

စာပေခရီးသွားများ

# စိန်ကြီး(၃၈)လုံး

ကြည်စိုးထွန်း

'စာပေခရီးသွားများ' အစီအစဉ်အတွက် မကြာမကြာ စာအချို့ ရေးပေးဖြစ်ခဲ့ပါသည်။ လူငယ်တို့၏ အနာဂတ် လုပသာယာတိုးတက်ရေးကို ဦးတည်ချက်ထားသော စာအမျိုးအစား ဖြစ်သောကြောင့်လည်း တတ်နိုင်သမျှ အချိန်နှင့် ခွန်အားကိုပေးကာ ရေးခဲ့မိခြင်း ဖြစ်ပါသည်။ လူငယ်တို့၏ အနာဂတ် ဆိုသည်မှာ တစ်မျိုးသားလုံးနှင့်ဆိုင်သော မြန်မာနိုင်ငံ၏ အနာဂတ် လည်း ဖြစ်သောကြောင့် အုတ်တစ်ချပ် သဲတစ်ပွင့်၊ အကျိုးပြုစာပေလောက အတွင်းမှ စာလုံးလေး တစ်လုံးအဖြစ် ပါဝင်နိုင်အောင် ကြိုးစားခြင်းသာ ဖြစ်ပါ၏။

ယခု 'စာပေခရီးသွားများ' စာပေမှ စာမူတောင်းသည့်အခါ 'လူငယ်တွေ စိန်စီမှ လူကြီးတွေ အချိန်စီးမယ်' ဦးတည်ချက်ခေါင်းစီးဖြင့် စာမူတောင်းခံခြင်း ဖြစ်ပါသည်။ ထိုခေါင်းစီးကိုကြည့်၍ စာမရေးနိုင်သေးဘဲ အတွေးများစွာ ပွားနေမိပါသည်။ ယခုပစ္စုပ္ပန် ခရစ်နှစ် ၂၀၁၆ ကာလအတွင်း ဖြစ်ပျက်နေသမျှ အကြောင်းစုံကို တွေးကြည့်မိသောအခါ စိတ်ပျက်စရာ စိတ်ညစ်စရာ စိတ်သောက ရောက်စရာ စိတ်ပူပန်စရာတွေ တစ်ပုံတစ်ပင် ကြီး ဆုံတွေ့နေရသည်။

ညီအစ်ကိုချင်း သားအဖချင်း ဓားခုတ်မှုတွေ ဆေးကြောင်ကြောင်ပြီး အမေကို တုတ်ဖြင့်ရိုက် ငွေတောင်းသော သားသမီးတွေ၊ သက်ငယ်မုဒိမ်းမှုတွေ၊ မောင်နှင့်နှမ၊ သားနှင့်အမိ မကြားဝံ့မနာသာ အမှုအခင်းတွေ၊ သမီးရည်းစားချင်း ဓားထိုးမှုတွေ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုတွေ၊ ကားချင်းတိုက်၊ ကားမှောက်ပြီး သေဆုံးမှုတွေ၊ သုံးလေးလောင်းပြိုင် လူသတ်မှုတွေ၊ အနောက်တံခါးမှ ဘင်္ဂါလီဝင်စီးမှုတွေ၊ အရှေ့မြောက်ဘက်မှ သေနတ်သံ၊ စိန်ပြောင်းသံနှင့် မငြိမ်းချမ်းမှုတွေ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လျက် ရှိနေလေသည်။ မြန်မာနိုင်ငံအတွက် အားပျက်စရာသတင်းတွေချည်း ဖြစ်ပါသည်။

အားပျက်စရာ သတင်းများကို ဖန်တီးသူ (သို့မဟုတ်) အချိန်မစီးသူများ၏ သက်တမ်း (အသက်) များကို စီစစ်ကြည့်သောအခါ အသက် ၂၀ ဝန်းကျင်မှ အသက် ၄၀ ဝန်းကျင် ရှိသူများ ဖြစ်ကြသည်။ (ခြွင်းချက်အနေဖြင့် အသက် (၆၀) ကျော် အသက်ကြီး၍ အချိန်မစီးသော တဏှာရာဂအိုးကြီးများလည်း ပါဝင်ကြပါ၏)။ ထို သက်တမ်းအရ လွန်ခဲ့သော နှစ် (၂၀) မှ နှစ် (၄၀) အတွင်း ကလေးဘဝမှ ကြီးပြင်းလာသော အချိန်ကာလတစ်ခု၌ ထိုသူများကို အသိဉာဏ်ဖွံ့ဖြိုးအောင် မလုပ်နိုင်ခဲ့၍ ဖြစ်မည်ဟု ကောက်ချက်ဆွဲရပေတော့မည်။ ၎င်းတို့၏ လူငယ်ဘဝတွင် စိန်မစီခဲ့ရသောကြောင့် ယခု ပစ္စုပ္ပန်အချိန်တွင် အချိန်မစီးသူများဘဝ ရောက်ခဲ့ရခြင်း ဖြစ်ပေလိမ့်မည်။

ဓာတုဗေဒ ပညာရှင်များက 'စိန်' ပစ္စည်းကို ဓာတုဗေဒအမည် ကာဗွန် (C) သတ်မှတ်ပါသည်။ ထို့အတူ မီးသွေးကိုလည်း ကာဗွန် (C) ဓာတုဗေဒအမည် သတ်မှတ်ကြသည်။ ဓာတုဗေဒ အမှတ်အသား ကာဗွန် (C) ချင်း တူပါလျက် စိန်နှင့် မီးသွေးသည် အလွန်ကွာခြားလှသည်။ စိန်သည် ဖြူ၍ မာကျောလှ၏။ မီးသွေးသည်ကား မဲ၍ ကြေမွပျက်စီးလွယ်၏။ အဖြူအမဲ အပျော့အမာ ကွာချင်တိုင်းကွာပြီး ကွဲချင်တိုင်း ကွဲလှပေသည်။

ထို့အတူ လူ့လောကကြီးတွင်လည်း လူသားချင်းတူပါလျက် အသိ

ဉာဏ်ချင်း စိတ်ထားချင်း မတူသူတွေ များလှ၏။ စိန်နှင့်မီးသွေးနှယ် ကွာခြားကြလေ၏။ စိန်နှင့်တူသူတွေက တန်ဖိုးရှိကြလေ၏။ မီးသွေးနှင့် တူသူတွေက တန်ဖိုးနည်း အောက်တန်းနောက်တန်းကျကြလေသည်။ ထို့ကြောင့် လူငယ်တွေကို စိန်စီမှ လူကြီးတွေ အချိန်စီးကြမယ်ဟု ဆိုလိုချင်လေသလားမသိ၊ လူကြီးတွေ အချိန်စီးအောင် လူငယ်တွေကို မည်သို့ စိန်စီကြရပါမည်နည်း။

တကယ်တော့ ဗုဒ္ဓဘာသာကိုးကွယ်သူ မြန်မာလူမျိုးများအတွက် ကလေးဘဝ ငယ်စဉ်အရွယ်ကပင် စိန်စီနိုင်သည့် နည်းလမ်းများကို ချမှတ်ပေးခဲ့ပြီး ဖြစ်လေသည်။ ထိုနည်းလမ်းကား အခြားမဟုတ်၊ မြန်မာတို့ နှုတ်ခွန်းဆက်စကား 'မင်္ဂလာပါ'ဆိုသည့် မင်္ဂလသုတ်တရားတော် နည်းလမ်း ဖြစ်လေသည်။

လူငယ်များ ကြားဖူးလွန်းသောကြောင့် နားအီနေလောက်ပြီ ထင်ပါ၏။ လူမိုက်ကို မပေါင်းရ၊ လူလိမ္မာကို ပေါင်းရမည်၊ ပူဇော်ထိုက်သူကို ပူဇော်ရမည်... အစချီ (၃၈) ဖြာသော မင်္ဂလာတရားတော်များသည် (၃၈) လုံးသော စိန်ကြီးများပင် ဖြစ်ပါ၏။ ထို (၃၈) လုံးစလုံး ပိုင်ဆိုင်ရန် ခက်ခဲသည် ဆိုပါလျှင် ပထမဆုံး စိန်ကြီးသုံးလုံးမျှ ပိုင်ဆိုင်အောင် လူငယ်တွေ ကြိုးစားသင့်ကြသည်။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာစ ပူဇနေယျာနံ ဆိုသည့် လူမိုက်ကို မပေါင်းသင်းရာ၊ လူလိမ္မာကို ပေါင်းသင်း၊ ပူဇော်ထိုက်သူကို ပူဇော်ဆိုသည့် အချက်သုံးချက်ကို ကြိုးစား လိုက်နာဖို့ဘော့ မခက်ခဲလောက်ဟု မျှော်လင့်ရပါသည်။

ကုသိုလ် နှင့် အကုသိုလ်၊ ကောင်းမှု နှင့် မကောင်းမှုကို ခွဲခြားမသိနိုင်သူအား လူမိုက်ဟု ဆိုသည်။ ထိုလူမိုက်ကို ပေါင်းသင်းမိခြင်းကြောင့် မိမိသည်လည်း ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားမသိနိုင်သော ဘဝကို ရောက်ရပေလိမ့်မည်။

စိန် နှင့် မီးသွေးသည် အခြေခံကာဗွန်ဒြပ်စင်ချင်းတူပါလျက် ဘာကြောင့် တန်ဖိုးချင်း ကွာခြားရပါသနည်း။ သိပ္ပံပညာရှင်များ အဆိုအရ

ဖိအားနှင့် အပူချိန်မတူသောကြောင့် ကွာခြားခြင်းဖြစ်သည် ဆို၏။ ဖိအားနှင့် အပူချိန်ကြီးမားခြင်းကြောင့် စိန်အဖြစ်သို့ ရောက်သည်ဟူ၍ အဓိပ္ပါယ်ဖွင့်၏။ လူကောင်းလူတော်တစ်ယောက်ဖြစ်ရန်အတွက်လည်း ဖိအား၊ အပူချိန်တို့ လိုအပ်မည်ဖြစ်သည်။ ထိုဖိအား၊ အလေးချိန်တို့နှင့် တူညီသော အရည်အသွေးများသည် လုံ့လဝီရိယ၊ စည်းကမ်း၊ ပညာတို့ ဖြစ်သည်ဆိုပါက မှားမည်မဟုတ်ပါချေ။

မကောင်းသော အပေါင်းအသင်းကို ရှောင်ကြဉ်၍ လုံ့လဝီရိယ၊ စည်းကမ်း၊ ပညာတို့ ဖြည့်ဆည်းကာ လူတော်လူကောင်းများနှင့် ပေါင်းသင်းမိသော လူငယ်တို့သည် စိန်စီသောဘဝသို့ ရောက်ကြပေလိမ့်မည်။ မိမိထက် လုံ့လဝီရိယ၊ စည်းကမ်း၊ ပညာတို့ ပိုမိုပြည့်စုံသော လေးစားထိုက်သူပုဂ္ဂိုလ်များကိုလည်း ရိုသေလေးစား ပူဇော်ဆည်းကပ်ပါက နောက်ထပ်စိန်တစ်လုံးပမာ ပိုမိုတောက်ပြောင်လာပေလိမ့်မည်။

ယနေ့ မင်္ဂလာကင်းမဲ့သော သတင်းများကို ကြားသိနေရခြင်းသည် တစ်ချိန်က မင်္ဂလာကင်းမဲ့ခဲ့သူ လူငယ်များကြောင့်သာ ဖြစ်လေသည်။ တစ်နည်းအားဖြင့် တစ်ချိန်က လူငယ်များသည် လုံ့လဝီရိယ၊ စည်းကမ်း၊ ပညာအရာတို့တွင် လွန်စွာအားနည်းခဲ့ကြခြင်းကြောင့် ယနေ့ မင်္ဂလာကင်းမဲ့သော အလုပ်များကို လုပ်ဆောင်ကြခြင်းပင် ဖြစ်လေသည်။ နောက်အနာဂတ်မြန်မာနိုင်ငံတွင် ယနေ့ကဲ့သို့ သတင်းဆိုးများ မဖြစ်ပေါ်စေရန် ယနေ့လူငယ်များကို စိန်စီပေးနိုင်ဖို့ လိုအပ်လာလေပြီ။

လူမိုက်ကို မပေါင်းသင်းရာ၊

လူလိမ္မာကို ပေါင်းသင်းရာ၏၊

ပူဇော်ထိုက်သူကို ပူဇော်ရာ၏… တည်းဟူသော စိန်သုံးလုံးလောက် စီပေးရုံမျှဖြင့် နောင်အနာဂတ် မြန်မာပြည်အတွက် အချိန်စီးသောလူကြီးလူကောင်းများ ပေါ်ထွက်နိုင်ပါသည်။

(၃၈) ဖြာသော မင်္ဂလာဖြစ်သည့် စိန် (၃၈) လုံးသာ လူငယ်တွေကို စီပေးနိုင်ပါလျှင် အဘယ်မှာလျှင် မြန်မာနိုင်ငံ မတိုးတက် မတောက်ပြောင်ဘဲ

ရှိနိုင်ပါအံ့နည်း။ ထို့ကြောင့် ယနေ့လူငယ်များကို စိန်စီပေးနိုင်ဖို့ လူကြီးများက (၃၈) ဖြာ မင်္ဂလာတရားတော်ကို လက်ဆင့်ကမ်းပေးဖို့ လိုပါသည်။ လူကြီးများကိုယ်တိုင်က (၃၈) ဖြာ မင်္ဂလာကို နားလည်အောင် ကြိုးစားရုံမျှမက လိုက်နာကျင့်ကြံဆောင်ရွက်ပြီး လူငယ်များကို လက်ဆင့်ကမ်းသင့်ပါသည်။

လက်ဆင့်ကမ်းအမွေ စိန် (၃၈) လုံး (၃၈ ဖြာ မင်္ဂလာ)ကို ထိုက်ထိုက်တန်တန် လက်ခံ၍ နောင်အနာဂတ် မြန်မာပြည်ကို စိန်စီထားသော လူငယ်များက တိုးတက်အောင် ကြံဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုအပ်ပါကြောင်း. . .

*ကြည်စိုးထွန်း*

# လူငယ်တွေစိန်စီပါမှ

မောင်ခိုင်တည်

နိုင်ငံတစ်နိုင်ငံ တိုးတက်ကြီးပွားရန်အတွက် နိုင်ငံတော်ကို ဦးဆောင်သူတို့မှာ များစွာတာဝန်ရှိလေသည်။ တာဝန်ရှိသည်အားလျော်စွာ တာဝန်ယူဆောင်ရွက်ရာ၌ နည်းမှန်လမ်းမှန် တာဝန်ယူဆောင်ရွက်တတ်ဖို့ လိုပါသည်။ နိုင်ငံတော်၏ အနာဂတ်မှာ ဦးဆောင်သူတို့လက်တွင် တည်ပါသည်။ ဦးဆောင်သူတို့ လက်တွင်တည်သော်လည်း နိုင်ငံတော်ကို ဦးဆောင်သူတို့ တကယ်တမ်း အားကိုးအားထားပြုရမည်မှာ အနာဂတ်မျိုးဆက်သစ်လူငယ်များသာ ဖြစ်လေသည်။ အနာဂတ် မျိုးဆက်သစ်လူငယ်များကိုပြုစုပျိုးထောင်ပေးခြင်းသည် နိုင်ငံတော်တွင် လိုအပ်နေသော သစ်ပင်များနည်းတူ ယနေ့ အပူတပြင်း တာဝန်ယူဆောင်ရွက်ပေးရမည့် နိုင်ငံတော်ခေါင်းဆောင်တို့၏ အဓိကတာဝန်ကြီးပင် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်၏ အနာဂတ်ဟု တင်စားရခြင်းမှာ အလွန်သင့်မြတ်လှပါသည်။ လူ့သမိုင်းခရီးစဉ်မှာ မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်း တာဝန်ယူခြင်းပင် ဖြစ်၍ လက်ရှိမျိုးဆက်တစ်ခုတည်းသာ ကောင်းနေ၍မရပါ။ မျိုးဆက်တိုင်းကောင်းပါမှ နိုင်ငံ၏ သမိုင်းလှပါမည်။ နိုင်ငံသမိုင်း လှဖို့အတွက် လက်ရှိတာဝန်ယူ ဆောင်ရွက်

နေသော နိုင်ငံခေါင်းဆောင်တို့က ဘက်စုံဉာဏ်အမြင်ကျယ်ဖို့၊ ရှေးကို အများကြီး ကြိုမြင်ဖို့ အထူးလိုအပ်လှပါသည်။

မျိုးဆက်သစ် လူငယ်တို့ကို ပြုစုပျိုးထောင်ရာ၌ ပညာရေး အခန်း ကဏ္ဍမှာ အထူးအလေးပေး ဆောင်ရွက်ရမည့် အဓိက အသက်သွေးကြောပင် ဖြစ်သည်။ ပညာရေးကို အခြေခံခြင်းမှာ အညာကို ကိုင်လိုက်ခြင်းလည်း မည်ပါသည်။ လက်ရှိအစိုးရက တက်တက်လာချင်းပင် ပညာရေးကို အထူး အလေးပေး အကောင်အထည်ဖော်နေသည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုရမည် ဖြစ်ပါသည်။ ပညာရေးဆိုသည်မှာ အခုရေတွင်းတူး၊ အခု ရေကြည်သောက်ရမည်တော့မဟုတ်။ စိမ့်၍အကျိုးပေးသော အရာဖြစ်၍ အတိုင်းအတာတစ်ခုအထိတော့ အချိန်ကို စောင့်ရပေမည်။ ပညာရေး၏ စိမ့်၍ အကျိုးပေးပုံ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ကျွန်ုပ်တို့နိုင်ငံက များစွာ ခံစားခဲ့ကြရဖူးပါပြီ။ စဉ်းစားစရာ ဆင်ခြင်စရာ သင်ခန်းစာယူစရာတွေလည်း များစွာရှိခဲ့ကြပါသည်။

မည်သည့်နယ်ပယ်၌မဆို ပညာရေးကိုအခြေခံခြင်းသည် နည်းလမ်း မှန်ကန် အခြေခံခြင်းပင်ဖြစ်သည်။ နည်းလမ်းမှန်ကန်အခြေခံဟု ဆိုသဖြင့် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းမှု မှန်ကန်ဖို့ လိုပါသည်။ မူလတန်းမှစ၍ တက္ကသိုလ် အဆင့်အထိ အတန်းတိုင်းတွင် သင်ရိုးညွှန်းတမ်းမှာ အခရာပင်ဖြစ်သည်။ သင်ရိုးညွှန်းတမ်း နည်းစနစ် မှန်ကန်ကောင်းမွန်လျှင် ရလဒ်ကောင်း ထွက် မည်ဖြစ်ပြီး သင်ရိုးညွှန်းတမ်းနည်းစနစ် အံချော်လျှင် ရလဒ်ကေ..ာင်းထွက်နိုင် မည် မဟုတ်ပါ။

သင်ရိုးညွှန်းတမ်း ကောင်းရုံနှင့်လည်း မပြီးသေးပါ။ သင်ကြားပေး သူ ဆရာတို့၏ အရည်အချင်းပြည့်ဝမှုအပေါ်မှာလည်း များစွာ တည်မှီနေပါ သည်။ ဆရာကောင်းမှ ကျောင်းသားကောင်းမည်။ ဆရာတော်မှ ကျောင်း သား တော်မည်။ ကျောင်းသားကောင်းမှ တိုင်းပြည်ကောင်းမည်။ ကျောင်း သားတော်မှ တိုင်းပြည်တော်မည်။ တိုင်းပြည်၏အနာဂတ် ကျောင်းသား လူငယ်တို့၏ လက်ထဲတွင် တည်နေပါသည်။ ကျောင်းသားလူငယ်တွေ

ကို တော်အောင်၊ ကောင်းအောင် မိဘ၊ ဆရာ၊ အစိုးရ အဓိကထားပြီး တာဝန်သိ ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးစားပေးကြဖို့ အရေးတကြီး လိုအပ် နေပါသည်။

ဆရာကြီး ဦးဖေမောင်တင်၏ အဆိုအမိန့်အတိုင်း ဆရာကောင်းမည်သည် ကိုယ့်ထက်သာသော တပည့်ကောင်းကို မွေးထုတ်ပေးနိုင်ရပါမည်။ သို့မှသာ လောကကြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားမည်ဖြစ်သည်။ ဆရာကြီး ဦးဖေမောင်တင်မှာ အပြောတင်မဟုတ် အလုပ်နှင့် သက်သေပြခဲ့သူ ဖြစ်ပါသည်။ ဆရာကြီး မွေးထုတ်ခဲ့သော နယ်ပယ်စုံမှ တပည့်အကျော်အမော်များမှာ နောက်တစ်ဆင့် တပည့်အကျော်အမော်တို့ကိုပင် မွေးထုတ်ပေးနိုင်ခဲ့သော သက်သေသာဓကတို့ အထင်အရှား ရှိခဲ့ကြပါသည်။ ထို့ကြောင့် ကိုယ့်ထက်သာသော တပည့်ကောင်းတို့ မွေးထုတ်ပေးနိုင်အောင် ကြိုးစားကြရပါမည်။

စာသင်ကျောင်းသို့ မရောက်ခင် မိဘရင်ခွင် ကျောင်းခိုအောင်းစဉ်အခါ အလေ့အထ စရိုက်ကောင်းများကို သားသမီးတို့ အတုယူနိုင်အောင် မိဘများက အလေးဂရုပြု သင်ကြားပေးဖို့ မဖြစ်မနေ လိုအပ်လှပါသည်။ မိကောင်းဖကောင်းနှင့် ကြီးပြင်း၊ ဆရာကောင်းသမားကောင်းထံ လေ့လာသင်ကြားဖူးပါမှ လူတော်လူကောင်းဖြစ်ဖို့ အခွင့်အလမ်း သင့်နိုင်ပါသည်။ လူတော်လူကောင်းတို့လက်ထဲ အနာဂတ်နိုင်ငံတော်ကြီး ရောက်ပါမှ ကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာ စည်ပင်ဝပြောမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းကြီး ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံဖို့ ငြိမ်းချမ်းရေးမှာ အဓိက လိုအပ်ချက်ကြီးပင်ဖြစ်သည်။ ငြိမ်းချမ်းရေးမရှိဘဲ မည်သည့်ချမ်းသာသုခကိုမျှ မဖန်တီးနိုင်။ ချမ်းသာသုခမှန်သမျှတို့၏ အဓိကတရားကိုယ်မှာ ငြိမ်းချမ်းရေးသာ ဖြစ်သည်။ တကယ်တမ်း ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်သည်မှာ အသိအလိမ္မာ ဉာဏ်ပညာကြီးသူတို့သာဖြစ်သည်။ အသိအလိမ္မာ ဉာဏ်ပညာကြီးသူမှ မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား၊ ဥပေက္ခာတရားတို့ကို စနစ်တကျ သရုပ်ဖော်နိုင်မည် ဖြစ်

သည်။ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး သရုပ်ဖော်ပါမှ လူအများစုလက်ခံနိုင်သော ငြိမ်းချမ်းရေးအစစ် ထွန်းသစ်လာနိုင်ပါသည်။ ဗြဟ္မစိုရ်တရားလေးပါးကို အခြေမခံဘဲ မည်သည့်တန်ခိုးရှင်မျှ ငြိမ်းချမ်းရေးကို ပုံမဖော်နိုင်ပါ။ ဗြဟ္မစိုရ်တရားလေးပါးသည် ငြိမ်းချမ်းရေး၏ (လိုဂို) အမှတ်တံဆိပ်ပင် ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေး၏ အမှတ်တံဆိပ်ကို နှလုံးသား၌ တစ်သက်တာ စွဲထင်နေအောင် ကလေးဘဝကပင် ရိုက်နှိပ်ထားရမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ တကယ့်အနှစ်သာရမှာ သယံဇာတဖြစ်သည်။ သယံဇာတမှာလည်း လူသယံဇာတနှင့် လူမှတစ်ပါး အခြားသဘာဝ သယံဇာတဟု (၂) မျိုး ရှိလေသည်။ သယံဇာတကို တန်ဖိုးဖြတ်ရာ၌ အမြင်ချင်းမတူကြချေ။ အမြော်အမြင်ကြီးသူတို့က လူသယံဇာတသာ ပဓာနဟု လက်ခံပြီး အမြော်အမြင်နည်းသူတို့က သဘာဝသယံဇာတတွေကိုသာ ပဓာနဟု လက်ခံသည်။

လူသယံဇာတ ပဓာနဟု လက်ခံလိုက်သည်နှင့် လူ့အရည်အသွေး ပြည့်ဝအောင် ဖြည့်ဆည်းရတော့မည်ဖြစ်သည်။ လူ့အရည်အသွေးမှာ သဘာဝသယံဇာတတွေလို သူ့အလိုလို မပြည့်ဝလာနိုင်။ လူမှန်းသိတတ်စ အရွယ်မှစ၍ ပညာသင်ယူခြင်းမှာ လူ့အရည်အသွေး ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။ ပညာသင်ယူရာ၌ အစဉ်အတိုင်း ဖွံ့ဖြိုးအောင် စနစ်တကျ နည်းလမ်းမှန်ကန်သော သင်ရိုးညွှန်းတမ်းများ ရှိရမည်ဖြစ်သည်။ သို့မှသာ အရည်အသွေးပြည့်ဝသော လူ့သယံဇာတတို့ ထွက်ပေါ်လာနိုင်သည်။

တကယ်တမ်း လူတွေသာ လူ့သယံဇာတ အရည်အသွေး ပြည့်ဝနေလျှင် ကိုယ့်နိုင်ငံမှာသာမက တစ်ကမ္ဘာလုံးတွင် မည်သည့်နိုင်ငံမှာမဆို ဝင်ဆံ့နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကြည့်ပါ။ ဒေါ်အောင်ဆန်းစုကြည်အဖို့ လူ့အရည်အသွေးသယံဇာတ ကြွယ်ဝနေသည် ဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးက ဂုဏ်သိက္ခာရှိစွာ လိုက်လိုက်လှဲလှဲ ဖိတ်ခေါ်နေကြသည်မှာ နိုင်ငံပိုင် အဖိုးတန်

သဘာဝသယံဇာတတွေကို မျှော်ကိုးလို့မဟုတ်သည်မှာ သေချာနေပါသည်။

ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း နိုင်ငံတစ်နိုင်ငံကို ပြန် လည်ထူထောင်ရာ၌ သဘာဝ သယံဇာတတွေကို အားမကိုးဘဲ လူ့သယံ ဇာတကိုသာ အားကိုးဖို့ တဖွဖွ မိန့်ကြားနေသည်ပင် ဖြစ်ရကား…

နိုင်ငံတော်ကို အသစ်တစ်ဖန် ပြန်လည်ထူထောင်နေရသော ယနေ့ ကာလခါသမယတွင် 'လူ့သယံဇာတ ပဓာန'ကို လက်ခံသည့်အားလျော်စွာ လူသားအရင်းအမြစ် ဘန်ဖိုး ဖြစ်ထွန်းသစ်လာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ရာ…

အနှစ်ပြည့် သစ်တောကြီးတစ်တော ဖြစ်ထွန်းလာဖို့ နှစ်တစ်ရာ လောက်မှ ရင်းနှီးမြှုပ်နှံမှု မပြုလျှင် အရည်အသွေး ပြည့်ဝလာမည် မဟုတ်သလို လူ့သယံဇာတ ဖော်ထုတ်ရာ၌လည်း နှစ်ပေါင်း (၂၀)၊ (၃၀) လောက်မှ မရင်းနှီး မမြှုပ်နှံ မဖြည့်ဆည်းဘဲ လူ့အရည်အသွေး ပြည့်ဝလာနိုင်မည် မဟုတ်ပါ။ မျိုးဆက်တစ်ခုက မျိုးဆက်တစ်ခုကို လက်ဆင့်ကမ်း အမွေပေးသွားခြင်းသည်သာ လူ့ခရီးစဉ် အဆင့်ဆင့် မြင့်တက်သွားနိုင်ပါသည်။ အဆင့်ဆင့် မြင့်တက်သွားအောင်လည်း ကိုယ့်ရှေ့က အမွေပေးခဲ့ကြသည့် မျိုးဆက်တို့ထက် အဖက်ဖက်က သာလွန်အောင် ကြိုးစားကြဖို့ လိုပါသည်။ သို့မှသာ 'လူငယ်တွေ စိန်စီပါမှ… အချိန်စီးတဲ့ လူကြီးတွေ ဖြစ်လာမည်' ကေန်ပင် ဖြစ်ဘော့သတည်း။

*မောင်ခိုင်တည်*

## လူငယ်တွေစိန်မစီပါမှ

လက်ျာရည်ကျော်

သည်တစ်ခါတော့ စာအုပ်ခေါင်းစဉ်နှင့် ကျွန်တော့်ခေါင်းစဉ် ကန့်လန့်များ ဖြစ်နေလေမလားမသိ။

စာအုပ်စီစဉ်သူတွေ ဆိုလိုသည့် 'စိန်စီပါမှ' ဆိုတာက လူငယ်တွေ မိမိအရည်အချင်းကို တိုးတက်အောင် အတတ်နိုင်ဆုံး ကြိုးစားထားပါမှဟု ဆိုလိုဟန်တူသည်။

ဆိုရှယ်လစ်ခေတ်နှင့် စစ်အစိုးရခေတ် နှစ်ခေတ်ပေါင်းတွင် နှစ်ပေါင်း ၅၀ ကျော် ရှင်သန်ခဲ့ရသော ကျွန်တော့်အဖို့ကတော့ 'စိန်စီသော' ဟူသော စကားကို လူ့အရည်အသွေးနှင့်ယှဉ်၍ သုံးနှုန်းရမှာ ပျော်စရာ မကောင်းလှ။

သည်တော့ ကျွန်တော် သုံးလိုက်သည့် 'စိန်မစီပါမှ' ဆိုသည့် စကား က အခွင့်ထူးမခံခဲ့ရပါမှ ပေါ်ကြော့မနေခဲ့ရပါမှဟု အဓိပ္ပာယ်ရပါသည်။

### ကံကောင်းခြင်းကြယ်ပြောင်

ငယ်တုန်းက ကျွန်တော်နှင့် အသက်မတိမ်းမယိမ်းတွေထဲမှာ အဲသည်ခေတ်က လူကြီးတွေ၏သားသမီး ကျောင်းနေဖက်တွေ ရှိခဲ့ဖူးသည်။

ကျောင်းတုန်းကလည်း မျက်နှာသာပေး ခံရသလို အလုပ်ဝင်တော့

လည်း လိုချင်သည့်နေရာ သင်ချင်သည့်ပညာနှင့် ပတ်သက်၍ 'မရှိ'ဆိုသည့် စကားကို မကြားရသူတွေဖြစ်ခဲ့တာ တွေ့ခဲ့ဖူးသည်။

ဇိမ်ခံနိုင်ခဲ့ကြသည် ဆိုပါစို့။

အဲသလို လူတွေကို သက်တူရွယ်တူတွေက မုဒိတာ မပွားနိုင်ကြ။ 'အခွင့်ထူးခံတွေ'ဟု ခေါ်ကြသည်။

ကျွန်တော်ကတော့ ရယ်စရာလုပ်၍ သူငယ်ချင်းတွေကို ပြောဖူးသည်။

"မနာလိုမဖြစ်ပါနဲ့ကွာ။ သူတို့က 'Born under the lucky star' တွေ"

Born under lucky star ဆိုသည့် စကားက အင်္ဂလိပ်စကားမှာတော့ 'မွေးကတည်းက ကံကောင်းသည်' ဟု အဓိပ္ပာယ်ရသည်။ တော်တော်အသုံးများသော စကားဖြစ်သည်။ တဲ့ဘာသာပြန်လျှင်တော့ 'ကံကောင်းခြင်းကြယ်ပြောင်ကြီးအောက်မှာ မွေးဖွားသည်'ဟု ပြန်ရမည်။ သူငယ်ချင်းဖြစ်သူက အဓိပ္ပာယ်ပေါက်သော်လည်း ရယ်စရာလုပ်၍ ပြန်မေးသည်။

"ဘယ် star အောက်မှာ မွေးတာလဲကွ"

"သူ့အဖေ star အောက်မှာ မွေးတာလေ၊ သူ့အဖေက သူ့ lucky star ပေါ့"

အမှန်အတိုင်း ဝန်ခံရင် ငယ်စဉ်တုန်းကတော့ လူငယ်စိတ်နှင့် ထိုစိန်စီသူတွေကို မုဒိတာမပွားနိုင်ခဲ့ပါ။

ယခု အသက်ငါးဆယ်ကျော် တတိယအရွယ်ကို ချဉ်းကပ်လာသောအခါ ကျွန်တော့်ဘဝနှင့် သူတို့ဘဝတွေ ယှဉ်စဉ်းစားကြည့်မိသည့်အခါ ကျွန်တော် သူတို့ကို မနာလိုမဖြစ်တော့ရုံသာမက အားပါမကျတော့ပါ။

## အောင်မြင်မှုနှင့် ကျောထောက်နောက်ခံ

စိန်စီသောဘဝတွေကို လွယ်လွယ်ကူကူ ကျောထောက်နောက်ခံကောင်းသော ဘဝတွေဟုပဲ ဆိုပါစို့။ ထိုသူတွေကို ကျွန်တော် အားမကျပါဟု

ပြောလျှင် ကျွန်တော်က သူတို့ထက် ပိုအောင်မြင်နေလို့လားဟု မေးစရာ ရှိပါသည်။

အဲသည်အတွက် ကျွန်တော့်အဖြေကတော့ အောင်မြင်သည်ဆိုတာ ကိုယ်တိုင်းသည့်ပေတံနှင့် ကိုယ်မှန်သည်ဟုပင် ဖြစ်ပါလိမ့်မည်။

စိန်စီခဲ့သော သူငယ်ချင်းအများစုက ကျွန်တော့်လို ရှေ့တန်းမထွက်ခဲ့ရပါ။ ကျွန်တော့်လို သူများမသွားချင်သော ဒေသတွေမှာ တာဝန်မထမ်းဆောင်ခဲ့ရပါ။ ပြည်တွင်းစာမေးပွဲတွေဖြေလျှင် ကျွန်တော့်လောက် အကြိမ်ကြိမ်မကျခဲ့ကြပါ။ ပြည်ပသွားဖို့ကိစ္စ ပြည်တွင်းက ရွေးတာဆိုလျှင် လွယ်လွယ်နှင့် ရှေ့က အရွေးခံရလေ့ရှိပါသည်။ ယခု အသက် ၅၀ ကျော်ဘဝမှာ သူတို့ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာက ကျွန်တော့်ထက် အများကြီး ပိုများပါသည်။

သုညကစသောဘဝနှင့် ကိုးဆယ်ကစသောဘဝ ဘယ်လိုလုပ်တူနိုင်မှာတဲ့လဲ။

သို့သော် ကျွန်တော်တိုင်းနေကျပေတံနှင့် တိုင်းလျှင်တော့ ကျွန်တော့်ဘဝက ပိုအောင်မြင်ပါမည်။ ကျွန်တော့်ပေတံက John Maxwell ၏ ပေတံပါပဲ။

To know your purpose in life.

To grow your potential to maximum.

To sow the seeds for others တဲ့။

သူများကို ပို၍များများကူညီနိုင်သူက ပိုအောင်မြင်တာပါပဲ။ ကူညီလိုက်ဖူးသူလည်း များများ၊ ကူညီလိုက်သည့် ပမာဏလည်း များများပေါ့။

ခင်နှင်းကြည်သာကို သိကြမည်ဟု ထင်ပါသည်။ ယခုမှ အသက် ၂၉ နှစ်သာ ရှိသေးသော ပရဟိတသမားကလေး တစ်ဦးပါ။ ကျွန်တော့်သမီး အရွယ်သာ ရှိသေးသော ထိုသမီးငယ်ကို ကျွန်တော် ကျွန်တော့်ထက် အောင်မြင်သည်ဟု ယူဆပါသည်။ တခြားမကြည့်နဲ့လေ။ သူ့လုပ်ရပ်တွေကို အခြေခံ၍ ကျွန်တော် ရေးခဲ့သော 'ပန်းဒေါင်း'ဝတ္ထု၊ ကျွန်တော် ရေးနေကျ

ဝတ္တုတွေထက် ပိုပေါက်ခဲ့တာသာကြည့်။ သူ့ပရိသတ်က ကိုယ့်ပရိသတ်ထက် များနေတာကိုး။ အသက်ရော၊ ပညာရော၊ ဥစ္စာရော၊ အတွေ့အကြုံရော ကိုယ့်ထက်အများကြီးနည်းသည့် လူငယ်တစ်ယောက်ကို ကိုယ့်ထက်အောင်မြင်သည်ဟု မြင်တတ်သော ကျွန်တော် စောစောက စိန်စီသည့်ပုဂ္ဂိုလ်တွေကို ဘာလို့ ကိုယ့်ထက် ပိုအောင်မြင်သည်ဟု မထင်ကြောင်း ရှင်းလောက်ပြီ ထင်ပါသည်။

## ဖြစ်ဖူးမှ နားလည်မယ်

စိုင်းဆိုင်မောဝ်သီချင်းက 'ချစ်ဖူးမှ မင်း နားလည်မယ်' တဲ့။ ကျွန်တော် ကတော့ 'ဖြစ်ဖူးမှ နားလည်မယ်' ဟု ဥပမာ ပေးချင်သည်။

ကျွန်တော့်အသိုင်းအဝိုင်းထဲမှာ ငယ်ငယ်တုန်းက စာသိပ်တော်သည့် အစ်ကိုအရွယ်၊ အမအရွယ် ဆရာဝန်ကြီးတွေ များစွာရှိသည်။ အဲသည်အထဲမှာ အဖေဆရာနှင့် အကိုဆရာ နှစ်ယောက်က သူများကို စာပြန်သင်ပေးတာပါ တော်သည်။ ကျန်သည့်အများစုက သူတို့ကိုယ်တိုင် စာတော်ခဲ့ကြသော်လည်း သူများကို သူတို့လို တော်အောင်သင်ပေးသည့်နေရာမှာ နာမည်မရ။ ငယ်ငယ်က စာမတော်ခဲ့သော (မယုံလျှင် ကျောက်စရစ်ခဲကလေးများမှ တစ်ဆင့်သာ ဖတ်ကြည့်ကြပေရော့။) ကျွန်တော်က စာသင်ကောင်းသည်ဟု နာမည်ရသည်။ ကိုယ်က စာညံ့ဖူးတော့ စာညံ့သည့် သိပ်မတော်သည့် အလယ်အလတ်တန်းစား 'Mediocre' ဟုခေါ်သော တပည့်တွေကို တော်အောင် လေ့ကျင့်သင်ကြားပေး၍ ရသည်ဟုလည်း ယုံကြည်သည်။ သူတို့ သဘောပေါက်အောင် ဘယ်လိုပြောပြရမည် ဆိုတာကိုလည်း သိသည်။

ဒါ စာနှင့် ဥပမာပေးတာပါ။

အကူအညီလိုနေသည့် ခက်နေသည့် ဘဝကလေးတွေကို ကူညီပေးကြသောအခါ ခက်နေသောဘဝတွေမှာ နေဖူးသူက ဘယ်လိုကူညီရမယ် ဆိုတာ ပိုသိပါသည်။

စိန်စီသော ဘဝထဲကလူတွေ မသိနိုင်ပါ။

## ကိုယ်ချင်းစာနာစိတ်

Empathy ဆိုသည့် အင်္ဂလိပ်စကားက Sympathy နှင့် မတူပါ။ Sympathy ဆိုတာ သနားစိတ်ပါ။ လူတိုင်းထားနိုင်ပါသည်။ Empathy ဆိုတာ ကိုယ်ချင်းစာစိတ်ပါ။ သူများရင်ထဲ ဝင်ကြည့်တတ်သူမှ ထားနိုင်ပါသည်။ အဲသည်ဘဝမှာ နေဖူးသူက ပို၍ ဝင်ကြည့်တတ်ပါသည်။

စိန်စီသော လူငယ်ဘဝကို ပိုင်ဆိုင်ခဲ့ရသူများအတွက် ခက်တတ်ပါသည်။

လုပ်သက် နှစ်သုံးဆယ်လောက် ရန်ကုန်ကနေ ဘယ်မှမပြောင်းရဘဲ ဘွဲ့တွေ၊ ရာထူးတွေ တစ်ခုပြီးတစ်ခု ရနေသူတွေ ကျွန်တော် တွေ့ဖူးပါသည်။ ငါတော့ တော်ကြတာ အမှန်ပင် ဖြစ်သော်လည်း သူတို့ မပြောင်းရခြင်း၏ အဓိကအကြောင်းရင်းကတော့ ကျောထောက်နောက်ခံကောင်းတာပါ။ နယ်တက္ကသိုလ်ကို စာမေးပွဲစစ်ဖို့ဖိတ်တော့ အဲသည်ထဲက တစ်ဦးက ပြောဖူးပါသည်။ ကားလမ်းတစ်လျှောက်ရှိသော အိမ်သာတွေက ညစ်ပတ်လွန်း၍ မလာနိုင်ပါတဲ့။ ညစ်ပတ်တာကလည်း အမှန်ပင်ဖြစ်သည်။ မလွဲသာ၍ အဲသည်အိမ်သာတွေဝင်ရသော်လည်း အဲသည်အိမ်သာ တစ်ခါဝင်တိုင်း ဖျို့မလို အန်မလို ခံစားရတာ အဲသည်နယ်တက္ကသိုလ်မှာ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည့် ငါးနှစ်ကျော်ကာလအတွင်း အကြိမ်ရေတွက်၍ပင် မရပါ။ သို့သော် အဲသလိုတော့ မပြောသင့်ဘူးလေ။ အဲသည်ဒုက္ခတွေကို ကိုယ်နှင့်သက်တူရွယ်တူ ပညာတူ ရာထူးတူပြီး ကျောထောက်နောက်ခံ မတူသည့် ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေ အများကြီးခံစားနေရပြီး မညည်းတွားကြဘူး မဟုတ်ဘူးလား။ ကိုယ်က ကျောထောက်နောက်ခံကောင်းတာလေးပဲ ပိုတာကို ကိုယ်နှင့်သူများ အဆင့်မတူသလို မပြောသင့်ဘူးဟု ကျွန်တော် ထင်သည်။ ပြီးတော့ ကိုယ်နှင့်မနှိုင်းသာလောက်အောင် အဆင့်မြင့်မားလှသည့် အရှင်ဆန္ဒာဓိကလို သာသနာ့အာဇာနည် ရဟန်းတော်က လူသွားသော အိမ်သာဝင်သွားပြီး ပိတ်ဆို့လျှံကျနေတာကို ကုသိုလ်ရဖို့ အကြောင်းဖန်တာပဲဟု မှတ်ချက်ပြု၍ ဆေးကြောတောင်သွားသေးတာကို အတုယူရမှာ မဟုတ်

ဘူးလား။

လုပ်ငန်းခွင်ထဲမှာလည်း ကျောထောက်နောက်ခံမရှိ၍ ဘဝအချိန်တော်တော်များများမှာ သူများမနေချင်သောနေရာမှာ နေ၍ သူများမလုပ်ချင်သော အလုပ်တွေကို လုပ်ပြီးမှ စောစောကလို လူတွေနှင့် အတူပြန်လုပ်ခွင့်ရသူတွေကို အဲသလို လူတွေထဲက တချို့က အထင်သေး စကားပြောတာ၊ ချိုးနှိမ်တာ၊ ဆန့်ကျင်ဘက် လိုက်လုပ်တာ၊ ကိုယ့်အထက် ရောက်လာရင်တောင် ညွှန်ကြားချက်မလိုက်နာဘဲ သူကချည်း ပြန်ညွှန်ကြားနေတာမျိုးကို တွေ့ဖူးကြမှာပင်။

အဲသည်နှစ်ဦး ဘယ်သူကများ ဘဝအောင်မြင်နေသည်ဟု ကောက်ချက်ချချင်ပါသလဲ။

မခံစားဖူးတော့ ကိုယ်ချင်းမစာတတ်၊ ကိုယ်ချင်းမစာတတ်တော့ မကူညီနိုင်၊ မကူညီနိုင်သူ၏ ဘဝက မအောင်မြင်ပါ။

## လုံ့လပါ ပါသွားတတ်သေး၏

အခုပြောသည့် နမူနာတွေက ဘဝမှာ ကျောထောက်နောက်ခံကောင်း ခဲ့လျက်သားနှင့် လုံ့လကို မလျှော့ခဲ့သဖြင့် ရသင့်ရထိုက်သော ဥစ္စာနှင့် ပညာရခဲ့သူတွေကို ပြောနေတာပဲ ရှိသေးသည်။

'လူကြီးသား' ဟု ခေါ်သူအများစုက လုံ့လပါ လျှော့ပါးသွားတတ်တာတော့ အများအသိပင်။ အဲသည်အခါမျိုးမှာ အသိုင်းအဝိုင်းအားကြောင့် ဥစ္စာကျန်ချင်ကျန်မည်။ ပညာကျန်ခဲ့ဖို့ ဘယ်လောက်ခက်လိုက်ပါသလဲ။

အာဏာရှင်ခေတ်မှာ တက္ကသိုလ်ဆရာ လုပ်ခဲ့သူမို့ သတ်မှတ်အရည်အချင်း မရှိပါဘဲနှင့် ဖိအားပေး၍ ဘွဲ့တစ်ခုရအောင် ယူသွားနိုင်သူတွေကို မလွဲမကင်းသာ ကျွန်တော် တွေ့ခဲ့ဖူးသည်။ သို့သော် အဲသည်ပညာနှင့် ထူးချွန်အောင်မြင်သည့် ဘဝတစ်ခု ရသွားတာမျိုးတော့ တစ်ခါမှ မတွေ့ခဲ့ဖူးပါ။

## လူငယ်တွေ စိန်မစီပါမှ

'လူကြီးသား မဖြစ်ခဲ့ပေလို့' အမည်ဖြင့် ကျွန်တော် ဆောင်းပါး တစ်ပုဒ် ရေးခဲ့ဖူးသည်။ အဲသည်ထဲမှာ ကျွန်တော် (ဦး)ကျော်ဟိန်းလည်း ရုပ်ရှင်လောက လူကြီးတစ်ဦး၏ သားမဟုတ်၊ မန္တလေးသိန်းဇော်လည်း သဘင်သည်မျိုးရိုးက မဟုတ်၊ ကျွန်တော်လည်း ဆရာဝန်ကြီးသား မဟုတ် ဟု ရေးခဲ့သည်။

ဘဝမှာ ကျောထောက်နောက်ခံမရှိသော လမ်းကြောင်းမှာ လျှောက် ခဲ့ပြီး ဘာကြယ်ပြောင်ကြီးအောက်မှာမှ မွေးဖွားခဲ့တာ မဟုတ်တော့ ပထမ အရွယ်နှင့် ဒုတိယအရွယ်မှာ သိပ်ကြီး ပျော်စရာမကောင်းခဲ့တာတော့ အမှန်။ သို့သော် အဲသလို ပျော်စရာ မကောင်းခဲ့လို့ ယခုပျော်စရာမကောင်းသော ဘဝကလေးတွေကို ကူညီနိုင်နေတာဟု ကျွန်တော် ယုံကြည်သည်။ စိန်စီ သောဘဝကို မရခဲ့တာကို ကျွန်တော် ကျေနပ်သည်။

လူငယ်တွေလည်း ကျွန်တော့်လို ကျေနပ်တတ်ကြစေချင်သည်။

ဆန္ဒမွန်ဖြင့်
*လက်ာရည်ကျော်*

## စိန်စိတဲ့လူငယ်–အချိန်စီးတဲ့လူကြီး

မြင့်ကြိုင်(အောင်မိုးဆောင်း)

### စကားဦး

လူငယ်တွေ စိန်စီမှ အချိန်စီးတဲ့ လူကြီးတွေ ဖြစ်လာမယ်။

လူငယ်စာစဉ် (၂၀) အဖြစ် လူငယ်အကျိုးပြု စာပေစုစည်းမှုအရ စာပေခရီးသွားများ စာအုပ်တိုက်က စီစဉ်ထုတ်လုပ် ဖြန့်ချိမယ်၊ အချိန်မီသေးတယ်၊ စာမူလေး ရေးပို့ပါလား–ဖုန်းစကားသံ။ အမှန်တော့ စိန်မစီနိုင်တဲ့ အတွေးကြောင့် ဒီစာမူကို ရေးချင်လောကအောင် ခံစားချက်မရှိထားခဲ့ပါ။ ဒါပေမယ့် အချိန်မီသေးတယ် စကားကြောင့် အချိန်စီးတဲ့လူလား၊ အချိန်မစီးတဲ့လူလား၊ မိမိကိုယ်ကို ပြန်လည်သုံးသပ် စဉ်းစားမိရင်း ဒီစာမူကို ရေးပြရခြင်းပါ။

### (၁)

အချိန်ရှိခိုက် လုံ့လစိုက်ဆိုတဲ့ စကားပုံကိုတော့ လူအများစု ကြားသိမှု၊ နားလည်နေမှု ရှိကြမှာ အမှန်ပါပဲ ထင်ရဲ့။ ဒါပေမယ့် လုံ့လမစိုက်၊ ဝီရိယမရှိ၊ အသက်အရွယ်သာ တစ်စတစ်စ ကြီးရင့်လာပြီး မိသားစုမှ လောကလူသားအားလုံးအထိတိုင် ဘာကောင်းချက်မှ မလုပ်ပြသွားနိုင်တဲ့ လူစားမျိုး (လူကြီး မခေါ်သင့်ဘဲ လူချီး–လူချေး)တော့ လုံးဝမဖြစ်သင့်ဘူး

လေ။ ယနေ့ လူငယ် နောင်ဝယ် လူကြီး၊ နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်ကောင်း၊ အနာဂတ်ရဲ့ စွမ်းအားရှင်၊ အဖေထက် သားတစ်လကြီးလေတဲ့ အတိဇာတသားမျိုး မဖြစ်အောင် အနည်းဆုံး အနုဇာတသားမျိုးတော့ ဖြစ်သင့်အပ်တယ်လေ။ မိဘအောက် ဂုဏ်ကျေးဇူးတွေ နိမ့်ညံ့လေတဲ့ အဝဇာတသားဆိုးတော့ လုံးဝ (လုံးဝ) မဖြစ်ရဘူး မဟုတ်လား (မိဘထက် သာလွန်မြင့်မြတ်တဲ့ အတိဇာတသားကောင်းမျိုးတော့ အချိန်စီးတဲ့ လူကြီးပေပဲ မဟုတ်လား)

ဒီစာမူကို ခံစားချက်ပါပါနဲ့ ရေးပြလိုတာကြောင့် ခံစားချက်ရသပါ မိမိရဲ့ကဗျာများကို အမှတ်တရ ဆက်စပ်ပြလိုပါတယ်။ ကနေ့အထိ မိမိရဲ့ ရေးစပ်ကဗျာ (ပုံနှိပ်ဖော်ပြပြီး ကဗျာ စုစုပေါင်း) ၂၁၆ ပုဒ်အနက် စိတ်၊ ဖွဲ့၊ ရက္ခ၏စကားစု၊ လှေငယ်ပိုင်ရှင် အိုအသင်၊ လူ၊ သူလိုလူ၊ သတ္တိဆိုတာ၊ အောင်မြင်သူများ… ကဗျာအချို့ကို ပိုမိုသတိရလာမိပါတယ်။ ဆိုလိုရင်းက အောင်မြင်ခြင်း အတူတူ ဘယ်သူမြတ်လေမလဲ သဘောထားနဲ့အညီ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်အလား ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုးစားကြရမယ့် အားမန်ထားတတ်၊ အားမန်ထားအပ်ကြောင်း တိုက်တွန်းချက် ကဗျာတွေပါ။

ဥပမာ - 'ရက္ခ၏စကားစု' ခေါင်းစဉ်ပါ ၁၉၉၅ ကာလက ကဗျာကို ကြည့်ပါလေ။

* စိုက်ပါပျိုးပါ၊ ပြုစုပါလေ-စာသားတူချည်း သုံးပိုဒ်ပါ ကဗျာအစမှသည်…
* ဩော်… တတ်နိုင်သည့်ဘက်၊ စွမ်းအားဖက်၍၊ ငါထမ်းရွက်သမျှ၊ အဝဝသည် အကျိုးမဲ့တော့ မဖြစ်စေချင်။ အဆုံးသတ်ဖြင့် တက်လူငယ်များကိုယ်စား ရေးသားဖော်ပြဖူးပါတယ်။ (၂-ကြိမ် ပုံနှိပ်ဖော်ပြပြီး ကဗျာတစ်ပုဒ်ပါ)။ ဆိုလိုချင်တာက လူငယ်တွေဘဝမှာ အားမန်ပွား လုံ့လထားတတ်မှ လူကြီးဘဝဖြစ်လာရင် အသက်ကြီးရင့်လာသလို အချိန်စီးပြီး လူကြီးလူကောင်း ဖြစ်လာနိုင်တယ် မဟုတ်လား။ ကျဆုံးခြင်း၊

အောင်မြင်ခြင်းကတော့ စိုက်ပါပျိုးပါ ပြုစုပါလေ စကားလုံးများ အတိုင်း ပြုစုတတ်၊ စိုက်ထည့်တတ်မှ (စိန်စီတတ်မှ မဟုတ်ဘူး နော) ကောင်းကျိုးမမဲ့နိုင်မယ့်ရလဒ် ရလာနိုင်တယ် မဟုတ်လား။

## (၂)

လူ့ဘဝ အသက်အရွယ်မှာ လူရယ်လို့ ဖြစ်လာရင် အရွယ်သုံးပါး (သုံးမျိုး) ရှိကြတယ်လို့ ဆိုပါတယ်။ ပထမအရွယ် ပညာရှာ (၂၅ နှစ် အထိပေါ့)၊ ဒုတိယအရွယ် ဥစ္စာရှာ (၂၆ မှ ၆၀ အထိပေါ့)၊ တတိယ အရွယ် တရားဘာဝနာရှာဖွေ၊ ပြုကျင့်ကြလေတဲ့လား။ လူသားဘဝ လူ့ သက်တမ်း ၁၀၀ အနက် အောက်ဖော်ပြပါအတိုင်း ခွဲပြထားကြပါတယ်။

မန္ဒ - ၁၀ နှစ် (ဉာဏ်နည်းမိုက်မဲတတ်သည့်အရွယ်)
ခိဍ္ဍ - ၂၀ နှစ် (မြူးတူးပျော်ပါးသည့်အရွယ်)
ဝဏ္ဏ - ၃၀ နှစ် (အဆင်းလှပသည့်အရွယ်)
ဗလ - ၄၀ နှစ် (ခွန်အားကြီးမားသည့်အရွယ်)
ပညာ - ၅၀ နှစ် (ပညာဉာဏ်ကြီးရင့်သည့်အရွယ်)
ဟာယန - ၆၀ နှစ် (အားအင်စတင်ဆုတ်ယုတ်သည့်အရွယ်)
ပဗ္ဘာရ - ၇၀ နှစ် (အရည်တွန့်လိပ်လေးလံသည့်အရွယ်)
ကုဋီလ(မှုကွဲ-ဝက်) -၈၀ နှစ် (ခါးကိုင်းနားထိုင်းသည့်အရွယ်)
မုဟ (မောမူဟာ) -၉၀ နှစ် (တွေဝေသည့်အရွယ်)
သယိန - ၁၀၀ နှစ် (အိပ်ရာမှာ တုံးလဲနေသည့်အရွယ်)

တကယ်တော့ အသက်အရွယ်က သူ့ဘာသာ ပြက္ခဒိန်အလိုက် တိုးမြင့်သတ်မှတ်ထားတတ်ပေမယ့် စိတ်ပျိုရင် ကိုယ်နုတယ် မဟုတ်လား။ ရုပ်ပျိုပြီး ကိုယ်ကျန်းမာသင့်သလို စိတ်ကို ထိန်းတတ်မှ လူဖြစ်အပ်တယ်လေ။ လူသည် လူသာမဟုတ်ပါ ဆိုတတ်တာကြောင့် ကျွန်တော့်ရဲ့စိတ် ကဗျာ စာသားများအတိုင်း အောက်ပါစာတစ်ပိုဒ်ကို ညွှန်းပြပါရစေဦး။

တစ်နေ့နေ့ တစ်ချိန်ချိန်ဝယ်

**သင့်စိတ်မယ်**
ငါ့နယ်ဖြစ်ခဲ့ရလေခြင်း–ဟု
နောင်တကင်းမှု၊ **အစဉ်ပြုရန်**
သင့်စိတ်မှန်ကို၊ **ချုပ်ထိန်းလို၏**
စိတ်ကိုသင့်အား၊ **နိုင်မထားနှင့်**
စိတ်များအလိုက်၊ **သင်မမိုက်နှင့်**
စဉ်းစားချင့်မှု၊ အမြဲပြု၍
ထိန်းကုနေတတ်ကြကုန်လော့။

(၁၉၇၅ ကာလကဗျာ။ ၂-ကြိမ် ပုံနှိပ်ဖော်ပြပြီး။)

ရည်ရွယ်ရင်းကတော့ အရွယ်သုံးပါးအနက် ပညာရှာရင်း ပျော်ရွှင်ခြင်းနဲ့ အဆင်းလှတဲ့ ပထမအရွယ် **စိန်စီ**တယ်ဆိုတဲ့ အဆင့်မှ ဒုတိယအရွယ် ဉစ္စာရှာရင်း အားအင်နဲ့ ပညာကြီးရင့်ဆဲ ကာလမှာ မိမိအတွက်နဲ့အပြိုင် မိမိမိသားစုမှ နိုင်ငံ့အကျိုး၊ **တိုင်းပြည်ကောင်းကျိုး** သယ်ပိုးစွမ်းဆောင်ပြုတတ်သည်အထိ ရဲရင့်စွာ၊ **အချိန်မနှောင်းစွာ** ကျင့်ကြံသိတတ်**ကြရမည်** မဟုတ်လား။

(၃)

**အချိန်စီး**တဲ့ လူကြီးတွေဆိုတာ အသက်**ကြီးပေမယ့်** **မပျက်စီး**လေတဲ့ လူကောင်းလူတော် အများစုပါ။ ကောင်းပြီးတော်တော်၊ **တော်ပြီး**ကောင်းကောင်း၊ လူတော်လူကောင်း၊ လူကောင်းလူတော်၊ ဘယ်လိုပဲ **စာလုံးအရှေ့** အနောက်ပြောင်းပြောင်း အတွက်နည်းပြီး သီလသိက္ခာပြည့်ဝပါတဲ့ လူ့ရှာကောင်းကျိုးပြုတတ်သူတွေဟာ အချိန်စီးတဲ့ လူကြီးလူကောင်းပေပဲ မဟုတ်လား။ ကျွန်တော့်ရဲ့ ၁၉၉၂ ဇွန်လ ရေးခဲ့တဲ့ကဗျာ ရှုပါဦး။

**သူလိုလူ**

◆ ခွင့်လွှတ်သည်းခံ

ကြိမ်ဖန်ဖန်တည့်
တန်ပြန်လှည့်စား မပြုသူ။

◆ ကြင်နာယုယ
အပြည့်ဝတည့်
ဒုက္ခကြုံလျှင် ကယ်ဆယ်သူ…

ရယ်လို့ အစပြု ရေးသုံးနှုန်းခဲ့ပြီး အဆုံးသတ် (နိဂုံး)မှာတော့-

◆ သြော်… ထိုသူမျိုးကို
ဤလိုကမ္ဘာ၊ ဤလူ့ရွာ၌
ရှာဖွေတွေ့နိုင်ခဲသော်လည်း…
ဤလိုနေရာ၊ ဤမြေရွာ၌
ရှာဖွေတွေ့မိ၊ မျက်မြင်ရှိခဲ့
သိနေပါ၏၊ သိနိုင်၏။ ။

…ဆိုပြီး သမိုင်းကြောင်းကောင်းအောင် လုပ်တတ်၊ အနစ်နာခံတတ်၊ ကိုယ်ကျိုးစွန့်တတ်၊ သစ္စာရှိတတ်၊ မေတ္တာထားတတ်၊ လောဘဒေါသမောဟသာမက အတ္တစိတ်တောင် နည်းပါးပြီး သိက္ခာသမာဓိ သီလ ရှိတဲ့လူကြီးလူကောင်း။ ငယ်ရွယ်စဉ် စိန်မမီနိုင်ခဲ့သော်ငြားလည်း အားခဲလုံ့လဗလငါးတန်ကြောင့် စွမ်းဆောင်နိုင်စွမ်းရှိလေသူ။ သြော်… ငယ်ရွယ်စဉ်ကာလမှာ စိန်စီပေးနိုင်လျှင် ကြီးလာလျှင် အချိန်ပိုင်းတဲ့ လူကြီးလူကောင်း၊ လူကောင်းလူတော်ဖြစ်လာမည်သာ မဟုတ်လား။

(၄)

ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ ဘောဂဗလ၊ မိတ္တပြတတ်တဲ့ ငယ်ရွယ်စဉ် လူသားဘဝမှ တစ်စတစ်စ တိုးရင့်လာလေသူ လူသားဟူသမျှဆိုတာ တစ်ချိန် ချိန်မှာ ခါးကိုင်းနားထိုင်ပြီး တွေဝေနေတတ်တဲ့အထိ ရှိလာ၊ ဖြစ်လာကြမှာပါ။ ဒါပေမယ့် လူ့ဘဝသက်တမ်းကာလမှာ ငါ ဘာတွေအများလုပ်ခဲ့လဲ၊ ငါ ဘာတွေ မကောင်းမှုပြုခဲ့ဖူးပါသလဲ။ ငါ မဟုတ်တာ၊ ငါ

ယုတ်မာကောက်ကျစ်တာ၊ ဘာတွေ ရက်ရက်စက်စက် ပစ်သတ်တတ်လို့ စက်ဆုတ်ဖွယ်ရာ များစွာတွေကို ဥပဒေမဲ့လုပ်ခဲ့ဖူးပါသလဲ။ သမိုင်းက တရားခံရှာပြလို့ ငါက မသိ၊ ငါ မရှိသည့်တိုင် ငါ့မိသားစု၊ ငါ့ဆွေမျိုးညာတိ၊ ငါ့မြေးမြစ် တီကျွတ်တို့အထိ လိပ်ပြာသန့်စွာ ငါကြေညာရဲဝံ့ပါသလား။ (ငါ မသေခင်ရော တရားဝင်သက်သေကောင်းတွေ ငါ ထုတ်ပြနိုင်ပါသလား၊ ငါ ငြင်းဆန်ဝံ့ရဲ့လား၊ ငါ အသေဖြောင့်နိုင်ပါ့မလား-စသည်ဖြင့်)

အဓိကမှာ လူငယ်တွေ စိန်စီမှ အချိန်စီးတဲ့ လူကြီးတွေ ဖြစ်လာမယ် ဆိုတာ လူငယ်ကောင်းမှ လူကြီးကောင်းမယ်၊ လူငယ်တော်မှ လူကြီးမှာ ပိုတော်လာမယ်လေ။ လူငယ်တွေကို ပြုစုပျိုးထောင်တတ်မှ လူကြီးဘဝ၊ တိုင်းပြည်အကျိုးပြုကာလကြောင့် ကိုယ့်တိုင်းပြည်ကောင်းစားပြီး ကမ္ဘာ့နိုင်ငံအများအထိ နာမည်ကောင်းကျန်ရစ်မယ် မဟုတ်လား။ တကယ်တော့ လူဆိုတာ ကျွန်တော်ရဲ့ လူအမည်ရှိ အောက်ဖော်ပြပါ ကောက်နုတ်ကဗျာ စာသားများအတိုင်း…

- …သင်လည်းလူမို့၊ ဘာလို့ခေါင်းမာ
  သင့်အာဏာဖြင့်၊ သူငါအများ
  ဒုက္ခပွားအောင်၊ သင်လုပ်ဆောင်လဲ
  လုပ်ဆောင်မသင့်၊ စိတ်ကိုချင့်ရန်
  ကျင့်ကြံနေထိုင်၊ သင်လုပ်ကိုင်လော့။
- သင့်သတ္တိအား၊ စွမ်းပကားကို
  များကျိုးဆောင်တွက်၊ ကောင်းသည့်ဘက်တွင်
  တာဝန်ကျေအောင်၊ သင်လုပ်ဆောင်လော့… သဘောဖြင့်
  လူသည် လူသာမဟုတ်ပါကြောင်း - ၁၉၇၂ က ရေးပြခဲ့ဖူးပါ တယ်။

ဒါကြောင့် အချိန်စီးတဲ့လူကြီးတွေဖြစ်ရန်မှာ လူငယ်ဟာ ဖျတ်လတ်တက်ကြွပြီး ဗလငါးတန်နဲ့ ပြည့်ဝဖို့ဟာ အရေးအကြီးဆုံးပါပဲ။ ဒီစာမူကို နိဂုံးကမ္ပတ် အဆုံးသတ်ခါနီးမှာ အားမာန်ပါစေတဲ့ ဗေဒါလမ်းကဗျာများ၊

လူငယ်ထုအတွက် အားပြုစေခဲ့တဲ့ မောင်သစ်ဆင်းကဗျာများ အပါအဝင် ကဗျာပုဒ်ရေပေါင်း ၂၄၀ နီးပါး ရေးသားခဲ့တဲ့ ကျွန်တော်(တို့)ရဲ့ ခေတ်စမ်းကဗျာ စွန့်ဦးတီထွင်ခဲ့သူ၊ စာကြည့်တိုက်ပညာရှင်စာရေးဆရာကြီး၊ တစ်နည်းအားဖြင့် ကျွန်တော်တို့ရဲ့ အမျိုးသားစာဆိုတော်ကြီး ဆရာဇော်ဂျီ (၁၂.၄. ၁၉၀၇ - ၂၆.၉.၁၉၉၀) ရဲ့ ၁၁၀ မြောက် မွေးနှစ်အမှီ ဆရာ့ရဲ့ အောက်ပါ ကဗျာစာသား ကောက်စာလေးဖြင့် စိန်စီတဲ့လူငယ်တွေနဲ့ အချိန်စီးတဲ့ လူကြီးတွေကို ကြိုဆိုဂုဏ်ပြုလိုက်ပါတယ်။

**"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်း တစ်ဦး၊ သားထူး သားမြတ်၊ ဖြစ်အပ်ရာသည်-"**

*မြင့်ကြိုင်(အောင်မိုးသောင်း)*

# လူငယ်နှင့်နိုင်ငံရေး

**သရဝဏ်(ပြည်)**

"ဘယ်အစိုးရတက်တက် ကိုယ်လုပ်မှ ကိုယ်စားရတာပဲ"

"နိုင်ငံရေးဆိုတာ တို့နဲ့မဆိုင်ပေါင်၊ တို့က သာမန်တိုင်းသူပြည်သား တွေပဲ"

"နိုင်ငံရေးလုပ်ရင် အဖမ်းခံရမှာပေါ့"

"နိုင်ငံရေးတွေ မပါကြေး"

"ဘယ်အစိုးရတက်တက်၊ တက်တဲ့အစိုးရ တို့အစိုးရပေါ့ကွ"

"အုတ်နံရံကို ခေါင်းနဲ့တိုက်လို့ ဖြစ်မလားကွ၊ ကိုယ့်ခေါင်းပဲ ကွဲသွားမှာပေါ့"

"ကျောင်းသားဆိုတာ နိုင်ငံရေး မလုပ်ရဘူး"

"နိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံစာတင်ပြရမည်"

ဤသို့ ဤနှယ်ပြောသံဆိုသံ ဆုံးဖြတ်ချက်ချသံ တော်တော်များ များကို ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် မကြာခဏ ကြားဖူးကြမည်ဖြစ် သည်။ ထိုသို့ ကြားရဖန်များလတ်သော် နိုင်ငံရေးဆိုသည်မှာ စက်ဆုပ်ရွံရှာ စရာ ကိစ္စကြီးတစ်ခုသဖွယ် လူတို့ ရင်ထဲတွင် ထင်မှတ်လာမည်ဖြစ်သည်။ နိုင်ငံရေး ဆိုသည်မှာ ငါတို့ သာမန်လူတန်းစားနှင့် လားလားမှမပတ်သက်။ လူကြီးတွေကို အရာရာ ထော်လော်ကန့်လန့် တိုက်ချင်ပြီး သူပုန်စိတ်ပေါက်

နေသည်။ မိမနိုင်ဖမနိုင် ထောင်ကို တစ်နေ့ သုံးကြိမ် မျက်စောင်းထိုးနေသော ကလေကဝများ၏ အလုပ်ဟု မှတ်ယူသူတို့က မှတ်ယူပေလိမ့်မည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးကို ပါဝင်ပတ်သက်လိုသူတို့ (လူဦးရေနှင့် အချိုးချကြည့်လျှင်) နည်းပါးလွန်းသည်ကို တွေ့ရမည်။ ထိုသို့ နိုင်ငံရေးတွင်စိတ်မဝင်စားဘဲ ဝေးရာတွင် ရှောင်ထွက်နေတတ်သော စိတ်ဓာတ်များကြောင့် ပြည်သူလူထုမလိုလားသူတို့ လက်ထဲသို့သာ အာဏာသည် အဖန်ဖန်ကျရောက်နေခဲ့ရခြင်းဖြစ်သည်။

ဆင်းရဲသားတစ်ယောက်သည် တစ်နေ့လျှင် လုပ်အားခဝင်ငွေ သုံးထောင်ခြောက်ရာခန့် ရဖို့ကိုပင် အလုပ်ရှင်များ ကျားသနားမှ နွားချမ်းသာဆိုသလို မျှော်လင့်နေရပေသည်။ သူသည် နိုင်ငံရေးကို စိတ်မဝင်စားသဖြင့် ဘယ်သူ့ကိုမှ မဲသွားမပေးဖူးခဲ့။ ယခုအခါ ဝင်ငွေနည်းသဖြင့် အိမ်ကမိသားစု ဆန်ဖိုးဆီဖိုးလေးရအောင် လုပ်ခလစာတိုးပေးပါမည် အကြောင်းစက်ရုံအလုပ်ရုံရှေ့တွင် ဆန္ဒပြသောအခါ အစိုးရအာဏာပိုင်များ၏ နံပါတ်တုတ်များသည် သူတို့ကျောပေါ်သို့ အညှာအတာကင်းမဲ့စွာ ကျရောက်လာခဲ့ပေပြီ။ သူ့ဘဝတစ်လျှောက်လုံး ကင်းကင်းနေခဲ့သော နိုင်ငံရေးသည် နံပါတ်တုတ်အသွင်ဖြင့် သူ့ကျောပေါ်သို့ ကျလာသောအခါ ဆင်းရဲသားတစ်ယောက်သည် နိုင်ငံရေးထံမှ ထွက်ပြေး၍မရတော့ပေ။

နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည့် ကိစ္စဖြစ်သဖြင့် တစ်သက်လုံး မပါဝင်ခဲ့ဟုဆိုသော ဆင်းရဲသားအဘွားအိုတစ်ဦးသည်ပင် သူ့အိမ်ဝိုင်းလေးကို ကျူးကျော်ဟုသတ်မှတ်ကာ ဘူဒိုဇာဖြင့် ထိုးဖျက်ခံရသောအခါ နိုင်ငံရေးမှ ပြေးမလွတ်တော့ပေ။ နိုင်ငံရေးသည် ဘူဒိုဇာလည်း ဖြစ်ပြန်ပါချေ၏။ နိုင်ငံရေးသည် ဝါးရင်းတုတ်၊ နိုင်ငံရေးသည် လက်ထိပ်၊ နိုင်ငံရေးသည် မီးဖိုချောင်ထဲမှ ဆန်မရှိသော ဆန်ပုံး၊ နိုင်ငံရေးသည် ဗိုက်ဟောင်းလောင်းဖြစ်နေသော ကလေးတစ်ယောက်၏ငိုသံ။ နိုင်ငံရေးသည် အရာရာဖြစ်တော့သည်။ အကယ်စင်စစ် နိုင်ငံရေးဆိုသည်မှာ ဆင်းရဲသားမှသည် ဘီလျံနာသူဌေးကြီးအထိ၊ သူတောင်းစားမှသည် သမ္မတကြီးအထိ အားလုံး

နှင့်ဆိုင်သော အရာဖြစ်သည်။ နိုင်ငံရေးဆိုသည်မှာ အဘယ်နည်း။ နိုင်ငံ၏ အရေး အရာတွေအားလုံးသည် နိုင်ငံရေးပင်ဖြစ်သည်။ ရေရရှိရေးသည်လည်း နိုင်ငံ ရေး။ မီးမှန်မှန်လာရေးသည်လည်း နိုင်ငံရေး၊ ခေါင်းဆောင်ကောင်းတစ်ယောက်ကို ရွေးချယ်ရေးသည်လည်း နိုင်ငံရေးဖြစ်သည်။ နိုင်ငံရေး၏ အဓိပ္ပါယ်ကို CAMBRIDGE Advanced Learner's Dictionary ၌ အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထား၏။

"The activities of the government, member of law-making organizations or people who try to influence the way a country is governed" "အစိုးရတစ်ရပ် (သို့မဟုတ်) ဥပဒေပြုရေး အဖွဲ့အစည်းဝင်များ (သို့မဟုတ်) ပြည်သူလူထုက သူ နိုင်ငံဘယ်လိုအုပ်ချုပ်မည်ဆိုခြင်းကို ပြုပြင်ထိန်းကျောင်းရန် ကြိုးပမ်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ အစိုးရ (သို့မဟုတ်) လွှတ်တော်က ထင်ရာတွေမလုပ်နိုင်အောင် ကိုယ့်ကို ဘယ်လိုအုပ်ချုပ်ပါဟု လူတွေက ပါဝင်ပတ်သက်ကာ လိုရာပုံဖော်ခြင်းဖြစ်သည်။ အစိုးရကို ပြည်သူက လိုရာပုံဖော်ခြင်းကို နိုင်ငံရေးဟု ခေါ်သည်။ ပုံဖော်သူတွေတော်လျှင် ထိုနိုင်ငံတွင် အစိုးရကောင်းတစ်ရပ် ပေါ်ပေါက်လာမည်။

တိုင်းသူပြည်သားတွေကောင်းကျိုးကို ဖော်ဆောင်ပေးမည် အစိုးရကို ပြည်သူတွေပိုင်ဆိုင်မည်။ စားဝတ်နေရေးတွေ အဆင်ပြေလာနိုင်သည်။ ကိုယ်လုပ်သော်လည်း ကိုယ်မစားရသည့်အဖြစ်မှ ကင်းလွတ်နိုင်သည်။ ထိုသို့မဟုတ်ဘဲ အစိုးရကောင်းတစ်ရပ် ဖြစ်လာရန် ပြည်သူတွေက ပုံမဖော်နိုင်ပါက အစိုးရဆိုးတစ်ရပ် ပေါ်ပေါက်လာမည်။ (ထိုအစိုးရဆိုးတစ်ရပ် လွှတ်တော်ဆိုးတစ်ရပ်က တိုင်းသူပြည်သားများကို သူတို့စိတ်ကြိုက်နေထိုင်စေရန် ပုံဖော်လိမ့်မည်။) ကိုယ့်မြေကို အတင်းအဓမ္မသိမ်းခြင်း၊ ကိုယ့်လုပ်အားခကို နှိမ်ပြီးပေးခြင်း၊ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ဥပဒေပုဒ်မအမျိုးမျိုးတပ်၍ ဖမ်းဆီးနှိပ်စက်ခြင်း၊ ဥပဒေအထက်တွင် အုပ်စိုးသူများက ထင်ရာစိုင်းနေခြင်း၊ အုပ်စိုးသူများ ကျိုကျိုတက်ချမ်းသာကာ အုပ်ချုပ်ခံပြည်သူများ မနက်စာညစာ အလျှင်မမီအောင် မနည်းရှာစားနေရခြင်း

စသည်တို့သည် အစိုးရကောင်းတစ်ရပ်ကို မရွေးနိုင်သောအခါ ပြည်သူလူထုက ခါးစည်းခံစားရမည့် ဘေးဒုက္ခများဖြစ်သည်။ နိုင်ငံရေးဆိုသည်မှာ အားလုံးနှင့်ဆိုင်ကြောင်း ထိုသို့ဖြစ်နေလျက်ကပင် လူတို့သည် မသိမြင်နိုင်ကြသေးပေ။

အဓိကအချက်မှာ လူတိုင်းလူတိုင်း ပညာရည်မြင့်မားလာဖို့လိုသည်။ အမှားအမှန် ခွဲခြားနိုင်သော ဉာဏ်ပညာရှိလာသောအခါ မတရားမှုကို ဆန့်ကျင်ခြင်းသည် နိုင်ငံကောင်းကျိုးအတွက် ပြုလုပ်နေခြင်းဖြစ်၍ လူတိုင်းနှင့်ဆိုင်သော ကိစ္စဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးဆိုသည်မှာ ကိုယ့်နိုင်ငံကောင်းအောင် ဝိုင်းဝန်းလုပ်ကြသော ကိစ္စဖြစ်သည်ဆိုတာ သိမြင်သဘောပေါက်လာပေလိမ့်မည်။ ဥပမာပြောရလျှင် လူဆယ်ယောက်သည် အလွန် လေးလံလှသော မော်တော်ကားကြီးတစ်စီးကို ဝိုင်းဝန်းတွန်းကြသည်ဆိုပါစို့။ လူဆယ်ယောက်စလုံးသည် အားအပြည့်၊ ခွန်အပြည့်ထည့်၍ တာဝန်သိသိ ညီညီညာညာ ဝိုင်းတွန်းခဲ့ပါမူ ကားသည် နေရာမှ ပေါ့ပါးစွာ ရွေ့သွားပြီး စက်ပြန်နိုးကာ ကိုယ်သွားလိုသောနေရာကို အလျင်အမြန် ရောက်သွားနိုင်ပေမည်။ ထိုသို့မဟုတ်ဘဲ ကားဝိုင်းတွန်းသော လူဆယ်ယောက်ထဲတွင် လူရှစ်ယောက်၊ ကိုးယောက်ခန့်သည် ငါမပါလည်း ဖြစ်သည်၊ ငါနှင့်မဆိုင်ဟု ဝင်မတွန်းဘဲ တွန်းချင်ယောင်ဆောင်နေခဲ့လျှင် တကယ်တွန်းနေသော တစ်ယောက်တည်းသောသူမှာ ချွေးဒီးဒီးကျအောင် ရုန်းကန်သော်လည်း နေရာမှမရွေ့ဘဲ ရှိလိမ့်မည်။ ပို၍ဆိုးသည်မှာ မိမိကိုယ်တိုင် မတွန်းသည့်အပြင် ကြိုးစားပန်းစားတွန်းနေသောသူကိုပင် အနှောင့်အယှက်ပေးနေလျှင် မူကား မည်သို့မှ ရှေ့သို့ ရွေ့နိုင်တော့မည်မဟုတ်ချေ။ နိုင်ငံရေးဆိုသည်မှာလည်း ထို့အတူပင်။ နိုင်ငံရေးသည် အားလုံးနှင့်ဆိုင်သည်။ နိုင်ငံခြားသို့ အောက်ကျခံကာ အလုပ်သွားလုပ်ရခြင်းသည်လည်း မိမိနိုင်ငံတွင် နိုင်ငံရေးမကောင်း၍ စီးပွားရေးမကောင်းခြင်းကြောင့် ဖြစ်သည်။ လုပ်ခလစာ မလောက်ငှခြင်းမှာလည်း နိုင်ငံရေးမကောင်း၍ ပြည်ပရင်းနှီးမြှုပ်နှံမှု အဆင့်နိမ့်များ ဝင်လာသောကြောင့်ဖြစ်သည်။ မိမိလယ်မြေများ အဓမ္မအသိမ်းခံရ

ခြင်းမှာ မူမမှန်သော နိုင်ငံရေးစနစ်ကြောင့်ဖြစ်သည်။ မိန်းကလေးများ ဖျော်ဖြေရေးလုပ်ငန်းခွင်များသို့ ရောက်ကုန်ကြရခြင်းမှာ တိုင်းပြည်စီးပွားရေး မကောင်းသောကြောင့် ဖြစ်သည်။ စီးပွားရေးမကောင်းခြင်းမှာ အစိုးရ မကောင်းခြင်းကြောင့် ဖြစ်သည်။ အစိုးရမကောင်းခြင်းမှာ နိုင်ငံရေးအရ အရွေးမှားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမကောင်းသေးခြင်း မှာ လူတို့ နိုင်ငံရေးစိတ်ဝင်စားမှုနည်းသေးခြင်းကြောင့် ဖြစ်သည်။ မြန်မာပြည် ကောင်းစားမည့်နေ့မှာ လူတိုင်းနီးပါး နိုင်ငံရေးစိတ်ဝင်စားလာမည့်နေ့ ဖြစ်ပေ သည်။ ကိုယ့်အမေကို ဘယ်သူပဲယူယူ အမေ့ယောကျ်ားဟာ ငါ့အဖေပဲ ဟူသော ပစ္စလတ်ခတ်စိတ်မျိုးနှင့်တော့ နိုင်ငံသည် မည်သည့်အခါမှ မကောင်းစားနိုင်။ တက်လာသော အစိုးရ ငါတို့အစိုးရ ဟူသည် အပေါစား ပြည့်တန်ဆာစိတ်မျိုး ဖြစ်သည်။ စိတ်ဓာတ်အဆင့်အတန်းမြင့်သူသည် တက် လာမည့်အစိုးရကို မဲပေးရွေးချယ်ရမည်။ ထိုအစိုးရတည်တံ့အောင် ပိုင်းဝန်း စောင့်ရှောက်ကြရမည်။ သင် နှလုံးခုန်နေသရွေ့ နိုင်ငံရေးသည် သင် အပါအဝင် အားလုံးနှင့်ဆိုင်သောကိစ္စဖြစ်သည်။

မြန်မာနိုင်ငံတွင် လူငယ်နှင့်အနာဂတ် ဟူသော စကားကို မကြာ ခဏ ပြောလေ့ရှိသည်။ လူငယ်များသည် တစ်ချိန်ချိန်တွင် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည်ဟု ဆိုကြသည်။ သို့သော် မရောက်သေးသော အနာဂတ်တွင်သာ လူငယ်များကို နေရာပေးကြပြီး လက်တွေ့ရောက်နေသော ပစ္စုပ္ပန်တွင်မူ လူငယ်များကို ချောင်ထိုးထားတာများပေသည်။ လောလော ဆယ်တွင်ပင် နေရာမပေးနိုင်သော လူငယ်များကို အနာဂတ်တွင် နေရာပေး မည်ဟူသော လူကြီးအချို့၏ အာမခံချက် ကတိကဝတ်ကို သံသယ ဖြစ်စရာ ကောင်းသည်။ အိမ်တစ်အိမ်တွင် လူငယ်တို့ ပြောရေးဆိုခွင့် ရှိပါပြီလား။ အရက်သမားအဖေကို အရက်သောက်တာမကြိုက်ကြောင်း သားသမီးက ပြောခွင့်ရပါပြီလား။ လမ်းတစ်လမ်းတွင် အလှူငွေများကို စာရင်းပျောက် အင်းပျောက်လုပ်နေတာမကောင်းကြောင်း လူငယ်တို့ ပါဝင်ဆွေးနွေးခွင့် ရပါပြီလား၊ ရပ်ကွက်တစ်ခုတွင် ရပ်ကွက်နှင့်ဆိုင်သော ဆုံးဖြတ်ချက်

များတွင် လူငယ်များ မဲပေးဆုံးဖြတ်ခွင့် ရှိပါပြီလား၊ ကျောင်းတစ်ကျောင်းတွင် ကျောင်းစည်းကမ်းများကို ကျောင်းသားလူငယ်များကိုယ်တိုင် ပါဝင်ဆုံးဖြတ်ခွင့် ရှိပါပြီလား၊ တက္ကသိုလ်များတွင် ကျောင်းသားကျောင်းသူများ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ဆုံးဖြတ်ခွင့်ရှိပါပြီလား၊ နိုင်ငံတော်အဆင့်တွင် လူငယ်ရေးရာဝန်ကြီးဌာန ရှိပါပြီလား (မလေးရှားနှင့် စင်္ကာပူမှာတော့ ရှိပေသည်)။ ထိုအချက်များကိုမေးကြည့်လျှင် ကျွန်တော်တို့နိုင်ငံ၌ မရှိတာများပေသည်။ သို့သော် နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်များ၊ အနာဂတ်ရဲ့မျိုးဆက်၊ မျိုးဆက်သစ်တို့တိုးတက်ရစ်ဖို့ စသည့် စကားများကိုကား မြန်မာနိုင်ငံထက်ပြောသောနိုင်ငံ ကမ္ဘာပေါ်၌ ရှိမည်မထင်ပေ။ လူကြီးအချို့သည် လူငယ်များကို သူတို့ လိုချင်တာခိုင်း၍ရသော အသုံးချခံသတ္တဝါများအဖြစ် ရှုမြင်နေသမျှ လူငယ်တို့၏ အနာဂတ်သည် လမ်းကြောင်းမှန်ပေါ် ရောက်လာနိုင်မည်မထင်။ တကယ်တော့ လူငယ်ဆိုသည်မှာ ကာယအားသာ သန်မြန်ကြသည်မဟုတ်။ အတွေးအခေါ် အယူအဆသစ်များနှင့်လည်း ပြည့်နေတတ်ပေ၏။ ဤကမ္ဘာကြီး၏ တီထွင်ဆန်းသစ်မှု တော်တော်များများသည် လူကြီးများ ပျင်းရိငိုက်မြည်းနေဆဲဝယ် လူငယ်တို့၏ ဆန်းသစ်တီထွင်မှုမှ ထွက်ပေါ်လာခဲ့ခြင်းသာ ဖြစ်သည်။ အစဉ်အလာကို ရိုက်ချိုးထွက်တတ်သူများမှာ လူငယ်များဖြစ်သည်။ သူတို့အတွက် အကောင်းဆုံးအကူအညီမှာ ဖိအားပေးခိုင်းစေခြင်း၊ လိုရာပုံသွင်းခြင်းမဟုတ်။ သူတို့အပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ခြင်းနှင့် သူတို့ ဝါသနာ စိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်ခွင့် ပြုလိုက်ခြင်းပင်ဖြစ်သည်။ လူငယ်နှင့် အနာဂတ်ဟု ကြွေးကြော်နေသည်ထက် လူငယ်တွေလက်ထဲ ပစ္စုပ္ပန်ကိုသာ ယုံယုံကြည်ကြည် ထည့်လိုက်ပါ။ ကမ္ဘာကြီးသာယာလှပသွားပါလိမ့်မည်။

*သရဝဏ် (ပြည်)*

# ဆယ်လုံးစီးစိန်သန့်

**လင်း-ဆေး(၁)**

လွယ်လွယ်ပြောပါက လောလောပြယ်ပါမည်။ ရှေးက ပြောကြဆိုကြ ကျူးရင့်ကြ။ ရန်ကုန်ယူနီဗာစတီဟု ခေါ်တွင်ခဲ့ကြသော တက္ကသိုလ်ကျောင်းတော်ကြီးမှ ပညာတတ်၊ စာတတ်၊ ပေတတ်များ ထုထောင်ထုတ်ဝေခဲ့သည်ဟု ဆိုသည့် ဂန္ဓလောကမဂ္ဂဇင်း၏ဆောင်ပုဒ် (Motto-မော်တို)သည် 'မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်များဖြင့် အစားထိုးအံ့'ဟု ပြဋ္ဌာန်းခဲ့ကြသည်။ သည့်နောက် မည်သူက စတင်ရေးထိုးသည်မသိ။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်ဆောင်ပုဒ် ပေါ်ပေါက်လာပြန်သည်။

အဆိုပါ ဆောင်ပုဒ်များကို သုံးသပ်ကြည့်ပါက ၁။ ရှေးဦးပထမ စာပေလောကထဲက ဆောင်ပုဒ်များဆိုသည်ကို အထင်အရှား တွေ့ရမည်။ ၂။ ပညာတတ်၊ စာတတ်၊ ပေတတ်၊ ကြေးရည်တတ် လူတန်းစားက ပေါ်ပေါက်လာရသောဆိုသည့်အချက်ကို တွေ့ရမည်။ ၃။ Intuition ထိုးထွင်းသိမြော်မြင်ဉာဏ်ရှိခြင်း။ အလွန် ပဓာနကျပါသည်။ ထိုသုံးချက်ကို ကနက္ကဒါန်ထီးဖြူဆောင်း၍ အုပ်ပေါင်းပေါင်းကြည့်လိုက်သောအခါ ရာဇာမိရာဇာ မင်းလက္ခဏာ ခညောင်းသွားပါသည်။

ယနေ့ ကိုယ်တွေအပါအဝင် လူကြီးဖြစ်နေသူများကို ပြန်ကြည့်မိပါသည်။ ဤနေရာတွင် လူကြီးဆိုသည်မှာ လက်ရှိ အစိုးရက ပြဋ္ဌာန်းသည့် သက်ကြီးရွယ်အိုဥပဒေပါ သတ်မှတ်ချက်။ ။ အသက်ခြောက်ဆယ်နှင့် အထက်ရှိသူအားလုံးကို ရည်ညွှန်းပါသည်။ ထိုရည်ညွှန်းချက်က လွန်ခဲ့သော ၁၅ နှစ်ခန့်ကစကာ နောက်ပြောင်ပြောဆိုလာကြသည်။ မင်းကို

မေးရင် ဘယ်သူ့သားလဲ?၊ 'အဘိုးကြီးသားလို့ ပြောလိုက်' (ထိုစဉ်က အဘိုးကြီးဆိုသည်မှာ ဦးနေဝင်းကိုညွှန်း)ဆိုသည့် အငေါ်တူး ဟာသ ဆင်ခြေပါ။ အဘိုးကြီးအဘွားကြီးအရွယ်များကို ရည်ရွယ်လိုခြင်းဖြစ်ပါသည်။ ထို့အတူ 'လူကြီး'ဟုဆိုကြသည့် ဒုတိယရည်ညွှန်းချက်မှာ ရာထူး ရာခံအရ ဝါ-သမ္မာအရ၊ အတွေ့အကြုံအရ၊ လူကြီးသူမအရာ ထားထိုက်သူများကို ရွယ်စူးသော ရည်ညွှန်းချက်ဖြစ်ပါသည်။

ထိုနှစ်ချက်အရ လူကြီးဟုဖြစ်လာသူသည် အကျင့်စာရိတ္တ ကောင်းမွန်သည့်သူ၊ ကိုယ်ကျင့်တရားဖြူစင်သောသူ၊ စိတ်မနော ကြည်လင် သန့်ရှင်းသူ၊ သမာသမတ်ရှိသူ၊ အဂတိကင်းသူ၊ သိက္ခာသမာဓိရှိသူ၊ အမြော် အမြင်ကြီးသူ၊ နာယကဂုဏ်ခြောက်ပါး (သည်းခံခြင်း၊ အစစအရာရာ သတိထက်ကြပ်ပါ၊ နိုးကြားခြင်း၊ ငယ်သားများထက် ဆထက်များစွာ သာသော လုံ့လဝီရိယရှိခြင်း၊ လျော့က်ပတ်လျော့်ကန်သလို ခွဲစိတ်ချီးမြှောက် ထောက်ပံ့ခြင်း၊ သူတစ်ပါးအား ကိုယ်နှင့်မခြား သနားကြင်နာခြင်းနှင့် အခွင့်အရေးအလုံးစုံကို တွေးတောမြော်မြင် ဆင်ခြင်ဉာဏ်ဖြင့် စုံစမ်းခြင်း) နှင့် ပြည့်ဝရမည်ဟု မိရိုးဖလာ ရှိသေကြည်ညိုခြင်းကြီးစွာဖြင့် သတ်မှတ်ခဲ့ကြပါသည်။

ယနေ့ခေတ် လူကြီးဟု အရေးပါအရာထားရသူများ၏ လူငယ်ဘဝကို ပြန်တူးဆွကြည့်ပြန်ပါသည်။ အရှင်းဆုံးပြောရလျှင် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း လူငယ်ဘဝများကို ပိုင်ဆိုင်ခဲ့ရသူများကို စေ့စေ့ ကြည့်သောအခါ လူငယ်ဘဝက ထက်မြက်ခဲ့သူများ၊ လူကြီးဘဝရောက် သောအခါ လက်သင့်ခံချင်စရာ မကောင်းလောက်အောင် ရုပ်နာမ်ပြောင်း သွားသူ အများစုကို တွေ့ရပါသည်။ ထိုမှတစ်ဆင့် ၁၉၉၀ မှ ၂၀၀၈ နာဂစ်မုန်တိုင်းသင့်ချိန်၊ ထိုမှတစ်ဆင့် ၂၀၁၀ မှ ၂၀၁၅ အထွေထွေ အပြားပြား၊ အများများ အစားအစား၊ အစုံအလင်၊ တစ်ပုံတပင်၊ လူကြီးဖြစ်လာရ သူများ၏ လူငယ်ဘဝများကို ကူးဆွကြည့်မိပြန်ပါသည်။ ရုပ်၊ နာမ်၊ စာရိတ္တ နှင့်တကွ အဖြူနှင့်အမဲပမာ သိသာထင်ရှားစွာ ပြောင်းလဲသွားသူများ ရာစုကို

တွေ့လိုက်ရပါသည်။

ကိုယ်တွေထက် အတွေ့အကြုံ ဝါသမ္ဘာ ရင့်ကျက်သူများ၊ စီနီယာကြီးများ၊ နတ်နေကိုင်းကြီးများထံချဉ်းကပ်၍ အဆိုပါ ပြောင်းပြန် အချိုးကျ ရုပ်နာမ် စာရိတ္တ ပြောင်းကြရခြင်းအကြောင်းရင်းကို စေ့ငုစပ်စုကြည့်သော အခါ အားလုံးက ‘ကုလားထိုင်’တစ်လုံးကို ညွှန်ပြကြသည်။

ထိုကျောထောက်နောက်ခံ ထောင်ထောင်မတ်မတ်နှင့် ကနုတ်ကွက်ဖော်၊ ခြေသည်းချွန်များ ထုတ်မြေသား၊ ကြမ်းခင်း စသည်များကို ထောက်ကုတ်ထားသည့် ခြေထောက်များ၊ လက်ရမ်းများပါ အဆိုပါကုလားထိုင်ကို ‘အာဏာ’ပေပျဉ်သားဖြင့် ‘ရှိန္နဂ္ဂရ’ပရိဘောဂလုပ်ငန်းမှ ထုတ်လုပ်ထားသည်ဟု ဆိုကြပါသည်။ ထိုကုလားထိုင်ကြီးကို မန္တာန်၊ ယန္တရားပေါင်းများစွာဖြင့် မန်းမှုတ်စီရင် မှော်ဝင်ထားသည်။

“မည်သို့များ ပတ်သက်မှုရှိပါသလဲ ခင်ဗျာ”

ကိုယ်တွေက မသိသားဆိုးရွား၊ အားမနာ၊ လျှာမကျိုး၊ ရိုးမယ်ဖွဲ့မိသောအခါ အဆိုပါ စီနီယာနတ်နေကိုင်းကြီးများအားလုံးက–

“ဒီကုလားထိုင် ထိုင်ရင် ဒီချေးပါတာပဲကွ” ဟု ဖြေပေးကြပါသည်။

အနံ့ရသွား၍လားမသိ။ မသိသားဆိုးရွားကောင်းချက်ဆို ဂက်(စ်)မီးဖိုက မီးထပွင့်လေတော့သည်။ ပုပ်အဲ့မနှစ်မြို့စရာ၊ အဆင်း၊ အနံ့၊ ပြည်ခွင်ပျံ့သည်။ ကိုယ်တွေကား ပတ်ဝန်းကျင် Environment သမား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြင်းအရာများထဲပါ။ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ သမား။ ENVIRONT MENTAL HEALTH ဆိုင်ရာ အရေးကိစ္စမှန်သမျှ ဆန်းစစ်ရှာဖွေကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ကျန်းမာရေးအပေါ် သက်ရောက်မှုများ လျော့နည်းပပျောက်စေရေးကိစ္စများကို ဆောင်ရွက်နေသူများ၊ တက်ကြွလှုပ်ရှားသူ ACTIVIST မဟုတ်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမား၊ ပတ်ဝန်းကျင် ကျန်းမာမှုကို ထိခိုက်စေမည့် သက်ရောက်မှုများ၊ (ပတ်ဝန်းကျင် ညစ်ညမ်းခြင်းကြောင့်

ရရှိခံစားရနိုင်စရာ သက်ရောက်မှုများ) လျော့ပါးပပျောက်စေရေးသမားများ ဦးထိပ်ထားသော နီတိတစ်ရပ် ရှိသည်။ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ကော်မရှင်၏ အဆိုအမိန့် ဖြစ်သည်။ SUSTAINABLE DEVEL-OPMENT ရေရှည် ဖွံ့ဖြိုးတိုးတက်မှုဟု ဘာသာပြန်ထားသည်။ ယင်းမှာ-

"နောင်လာမည့် အနာဂတ်တွင် နောင်လာနောက်သားများအဖို့လည်း သူတို့၏ ပစ္စုပ္ပန်အတွက် လိုအပ်ချက်မှန်သမျှ ပြည့်စုံအောင် အားထုတ်ရသော စွမ်းပကားကို လိုတိုးပိုလျော့ မထိန်းညှိရဘဲ ယနေ့ ပစ္စက္ခကာလ ဘဝအတွက် လိုအပ်ချက်မှန်သမျှကို ပြည့်ဝအောင်ဖြည့်ဆည်းပါ" ဟူ၍ ဖြစ်သည်။

အဆိုပါ အကြပ်အတည်းမျိုး ကြုံကြိုက်တိုင်း ဖြေရှင်းရသော နည်းလည်း ရှိသေးသည်။

"လူမှုဘဝ၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေမည့် အမူအကျင့် စရိုက်လက္ခဏာများ အသေအချာ တစ်သီးတစ်သန့် ဖော်ထုတ်နိုင်ပြီဆိုသည်နှင့် ယင်းအပျက်၊ အပျက်စရိုက်တို့နှင့် အစားထိုးနိုင်မည့် ပတ်ဝန်းကျင်ကို မယိုယွင်းစေနိုင်သော အပြုသဘောဆောင်သည့် အမူအကျင့် စရိုက်လက္ခဏာများကို ပစ်မှတ်ထား၍ ရှာဖွေဖော်ထုတ်ဝန်းရံထားပါ" ဟုဆိုပါသည်။

အဆိုပါ အဆိုအမိန့် ဖြေရှင်းနည်းများကို ပေါ်ပေါက်စေသည့် ဆင်ခြင်တုံတရား RATIONALE ကလည်း အင်မတန် ရိုးရှင်းပါသည်။ ရေမြေတောတောင် လျှိုမြောင်စိမ့်စမ်း၊ မြေ၊ ရေ၊ လေ၊ မီး၊ စားနပ်ရိက္ခာ အသက်မွေးဝမ်းကျောင်းပြုနိုင်စရာ ပညာ၊ အိုးအိမ်၊ လယ်ယာ၊ သဘာဝ မြေပေါ်မြေအောက် သယံဇာတ အပြည့်အစုံဖြင့် ကိုယ်တွေ၏ ဘိုးဘွားမိဘများက ကိုယ်တွေအတွက် ထားခဲ့ပါသည်။ ထိုသယံဇာတအစုစုအဝဝများဖြင့် ကိုယ်တွေက လူတစ်လုံးသူတစ်လုံး ဖြစ်ခဲ့ရသည်။ ဘိုးဘွားမိဘ သယံဇာတ အမွေအနှစ်ဖြင့် လူဖြစ်ခဲ့ရသူ ကိုယ်တွေကလည်း မိဘဘိုးဘွားများနည်းတူ သားသမီးများ၊ မြေးမြစ်များအတွက် မိဘဘိုးဘွားများ

ထားခဲ့သော အမွေအနှစ်များ၏ ပကတိအနေအထားအတိုင်း အပွန်းအပဲ့ အပြစ်အနာအဆာမဲ့ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် မြေ၊ ရေ၊ လေထုကို ထားခဲ့ပေးနိုင်ရပါမယ်။

မနေ့တစ်နေ့က လူငယ်၊ ယနေ့ လူကြီးများ၊ ရှေ့က မျိုးဆက်ဟောင်းကြီးများထားခဲ့သော အရှုပ်ထုပ်၊ ချီးထုပ်များကို အလုပ်ကြီးအကိုင်ကြီးတစ်ခုပမာ တစ်ထုပ်ပြီးတစ်ထုပ် ရှင်းထုတ်ပစ်နေရသည်။ ရှေ့မျိုးဆက်ဟောင်းကြီးများ သူတို့လူငယ်ဘဝက စိန်စီနိုင်ရန်ဝေးစွ၊ နပ်မှန်အောင် မနည်းခြိမ်းခြောက် ဟိန်းဟောက် မိုက်ကြေးခွဲယူခဲ့ကြသည်။ ရုပ်ဝတ္ထုပိုင်း အချိန်စီးသွားသော်လည်း ကျင့်ဝတ်သိက္ခာ၊ ကိုယ်ကျင့်တရားအရာတွင် တစ်ဘဝသာ လူဖြစ်ကြမည့် အခြေဆိုက်ခဲ့ပါသည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ လူ့စွမ်းအား သယံဇာတ ပစ္စည်းစရိုက်လက္ခဏာ ယိုယွင်းစေမည့် ကုလားထိုင်များ နေရာတိုင်းမှာ ဖယ်ရှားထားပေးပါ။ ကလေးများ ပေါင်ခဏခဏ ချိန်ကြည့်ပေးထားပါ။ ထို့အပြင် ကလေးတွေမူပျက်စေမည့် အဖျက်စရိုက်၊ အမိုက်မဖုံးနိုင်စေရန် အပြုသဘောဆောင်သော အကျင့်စရိုက်၊ အပြုအမူများကိုလည်း အစားထိုးရချိန်တန်အောင်အထိ မစောင့်ဘဲ ယခုကတည်းက ပြုစုပျိုးထောင် ဝန်းရံထားပေးပါ။ စိတ်အာဟာရ၊ အမူအကျင့် အာဟာရဖြည့်စွက်စာများ အလုံအလောက် ပံ့ပိုးပေးထားပါ။ ပြီးနောက်-

လက်ကို ရေ၊ ဆပ်ပြာနှင့် စင်စင်ဆေးကြောပါ။

ကိုယ်ခန္ဓာကို ကျန်းမာကြံ့ခိုင်စေခြင်း လှုပ်ရှားမှုများဖြင့် ဆေးကြော ပေါ့ပါးကြည်လင်အောင် ထားပေးပါ။

စိတ်ကိုလည်း ကျင့်ဝတ်၊ သိက္ခာ၊ ကိုယ်ကျင့်တရားများဖြင့် အမြဲသန့်စင်ထားပေးပါ။

ထိုလူငယ် နောင်ဝယ်လူကြီး ကိုယ်အလေးချိန်ထက် ဘဝအလေးချိန် ပိုစီးလာပါမည်။

*လင်း-ဆေး(၁)*

# စိန်ကောင်းကျောက်ကောင်း

မြနှောင်းညို

စာပေခရီးသွားများ စာပေက ထုံးစံအတိုင်း ခေါင်းစဉ်တစ်ခု ချပေးလိုက်ပြန်ပါတယ်။

**လူငယ်တွေ စိန်နဲ့စီမှ အချိန်နဲ့စီးတဲ့လူကြီးတွေ ဖြစ်မယ်။** စာရေးသူ စဉ်းစားရပြန်တော့တယ်။ စဉ်းစားရတာကို ကြိုက်ပါတယ်။ ငယ်စဉ်ကဆိုရင် စားမေပွဲဖြေဆိုရမှာကို ကြောက်ခဲ့တယ်။ သင်ကြားပြသပြီးသား သင်ခန်းစာတွေကို ဘယ်အထိ နားလည်သလဲ၊ ဘယ်လောက်မှတ်မိသလဲလို့ ပြန်လည်ဆန်းစစ်မေးမြန်းတာမို့ လိုအပ်ပါတယ်။ တလွဲအဓိပ္ပါယ် အကောက်မှားတာကိုလည်း ကာကွယ်ရမယ်လေ။ စိန်ဆိုတဲ့ စကားလုံးကိုတွေ့တော့ ဆရာမရဲ့အတွေးဟာ စိန်ဆီကို ရောက်ရှိသွားပါတယ်။

စိန်။ လူတွေ တန်ဖိုးထားကြတဲ့ တွင်းထွက်ကျောက်။ ကမ္ဘာ့မြေလွှာအောက်မှာရှိတဲ့ ကျောက်ရည်ပူတွေကို မီးတောင် ပိုက်လုံးတလျှောက်က မြေမျက်နှာပြင်ပေါ် ထိုးဖောက် ရောက်ရှိလာပြီးတဲ့နောက် နေရာအကွက်အကွင်းပိုယူလာခဲ့တယ်။ ရှားပါးတယ်၊ တောက်ပတယ်၊ မာကြောတယ်၊ ဓားလက်နက်ကဲ့သို့ ထိုးဖောက်နိုင်တယ်။ မျက်နှာချင်းဆိုင် ကုဗပုံသဏ္ဍာန်စီရီနေရာချထားပြီး သတ္တုပါတဲ့ စိန်ရာဇမတ်ကွက် ကာဗွန်ဖြစ်ပါတယ်။ ခဲပုပ်လောက် မတည်ခန့်ပေမယ့် အခြားသော ထုထည်တွေထက် မာကြောတဲ့ အပူခံဝတ္ထုတစ်မျိုးပါ။

မသန့်စင်မှု အနည်းငယ်ပါတဲ့ စိန်တွေကို အပြာ၊ အဝါ၊ အညို၊ အစိမ်း၊ ခရမ်း၊ ပန်းရောင်၊ လိမ္မော် စတဲ့အရောင်အသွေးတွေနဲ့ တွေ့ရှိရပါတယ်။

ဒိုင်းမွန်း ဆိုတဲ့ မြန်မာလိုစိန်လို့ခေါ်တဲ့ စကားလုံးကို ရှေးရိုးဂရိ ဘာသာစကားက ရရှိထားပါတယ်။ မကျိုးပဲ့နိုင်တဲ့အရာ 'unbreakable' လို့ အဓိပ္ပါယ်ရပါတယ်။ အိန္ဒိယမှာ စိန်ကို တွေ့သိနေခဲ့တာ နှစ်ပေါင်း အနည်း ဆုံး၃၀၀၀ ကနေ (၆၀၀၀ ဝန်းကျင်အထိ) ကြာမြင့်ခဲ့ပါပြီ။ ဘာသာရေးဆိုင်ရာ အထွင့်အထိပ်ထားတဲ့ ဆင်းထု၊ ရုပ်ပွားတော်တို့မှာ တွေ့ရပါတယ်။ ပုံနှိပ်ရာမှာ အသုံးပြုတဲ့ သတ္တုပြားအဖြစ်နဲ့လည်း လူ့သမိုင်း အစမှာကတည်းက တွေ့ရှိနေပါပြီ။ ၁၉ ရာစုနောက်ပိုင်းမှာ စိန်ကို ဖြတ် တောက်ပုံဖော်နည်းတွေ ပိုမိုတိုးတက်ဆန်းသစ်တွင်ကျယ်လာပြီး အရောင်း အဝယ်ကျယ်ပြန့်လာပါတယ်။ ကမ္ဘာ့စိန်ပမာဏရဲ့ ၄၉% ကို အာဖရိကတိုက် အလယ်ပိုင်းနဲ့ တောင်ပိုင်းက တွေ့ရှိပြီး ကနေဒါ၊ အန္ဒိယ၊ ရုရှား၊ ဘရာဇီးလ်နဲ့ ဩစတေးလျတိုက်တို့ကလည်း စိန်ထွက်နေပါတယ်။ ကြီးကျယ်တဲ့ စိန်ခိုးမှု တွေကလည်း ကြောက်ခမန်းလိလိ ခေတ်စားလာခဲ့ပါတယ်။ တချိန်တခါက စိန်တွေရဲ့ခိုက်တတ်တဲ့ သာဓကတွေကိုလည်း ဆရာမတို့ ဖတ်ရှုသတိထားရ ပါတယ်။ အရွယ် ၄၅.၅၂ကရက် ရှိတဲ့ စိန်ကြီးကို Hope လို့ နာမည်ပေး ထားပါတယ်။ Le Bijou du Roi (the king's Jewel) Le bleu de France (the Blue of france) အခေါ်အဝေါ် အမျိုးမျိုး ရှိခဲ့တယ်။ နက်ပြာရောင်စိန်။ ခရမ်းလွန်ရောင်ခြည်အောက်မှာဆိုရင် လိမ္မော်သန်းသတဲ့။ နေရာများစွာကို ဖြတ်သန်းခဲ့ရပြီး အခုတော့ ဝါရှင်တန်ဒီစီမှာရှိတဲ့ ကျောက်သံ ပတ္တမြားတွေကို စုဆောင်းသိုမှီးရာ အမျိုးသားပြတိုက်မှာ ရှိနေပါတယ်။

အကျော်ကြားဆုံး စိန်ဟာ ကိုဟီနူး kuli-I-Noor ဖြစ်ပါတယ်။ Syamantaka လို့လည်း ခေါ်ခဲ့ပါတယ်တဲ့။ ရာဇဝင်သမိုင်းအရ ခရစ်တော် မပေါ်မီ သက္ကရာဇ် ၁၃၀၀ တုန်းကတည်းကရှိခဲ့ပြီး အရင်နှစ်ပေါင်း ၅၀၀၀ သမိုင်းကို Sanskrit အထောက်အထားပြနိုင်ခဲ့ပါတယ်။ ပါရှားလို အလင်း ရောင် တောင်တန်းလို့ အဓိပ္ပါယ်ရပါတယ်။ အိန္ဒိယနိုင်ငံကို ဗြိတိသျှအုပ်စိုး စဉ်က ဗစ်တိုရိယဘုရင်မကြီးရဲ့ သရဖူမှာဆင်မြန်းပြီး လက်ရှိအချိန်မှာ အင်္ဂလန်မှာရှိနေပါတယ်။ အာဖရိက စိန်ကြယ်ပွင့် The star of Africa

Diamond ဟာ ၅၃၀ ကရက်ရှိပြီး မူလ ၃၀၀၀ ကရက်ရှိတဲ့ Cullinan စိန်ကနေ ခွဲဖြတ်ထားတာဖြစ်ပါတယ်။ မျက်ရည်စက်နဲ့တူညီအောင် ၇၄ မျက်နှာရှိတဲ့ မှန်ကူကွက် ပုံပန်းအဖြစ် ဖြတ်တောက်ပုံသွေးထားပါတယ်။ ဒီစိန်ဟာလည်း ဗြိတိသျှသရဖူမှာ အစောင့်အရှောက်များစွာနဲ့ လန်ဒန်မျှော်စင်မှာ ထားသို သိမ်းဆည်းထားပါတယ်။ စိန်ကောင်းတပွင့်ရဲ့ တန်ဖိုးကြီးမှုနဲ့ယှဉ်တွဲပြီး အန္တရာယ်များတတ် ထိခိုက်စေတတ်ကြောင်း ရေးပြချင်ပါတယ်။ စိန်စီကုံးတာကို မက်မောကြပေမယ့်လည်း သမာသမတ်ရှိတဲ့ ဘောင်အတွင်းမှာရှိကြဖို့ သတိပြုကြရပါလိမ့်မယ်။

မကြာသေးခင် ဆယ်စုနှစ်အတွင်းက တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားစေခဲ့ရတဲ့ ရန်ကုန်မြို့လယ်က လူကုံထံတွေနေထိုင်ရာ အေးချမ်းဆိတ်ငြိမ်တဲ့ရပ်ကွယ်မှာ ငါးလောင်းပြိုင်လူသတ်မှုနဲ့ စိန်သတင်းဟာ ကမ္ဘာသိအောင် ဆူညံပွက်လောရိုက်ခဲ့ရပါတယ်။ ယနေ့တိုင် အမှုတိမ်မြုပ်နေဆဲဖြစ်ပြီး လက်သည်မပေါ်နိုင် အဖော်နိုင်သေးတာမို့ ရိုးသားမှုနဲ့ ဖြောင့်မှန်မှုတွေ ကင်းမဲ့နေရပါတယ်။ ဒါဟာ တန်ဖိုးကြီး စိန်ရွှေရတနာတွေနဲ့ ပတ်သက်နေတယ်ဆိုတာ အထင်အရှားပါပဲ။ လူငယ်တွေ စိန်စီမှ အချိန်စီးတဲ့လူကြီးတွေ ဖြစ်မယ်ဆိုတာဟာ တန်ဖိုးရှိရှိ စနစ်တကျ စီရီအကွက်ချမှသာလျှင် စိန်စီတဲ့ အနာဂတ်ခရီးဟာ ဖြောင့်ဖြူးလိမ့်မယ်လို့ မျှော်မှန်းပြီး လူငယ်တွေ ကြိုးစားလှမ်းတက်ကြရမှာကတော့ မလွဲဧကန် မှန်ကန်ပေတာပေါ့။

ကျောက်သံပတ္တမြား အမျိုးမျိုးအဖုံဖုံရှိတဲ့အနက် အကြံ့ခိုင်ဆုံး အမာကျောဆုံးမို့ တန်ဖိုးလည်း ကြီးမြင့်လှတဲ့စိန်ကို လူငယ်တွေ ရွေးချယ်လှမ်းဆုတ်ကြရမှာ အသေအချာပါပဲ။ ရည်မှန်းတဲ့ တန်ဖိုးအနဋ္ဌထိုက်တဲ့ စိန်ကိုရရှိဖို့ အားသွန်ခွန်စိုက်ကြိုးစားရမှာ အမှန်ပါပဲ။ စိတ်အာရုံကို စုစည်းထားရပါလိမ့်မယ်။

လူတစ်ယောက်အတွက် ဘာက အရေးအကြီးဆုံးလဲ။ ပိုက်ဆံငွေကြေးနဲ့ အဆင့်မီ နေထိုင်ရေး၊ အလုပ်အကိုင်၊ ချစ်ခြင်းမေတ္တာ၊ အကြင်နာနဲ့ လူမှုရေး၊ စီးပွားရေး၊ မှန်မှန်ကန်ကန် ထိန်းသိမ်းထားနိုင်တဲ့ ကျန်းမာရေး။

လူငယ်တစ်ယောက်ဟာ အတန်းပညာမှာ ကိုယ်အရနိုင်ဆုံး အရောက်နိုင်ဆုံးအဆင့်ကို သေချာသုံးသပ် တွက်ချက်တက်လှမ်းရပါမယ်။ ဆိုလိုတာက လိုအပ်တာတွေကို ဖြည့်ဆည်းထားဖို့ အားစိုက်ရမယ်။ အလုပ်အကိုင် ရာထူးဌာနဌာနကိုလည်း သေချာလေ့လာ ဆည်းပူးထားသလောက် အဆင့်မီဖို့ လိုအပ်တယ်။

စိန်ကောင်းကျောက်ကောင်းကို ရပိုင်တဲ့အကွင်းအကွက်မှာ ရောက်နေပြီ ဆိုပါစို့။ အစစ်အမှန် ဟုတ်ပါရဲ့လား၊ အကဲခတ် အကဲဖြတ်တတ်ရပါဦးမယ်။ စိန်အတုအပနဲ့တွေ့ရင် ကိုယ်ကျိုးနည်းရမှာ စိုးရိမ်ရတယ်။ ခေတ်ကာလကိုက ကြည့်မဝနိုင်စရာ ပသာဒဖြစ်စေပေမယ့် အနီးကပ်မှန်ဘီလူးနဲ့ ကြည့်လိုက်တော့မှ အပေါစား အညံ့စား ဖြစ်နေတတ်ပါတယ်။ မူးယစ်ဆေးဝါးဟာ တွေ့ရှိထားပြီးတဲ့ စိန်ကောင်းကို ပျောက်ဆုံးလက်လွတ်စေတတ်ပါတယ်။ မူးယစ်ဆေးတွေဟာ ဆေးလုံးဆေးရည်မှာ သတ်သတ်မှတ်မှတ် ကမ္ပည်းအက္ခရာတင်မထားဘဲ ဆေးသုံးသူတွေသာသိကြတဲ့ WY စသည် R စသည် ဆိုတာမျိုး လျှို့ဝှက်သင်္ကေတတွေသာတင်ထားတော့ တမင်တကာ လေ့လာမထားဘူးဆိုရင် အငိုက်မိသွားနိုင်ပါတယ်။ အချိုရည်ထဲမှာ ထည့်ဖျော်ရောသမထားရင် အရောင်အဆင်း၊ အနံ့အရသာအားလုံး ရောသမွေ့ပြီး မူးမော်ချင် ပျို့အန်ချင်နဲ့ လူကလည်း တက်ကြွလန်းလက်နေ ခုန်ချင်ပေါက်ချင် ဖြစ်နေတတ်ပါတယ်။ ဆရာမတို့က စိန်ကိုစံပြထားပြီး ဘဝနေထိုင်မြင့်တင်ရေးကို ရှေးရှုဆောင်ကြဉ်းသွားကြမယ်ဆိုတာကို ကျိန်းသေပိုင်းဖြတ်သတ် မှတ်ထားပြီးကြပါပြီ။ စိန်တုံးတွေကို မျှော်မြင်ပြီး ရွှေသမင်အလိုက်မလွဲကြဖို့ကိုလည်း အသိတရားလက်ကိုင်ထားကြရပါလိမ့်မယ်။

လူငယ်တွေ စိန်စီမှ အချိန်စီးတဲ့ လူကြီးတွေ ဖြစ်မယ်ဆိုတာ သတိပြုကြပါ။

ဘဝအလှကို စိန်ရောင်သဖွယ် တင့်တယ်လင်းပအောင် မွမ်းမံမြှင့်တင်ကြဖို့ အထပ်ထပ် အားပေးလိုက်ရပါတယ်။

*မြနှောင်းညို*

# မျှော်လင့်ခြင်းလှူငယ်

သင့်နော်

(၁)

ဆရာဦးအောင်သင်းတို့ ဆရာလူထုစိန်ဝင်းတို့ကို သတိရတယ်။ လူငယ်တွေနဲ့ ပတ်သက်ပြီး သူတို့က အမြဲထာဝရ ထောက်ထောက်ထား ထား ရှိခဲ့ကြတယ်လေ။ လေးလေးနက်နက် သဘောထားခဲ့ကြတယ်လေ။ လူငယ်ထုကို အားပြုဖို့၊ တိုင်းပြည်ကို လူငယ်တွေလက်ထဲ အပ်ခဲ့ရမယ့် အကြောင်း အထပ်ထပ် ပြောခဲ့ရေးခဲ့ အားဖြည့်ခဲ့ကြတယ်။ ခု ဒီစာရေးမယ် ပြင်တော့ အဲသည် ဆရာနှစ်ယောက်ကို မြင်ယောင်၊ သူတို့အသံကို ကြား ယောင်၊ သူတို့ရေးခဲ့သမျှထဲက အချို့ကို လွမ်းယောင်ယောင်နဲ့…။

(၂)

ဟုတ်ကဲ့။ လူငယ်တွေနဲ့ပတ်သက်လို့ ပြောကြဆိုကြ ရေးကြလွန်းလို့ ငါးသိုင်းများတော့ ဟင်းဟုန်။ ကြွေးများတော့မပူ သန်းထူတော့ မယား ဆိုသလိုများ ဖြစ်နေလေရော့သလား၊ ဒါမှမဟုတ် အများစုဟာ ဘာဆိုဘာမှ အလေးမထားကြတော့ဘူးလို့များ ဖြစ်နေကြလေရော့သလား စသဖြင့် အတွေးစပွားစရာတွေက ဟိုကပေါ်လာ သည်ကပေါ်လာနဲ့ပေါ့။

လူတိုင်း ငယ်ရာက ကြီးလာကြ။ ငယ်ဘဝကို ဖြတ်သန်းခဲ့ကြ။ ခေတ်ကာလ နေရာဒေသနဲ့ ပတ်ဝန်းကျင် အပိုင်းအခြားတွေအရ ကွာဟမှု

ရှိကောင်းရှိမယ်။ လောကသဘာဝအရ အယူအဆတွေ အမူအကျင့်တွေ၊ တုံ့ပြန်ပုံတွေ၊ ခံစားမှုတွေဟာ ကိုယ့်ထက်အရင် လူဖြစ်ခွင့်ရခဲ့ကြသူတွေရဲ့ ကောင်းမွေဆိုးမွေကို နှောင်းလူတွေက ဆက်ခံကြရမြဲပဲ။ အေဝမ်းဖလင် ခေတ် ခွေးတံဆိပ်ဓာတ်ပြားခေတ် မောင်တင်မောင် မေရှင်ခေတ်တုန်းက ရေ့သွားတွေကို ရှုမြင်ခံစားပြီးမှ အကြိတ္တူနောက်လူက သာကြရတာ။ ဆယ်စုနှစ် တစ်ခုစီ တစ်ခုစီမှာ ပေါက်မြောက်ခဲ့ကြသူတွေဟာ သူ့ရှိ့အရင် ဆယ်စုနှစ်က လူတွေထက်သာအောင် စွမ်းဆောင်နိုင်ပါမှ လူ့လောကဖြစ်စဉ် ကြီးက ရှင်သန်ခိုင်ခန့်ကြရတာ မဟုတ်လား။ လူငယ်တွေအတွက် Role model လိုတယ်။

ငယ်ရာကကြီး ရိုင်းရာကယဉ်၊ လူ့သမိုင်းဖြစ်စဉ် လူ့ယဉ်ကျေးမှု လမ်းကြောင်း၊ ရှာငယ်ဇနပုဒ် မီးကလေးမှိတ်တုတ်ကနေ မြို့ကြီးပြကြီး Mega Star အထိ Inn မှသည် Motel, Mote မှသည် 5 Star Hotel စသည်ဖြင့် အဆင့်ဆင့်ဖွံ့ဖြိုးဖို့ လမ်းကြောင်းတွေအများကြီးမှာ အခြေခံ အုတ်မြစ်ကို အခိုင်အခန့် အသေအချာ။ Plan ကို တိတိပပ ရေရေရာရာ ရှိကြဖို့ အရေးကြီးသယ်။ လူကြီးဖြစ်လာမယ့် လူငယ်တွေကိုလဲ အလားတူပဲ။ အခြေခံအကျဆုံးမှာ အသေအချာ စီစဉ်ကြမှဖြစ်မှာ။ ဖယောင်းတိုင်ကို ပူတုန်းမှာ ရွံ့ကို စိုတုန်းမှာသာ ကြိုက်ရာပုံသွင်းလို့ရတာ။ သတ်သတ်မှတ်မှတ် ရုပ်လုံးတစ်ခု အတွက် ကနဦးအခြေအနေက စတင်ရတာ။ လူကြီးဖြစ်လာ မယ့် လူငယ်ကိုလဲ ပျိုရွယ်စဉ်အခိုက်မှာ 'စိန်စီ'ကြရမယ်လေ။ ဖယောင်းတုံး၊ ရွံ့တုံး ပကတိအတိုင်းမဟုတ်တော့ဘဲ ဖယောင်းရုပ်တုတစ်ခုခု၊ ရွံ့ရုပ်တု တစ်ခုခုဘဝရောက်မှ တန်ဖိုးကတက်လာတာလေ။ ရွံ့သက်သက် ဖယောင်း သက်သက်ထက် ရုပ်တုက အဖိုးတန်တာပေါ့။ ရွံ့တုံး ဖယောင်းတုံးကဲ့သို့ပါပဲ လူငယ်လူရွယ်တို့ကို နှပျိုခိုက်မှာ.....။

(၃)

ဒီကနေ့ ကျွန်တော်တို့ရဲ့ သားငယ်မြေးငယ်တွေ ကျောင်းသူ

ကျောင်းသားတွေအပေါ် ဒီကနေ့ လူကြီးဖြစ်နေသူတွေက ဘယ်လိုမျှော်လင့်သလဲ။ ဘယ်လို သဘောထားကြသလဲ။ ဒီကနေ့ မိဘက သူတို့သားသမီးကို ဆင်စီးမြင်းရံတာမျိုးပဲ မျှော်လင့်တာလား။ ရှေးပဝေသဏီကအတိုင်းပဲ ဖြစ်စေချင်နေကြတာလား။ နိုင်ငံတော်ရဲ့ အလိုကရော ဘာတဲ့တုန်း။ နိုင်ငံတော်က သူ့လူငယ်လူရွယ်တွေကို ဘယ်လိုဖွံ့ဖြိုးစေမှာတုန်း။ နေရိုးနေစဉ် အတန်းကုန်အောင်နေ ဘွဲ့တစ်ခုခုယူ။ ဒါပဲလား။ ပြီးတော့မှ ကြည့်ရှင်း...။

ကုန်လွန်ခဲ့တဲ့သမိုင်းမှာ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဆိုရှယ်လစ်လောကကို မရောက်ရောက်အောင် ချီတက်ခဲ့ကြတုန်းကတော့ တေဇလူငယ်ရှေ့ဆောင်လူငယ်တွေနဲ့ လမ်းစဉ်လူငယ်ဆိုပြီး မ·ဆ·လ ပါတီက ဖွဲ့စည်းပြီး ဆိုရှယ်လစ်နိုင်ငံတော်ကြီးဖြစ်အောင် ပါတီရဲ့ အရံအင်အားတွေအဖြစ် လူငယ်တွေကို မောင်းနှင်ခဲ့တယ်။ လူရည်ချွန်စီမံကိန်းလဲ အပါအဝင်ပေါ့။ "အများအကျိုးဆောင် ကိုယ့်အကျိုးအောင်"တို့ "လုပ်အားတန်ဖိုး ချစ်မြတ်နိုး"တို့နဲ့ ဟစ်ကြွေးပြီး လူငယ်တွေကို မောင်းနှင်ခဲ့ကြတယ်။ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်လို့ ကျောင်းသားတွေက နေ့တိုင်း ဟစ်ကြွေးခဲ့ကြရတယ်။ လူငယ့်ရေးရာဌာနရယ်လို့ သီးခြားထူထောင်ပြီး ရှေ့ဆောင်လူငယ်ခေါင်းဆောင်သင်တန်းတို့ လမ်းစဉ်လူငယ်ခေါင်းဆောင်သင်တန်းတို့ ဖွင့်တယ်။ ထိန်းကျောင်းခဲ့တယ်။ လမ်းညွှန်ခဲ့တယ်။ မ·ဆ·လ ပါတီအလံတော်အောက်မှာ တခမ်းတနားရှိခဲ့ပေမယ့် မ·ဆ·လ အစိုးရလဲ ကန့်လန့်ကာချလိုက်ရော အဲသည်ကိစ္စတွေအားလုံးလဲ နိဋ္ဌိတံရော။ တံခါးပိတ် ဂျိတ်ပဲ။ မျိုးစေ့ချပေမယ့် အပင်ကမပေါက်ဘူးပေါ့။ ဘာဆိုဘာမှ ဖြစ်မလာဘဲ ပါနီထဲကလာတာ ပါနီထဲပဲ ပြန်ရောက်သွားတယ်။

န·ပ·တ ခေတ် ရောက်လာပြီ။ န·အ·ဖ ခေတ် ရောက်လာပြီ။ အစိုးရက လူငယ်တွေကို ဘယ်လို သဘောထားခဲ့သလဲ။ ဘယ်လမ်းကြောင်းပေါ် တွန်းပို့ခဲ့သလဲ။ လူငယ်တွေ ဘယ်လိုဖြစ်ကုန်ကြသလဲ။ ကျမ်းတစ်စောင်

ပေတစ်ဖွဲ့ ရေးပြလို့ရတဲ့အဆင့်ကို ရောက်သွားနိုင်တယ်။ စစ်အုပ်ချုပ်ရေးတို့။ ညမထွက်ရတို့ နိုင်ငံရေးကင်းရှင်းရမယ်တို့ ၅(ည)တို့နဲ့ လူငယ်တွေ ဖြတ်သန်းခဲ့ရပြီး တက္ကသိုလ်ကျွေကို လူသူလေးပါးကင်းရှင်းတဲ့ မြို့စွန်မြို့ဖျား ဇနပုဒ်တွေကို ပို့ပစ်တယ်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေကို အဆောင်နေခွင့် ရုပ်သိမ်းတယ်။ အုပ်ထိန်းသူမဲ့တဲ့ဘဝကို ရောက်အောင် တွန်းပို့တယ်။ မကောင်းမှုနွံထဲကို မရောက်ရောက်အောင်ပို့ပေးတယ်။ တူတူတန်တန် ပတ်ဝန်းကျင်မှာ မထားဘဲ ပျက်စီးလွယ်တဲ့စိတ်ကွယ်ရာမှာ ပစ်တောင်းဆန်ကာ လွှတ်ထားခဲ့တယ်။ နိုင်ငံ့အရေးကိုဝင်ပြီး မပတ်သတ်နိုင်အောင် မြို့ပြနဲ့အဝေးကြီးကို ပို့ပစ်လိုက်တယ်။ ဒီလူငယ်တွေဟာ စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ ဖျက်ဆီးခံလိုက်ရတယ်

။ ဘာကုစားမှုမှ မရှိဘူး။ မဆူရင်ပြီးရော လုပ်ချင်တာလုပ်ဆိုပြီး လွှတ်ပစ်လိုက်တဲ့သဘော။သားသမီးချင်းမစာနာဘဲနဲ့ နှိပ်ကွပ်ခဲ့တယ်။ သူ့သားသမီး ကိုယ့်သားသမီး မကြားဝံ့မနာသာတွေ အမြောက်အမြားနဲ့ ကြုံဆုံခဲ့ကြရတယ်။ ဘယ်လောက် ဆိုးဝါးလိုက်သလဲလို့။

## (၄)

လူငယ်တွေအနေနဲ့ သူတို့ဘဝကိုသူတို့ ဘယ်လောက်ဖန်တီးနိုင်ခဲ့ကြသလဲ။ ပတ်ဝန်းကျင်ကောင်းတစ်ခုကို သူတို့ရရှိခဲ့ကြရဲ့လား။

တစ်နိုင်ငံလုံးရှိသမျှ ဆယ်တန်းအောင်တဲ့ ကျောင်းသားလူငယ်တွေထဲက အမှတ်အများဆုံး(စာအတော်ဆုံး၊ အထူးချွန်ဆုံး) ရသူတွေဟာ ဆေးတက္ကသိုလ်ကိုပဲ အလုအယက်ပြေးဝင်ကြတာ ဘာကြောင့်လဲ။ သူတို့ကိုယ်တိုင်က ဆေးပညာကို ခုံခုံမင်မင် သင်ယူတတ်မြောက်ချင်တာကြောင့်လား။ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေရဲ့ ဖိအားပေးမှုကြောင့်လား။ ဝင်ငွေကောင်းတဲ့ အလုပ်တစ်ခုရယ်လို့ သဘောထားကြလို့လား။ ဘယ်လိုပဲဖြစ်ဖြစ်လေ ဆယ်တန်းမှာ အမှတ်အများဆုံးရကြသူတွေ (အတော်ဆုံးလူငယ်တွေ)က ဆရာဝန်တွေချည်း ဖြစ်သွားကြတဲ့အခါ သူတို့လောက်မထူးချွန်သူ မတော်သူ

ဉာဏ်ရည် မထက်မြက်သူတွေ သူတို့ထက်ညံ့ဖျင်းသူတွေက နိုင်ငံကို အုပ်ချုပ် တဲ့ ကဏ္ဍမှာ မင်းမူကုန်ကြတော့တာပေါ့။ ဘယ့်နှယ့်လဲ။ ရပ်၊ ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်း နိုင်ငံတော်အဆင့် အုပ်ချုပ်ရေး ဥပဒေပြုရေးနဲ့ တရားစီရင် ရေးတွေမှာ ဆယ်တန်းတုန်းက အမှတ်နည်းခဲ့တဲ့သူတွေ၊ IQ နိမ့်သူတွေ EQ နိမ့်သူတွေက နေရာဝင်ယူကုန်ကြတယ်လေ။

(၅)

လူငယ်တွေကို ကျောင်းနေစဉ်အခါ (အချို့သော လူငယ်များ ကျောင်းနေခွင့် မသာကြပါ)မှာ သင့်မြတ်လျော်ကန်ပြီး သဘာဝကျတဲ့ အတွေးအခေါ် အမြော်အမြင်ရှိအောင် လေ့ကျင့်ပေးနိုင်ပါမှ အနာဂတ်ဟာ လှပမှာပါ။ ပညာသင်တာဟာ စီးပွားရှာဖို့ ဥစ္စာရဖို့သက်သက်သာ ဖြစ်တယ် ဆိုတဲ့ ဦးနှောက်မျိုးသာရှိနေရင် အလုံးစုံ ချွတ်ယွင်းကုန်တော့တာပေါ့။ သည့်ထက်ပိုတဲ့ကိစ္စတွေ ရှိတယ်လို့ နှလုံးသွင်းတတ်ဖို့လိုတယ်။ ရှေးရှေးတုန်းအခါက ဒီသာပါမောက္ခဆရာကြီးရှိရာ တက္ကသိုလ်ာသို့ ခုနစ်ပြည်ထောင်မင်းသားတွေ ပညာသင်သွားကြရာမှာ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ဆိုပြီး အများကြီးသင်ကြရတာဗျာ။ ပညာတစ်ခုထဲကို major ဆိုပြီး မသင်ကြဘူး။

တစ်နိုင်ငံလုံးက လူတော်မှန်သမျှ ဆရာဝန်တွေချည်းပဲ ဖြစ်ကုန်ကြတဲ့အခါ တိုင်းပြည်ရဲ့ အုပ်ချုပ်စီမံခန့်ခွဲစီရင်ရမယ့် ကိစ္စမှာ လူညံ့တွေနဲ့ပဲ နပမ်းလုံး ကြရတော့တာပေါ့။ ကကယ်တော့ တိုင်းသစ်ပြည်သစ် တည်ကြမယ့်အခါမှာ တစ်ဦးခေါင်း တစ်ပညာနဲ့ ပူးပေါင်းမှရမှာ။

(၆)

လူငယ်ကိစ္စကို မေ့မေ့လျော့လျော့ နေခဲ့ကြပေတယ်လို့ ဆိုလိုခြင်းရခက်ကြပေလိမ့်မယ်။ ကြည့်လေ ခုတလော ကြားရ၊ မြင်ရ၊ ဖတ်ရ တွေ့ရကြုံရတဲ့ အမျိုးမျိုးသောဒုစရိုက်ကိစ္စအဝဝနဲ့ မဖွယ်မရာ ဖြစ်ရပ်ပေါင်းစုံမှာ ဆယ်ကျော်သက်တွေပါနေတာ အထင်အရှား တွေ့နေရတယ်လေ။ သတင်း

စာတွေ ဂျာနယ်တွေထဲမှာ ရှောင်လို့မလွတ်ဘူး။ ကောင်လေးတွေတင် မဟုတ်ဘူး။ ကောင်မလေးတွေလဲ ပါနေရဲ့။ ဘယ့်နှယ့်လဲ။ ဘယ်သူစစ်တမ်း ကောက်ထားသလဲ။ ကော်ရှနေတာလောက်တော့ အနိမ့်ဆုံးပဲ ထားလိုက်ပါ။ လူငယ်အများစုဟာ ဟိုမရောက်သည်မရောက်နဲ့ လမ်းပျောက်နေကြတာပေါ့။ မင်းကျော်ရဲ့ အဖြူကို မည်သူ အနက်ဆိုးသနည်းကို မှတ်မှတ်ရရ ရှိမိပါ သေးတယ်။ ၁၉၇၆ မှာ အမျိုးသားစာပေဆုရခဲ့တာပေါ့။

ဘယ်လိုလဲ။ ကော်မတီ ဖွဲ့ရဦးမှာလား။ စီမံကိန်း ချရဦးမှာလား။ လူငယ်သင်တန်းကျောင်းတွေ တိုးချဲ့ရမှာလား။ ဒီနေ့ မြန်မာလူငယ်တွေ အတွက် တစ်ခုခုလုပ်ပေးဖို့ နောက်ကျနေပြီထင်တယ်။

**သင့်ဆွေ**

# ကျင့်ပါ...သားတို့တာ

နှင်းဆီအောင်

မေလ၏ အပူက ပြင်းထန်လွန်းသည်။ အသက်ရလုပြီဖြစ်သည့် အမေခမျာ အစားပျက်၊ အအိပ်ပျက်နှင့် အပူဒဏ်ကိုခံနေရသည်။ အမေက ပန်ကာ ဘာညာလည်း မကြိုက်တတ်တော့ အေးမည်ထင်သည့် သစ်ရိပ် ဝါးရိပ်အောက် ထားရသည်။ ညနေစောင်းတာနှင့် အိမ်ရှေ့ခုံတန်းလျားပေါ်မှာ ညအိပ်ရာဝင်ချိန်ထိ ထိုင်နေတော့၏။ မိသားစုဝင်တွေ အမေ့နား လူမပြတ် အောင် တစ်လှည့်စီထိုင်ပြီး စကားပြောဖော်လုပ်ပေးကြသည်။ လက်ဖက်ခွက် ကလေးနှင့် ရေနွေးအိုးကလေး ချပေးထားတတ်လို့ ခင်ရာမင်ရာတွေလည်း ဝင်ထိုင်တတ်မြဲ။ အမေက ဆော့ကစားနေသည့် ကလေးတွေကိုလည်း ပေး ချင် ကျွေးချင်သူမို့ သရေစာလေး ဘာလေးလည်း ထားပေးရသည်။ ဒါသည် ကျွန်မတို့၏ နွေရာသီ ညနေပိုင်းအစီအစဉ် ဖြစ်၏။

တစ်ညနေ အမေနှင့်ကျွန်မ ထိုင်နေခိုက် သစ်ပင်အိုတစ်ပင်လို ကိုင်း ညွတ် ခြောက်ခန်းနေသော အမေအိုတစ်ဦး ရောက်လာသည်။ အမေနှင့် စကားစမြည်ပြောကြသည်။ ပြန်တော့ အမေက ဆပ်ပြာတစ်ခဲ၊ မုန့်တစ်ထုပ်၊ တဘက်တစ်ထည်အပြင် သူ့ခါးကြားထဲက ပိုက်ဆံလေးအချို့ပါ ထည့်ပေး လိုက်တာ မြင်ရသည်။

ထိုအဖွားပြန်သွားတော့ အမေက "သမီး သူ့ကို မှတ်မိလား" ဟု မေးသည်။ အိမ်ထောင်ကျကတည်းက ခွဲနေသော ကျွန်မက အိမ်နီးနား ချင်း လူရင်းတချို့ကလွဲပြီး ဘယ်သူ့ကိုမှ သိပ်အမှတ်မထားမိ။

"မသိဘူး အမေ" လို့သာ ဖြေရသည်။

"သမီးတို့ ရှစ်တန်းလောက်က အရပ်ထဲမှာ အလှူအကြီးကြီးလှူတာလေ။ မောင်ရင်လောင်းတွေက ဆင်တွေ၊ မြင်းတွေစီးလို့။ ရှေ့ဝင်းနောက်ဝင်းတွေလည်း ခင်းလို့လေ"

အမေ့စကားကြောင့် ကျွန်မ မှတ်မိသွားခဲ့သလို အံ့ဩရသည်။ မှတ်မိသည်ဆိုရာမှာ ခုနက ဖွားသင်တို့သည် အရပ်ထဲမှာ ထိတ်ထိတ်ကြဲ ထိန်ထိန်တောက်တွေဖြစ်ခဲ့ခြင်းကို မှတ်မိခြင်း ဖြစ်၏။ အံ့ဩရသည်က လက်ရှိမြင်ရသည့် အခြေအနေကိုဖြစ်၏။

ဘယ်လိုများ ဖြစ်ကုန်တာလဲအမေရယ်ဟု မေးယူရသည်။ အမေပြောပြသမျှက ရင်မောစရာ။ တရားရစရာလည်း ကောင်းလှသည်။ လူ့ဘဝများ ဖြစ်ထွန်းဖို့ ကျောက်တောင်တက်ရသလို ခက်ခဲပင်ပန်းသော်ငြား ပျက်စီးဖို့တော့ လွယ်လိုက်တာဟုသာ ပြောရလိမ့်မည်။ တောင်ကျရေစီးထဲ မျောပါသလို မျောပါပျက်သုဉ်းကြရသည်က မျက်စိတစ်မှိတ်အတွင်းသာပါပဲ။

ခင်ပွန်းဖြစ်သူ ကွယ်လွန်သည်က ရုတ်တရက်ဖြစ်သဖြင့် ဖွားသင်တို့မိသားစု ခြေမကိုင်မိ လက်မကိုင်မိ။ သမီးက ရွှေပေါ်မြတင်၊ သားနှစ်ယောက်က ငါးခြောက်ဆို ဖုတ်ပြီး ဆီဆမ်းဆက်သပေးရသူတွေ။ (၁၉၈၅) ကာလလောက်မှာပင် ကားတစီစီစီးခဲ့ကြသူတွေ။ သားကြီးက မိန်းကလေးထည်လဲနှင့်တွဲသူ။ သူ့အရှုပ်တွေက အထုပ်နှင့် လိုက်ရှင်းရတတ်သည်။ လူပျင်း လူပျော့ သားလတ်က မူးယစ်ဆေးနှင့် ယဉ်ပါးနေတတ်၏။ ဖခင်ဆုံးပြီးစမှာ သားအကြီးက ကျန်ကောင်းကျန်ရာ အိမ်တွင်းပစ္စည်းလေးတွေယူပြီး မိန်းကလေးတစ်ယောက်နှင့် အဝေးကိုထွက်သွားပြန်သည်။ သားလတ်က မူးယစ်ဆေးလက်ဝယ်တွေ့မှုနှင့် အဖမ်းခံရသည်။

လူရင်းအမည်ခံသူတွေနှင့် ဆွေမျိုးနီးစပ်ဆိုသူတွေကို အဖွားသင်အားကိုးရတော့သည်။ တွေ့တာယူသူများနှင့် တောင်းတိုင်းပေးသူ့တို့၏ဇာတ်လမ်းက ရေမရှည်ခဲ့ပါ။ သားလတ်အမှုနောက် လုံးပမ်းရင်းလိုက်နေရသဖြင့် အရွယ်ရစ သမီးငယ်ကို ဖွားသင်မကြည့်အား၊ သမီးငယ်ကလေးလူယုံတစ်ယောက်နောက် ပါသွားတော့မှ ဖွားသင်ရင်ကွဲရရှာသည်။ အမှုပြီး

တော့ ဖွားသင်အိမ် ပေါင်ထားရပြီ။ ပစ္စည်းကုန် အိမ်ထောင်ကွဲပြီး ပြန်ရောက်လာသော သားကြီးနှင့် သားလတ် ရန်ပွဲတွေကြား ဖျန်ဖြေမည့်သူမရှိ။

ဒုက္ခတို့ နက်ရှိုင်းလာသည့်အခါ လူရင်းတွေက ရှောင်ကြသည်။ ဆွေမျိုးနီးစပ်တွေက ခပ်ဝေးဝေးမှာ နေ နေကြသည်။ ခင်ပွန်းသည်ဆုံးပြီး ငါးနှစ်အတွင်းမှာပင် ဖွားသင်တစ်ယောက် အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။ မိခင်သတင်းတွေကြောင့် အပြေးပြန်လာသည့် သမီးငယ်လေးက ခင်ပွန်းကိုမလှန်နိုင်။ မိဘအမွေ ဘာမှမရလိုက်သည့် မိန်းကလေးကို ခင်ပွန်းက ငြိုငြင်လွန်းသည်။ မအေဆီ စိတ်တိုင်းကျသွားခွင့်ပင်မရှိ။ နောက်ဆုံးတော့ သားကလေးလက်ဆွဲကာ မအေဆီ အပြီးပြန်ရောက်လာခဲ့သည်။ ပန်းရန်လိုက်၊ အဝတ်လျှော် စသည်ဖြင့် သူလုပ်တတ်သလောက် လုပ်ကျွေးပြုစုရှာသည်။

အမေဖြစ်သူအပေါ် ကျွေးချင်မွေးချင်စိတ်ကလေး အပြည့်ရှိပေမယ့် သူလျှောက်ခဲ့သောလမ်းက သူတစ်ကိုယ်စာပင် မလုံခြုံမပြည့်ဝ။ ပညာလည်းမတတ်၊ ဥစ္စာပစ္စည်း ရင်းနှီးစရာလည်းမရှိ၊ အဖော်သဟဲလည်းမရှိသူ မိန်းမသားတစ်ယောက်အတွက် ဘဝကို ခက်ခက်ခဲခဲရုန်းကန်ရမယ်ဆိုတာ စာနာမိသည်။ ဝမ်းကမဝ၊ ခါးကမလှ၊ ဘဝကမလုံခြုံ။ ကိုယ့်အမေကို ကိုယ့်စိတ်ထဲရှိသလောက် လက်ကမပါနိုင်သည့်အဖြစ်အတွက် မိန်းကလေး စိတ်ကောင်းလိမ့်မယ်မထင်။ ပေးချင်ပါလျက် မပေးနိုင်သည့် အခြေအနေကလည်း ကရုဏာသက်ဖို့ ကောင်းပါသည်။ ထိုအဖြစ်မျိုး ကျွန်မတို့ တွေ့ကြုံဖူးကြပါလိမ့်မည်။

ကျွန်မကိုယ်တိုင်ကိုက ရှာနိုင်၊ ဖွေနိုင်၊ သုံးစွဲနိုင်သော သားသမီးမျိုးမဟုတ်ခဲ့တော့ ထိုအဖြစ်ကို ကောင်းကောင်းသိပါသည်။ အမေ့ကို စိတ်ဆင်းရဲအောင် မလုပ်မိဖို့ ကြိုးစားနေထိုင်ရင် တော်သေးတယ်လို့တွေးပြီး ရှင်သန်ရသူမျိုး ဖြစ်ခဲ့ပါသည်။ တစ်ခါတလေ အမေ့လက်ထဲ ဆုတ်ဆုတ်ခဲခဲ ထည့်ပေးသင့်သည့်အချိန် (အထူးသဖြင့် နေမကောင်းချိန်) တွေမှာ စိတ်ထဲရှိသလို လုပ်မနေနိုင် လုပ်မပြနိုင်လို့ ဝမ်းနည်းမှုတွေ မကြာမကြာ ကြုံတွေ့ခံစား ရပါသည်။

အမေက ကျွန်မ စိတ်ချမ်းသာအောင် သားအမိနှစ်ယောက်ထဲ ရှိချိန်များတွင်-

"ငါ့သမီးက အပြုအစုအကောင်းဆုံး" လို့ ပြောပေးတတ်ပါသည်။ ကျွန်မမှာလည်း ဟုတ်မယ်ထင်ပါရဲ့လို့တွေးပြီး ယုံကြည်လိုက်သည်။ ဒါကြောင့် အမေသွားနိုင်တုန်း သွားခဲ့သည့် ဥပုသ်စောင့်ရာ ကုသိုလ်တော်ဘုရားကို အမြဲလိုက်ပို့ပေးသည်။

ဥပုသ်ကျောင်း သီလယူပြီး နံနက်စာစားချိန်တိုင်း အမေကြီးတွေ အကြွားပြိုင်ကြတာ ကြည်နူးဖို့ကောင်းလှသည်။ ဟင်းကောင်းကျွေးကောင်းတွေထက် သားသမီးက ထည့်ပေးလိုက်တာလေးတွေကို တပြုပြု တပြောပြောနှင့်။ ထို့ကြောင့် ဥပုသ်နေ့တိုင်း အမေနှစ်သက်မည်ထင်သည့် စားမြိန်စာလေးတွေ သတိထား လုပ်ပေးရသည်။ ဒါမှအမေလည်း ပြောစရာရမှာလေ...။

ကျွန်မတို့ မိသားစုကို နွေးထွေးတဲ့မိသားစုအဖြစ် ရှုမြင်ခြင်းခံရသည်မှာ အမေကို ဦးစားပေးတာ၊ လေးစားချစ်ခင်တာလေးတွေ ရှိနေလို့ ဖြစ်ပါလိမ့်မည်။ မင်္ဂလာစတမ်း တွေးကြည့်လျှင်တော့ (ကျွန်မအားနည်းချက်) အမေ့ကို တကယ်လုပ်ပေးချင်တာ၏ ဆယ်ပုံမှာသုံးပုံလောက်ပဲ အနိုင်နိုင်ရှိနေပါသေးသည်။ သူများသားသမီးတွေ ကောင်းပေ့ဆိုတာတွေနှင့် မိဘကို ပူဇော်ကြသည့်အခါတိုင်း အားကျနေမိသည်။ အစကတည်းက ကိုယ်တိုင်ဖြည့်ဆည်းတည်ဆောက်မှု အားနည်းခဲ့တာကို မပြည့်စုံလို့ မလုပ်ပေးနိုင်တာပါလို့ ဆင်ခြေပေးရတာ ရှက်မိပါသည်။ ရှက်ရှက်နှင့် ဝန်ခံရလျှင်-

စောစောကသူများကို ကရုဏာသက်နေမိတဲ့ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သနားရမယ့်ကိန်းကို ဆိုက်သွားခဲ့ပါသည်။ ထိုခံစားချက်ကို ကျွန်မ အမေ့ကို ပြောပြမိတော့ အမေက ပြုံးနေသည်။ ပြီးတော့မှတန်ဖိုးကြီးလှသည့် စကားကို ပြောခဲ့သည်။

'လူဆိုတာ သူများကိုပေးချင်ရင် အရင်ဆုံး ကိုယ့်မှာရှိအောင် ဖြည့်ဆည်းထားဖို့ အရေးကြီးတယ်။ ကိုယ့်မှာမရှိဘဲနဲ့ ဘယ်လိုလုပ်ပေးမလဲ။

ပေးဖို့ခက်ခဲပြီပေါ့’ တဲ့။

ဘယ်မိဘမဆို တစ်ချိန်မှာ ငါတို့ခိုင်းစားရအောင်၊ မှီခိုရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သားသမီးကို ပြုစုပျိုးထောင်သူ မရှိသလောက် ရှားပါးပါသည်။ သို့ပေမယ့် အိုမင်းမစွမ်းချိန်ရောက်တဲ့အခါ၊ အားနည်းတဲ့အခါ အားကိုးချင်စိတ်ကလေးများ ဖြစ်ထွန်းလာတတ်သည်။ ဒါ သဘာဝကျပါသည်။ အဲဒီအချိန်အခါလေးမှာမှ သားသမီးက အားမကိုးရဘူးဆိုရင် ဘယ်လောက်များ အားငယ်ရှာမလဲ မသိပါ။

ကျွန်မတို့ ငယ်ငယ်တုန်းက ကိုယ်နှစ်သက်သည့် အရာကလေးတွေ မိဘကပေးလာရင် ကျွန်မတို့ ဘယ်လောက်ဝမ်းမြောက် ပျော်ရွှင်ခဲ့ကြပါသလဲ။ အလားတူ ပျော်ရွှင်နှစ်သိမ့်မှုမျိုး အမေအို၊ အဖေအိုတွေကို ပြန်ပေးဖို့ မကောင်းဘူးလား။ အိုမင်းမစွမ်းသူ လူကြီးသူမတွေဟာ ကလေးကြီးတွေလိုပါပဲ။ သူတို့၏ ကျန်ရှိသော ကာလငယ်ကလေးကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့ဟာ သားသမီးတာဝန်ပဲ။ လူသားတာဝန်ပဲ။ ကျွန်မတို့ ကျောင်းမှာ သင်ယူခဲ့ရတဲ့ ဆုံးမစာလေးကို လူတိုင်းသိကြမည် ထင်ပါသည်။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ
မွေခံထိုက်စေ၊ လျှုမျှဝေ၍
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်

ကျင့်ဖွယ်သားတို့တာ ဆိုသည့်စာ ဖြစ်ပါသည်။ အိုမင်းမစွမ်းဖြစ်နေသည့် မိဘအပေါ် ကျွေးမွေးပြုစုရမည့် ဝတ္တရားက ရှေ့ဆုံးမှာရှိနေပါသည်။ မိဘ၏ အရေးကိစ္စများ လက်ငုတ်လက်ရင်းများကို မိဘကိုယ်စား စီမံဆောင်ရွက်ပေးနိုင်သည့် သားသမီးများသည် မိဘအမွေခံယူထိုက်သူများ ဖြစ်ကြပါလိမ့်မည်။ ကိုယ်ပြုသမျှကုသိုလ်အမှုတို့၏ အဖို့ဘာဂတို့ကို မမေ့မလျော့စိတ်ဖြင့် အမျှပေးဝေခြင်းသည်လည်း ပြုရမည့်ဝတ္တရားတစ်ခု ဖြစ်ပါသည်။ ဆွေမျိုးမိဘ၊ ဘိုးဘွားတို့ ဆင်းသက်ခဲ့ရာ မိမိ၏မျိုးနွယ် ဂုဏ်သိက္ခာကို မပျက်စီးစေဘဲ ပိုမိုကောင်းမွန်တိုးတက်အောင် စောင့်ရှောက်ရမည်ကလည်း သားသမီးတိုင်း ဆောင်ရွက်ရမည့်တာဝန်တစ်ခု ဖြစ်၏။

သို့သော်··· ထိုသို့သော်က အရေးကြီးပါသည်။

ဖော်ပြခဲ့သော သားသမီးဝတ္တရားငါးမျိုးက ဒီအတိုင်း ပေါ့ပေါ့ဆဆ လုပ်ဆောင်လို့ မရနိုင်ပါ။ ကိုယ့်ဘက်က ထိုက်သင့်သည့် အသိဉာဏ်နှင့် ဆင်ခြင်တုံတရား လက်ကိုင်ထားနိုင်ဖို့ ငယ်စဉ်ကတည်းက ဖြည့်ဆည်းတည်ဆောက်မှု လိုအပ်သည်။ သို့မှသာ စေတနာတရား၊ မေတ္တာတရားတို့ကို လက်တွေ့ချပြနိုင်ခွင့်ရကြမှာ ဖြစ်၏။

ကျွန်မတို့၏ လူမှုပတ်ဝန်းကျင်တွင် စေတနာဘယ်လောက်ရှိရှိ တစ်စုံတစ်ရာသော အတိုင်းအတာဖြင့် ဖော်ပြနိုင်စွမ်းမရှိလျှင် အရာမထင်ဖြစ်ရတတ်သည်။ ရုပ်ဝတ္ထုမဟုတ်သော စေတနာ၊ မေတ္တာတရားများကို ရုပ်ဝတ္ထုအထောက်အထား (ငွေကြေး၊ ပစ္စည်းအကူအညီ)ဖြင့် ဖော်ပြပေးရတာတွေ ရှိတတ်ပါသည်။ ဒီကနေ့ခေတ်မှာ ပိုလို့ပင် လိုအပ်နေခဲ့၏။

မိတ်ဆွေဝတ္တရား၊ ဆွေမျိုးဝတ္တရားများ ကျေပွန်ပါကြောင်း၊ သိတတ်ပါကြောင်း ပြသဖို့ ရုပ်ဝတ္ထုအကူအညီတွေ ဖြည့်တင်းရသည်။ စေတနာတစ်သိန်းဖိုးလောက် ရှိနေပေမယ့် တစ်ရာဖိုးလောက်မှ ချမပြနိုင်လျှင် ခရီးမရောက်။ ထိုအခြေအနေမျိုးတွေ လောကမှာ အများအပြားရှိလို့ နေခဲ့ပါသည်။ရှောင်လွှဲလို့ မရနိုင်ကြပါ။

သားသမီးအပေါ် ဆင်စီးမြင်းရံစေလိုသော မေတ္တာတရားအပြည့်နှင့် အားဇိုက်ထုတ်ပေးခဲ့သော မိအိုဖအိုများကို ပြုစုရင်းက ကျွန်မတို့ငယ်ဘဝကို အမေတို့ အဖေတို့ ထူထောင်ပေးခဲ့ရတာလောက် မပင်ပန်းပါ။ ဆယ်ဖို့တစ်ဖို့ အတိုင်းအတာလောက် ပြန်ပေးဆပ်ရရုံလောက်သာ ရှိပါလိမ့်မည်။ ထိုမျှလောက်သော ကွက်လပ်ကလေးကိုမှ မစွမ်းနိုင်ခဲ့လျှင်၊ ပျက်ကွက်လျှင် ထိုသားသမီးအဖို့ ဘဝမှာ အညွန့်တလူလူဖြစ်ဖို့ မျှော်လင့်စရာမရှိ။ မရှိလို့ မလျှို မလျှိုလို့မရှိ သံသရာထဲမှာသာ ဝဲလည်လှည့်လို့ နေရတတ်၏။ ကျွန်မတို့ကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည်။ မြင်ရတွေ့ရတွေလည်း များလှပြီ။

ကိုယ့်မှာရှိနေပါလျက်က မပေးချင်၊ မကျွေးချင်သောသူများကို ခြွင်းချက်အဖြစ် ထားရစ်ပြီး လူငယ်များကို ပြောပြချင်ပါသည်။

စေတနာ၊ မေတ္တာအပြည့် ရှိပါလျက်က ချမပြနိုင်သည့် ဝေဒနာက အလွန်ဆိုးပါသည်။ ဒုက္ခလည်း ကြီးပါသည်။ ထိုအဖြစ်ကို မကြုံစေချင်၊ မတွေ့စေချင်ပါ။ ဘဝနှင့် ရင်းနှီးခဲ့ရသည့် စကားတစ်ခွန်းကိုလည်း ရိုးရိုးသားသား မျှဝေလိုက်ပါသည်။ ထိုစကားမှာ–

အရွယ်ရှိခိုက် ပညာနှင့် ဥစ္စာ နှစ်ခုစလုံး ဟန်ချက်ညီညီ ကြွယ်ဝတိုးတက်အောင် အားထုတ်တည်ဆောက်ကြပါ။ သို့မှသာ ကိုယ့်မိဘကို ပေးဆပ်ရချိန်နှင့် ကိုယ့်ပတ်ဝန်းကျင်ကို ဦးဆောင်သူဖြစ်လာချိန်၌ ပြည့်ဝသော ပေးဆပ်မှုကို စိတ်ရောကိုယ်ပါ ပေးဝေနိုင်လိမ့်မည်ဟူသောစကား ဖြစ်ပါသည်။

အနာဂတ်လူငယ်များကို တန်ဖိုးထားလျက်။

*နှင်းဆီအောင်*

# ဘယ်အနာဂတ်ကိုရွေးမှာလဲ

**သားအေးည**

ပြောင်းလဲချိန်တန်ပြီဟူသော ဆောင်ပုဒ်ဖြင့် မိမိတို့သည် အစိုးရသစ်တစ်ခုကို ရရှိခဲ့ကြပါသည်။ အစိုးရသစ်လက်ထက်တွင် တဖြည်းဖြည်းတော့ မိမိတို့အနာဂတ်တွေ ကောင်းမွန်လာမှာပဲဟု အများစုက တွေးထင်မျှော်လင့်နေကြပါသည်။ အချို့သော စာရေးဆရာနှင့် စာဟောဆရာတို့ကမူ အစိုးရက လုပ်ပေးတာကို မစောင့်မျှော်ဘဲ မိမိတို့ကိုယ်တိုင်သာ ကြိုးပမ်းအားထုတ်ကြရမည်ဟု ဆိုသူလည်း ရှိပြန်ပါသည်။ အမှန်မှာမူ တိုင်းပြည်တစ်ရပ်၏ အနာဂတ် ကောင်းမွန်ရေးကိစ္စသည် အစိုးရတစ်ခုတည်းအနေနှင့် မပြီးနိုင်သလို ပြည်သူလူထုက ကိုယ်ထူကိုယ်ထလုပ်နေခြင်းဖြင့်လည်း လိုအပ်သလောက် ခရီးမပေါက်နိုင်ပါ။ ပြည်သူလူထုက အရေးပါသလို အစိုးရကလည်း အရေးကြီးပါသည်။ အရေးကြီးသော ဆုံးဖြတ်ချက်နှင့် နည်းလမ်းကို ပေးစွမ်းနိုင်သူမှာ အစိုးရဖြစ်ပြီး ပူးပေါင်းပါဝင်လုပ်ဆောင်ဖို့ကမူ ပြည်သူလူထုတာဝန် ဖြစ်သည်။ ဤသို့ နှစ်ဦးနှစ်ဖက် ညီညွတ်စွာ အတူဆောင်ရွက်ကြိုးစားပါမှ မိမိတို့မျှော်လင့်သော အနာဂတ်က ကောင်းမွန်လာနိုင်ပါသည်။

လူ့သက်တမ်းတစ်ခုစာ နီးပါးမျှ မိမိတို့နိုင်ငံသည် အစစအရာရာ အောက်ကျနောက်ကျ ဖြစ်ခဲ့ရပါသည်။ အုပ်ချုပ်ပုံ အမှားများနှင့် နည်းမှားလမ်းမှားများအောက်တွင် ရှင်သန်ခဲ့ကြရပါသည်။ ထို့ကြောင့် အဖွဲ့အစည်း

အားလုံးတို့သည် ချို့ယွင်းချက်နှင့် အပြစ်အနာအဆာပေါင်း များစွာကို ရင်ဆိုင်နေကြရပါသည်။ မြန်မာပြည်တွင် အရေးကြီးသော အဖွဲ့အစည်းဖြစ်သည့် တပ်မတော်သည်လည်း နိုင်ငံတကာ၏ ဝေဖန်ပြစ်တင်မှုကို ခံနေရပါသည်။ ပြည်သူလူထု၏ မကြည်ဖြူမှုကိုလည်း ခံစားနေရပါသည်။ သူတို့၏ အနာဂတ်အတွက် ပြင်ဆင်ရတော့မည်ဆိုသည်ကို သူတို့ကိုယ်တိုင်လည်း သဘောပေါက်နေကြပါသည်။ စစ်သားတစ်ချို့မှာ စစ်တပ်မှ ထွက်ပြေးလိုနေကြပါသည်။ ပြည်သူလူထု၏ ကြည်ဖြူမှုကိုမရသော ဘဝကို ငြီးငွေ့နေကြပါသည်။ အမြင်ကျယ်သော၊ ပြည်သူလူထု၏ ကိုးစားယုံကြည်ခြင်းခံရသော နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်သော တပ်မတော်ကို တည်ဆောက်ရန်အတွက် စစ်တပ်အကြီးအကဲများကိုယ်တိုင် သူတို့အနာဂတ်ကို စိတ်ပူပန်နေကြပါသည်။ စစ်သားဆရာဝန်၊ စစ်သားအင်ဂျင်နီယာ၊ စစ်သားသူနာပြု စသည်အားဖြင့် တပ်မတော်အတွက် စာသင်ကျောင်းပေါင်းများစွာ ဖန်တီးခဲ့သည့်တိုင် ကျဉ်းမြောင်းသော အတွေးအခေါ်များကို သင်ကြားခဲ့ရသည့်အတွက် ဘာကိုမှ လက်ဆုပ်လက်ကိုင် မပြုနိုင်ဘဲ ဖြစ်နေကြရသည်။ ကျဉ်းမြောင်းသော ဝါဒရေးရာများကို မှတ်သားနေခြင်းဖြင့်လည်း မည်သည့် ပညာမျှ ကြီးမားကျယ်ပြန့်မှုသို့ မရောက်နိုင်ပါ။

အခြေခံမူလတန်းကျောင်းမှသည် တက္ကသိုလ်များအထိ တက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူများမှာလည်း နှစ်ပေါင်းများစွာ သင်ကြားရပါလျက် ဘာမျှ ဟုတ်တိပတ်တိမတတ်သောအဖြစ်ကို ခံစားနေကြရပါသည်။ တက္ကသိုလ်ကျောင်းသားအချို့သည် သူတို့အနာဂတ် ပညာရေးအတွက် ပညာရေးစနစ်နှင့် ပညာရေးဥပဒေများကို ဆန္ဒပြ သပိတ်မှောက်နေကြတုန်း ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများသည် ဆယ်စုနှစ်ကျော်ကြာအောင် အပင်ပန်းခံပြီး စာသင်ကြရပါသည်။ ဘဝ၏ ကျန်းမာလတ်ဆတ်သော အချိန်များကို စာသင်ခန်းထဲတွင် ကုန်ဆုံးစေခဲ့ကြရပါသည်။ သို့မျှလောက် အချိန်ကုန်ခံရသော်လည်း သူတို့သည် ပညာရေးနှင့်ပတ်သတ်သော ယုံကြည်

ချက်ကို မရရှိကြပါ။ သူတို့ဘဝ အသက်မွေးဝမ်းကြောင်းမှု အတွက်လည်း ဘာအာမခံချက်မှ မရရှိခဲ့ကြပါ။ ကိုလိုနီခေတ်ဝုန်းကထက်ပင် ဆိုးဝါးသော ပညာရေးစနစ်ကို သူတို့ရင်ဆိုင်နေကြရပါသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးက အလွန်အရေးကြီးကြောင်း ထပ်မံပြောပြဖွယ်လိုမည် မထင်ပါ။ ကျောင်းသားကျောင်းသူတို့၏ ပညာရေးဝေဝါးနေခြင်းသည် တိုင်းပြည်၏အနာဂတ် ဝေဝါးခြင်းပင်ဖြစ်ပါသည်။ သူတို့၏ပညာရေး ညံ့ဖျင်းမှုသည် တိုင်းပြည်အနာဂတ် ညံ့ဖျင်းမှုဖြစ်ပါသည်။ ထိုဝေဝါးညံ့ဖျင်းမှုများထဲမှ ရုန်းထွက်ရန်အတွက် အစိုးရသစ်သည် ပညာရေးမြှင့်တင်မှုလုပ်ငန်းကို စွမ်းစွမ်းတမံ လုပ်ဆောင်ရဦးမည် ဖြစ်ပါသည်။

ထိုနည်းမခြား အလားတူပင် မိမိတို့အနာဂတ်ကို တွေးပူနေသူပေါင်း မြောက်များစွာ ရှိနေကြပါသည်။ မြန်မာပြည်သမိုင်းတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သော သံဃာတော်များသည်လည်း သာသနာ၏ အနာဂတ်အလားအလာနှင့် ပတ်သတ်၍ စိတ်ပူပန်နေကြပါသည်။

ဦးသိန်းစိန်အစိုးရ တက်လာပြီးနောက်ပိုင်းတွင် ကောက်ယူခဲ့သော စစ်တမ်းများအရ ထိုငါးနှစ်အတွင်း လျော့ကျသွားသော သံဃာဦးရေမှာ တစ်သိန်းကျော်သည်ဟု ဆိုပါသည်။ ယခုထိတိုင်လည်း လူဝတ်ကြောင်သို့ ကူးပြောင်းသူ သံဃာအရေအတွက်မှာ များပြားနေဆဲသာ ဖြစ်ပါသည်။ ထိုသို့ လူဝတ်ကြောင်ဘဝကူးပြောင်းသူတို့ များပြားနေသော်လည်း သာသနာ့ဘောင်သို့ ဝင်ရောက်သူအရေအတွက်ကမူ နည်းပါးလှပါသည်။

ဤသည်မှာ စစ်အာဏာရှင်တို့လက်ထက်တွင် ပျက်စီးယိုယွင်းခဲ့ရသော သံဃာတော်တို့၏ ပညာရေးစနစ်နှင့် စိတ်ပိုင်းဆိုင်ရာတို့သည် အဓိကကျသောနေရာမှ ပါဝင်နေပါသည်။ အာဏာရှင်တို့သည် လာဘ်လာဘဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခြင်းဖြင့် သံဃာတော်တို့စိတ်ဓာတ်ကို ဖျက်ဆီးခဲ့သလို၊ အဖွဲ့အစည်းနှင့် အယူအဆကွဲပြားစေခြင်းဖြင့်လည်း ဖျက်ဆီးခဲ့ကြပါသည်။ ယခုထိတိုင် မြင်သာထင်သာရှိသော မဘသနှင့် ဒီမိုကရေစီ သံဃာအုပ်စု ကွဲပြားနေခြင်းမှာ အာဏာရှင်တို့လက်ချက်သာ

ဖြစ်ပါသည်။

သံဃာ့အကြီးအကဲများဟု ဆိုရမည့် နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ကိုယ်တိုင်ပင် ဝေဖန်မှုပေါင်းများစွာ မေးငေါ့မှုပေါင်းများစွာနှင့် ရင်ဆိုင်နေရပါသည်။ လက်ပံတောင်းတောင်တွင် သမိုင်းဝင်လယ်တီသိမ်ကို နေရာရွှေ့ပြောင်းစေခြင်းနှင့် ညအချိန်မတော်တွင် သန္တိသုခကျောင်းတော်ကို ဝင်ရောက်စီးနင်းဖမ်းဆီးမှု စသော အဖြစ်အပျက်ပေါင်းများစွာတို့သည် ဝေဖန်စရာ မေးငေါ့စရာ ဖြစ်ခဲ့ပါသည်။ လူတို့၏မကြည်ညိုမှုကို လက်ခံခဲ့ကြရပါသည်။

ထို့ကြောင့် သံဃာအချို့သည် သူတို့ဘဝကို စိတ်ကုန်လာကြပါသည်။ သူတို့သည် ဘုရားရှင်ဟောတော်မူသော ပါဠိပိဋကတ်စာပေများကို မကျက်မှတ်ရသေးမီ ကစ္စည်းသဒ္ဒါကြီး (ပါဠိဂရမ်မာ)၊ အဘိဓာနပ္ပဒီပိကာ (ပါဠိအဘိဓာန်) တို့ကို အာဂုံဆောင်ကျက်မှတ်ရခြင်းဖြင့် သူတို့ခွန်အားသည် ကုန်ခမ်းခဲ့ကြသည်။ ထို့ကြောင့် စစ်မှန်သော ပညာရေးကို သင်ယူမည် စဉ်းစားချိန်တွင် သူတို့၏ သဒ္ဓါ ဝီရိယ ဆန္ဒ-ယုံကြည်ချက် ကြိုးစားအားထုတ်မှုနှင့် မျှော်လင့်ချက်များသည် အားကုန်ခမ်းနှင့်နေပြီဖြစ်သည်။

ယခုအခါတွင် အမြော်အမြင်ရှိသော သံဃာတစ်ချို့မှာ သံဃာတော်တို့ ပညာရေးကို ပြင်ဆင်ရန် ကြိုးပမ်းအားထုတ်နေကြပါသည်။ လမ်းဆုံလမ်းခွ ရောက်နေသော သံဃာ့အဖွဲ့အစည်း၏ အနာဂတ်နှင့်ပတ်သတ်၍ ရတက်မအေး ဖြစ်နေကြပါသည်။ အစိုးရသစ်အနေဖြင့် အရေးတကြီး စိတ်ဝင်စားပေးရမည့်အထဲတွင် သံဃာတော်တို့ ပညာရေးနှင့် အနာဂတ်ရေးကလည်း ပါဝင်နေပါသည်။

အဘယ်ကြောင့်ဆိုသော် ကျေးရွာတစ်ခုတွင် ကျောင်းထိုင်ဘုန်းကြီးတစ်ပါးသည် ရွာဥက္ကဋ္ဌတစ်ယောက်ထက် ပို၍ သြဇာကြီးပါသည်။ ကျောင်းထိုင်ဘုန်းကြီး၏ ဟောပြောမှုသည် ရွာဥက္ကဋ္ဌ၏ ဟောပြောမှုထက် ပို၍ လူအများအပေါ် သက်ရောက်ပါသည်။ ထို့ကြောင့် ကျောင်းထိုင်ဘုန်းကြီး၏ အတွေးအခေါ်နှင့် ပညာရည်သည် ရွာဥက္ကဋ္ဌထက် ပိုမိုမြင့်မားနေဖို့ လိုအပ်ပါ

သည်။ သို့မှသာ ထိုရပ်ရွာ၏ အသိဉာဏ်ရည်ကလည်း တိုးတက်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ဘုန်းတော်ကြီးတို့ ပညာရေးသည်လည်း တိုင်းပြည်၏ အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။

ဤသည်မှာ အရေးကြီးသော အဖွဲ့အစည်းများနှင့် ပတ်သတ်၍ မြင်မိတာမျှသာ ဖြစ်သည်။ တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှု၊ စားဝတ်နေရေးနှင့် အလုပ်အကိုင်များအကြောင်း မပါသေးပါ။ **နိုင်ငံတစ်ခု**တွင် အရေးကြီးသည့် ဒေါက်တိုင်ဖြစ်သော စတုတ္ထမဏ္ဍိုင် ခေါ် **မီဒီယာတို့**၏ အခန်းကဏ္ဍ မပါသေးပါ။ ဖြစ်ချင်တိုင်း ဖြစ်နေသော တရား**စီရင်ရေး**လည်း မပါသေးပါ။

ဤအရာများကို မပြင်ဆင်ဘဲနှင့် မိမိတို့သည် **တောက်ပသော** အနာဂတ်ကို မရနိုင်ပါ။ သေချာသည်မှာ မိမိတို့သည် **ကိုယ့်အနာဂတ်ကို** ရွေးချယ်ကြရမည် ဖြစ်ပါသည်။

တစ်ယောက်နှင့်တစ်ယောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ **အပြစ်ပြောမနေ** ကြဘဲ ကြိုးစားရုန်းကန်နိုင်မှ မိမိတို့ရလဒ်တွေ ကောင်း**နိုင်မည်ဖြစ်သည်။**

အနာဂတ်သည် လူငယ်များဖြစ်သည် ဆိုကြပါစို့။ **ထိုလူငယ်များကို** စိန်စီရွှေချနိုင်ရန်အတွက် မိမိတို့မှာ စိန်တွေရွှေတွေ**ရှိနေဖို့ လိုအပ်ပါသည်။** မိမိတို့မှာ စိန်မရှိဘဲ စိန်စီ၍မရသလို၊ ရွှေမရှိဘဲ **ရွှေချ၍မရနိုင်ပါ။**

ထိုစိန်နှင့် ရွှေများကို ပညာဖြင့်ဝယ်ယူ၍ **မရနိုင်ကြောင်းကိုတော့** ဤစာရေးသူက ထပ်မံ၍ ခေါင်းလောင်းထိုးချင်ပါသည်**။**

***သာအေးညာ***

# သင်သည်မည်သို့သောလူငယ်နည်း

မောင်ကိုကို(အမရပူရ)

လူငယ်များသည် မိမိကိုယ်မိမိ မည်သို့ဖြည့်ဆည်းရမည်နည်း။ မိမိကိုယ်ထဲမှာ မည်သည့်အရာများကို စုဆောင်း သိမ်းရမည်နည်း။

ထိုသိမ်းထားမှုသည် မိမိအတွက် သက်သက်လား။ မိမိ မိသားစု အတွက်လား။ တိုင်းပြည်အတွက်ကော။

အလွန် စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ဤအတွက် ဦးကြည်မောင်၏ စကားတစ်ခွန်းကို ကျွန်တော် လက်ဆင့်ကမ်းလိုပါ၏။

စကားတစ်ခွန်းတော့ မဟုတ်ပါ။ ဦးကြည်မောင်၏ စကားအချို့၊ စကားတစ်စု ဖြစ်ပါသည်။

ဦးကြည်မောင်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ အထိန်းသိမ်းခံနေရစဉ် NLD ပါတီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)ကို ဦးဆောင်ခဲ့သူတစ်ဦး ဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် NLD အောင်ပွဲရအောင် အထူးခြားဆုံး ဦးဆောင်ခဲ့သူတစ်ဦး ဖြစ်၏။ ဦးကြည်မောင်သည် ၁၉၃၈၊ အတွင်းဝန်ရုံး ပိတ်ဆို့ဆန္ဒပြပွဲတွင် ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့ဖူး၏။ စစ်ကြီးဖြစ်ချိန်တွင် ဗမာ့တပ်မတော်သို့ ဝင်ခဲ့၏။ နောင် ဗိုလ်မှူးကြီးဖြစ်လာ၏။

သူသည် ၁၉၆၂ ခု စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့၏။ စစ်အစိုးရ၏ ဖမ်းဆီးထောင်ချမှုကို အကြိမ်ကြိမ်ခံခဲ့ရဖူး၏။

ဦးကြည်မောင်သည် ဒေါ်အောင်ဆန်းစုကြည်၏ ချစ်ခင်ယုံကြည်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့၏။ ဦးကြည်မောင် ကိုယ်တိုင်လည်း ဒေါ်အောင်ဆန်းစုကြည်အား သမီးအရင်းသဖွယ် ချင်ခင်ခဲ့၏။ ကူညီရိုင်းပင်းခဲ့၏။ ဦးကြည်မောင်သည် စစ်ဘက်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ သို့သော် စာပေနှင့် ဂီတကို ခုံမင်သူဖြစ်၏။ ဦးကြည်မောင်သည် စာပေကို ဆည်းပူးခဲ့၍သာ အတွေးအခေါ်ကောင်းသူ၊ သဘောထားကျယ်ပြန့်သူတစ်ဦး ဖြစ်ခဲ့ပါ၏။

သူသည် ဆန်ဖရန်စစ်စကိုမြို့သား ဂျာနယ်လစ်၊ စာရေးဆရာ၊ ဗုဒ္ဓဝါဒဆိုင်ရာကို အထူးလေ့လာသူ အဲလန်ကလီမင့် (ALAN CLEMENTS) နှင့် စကားပြောဖူးသည်။

A Conversation with U Kyi Maung ဟု အမည်ရ၏။

ဦးကြည်မောက်တစ်ယောက် ထောင်ခဏခဏ ကျခံရနေရာ နောက်ထပ် ထောင်ကျပြီး ထိုထောင်ကျမှုသည် ဘဝ၏ နောက်ဆုံးဖြစ်သွားလျှင်၊ တစ်နည်း ထောင်ထဲမှာ သေဆုံးသွားခဲ့လျှင် နောက်မျိုးဆက်သစ် လူငယ်များကို ဘာပြောချင်သနည်း ဟု အဲလက်ကလီမင့်က မေးခွန်းထုတ်ခဲ့၏။

"For the coming generation I would encourage them to emphasize two most important things, education, and to enrich themselves with a sense of history. Knowledge is essential"

ဟု ဦးကြည်မောင်က ဖြေကြားခဲ့၏။

"လာမယ့် မျိုးဆက်သည် လူငယ်တွေကိုတော့ အရေးကြီးဆုံးနှစ်ခုကို အထူးပြုလေ့လာဖို့ တိုက်တွန်းခဲ့ချင်ပါတယ်။

ပညာရေးနဲ့ သူတို့ကိုယ်တိုင် သမိုင်းကို စိတ်ဝင်တစား ခံစားတတ်ဖို့ပါပဲ။

သမိုင်းအသိပညာ ကြွယ်ဝအောင်လုပ်ရပါမယ်။
အသိပညာဆိုတာက မရှိမဖြစ် လိုအပ်ချက်ပါ။
လူငယ်တွေဟာ ဗမာပြည်အကြောင်း လေ့လာရမယ်။
ကျွန်တော်တို့တိုင်းပြည်ရဲ့ သမိုင်းကြောင်း၊ ကျွန်တော်တို့ရဲ့ ပြည်သူ

လူထု၊ ကျွန်တော်တို့ရဲ့ လောကကြီးအကြောင်း၊ ကျွန်တော်တို့ကမ္ဘာကြီး၊ အခြားကမ္ဘာ… လေ့လာဆည်းပူးရပါမယ်။ အဲဒီလို လေ့လာဆည်းပူးမှုတွေဟာ လူငယ်တွေရဲ့ ဘဝပုံဖော်မှုကို အထောက်အကူပြုပါလိမ့်မယ်"

ဦးကြည်မောင်၏ အဖြေစကား ဖြစ်ပါသည်။

လူငယ်များ ပညာဆည်းပူးပါ။ ထို့ပြင် စာဖတ်ပါ။ သမိုင်းကို နားလည်အောင် လုပ်ပါ။ ကမ္ဘာကို နားလည်အောင်လုပ်ပါ။

လူငယ်များသည် မိမိဘဝကို မိမိကိုယ်တိုင် ထုဆစ်ကြမည်။ ထိုသို့ ထုဆစ်ရာတွင် ပညာဆည်းပူးထားသော လူငယ်က ရုပ်ပုံပေါ်လွင်မည်။ တိကျ ကျနမည်။ ထို့ပြင် ကမ္ဘာကြီးကိုလည်း မိမိပညာ၊ မိမိအသိဖြင့် ကျေးဇူးပြုနိုင်ပါလိမ့်မည်။

ဦးကြည်မောင်၏ စကားအတိုင်း လိုက်နာပါ၊ ကျင့်သုံးပါဟု ကျွန်တော် ပြောလိုပါသည်။

လူငယ်များသည် ပညာကိုဆည်းပူး၍ ပညာတတ်ဖြစ်အောင် ကြိုးစားဖို့ လိုသလို လူသားချင်းစာနာတတ်အောင်၊ ကမ္ဘာကိုနားလည်အောင် ကမ္ဘာကို ကျေးဇူးဆပ်နိုင်အောင်အပြင် စာအုပ်များဖတ်ရှုရန် လိုအပ်ကြောင်း၊ အထူးသဖြင့် အတ္ထုပ္ပတ္တိစာပေကို ဖတ်ရှုရန် လိုအပ်ကြောင်း၊ အပျော်ဖတ်ထက် အတ္ထုပ္ပတ္တိစာပေ၊ လူသားအကျိုးပြုစာပေကို ဖတ်ရှုရန်လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကလည်း မကြာခဏ ပြောကြားခဲ့၏။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အောက်စဖို့(ဒ်)ကဲ့သို့သော တက္ကသိုလ်ကြီးများတွင် ပညာကိုဆည်းပူးခဲ့သကဲ့သို့ စာကြည့်တိုက်များစွာတွင် အပြင်စာအုပ်များစွာ (ဝတ္ထုကြီးများ အပါအဝင်)ကို ဖတ်ရှုခံစားခဲ့၍သာ ငြိမ်းချမ်းရေး နိုဘယ်ဆုကဲ့သို့သော ဆုကြီးမျိုးကို မြန်မာပြည်သူတစ်ဦး အနေနှင့် ရရှိခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ယခုအခါမှ ကမ္ဘာမှာ ကျော်ကြားခဲ့၏။

"အခုတော့ နိုင်ငံရေး ရာသီဥတု အပြောင်းအလဲကြောင့် နိုင်ငံရေးထဲမှာ လူငယ်တွေလည်း ပါဝင်လာကြပါတယ်။ ကမ္ဘာ့စံနှုန်းနဲ့အညီ လူငယ်

အဖွဲ့အစည်းတစ်ခုဖြစ်အောင် ထူထောင်ရပါတော့မယ်။ ဒီမိုကရေစီအရေး၊ နိုင်ငံရေးအတွက် ပါဝင်အကျိုးဆောင်တဲ့ လူငယ်တွေ အားကောင်းလာပါတော့မယ်''

ဒေါ်အောင်ဆန်းစုကြည် မျှော်မှန်းသောလူငယ် ဖြစ်ပါသည်။

လူငယ်များသည် မိမိကိုယ်မိမိ ပညာဖြည့်ဆည်းရမည်။

တိုင်းပြည် တိုးတက်ပြောင်းလဲရေးမှာလည်း မိမိနှင့် မိမိပညာဖြင့် ပါဝင်လှုပ်ရှားရမည် ဖြစ်ပါသည်။

ဤသည်မှာ ဒေါ်အောင်ဆန်းစုကြည်က မျှော်လင့်ကြိုဆိုသော လူငယ်များ ဖြစ်ပါသည်။

***မောင်ကိုကို(အမရပူရ)***

# လုလင်၊လုံမတို့နဲ့အနာဂတ်

**မသီတာ - စမ်းချောင်း**

လူငယ်တို့သဘာဝဆိုပြီး အစွန်းရောက်စိတ်၊ အကြမ်းဖက်စိတ်ကို ညွှန်းဆိုလိုက်တဲ့ စကားတစ်ခွန်းကြောင့် လုလင်တွေ လုံမတွေ ခံစားပေါက်ကွဲခဲ့ရပါတယ်။ လူတိုင်းဟာ လူငယ်ဘဝကို ဖြတ်သန်းပြီးမှ လူကြီးဖြစ်လာခဲ့ကြပေမယ့် ကိုယ်တိုင်က လူကြီးဖြစ်သွားတဲ့အခါ ကိုယ်ငယ်ခဲ့ဖူးတုန်းက ခံစားချက်တွေကို မေ့သွားတတ်ပြီး အမှားအယွင်း ချို့ယွင်းချက်တခ်ခုခု ဖြစ်လိုက်တာနဲ့ ဒါ ငယ်သေးလို့ဖြစ်ရတာ၊ လူငယ်မို့ မှားတာဆိုတာမျိုး တွေးထင်တတ်ကြပါတယ်။ ဒီလိုတွေးတာဟာ မှန်ကန်တယ်လို့ မဆိုနိုင်ပေမယ့် လူငယ်ဘဝမှာ မှားယွင်းဆိုးသွမ်းနေရင် လူကြီးဘဝမှာ အခြေအနေမကောင်းတတ်တာကိုတော့ အများစုက လက်ခံထားကြပြီးသားပါ။ တနည်းအားဖြင့်တော့ ငယ်တုန်းကမှ မအိုကေရင် ကြီးလာလည်း အိုကေဖို့ခက်မယ်လို့ အများက မြင်ပါတယ်။ ဒီအမြင်ကတော့ အတော်လေးမှန်တယ်လို့ ဆိုနိုင်တဲ့ အမြင်ပါပဲ။

အမူအကျင့်တို့ အပြောအဆိုတို့ ဆိုတာ အတွေးအကြံပေါ် အခြေခံပြီး ဖြစ်ကြရတာကိုး။ အတွေးအကြံဆိုတာမျိုးက ပြောင်းလဲဖို့ အတော်ခက်တဲ့ အနေအထားမှာ ရှိပါတယ်။ အမူအကျင့်တို့ အပြောအဆိုတို့က လူတစ်ယောက်ရဲ့အသက်အရွယ်တို့ ပတ်ဝန်းကျင်အနေအထားတို့ကို မူတည်ပြီး ပြောင်းလဲသွားတတ်ပါတယ်။ ဆိုပါတော့ မြန်မာ့မြေမှာနေထိုင်စဉ် အမှိုက်ကို စည်းကမ်းတကျ ပစ်လေ့မရှိတဲ့ အမူအကျင့်၊ ထစ်ခနဲရှိ ဆဲဆိုအော်ဟစ်တတ်တဲ့ အပြောအဆိုနဲ့နေတဲ့ လူတစ်ယောက်ဟာ အင်မတန် စည်းကမ်းကြီးတဲ့ နိုင်ငံတစ်ခုခုကို ခဏသွားလည်တဲ့အခါမှာတော့ အဲဒီနိုင်ငံရဲ့ ဥပဒေတွေအရ အရေးယူခံရပြီး ထောင်ဒဏ်၊ ငွေဒဏ်တွေကို ကြောက်တာမို့ အမှိုက်ကိုလည်း

စနစ်တကျ ပစ်သလို ပါးစပ်လည်း စည်းကမ်းရှိရှိ ပြောဆိုတာမျိုး လုပ်တတ်ပါတယ်။ ဒါဟာ အရေးယူခံရမှာစိုးရိမ်လို့သာ ဖြစ်ပြီး သူ့အတွေးအကြံထဲမှာ သူ့ရဲ့နဂိုမူလအပြုအမူနဲ့ အပြောအဆိုတွေဟာ မကောင်းလို့ မသင့်တော်လို့ ဆိုတာမျိုး ပြောင်းလဲတွေးကြံသွားတာမျိုး မဟုတ်ပါဘူး။ အဲဒီလိုပဲ အသက်အရွယ်ရလာတဲ့အတွက် ကိုယ့်ဝန်ကိုယ်ထမ်းရတာ လေးပင်လာတဲ့အတွက် ထစ်ခနဲရှိ အကြမ်းဖက်လိုက်မယ်၊ အဆဲဖက်လိုက်မယ် ဆိုတာမျိုးကို မလုပ်ကြတော့ပေမယ့် သူ့အတွေးထဲမှာတော့ အဲဒီလို ပြောဆိုပြုမူခဲ့တာတွေအပေါ် မှားတယ်လို့မအောက်မေ့ဘဲ အသက်ရသွားလို့ပေါ့ကွာ၊ ငယ်တုန်းကဆို ဘယ်လိုလုပ်ပစ်မှာလို့ပဲ တသသ တွေးနေတာမျိုး ရှိနိုင်ပါတယ်။ ဒါကြောင့် အတွေးအကြံဟာ လူတစ်ယောက်အတွက် အရေးအကြီးဆုံးပါပဲ။ အတွေးအကြံကသာ လူတစ်ယောက်ကို ဘယ်လိုလူလည်းဆိုတာ အဆုံးအဖြတ်ပေးပါတယ်။

ဒီတော့ အသက်ကြီးပြီး အချိန်မစီးဘူးလို့ ပြောကြတဲ့အခါ အဲဒီလူဟာ အရွယ်သာကြီးရင့်လာပေမယ့် အပြုအမူနဲ့ အပြောအဆိုတွေ ရင့်ကျက်မလာဘူး။ အသုံးကျမလာဘူးလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလူအနေနဲ့ အချိန်မစီးရတဲ့ အဓိကအကြောင်းရင်းကတော့ အတွေးအကြံ၊ အတွေးအမြင်အရာမှာ ချွတ်ခြုံကျခြင်းပါပဲ။ တကယ်တော့ လူငယ်မှ အကြမ်းဖက်တတ်တာ အစွန်းရောက်တတ်တာ မဟုတ်ပါဘူး။ ဘဝကို ရင့်ကျက်စွာဖြတ်သန်းမှုမရှိသူတိုင်းက အကြမ်းဖက်၊ အစွန်းရောက်တတ်တာပါပဲ။ ဦးနှောက်မှာ အတွေးအကြံ၊ အတွေးအမြင်ကောင်းတစ်ခုခုကို ကောင်းမကောင်း၊ သင့် မသင့် ဆိုပြီး လူ့ကျင့်ဝတ်စံနှုန်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ချိန်ဆကာ မတွေးကြံနိုင်တဲ့သူအများစုဟာ အစွန်းရောက်သွားတတ်ပါတယ်။ ဒီလိုပဲ ဉာဏ်ရည်နဲ့ နှလုံးရည်မရှိသူတွေဟာ လက်ရုံးရည်ကိုပဲ အားကိုးနိုင်တာမို့ အကြမ်းဖက်တတ်တာပါပဲ။ အဲဒီအတွက် အသက်အရွယ်က အရေးမကြီးပါဘူး။ ငယ်သူတွေက လက်ရုံးရည်ကို ပိုအသုံးချနိုင်တာသာရှိပြီး လူကြီးတွေအဖို့ အကြမ်းဖက်ဖို့အတွက် လက်ရုံးရည်က မစွမ်းတဲ့တိုင် သူ့စိတ်နှလုံးမှာ အစွန်းရောက် အကြမ်းဖက်လိုတဲ့ အတွေးအကြံမျိုးရှိနေပြီဆိုရင်

လက်ရုံးရည်စွမ်းနိုင်တဲ့ တပါးသူကို ခိုင်းစေတတ်ကြတာပါပဲ။ ဒါကြောင့် အကြမ်းဖက်မှု၊ အစွန်းရောက်စိတ် ဆိုတာမျိုးဟာ လူငယ်မှာသာရှိတယ်လို့ မပြောနိုင်ပါဘူး။ လူတစ်ယောက်အဖို့ အသက်အရွယ်သာကြီးလာပြီး အဲဒီလို အရိုင်းစိတ်တွေကို မွေးထားရင် အဲဒီလူဟာ လောကကြီးအတွက် ကမ္ဘာမြေကြီးအတွက် တန်ဖိုးတစ်စုံတစ်ရာကို ပေးစွမ်းနိုင်မှာ မဟုတ်တော့ပါဘူး။ အဲဒါကြောင့် အဲဒီလိုလူတွေကို အချိန်မစီးသူတွေလို့ ပြောကြပါတယ်။

အပြုအမူနဲ့ အပြောအဆို ဆိုတာ အတွေးအကြံပေါ်မှာ တည်မှီနေတယ်လို့ လက်ခံထားကြတာမို့ လူတစ်ယောက်အချိန်စီးဖို့ဆိုရင် ပျိုးထောင်ရမှာဟာ အတွေးအကြံဆိုတာ ပိုပြီးသေချာပါတယ်။ ဒါပေမယ့် အပြုအမူနဲ့ အပြောအဆိုကို စနစ်တကျ ပျိုးထောင်နိုင်ရင်လည်း အဲဒီလိုပျိုးထောင်ရင်းကနေ အတွေးအကြံတွေ ပြောင်းလဲသွားနိုင်ပါတယ်။ အစွန်းရောက် အကြမ်းဖက်အပြုအမူနဲ့ အပြောအဆိုတွေကို ဥပဒေကြောင်းအရရော လူ့ကျင့်ဝတ်အရပါ လုံးဝလက်မခံဘူးဆိုတာ အထင်အရှား ပြသကျင့်သုံးနေတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းရှင်သန်ရတဲ့အခါ လူတစ်ယောက်ဟာ တစစနဲ့ သူ့ရဲ့အစွန်းရောက် အကြမ်းဖက်လိုတဲ့ အတွေးအကြံကို အလိုလို စွန့်လွှတ်သွားနိုင်ပါတယ်။ ဒါကြောင့် ငယ်ရွယ်စဉ်ကတည်းက အဲဒီလို အပြုအမူ၊ အပြောအဆိုတွေကို လူ့ကျင့်ဝတ်တွေနဲ့အညီသာ ပြုမူပြောဆိုနိုင်မယ့် ပတ်ဝန်းကျင်မျိုးထဲမှာ ပျိုးထောင်ပေးမယ်ဆိုရင်တော့ သူတို့ကြီးလာတဲ့အခါ အချိန်စီးတဲ့လူတွေအဖြစ် မြင်ကြရမှာ သေချာပါတယ်။ ဒါကြောင့် လုလင်နဲ့ လုံမတွေကို အချိန်စီးတဲ့လူကြီးအဖြစ် ပြောင်းလဲရင့်ကျက်သွားတာကို မြင်ချင်ကြရင် အဲဒီ လုလင်နဲ့ လုံမတွေကိုချည်း ပြုပြင်ပါ၊ လိမ္မာပါ ဆိုပြီး ဖိထောင်းလို့ မဖြစ်နိုင်ပါဘူး။ လက်ရှိရှိနေတဲ့ လူကြီးတွေကပါ ကိုယ့်ရဲ့အချိန်မစီးစေမယ့် အတွေးအကြံတွေကို ပြန်လည်သုံးသပ်ပြီး အနာဂတ်အတွက် အလားအလာရှိနေတဲ့ လုလင်တွေ လုံမတွေအတွက် အကောင်းဆုံးပတ်ဝန်းကျင်ကို ကိုယ့်ရဲ့ အပြုအမူ အပြောအဆိုကောင်းတွေနဲ့ ဝိုင်းဝန်းသိုင်းဝိုင်းဖန်တီးပေးကြဖို့လည်း လိုအပ်ပါတယ်။

အဲဒီလိုဖြစ်နိုင်အောင် လူငယ်ဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် လုပ်နိုင်တာ

တစ်ခုကတော့ စာဖတ်ခြင်းပဲ ဖြစ်မှာပါ။ ဘယ်ဘာသာစကားနဲ့ ရေးထားတဲ့ စာဖြစ်ပါစေ၊ ဘယ်အချိန်က ဘယ်နေရာမှာ ဘယ်သူတွေအတွက် ရည်ရွယ်ပြီး ရေးထားတာ ဖြစ်ပါစေ၊ စာမှန်ရင် အားလုံးဖတ်ကြဖို့ လိုပါတယ်။ ကောင်းတဲ့အတွေ့အကြုံနဲ့ အတွေးအကြံကို သင်ယူဖို့လိုသလို မကောင်းတာတွေကို ရှောင်ရှားဖို့လိုတယ်ဆိုရင် မကောင်းတာကို ကိုယ်တိုင် စမ်းသပ်ကြည့်ပြီးမှ သိရမယ့်အစား တခြားသူတွေရဲ့ ဘဝအတွေ့အကြုံနဲ့ အတွေးအကြံတွေကို ရေးသားထားတဲ့ စာပေတွေကိုဖတ်ပြီး သိနိုင်ကြတာမို့ ကိုယ့်အတွက် အချိန်တိုတိုနဲ့ အကျိုးရှိစေမှာကတော့ စာဖတ်ခြင်းပါပဲ။ စာပေမှာ လူ့ဘဝအတွေ့အကြုံနဲ့ အတွေးအမြင်တွေကို ထဲထဲဝင်ဝင် ရေးသားထားတဲ့ ရသစာပေတွေဖြစ်တဲ့ ကဗျာ၊ ဝတ္ထုတွေကို ဖတ်တာက စာဖတ်သူတွေရဲ့ အတွေးအကြံရင့်ကျက်မှုကို အားပေးပါတယ်။ အတွေးအကြံရင့်ကျက်သူဟာ အသက်အရွယ်အရ ငယ်ချင်ငယ်မှာဖြစ်ပေမယ့် အပြုအမူ၊ အပြောအဆိုအရာမှာလည်း ရင့်ကျက်တာမို့ လူငယ်ချင်းကြားမှာ ဖြစ်စေ၊ လူကြီးတွေကြားမှာဖြစ်စေ တင့်တယ်နေမှာ သေချာပါတယ်။ တနည်းအားဖြင့်တော့ ပညာရဲရင့်ပွဲလည်တင့် ဆိုတာ အတွေးအကြံရင့်ကျက်မှုရှိတဲ့ ပညာကို ပိုပြီး ဆိုလိုပါတယ်။ ဘွဲ့လက်မှတ်ကပေးတဲ့ပညာကို ဆိုလိုတာချည်း မဟုတ်ပါဘူး။ တကယ်တော့ လူငယ်တွေရဲ့ဘဝကို စိန်နဲ့စီထားဖို့ဆိုရင် စာဖတ်ဖို့ လိုပါမယ်။ စာပေကပေးတဲ့ အတွေးအမြင်ဟာ ကိုယ့်တကိုယ်ရည် အတွေ့အကြုံအပေါ်မှာသာ မှီတည်ထားတာ မဟုတ်တော့ဘဲ တကမ္ဘာလုံးက အသက်အရွယ်မျိုးစုံ သက်မွေးပညာမျိုးစုံနဲ့ ဘဝအတွေ့အကြုံမျိုးစုံရှိသူတွေရဲ့ အတွေ့အကြုံနဲ့ အတွေးအကြံအပေါ်မှာပါ မှီတည်ထားတဲ့အတွက် အင်မတန် ရင့်ကျက်တဲ့ အတွေးအကြံမျိုး ဖြစ်ပါတယ်။ စာဖတ်ခြင်းဟာ လူငယ်တွေ အတွက်ရော လူကြီးတွေအတွက်ပါ စိတ်နှလုံးနဲ့ ဦးနှောက်ကို စိန်စီခြင်းပါပဲ။

ဒါကြောင့် လုလင်နဲ့ လုံမတွေရဲ့ အနာဂတ်မှာ အချိန်စီးတဲ့လူကြီးတွေ ဖြစ်ဖို့ဆိုရင် လူငယ်ဘဝကို စာဖတ်ခြင်းဖြင့် စိန်စီကြဖို့ လိုမယ်လို့ တိုက်တွန်းလိုပါတယ်။

***မသီတာ-စမ်းချောင်း***

# စမ်းနှင့်ကာမ်း

**သကျူးနွယ်(ရွှေပင်လယ်)**

စာပေခရီးသွားများစာပေက ဆရာမ ခင်လန်းဆန်း စာမူတောင်းထားတာကြာပြီ။ မရေးရသေး။ မရှိတဲ့အလုပ်ကို ပတ်ချာလည်အောင် ရှုပ်ပြနေတာပါ။ ဒါနဲ့ မရေးရသေး။

တစ်နေ့ သင်တန်းကအပြန် လက်ဖက်ရည်ဆိုင်ထိုင်ကြတော့ အတန်းဖော်သူငယ်ချင်းများ ပြောပြသော အကြောင်းအရာများသည် စိတ်ဝင်စားစရာကောင်းသည်။ စိန်စီမယ့် လူငယ်တွေအတွက် အရေးပါသော အကြောင်းအရာတစ်ခုဟု ထင်သောကြောင့် နားထောင်နေမိသည်။ သူပြောသော အကြောင်းအရာများသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဆရာဆိုတဲ့ဝေါဟာရနဲ့ ပတ်သတ်လို့ ဖွင့်ဆိုချက်လေးတွေ နည်းနည်း ပြောပါ့မယ်။ လေ့လာအားရှိသလောက်ပေါ့"

ဂရုတိ-သိဋ္ဌတိ ဂရုတိ ဝမတိဝါ သိသေသု သိနေဟန္တိဂရု-အာစရိယော။ (ဏွာဒိမောက်-၂)

တပည့်ထောင်သောင်း၊ မှီသူပေါင်း၌၊ ချစ်မေတ္တာဓာတ်၊ ထွေးအံ့တတ်၊ ဆရာမြတ်ဟုခေါ်။

တပည့်အပေါင်းတို့အပေါ်မှာ ချစ်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာတရားတွေကို သွန်းလောင်းပေးတတ်၊ ထွေးအန်ပေးတတ်လို့ ဆရာဟုခေါ်တယ်တဲ့။

သိဿနံ ဟိတံ အာစရတီတိ အာစရိယော။ (ဓာန် ဋီ-၄၁၀)

တပည့်အပေါင်း၊ ကြီးပွားကြောင်းကို ကောင်းစွာမပြတ်၊ ကျင့်ပေတတ်၊ ဆရာမြတ်ဟုခေါ်။

တပည့်အပေါင်းတို့ အကျိုးစီးပွားချမ်းသာ တိုးတက်စေဖို့အတွက် မပြတ်ကျင့်ပေးတတ်လို့ ဆရာလို့ခေါ်တယ်တဲ့။ နတ်နှင့်တကွ လောကကို အကျင့်ကိုကျင့်စေတတ်၊ သင်ကြားပေးတတ်လို့ ဆရာလို့ ခေါ်တယ်တဲ့။ (အံ ဋီ-၃/၂၅၅)

အကျင့်တို့ကို သင်ကြားပေးတတ်သောကြောင့် မိဘနှစ်ပါးကို ဆရာလို့ ခေါ်တယ်တဲ့။ (ဇာ ဋ္ဌ-၄/၁၈၀)

မန်လည်ဆရာတော်ဘုရားကြီးကတော့ မဃဒေဝမှာ "ရှေးရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့"လို့ မိန့်ဆိုထားပါတယ်။

မြန်မာအဘိဓာန်မှာတော့ ဆရာကို-

၁။ ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသူ။

၂။ လုပ်ငန်းခွင်တစ်ရပ်ရပ်တွင် ကျွမ်းကျင်လိမ္မာသူ။

၃။ ယဉ်ကျေးသမှုဖြင့် ခေါ်သော စကားလုံးကို ဖွင့်ဆိုထားတယ်။

တစ်ချို့က ဆရာကို အသံခပ်ဝဲဝဲနဲ့ 'ဆယာ'လို့ခေါ်တတ်ကြတယ်။ ဒါလည်း မှန်ပါတယ်။ ဆရာအရိပ် နားခိုးသူအပေါင်းကို အေးမြစေတယ်။ အရိပ်နဲ့ပတ်သက်လို့ လောကနီတိ ဆရာရဲ့အဆိုအမိန့်တစ်ခု ရှိတယ်လေ။

လောက၌ သစ်ပင်အရိပ်သည် ချမ်းသာ၏။ ထိုသစ်ပင်၏ အရိပ်ထက် မိဘဆွေမျိုးများ၏ အရိပ်သည် ချမ်းသာ၏။ ထိုမိဘဆွေမျိုးတို့၏ အရိပ်ထက် ဆရာ၏အရိပ်သည် ချမ်းသာ၏။ ထိုဆရာ၏အရိပ်ထက် မင်း၏ အရိပ်သည် ချမ်းသာ၏။ ထိုမင်း၏အရိပ်ထက် မြတ်စွာဘုရား၏အရိပ်

ဖြစ်သော တရားသည် ချမ်းသာ၏တဲ့။

ဒါက ဆရာဆိုကဲ့ ဝေါဟာရနဲ့ပတ်သတ်လို့ ကိုယ်သိထားတဲ့ ဖွင့်ဆို ချက်လေးတွေပါ။ ကိုယ်မသိသေးတဲ့ လက်လှမ်းမမီတဲ့ ဖွင့်ဆိုချက်လေးတွေ လည်း ရှိသေးမှာပါ''ဟုဆိုက သူငယ်ချင်းက စကားဖြတ်၍ စားပွဲထိုး ကောင်လေး လာချပေးသော ကျဆိမ့်လက်ဖက်ရည်ခွက်ကို မိမိဘက်သို့ယူ ပေးသည်။ အထက်ပါစကားများကို ပြောဆိုသော သူငယ်ချင်းက စကား မဆက်တော့။

နောက်သူငယ်ချင်းတစ်ယောက်က''တစ်ခါက ဆိုပါစို့။ ကြည်လင် အေးမြနေတဲ့ စမ်းချောင်းလေးတစ်ခုရှိတယ်။ စမ်းချောင်းလေးဟာ ပတ်ဝန်း ကျင် အလှအပအပေါ် ခင်မင်တွယ်တာပြီး အလှမှိုင်းမိနေသတဲ့။ သူ့ဘေးမှာ သာယာချိုအေး သံစဉ်တေးဆိုတတ်တဲ့ ကျေးငှက်လေးတွေလည်း ရှိတယ်။ တောကြီး၊ မြိုင်ကြီး ဂနိုင်ကြီးတွေလည်း ရှိတယ်။ ရောင်စုံပန်း လှလှနုနု ကြွကြွလေးလေးတွေလည်း ရှိတယ်။ ဒီတော့ စမ်းချောင်းလေးက ပတ်ဝန်း ကျင် သဘာဝ အလှအပအပေါ်မှာ ပျော်ရွှင်ယစ်မူးနေတာပေါ့။ ပြီးတော့ သူ့ဘဝကို လွတ်လပ်မှုဝတ်ရုံနဲ့ ခြုံလွှမ်းထွေးပိုက်လိုသတဲ့။

ဒါပေမယ့် သူ့ရဲ့အတိုင်းအဆမရှိတဲ့ လွတ်လပ်ပျော်ရွှင်မှုကို နံဘေး ဝဲယာက ကမ်းစပ်လေးတွေက ထိန်းချုပ်ထားတယ်။ ကမ်းစပ်လေးတွေက သူ့ရဲ့စီးဆင်းမှု ဂီတသံစဉ်ကို နားဆင်ရင်း သူ့ဘဝသာယာလှပရေး ပန်းတိုင် အရောက် စီးဆင်းနိုင်ရေးအတွက် ဘောင်ခတ်ပေးနေတယ်။ ဒါကို စမ်းချောင်းလေးက မကျေနပ်ဘူး။ သူ့ကို ချုပ်ချယ်တယ်။ သူ့ရဲ့ပျော်ရွှင် လွတ်လပ်မှုကို ဖျက်ဆီးနေတယ်လို့ ယူဆတယ်။ ဒီတော့ ချုပ်ချယ်မှုအောက် က လွတ်မြောက်အောင်...

ရုန်းကန်ဘယ် ...

လှုပ်ရှားတယ် ...

တိုးဝှေ့တယ် ...

တိုက်ခိုက်တယ် ...

ကမ်းစပ်လေးကို တစ်စစီပဲ့ကြွေကျစေပြီး သူ့ရဲ့လွတ်လပ်မှုနယ်မြေသစ်ကို ချဲ့ထွင်တော့တယ်။

ဒါပေမဲ့ ကမ်းစပ်လေး အပြုံးမပျက်ပါဘူး။ စမ်းချောင်းလေးအပေါ် စေတနာ မေတ္တာမပျက် ထိန်းသိမ်းစောင့်ရှောက်ပေးနေဆဲပါ။ ဒီလိုနဲ့ပဲ စမ်းချောင်းလေးဟာ ဧရာဝတီမြစ်ကြီးထဲကို ရောက်သွားခဲ့တယ်။ ဧရာဝတီမြစ်ကြီးထဲ လွတ်လပ်သင့်သလောက် လွတ်လပ်ပေမယ့် နံဘေးကမ်းနှစ်ခုကို အမှီပြုစီးဆင်းနေရလို့ သူသဘောမကျပြန်ဘူး။ လွတ်လွတ်လပ်လပ် ပတ်ဝန်းကျင်အလှအပမှာ ယစ်မူးနေလိုတဲ့ စမ်းချောင်းလေးဟာ ကမ်းနှစ်ခုကြားမှာ မနေချင်တော့ပြန်ဘူး။ ဒီတော့ ကမ်းနှစ်ဘက်ကို ဦးခေါင်းခြေလက်တွေနဲ့ တွန်းထိုးကန်ကျောက်တယ်။ ကမ်းနှစ်ဖက်ကို တစ်စစီကြွေကြွေကျစေပြီး နယ်မြေသစ်ကို ဖွင့်ပြန်တယ်။

**ဒါပေမဲ့ ကမ်းနှစ်ဖက်ကတော့ နားလည်ခွင့်လွှတ်မှု အပြုံးများနှင့်ဆီးကြိုပြီး** အကြင်နာလက်နဲ့ ပွေ့ဖက်ထားတယ်။ **မုန်းတီးမှုဒဏ်တွေကို** ကျေကျေနပ်နပ်ခံယူပြီး အောင်မြင်မှုပန်းတိုင်ဆီ **မရောက်ရောက်အောင် ထိန်း**ကျောင်းတည့်မတ်ပေးလိုက်တာ စမ်းချောင်းလေးဟာ **ဧရာဝတီမြစ်မှတစ်ဆင့်** ပင်လယ်ကြီးထဲကို ဝင်ရောက်စီးဆင်းသွားနိုင်ခဲ့တယ်။ **သူ့ဘဝ လွတ်လပ်မှုနဲ့** အတူ လှုပ်ရှားလူးလွန့်နိုင်တယ်။ ဒါပေမဲ့ သူရင့်ကျက်နေတယ်။ **အဲဒီအချိန်မှာ** သူ့ဘေးနားတွင်မှာ

သူ မုန်းတီးခဲ့တဲ့

သူ မမြင်လိုခဲ့တဲ့

သူ အမျိုးမျိုးဆိုးနွဲ့ခဲ့တဲ့ ကမ်းစပ်လေးကတော့ မရှိရှာတော့ပါဘူးတဲ့။

ဒီဝတ္ထုထဲက စမ်းချောင်းလေးလိုပဲ ငယ်ရွယ်စဉ်မှာ ဆရာသမားတွေရဲ့ စည်းစနစ်ကျတဲ့ စီမံအုပ်ချုပ်မှု၊ နည်းပေးလမ်းညွှန်မှုတွေကို လက်မခံချင်တတ်ကြဘူး။ ကိုယ့်ဆန္ဒအတိုင်း မလုပ်ကိုင်ရတဲ့အခါကျတော့ လူငယ်တွေရဲ့ လွတ်လပ်မှုကို ချုပ်ချယ်တယ်။ လူငယ်ဘဝကို နားမလည်ဘူးလို့ တစ်ဖက်သတ် စွပ်စွဲတတ်ကြတယ်။ တကယ်တော့ ချုပ်ချယ်တာမဟုတ်ဘူး။

မဖြစ်သင့်တာ မဖြစ်ရအောင်၊ ရည်ရွယ်ချက်ပန်းတိုင်ကို မရောက်ခင် အပျော်နှံ့ထဲမှာ၊ အမှောင်ကမ္ဘာထဲမှာ ယောင်ချာချာဖြစ်နေမှာစိုးလို့ စည်းကမ်းဆိုတဲ့ ဘောင်လေး ခတ်ပေးတာပါ။

ဒါကို နားမလည်နိုင်သေးတဲ့ အချိန်မှာတော့ ဆရာကို မုန်းတတ်ကြတယ်။ ဆရာဆိုတာကလည်း အမုန်းခံ အရှုံးခံသမားလေ၊ တပည့်တွေက ကြိုက်သလောက်မုန်းပါစေ၊ တပည့်ကမုန်းလို့ ဆရာက ပြန်မုန်းတယ်ဆိုတာ မရှိဘူး။ ချင်းစိမ်နဲ့ မိဿလင် သူကြင်မှကိုယ်ကြင်မယ် ဆိုတဲ့ထုံး ဘယ်တုန်းကမှ နှလုံးမမူဘူး၊ နံ့သာတုံးဟာ မီးရှို့သူကိုပင် မီးကျွမ်းတဲ့အထိ မွှေးစေသလို ဆရာသမားတွေဟာလည်း ကျေးဇူးကန်းတတ်သော တပည့်များကိုပင် သေတဲ့အထိ ကောင်းကျိုးကို ဆောင်ပေးတတ်တယ်။ အရှုံးခံ အမုန်းခံ စေတနာမှန်နဲ့ တပည့်တွေအတွက် အကျိုးစီးပွားကို ဆောင်ပေးတတ်တာ ဆရာပါ။

ဆရာဆိုတာ တပည့်တွေ တိုးတက်အောင်မြင် ချမ်းသာစေဖို့အတွက် စည်းကမ်းနဲ့ အလှဆင်ပေးတယ်။ ဘောင်ခတ်ပေးတယ်။ "ပင်လယ်ရဲ့ အနှားသတ်က ကမ်းနဲ့သောင်၊ လူလိမ္မာရဲ့အနှားသတ်က စည်းနဲ့ဘောင်" ဆိုတဲ့ အဆိုအမိန့် ရှိတယ်လေ။ "တိုးတက်အောင်မြင်မှုနဲ့ စည်းကမ်းစနစ်၊ စည်းကမ်းစနစ်နဲ့ တိုးတက်အောင်မြင်မှု" ခွဲခြားလို့မရဘူး။ စည်းကမ်းရှိမှသာ တိုးတက်အောင်မြင် ကြီးပွားနိုင်မှာဖြစ်တယ်။ ဆရာဆိုတာ မေတ္တာနဲ့ အရိပ်ပေးတယ်။ ပညာနဲ့ စွမ်းရည်မြင့်အောင် အဆင့်ဆင့် ဂုဏ်တင်ပေးတယ်။ ဆရာရဲ့ဂုဏ်ကျေးဇူးတွေကို ထုတ်ဖော်လို့မကုန်ပါဘူး" ဟုဆိုသည်။

နောက်သူငယ်ချင်းတစ်ယောက်က "အာစရိယဂုဏောအနန္တော-ဆရာရဲ့ဂုဏ်ကျေးဇူးဟာ အနန္တ အတိုင်းအဆမရှိဘူးလို့ မြတ်စွာဘုရားရှင် ဟောတော်မူခဲ့တယ်။ အနန္တကျေးဇူးရှင်ရဲ့ ကျေးဇူးတရားတွေကို မစော်ကားမပြစ်မှားသင့်ဘူး။ အခါအခွင့်သင့်ရင် သင့်တဲ့အားလျော်စွာ ပေးဆပ်သင့်တယ်။ လောကမှာ ဆရာသမား ဝတ္တရားရှိသလို တပည့်ဝတ္တရားတွေလည်း ရှိတယ်။ ဝတ္တရားကျေပွန်သူတွေက မင်္ဂလာပြည့်စုံတယ်။

"မြေသို့ကြွေသက်၊ သစ်တစ်ရွက်သည် ပင်စည်အတွက်၊ ရည်ရွယ်ချက်ဖြင့် အသက်စတေး၊ ကျေးဇူးကြွေးကို မြေဆွေးဖြစ်တိုင်း၊ ဆပ်နေဆဲ" ကဗျာလင်္ကာပညာရှင်တို့ အဆိုအရ သစ်ရွက်လေးတစ်ရွက်ဟာ အညှာမခိုင်လို့ လေအဝှေ့မှာ မြေခရတဲ့အခါ ပင်စည်အတွက် မြေဆွေးအဖြစ်နဲ့ ကျေးဇူးဆပ်လေ့ရှိတယ်။ အသိဉာဏ် ဝိဉာဉ်မဲ့တဲ့ သစ်ရွက်ကလေးတောင် ပင်စည်ကို ကျေးဇူးဆပ်နိုင်သေးတာ အသိဉာဏ်ရှိလှပါတယ်ဆိုတဲ့ သက်ရှိသတ္တဝါလူသားတွေက မိမိအပေါ် ကျေးဇူးရှိခဲ့ကြဖူးတဲ့ ကျေးဇူးရှင်တွေအပေါ် ပိုပြီးတော့ ကျေးဇူးသိပြီး သိတဲ့အတိုင်းလည်း ပေးဆပ်ကြရမှာ ဖြစ်တယ်။

ကျေးဇူးရှင်တို့ရဲ့ ကျေးဇူးတရားကို မသိတတ်သူ၊ ကျေးဇူးကန်းသူတို့ဟာ ရေစစ်ထဲထည့်လိုက်တဲ့ရေဟာ တဖြည်းဖြည်း လျော့ကျကုန်ခမ်းသွားသလို ကျေးဇူးကန်းတဲ့ လူမိုက်တွေဟာလည်း ကောင်းကျိုးချမ်းသာစီးပွားများ လျော့ကျပျက်စီးကုန်ခမ်းတတ်ပါတယ်။ လဆုတ်ရက် လ,ပမာ အလင်းမဖြာနိုင်တော့ဘဲ ဆုတ်လို့ဆုတ်လို့သာ ယုတ်သွားလေတော့တယ်။ ကျေးဇူးသိတတ်ပြန်ဆပ်သူတွေရဲ့ ဘဝကတော့ ဆန်းလပမာ သာယာလှပလို့ ချမ်းသာအမျိုးမျိုး တန်ခိုးအရှိန်အဝါ ဩဇာအာဏာတို့ ဝေဖြာပြီး ကျက်သရေမင်္ဂလာ အဖြာဖြာဖြိုးမောက်လှပါတယ်"ဟု ဆိုပါသည်။

သူငယ်ချင်းများက စကားဝိုင်းကို ခဏရပ်ကာ စားပွဲပေါ်တွင် အသင့်ရှိနေသော စားသောက်ဖွယ်တို့ကို အတူစားသောက်ကြပါတယ်။ ထို့နောက် စကားဝိုင်းကို ပြန်စကြပါသည်။ မိမိကတော့ သင်တန်းက စာတွေ လေ့ကျင့်ရဦးမှာမို့ သူငယ်များကို နှုတ်ဆက်၍ပြန်ခဲ့သည်။

မိမိခြေလှမ်းများသည် အရင်လို မသွက်လက်လှ။ စမ်းချောင်းလေးစီးဆင်းတိုက်စားခဲ့သော အတိတ်ပုံရိပ်များက စီးခိုနေခဲ့ပြီလေ။

***သက်ကျွန်ုယ်(ရွှေပင်လယ်)***

# မျှော်လင့်ခြင်းနိုင်ငံတော်

ဝိုင်

နိုင်ငံတစ်ခုကိုတည်ဆောက်ရာတွင် ဓနဥစ္စာအင်အားဖြင့် တည်ထောင်ရသည်မဟုတ်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်၊ သိပ္ပံပညာရှင်၊ ကာယညာဏလုပ်သား၊ အလွှာပေါင်းစုံ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ စိတ်ခွန်အား၊ လူခွန်အား၊ ပညာအင်အားတို့ကို ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ရခြင်း ဖြစ်သည်။

"နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ စွမ်းအားတွေလိုအပ်သည်။ အတတ်ပညာရှင် ဆိုသည်မှာ ဆရာဝန် အင်ဂျင်နီယာ ဗိသုကာ ဘူမိဗေဒဆရာ အလှဗေဒ စသော သိပ္ပံပညာရှင်၊ အသိပညာရှင် ဟူသည်မှာ စာပေဝေဖန်ရေးဆရာ ဒဿနဗေဒဆရာ စသည့် အနုပညာရှင် ဟူသည်ကား ကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ အဆိုတော်၊ သီချင်းရေးဆရာ၊ အကပညာရှင်၊ တူရိယာပညာရှင်၊ ဂီတဆရာ၊ ပန်းချီ၊ ပန်းပုဆရာ...။ ရုပ်၏အမှန်တရားကို ရှာဖွေကြသူများသည် သိပ္ပံပညာရှင်ဖြစ်၍ စိတ်၏အမှန်တရားကို ရှာဖွေကြသူများသည် အနုပညာရှင်ဖြစ်သည်။ ပညာရှင်သည် အမှန်တရားကို ရှာဖွေခြင်းကို ဆောင်ရွက်သူဖြစ်သဖြင့် မြင့်မြတ်ကြီးကျယ်သောလုပ်ငန်းကို ဆောင်ရွက်သူ ဖြစ်သည်။ ယင်းသို့ ကြီးကျယ်မြင့်မြတ်သော အလုပ်ကိုဆောင်ရွက်သူသည် ရဲရင့်ရပေလိမ့်မည်" ***(ဒဂုန်တာရာ)***

ကိုယ်ကျင့်သိက္ခာ ကိုယ်ရည်ကိုယ်သွေးမြင့်မားပြီး တာဝန်ယူမှု တာဝန်ခံရဲသော သတ္တိရှိပြီး မကောင်းမှုကိုပြုရမှာရှက်ခြင်း ဟိရီ၊ မကောင်းမှုကို ပြုရမှာကြောက်ခြင်း ဩတ္တပ္ပဆိုသည့် ဟိရိဩတ္တပ္ပတရားရှိသော၊ ကျားကုတ်ကျားခဲ မနိုမကပ် အလုပ်လုပ်တတ်သော ပြည်သူတွေ တည်ဆောက်ယူမည့် တိုင်းနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးပြီး ငြိမ်းချမ်းသာယာမည်သာ ဖြစ်သည်။

မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းသည် အမြဲတွန်တွဲ၍နေသည်သာ ဖြစ်သည်။ ကြီးလေးသော တာဝန်ဝတ္တရားကို ထမ်းရွက်မည့် အနာဂတ်လူငယ် ခေါင်းဆောင်များသည် ဖြောင့်မတ်ခြင်း၊ ရဲရင့်ခြင်း၊ ပညာနှင့် ရင့်ကျက် တည်ငြိမ်ခြင်းတွေ ရှိရပါလိမ့်မည်။

"ရှေးအခါက ပညာကိုရှာကြ၊ လူမိုက်နှင့်မပေါင်းကြနှင့်၊ မိဘစကားနားထောင်ရမည်၊ သောက်စား လောင်းကစားခြင်းကို ရှောင်ကြဉ်ဟု ရေးသားထားကြသည်။ ကြီးပွားတိုးတက်ရေးအတွက် ချွေတာခြင်း၊ ဝီရိယရှိခြင်းအကြောင်း ရေးကြသည်။ ထိုစကားများသည် လူတစ်ဦးတစ်ယောက်ကြီးပွားခြင်းနှင့်သာ ဆိုင်လေရာ လူမျိုးတစ်မျိုးလုံး၏ ကြီးပွားခြင်းအတွက်ကား ထိုနည်းများနှင့် မလုံလောက်ပေ။ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ စိတ်သဘောကြီးခြင်း၊ သည်းခံခြင်း၊ စာနာထောက်ထားခြင်းခေါ်သော မြင့်မြတ်သည့်စိတ်များ ရှိကြမှသာ လူမျိုးတစ်မျိုးလုံး ကြီးပွားနိုင်လေသည်။.....

သူဌေးသူကြွယ် ဖြစ်ရုံမျှနှင့် လူ၏အဆင့်အတန်းမမြင့်ပေ။ စိတ်နေသဘောထားမြင့်မှသာ လူမြင့်၏။..... ကမ္ဘာပေါ်၌ လူမျိုးကြီးဖြစ်ဖို့ရန် စိတ်နေသဘောထားကြီးဖို့ လိုပေသည်။ စည်းစိမ်ဥစ္စာ ရွှေငွေဘဏ္ဍာတို့မှာကား စိတ်ကြီးလျှင် ပါဝင်ပြီး ဖြစ်မြောက်ပြီးပေတည်း။ စိတ်သဘောထားသိမ်ငယ်သူတွေများသော လူမျိုးမှာ တစ်ယောက်စီ တစ်ယောက်စီ အနည်းငယ်မျှ ကြီးပွားချမ်းသာနိုင်၏။ တိုးတက်၍ လူမျိုးတစ်မျိုးလုံး ဂုဏ်ကျက်သရေ ထွန်းလင်းတောက်ပအောင် မကြီးပွားနိုင်ပေ" *(ဝိမိုးနှင်း)*

ယခုအခါ ဆင်းရဲမွဲတေမှုတွင်းထဲ ကျရောက်နေသော ကျွန်မတို့နိုင်ငံသည် လေပျက်ကြီးနှင့် တူပါသည်။ အပေါက်တွေ အနာအဆာတွေ ဒဏ်ရာ

တွေ ဗရုပ္ပနှင့် လှေကြီးဖြစ်သည်။ သို့သော် ရေလယ်သို့ ရောက်နေပေပြီ။ ပြုပြင်မွမ်းမံ၍ အသစ်တစ်ဖန် ကောင်းမွန်ပြည့်စုံပါမှသာ ရေချလှော်ခတ်နိုင်ပေမည်။ ရွေးချယ်ရန် အခွင့်မရှိပြီ။ ကျွန်မတို့ရရှိသောအရာကို အမှန်အတိုင်း သိမြင်သဘောပေါက်ခြင်းသည် လိုအပ်သည်ဟု ထင်မိပါသည်။ အားတက်စရာကောင်းသည်က ကျွန်မတို့မှာ မျှော်မှန်းရာ၊ ယုံကြည်ရာ၊ ဦးတည်ရာအရပ်သည် ရှိနှင့်သည်။ ယင်းသည် ငြိမ်းချမ်းမှု ဘဝလုံခြုံမှု အေးချမ်းသာယာမှုတွေ အပြည့်ရှိသော အနာဂတ်နိုင်ငံတော်ဖြစ်၏။ ပဲ့ကိုင်ရှင်ကိုလည်း ကျွန်မတို့ အကောင်းဆုံး၊ အနှစ်သက်ဆုံး၊ အလိုလားဆုံးကို ရွေးချယ်ခဲ့ပြီးပြီ ဖြစ်သည်။ အလုပ်လုပ်ဖို့ပဲ လိုပါသည်။ ဘာကို တွေဝေနေကြဦးမည်လဲ…။ ဘာတွေ အငြင်းပွားနေရဦးမည်လဲ။ ခရီးစဉ်တစ်လျှောက် သဘာဝဘေးဒဏ်၊ လူသားတို့ ပြုပြင်စီရင်မည့် ဘေးအန္တရာယ်များက ဆီးကြိုနေမှာလည်း အမှန်ပင်။ယုံယုံကြည်ကြည် ရဲရဲရင့်ရင့် ဖုံ့ဖုံ့စားစား ကျွန်မတို့ သွားခဲ့ပြီးပြီ။

ကျွန်မတို့မျက်လုံးအစုံကိုတော့ အမြင်ကျယ်နိုင်သမျှ ကျယ်အောင် အစွမ်းကုန်ဖွင့်ထားဖို့ လိုပေမည်။ အမြင်ကျယ်ခြင်းသည် ဉာဏ်ပညာနှင့်ဆိုင်လေသည်။

လှေလှော်သံ တညီညီနှင့် စည်းစည်းလုံးလုံး သွားနိုင်ဖို့လိုသည်။ ညီညီညွတ်ညွတ် ရှိကြဖို့လိုသည်။ သူ့အရေးကိုယ့်အရေး၊ သူ့အလုပ် ကိုယ့်အလုပ် ခွဲခြားမနေဘဲ စွမ်းရာနေရာက ပါဝင်ဆောင်ရွက်ကြဖို့ လိုသည်။ မိမိအတ္တအကျိုးကို ရှေ့တန်းမတင်ဘဲ နိုင်ငံအကျိုး အများပြည်သူအကျိုးကို ရှေးရှုနိုင်စိတ်နှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ခါးချိအောင် အလုပ်လုပ်ကြရမည်ဟု ကျွန်မ ဒီလိုပဲ နားလည်လက်ခံမိပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသော ဗြဟ္မစိုရ်တရား လောကပါလတရားတွေနှင့် ရွက်လွှင့်မည်။ အဆင့်တာဝန်လွဲအပ်ခြင်း၊ အလုပ်စီမံခန့်ခွဲခြင်းတွေ မလွဲမသွေ ရှိလာမည်။မျိုးဆက်သစ်များကို ယုံကြည်မျှော်လင့်နိုင်သည်အထိ စနစ်တကျ လေ့ကျင့်ပျိုးထောင်ယူပါမည်။ တကယ်တော့ လူတိုင်းမှာ၊ အရွယ်တိုင်းမှာ

တာဝန်ရှိသည်။ ခေါင်းဆောင်မှမဟုတ်၊ နောက်လိုက်မှမဟုတ်၊ လူကြီးမှမဟုတ်၊ လူငယ်မှမဟုတ် အိမ်၊ ကျောင်း၊ အလုပ်ရုံ၊ စက်ရုံ၊ လယ်ကွင်း အမျိုးမျိုးမှာ ရှိသော လူတိုင်းလူတိုင်းမှာ တာဝန်ကိုယ်စီ ရှိကြပါသည်။

'လောက၌ လူနှစ်မျိုးနှစ်စား ရှိကြ၏။ တစ်မျိုးမှာ ခေါင်းဆောင်များဖြစ်ကြ၍ တစ်မျိုးမှာ နောက်လိုက်များဖြစ်ကြ၏။··· နောက်လိုက်ဖြစ်ရခြင်းသည် ရှက်ဖွယ်ရာတစ်ခု မဟုတ်ချေ။ သို့သော် နောက်လိုက်ဘဝ၌ တစ်သက်လုံးနေရလျှင် အပြစ်တင်ကင်းမည် မဟုတ်ချေ။ များစွာသော ခေါင်းဆောင်ကြီးတို့သည် နောက်လိုက်အဖြစ်နှင့် အစပြုကြရ၏။ ၎င်းတို့သည် ဉာဏ်ရှိသော နောက်လိုက်များဖြစ်ကြသည့်အတွက်ကြောင့် ခေါင်းဆောင်အဖြစ်သို့ ရောက်ကြရ၏'ဟု ဆရာကြီးရွှေဥဒေါင်းက အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်တွင် ရေးသားထားပါသည်။

ခေါင်းဆောင်၏ အရည်အချင်းများကိုလည်း ဖော်ပြထားပါ၏။

'မိမိအစွမ်းနှင့် မိမိအလုပ်ကို နားလည်ခြင်းအပေါ်တွင် အခြေခံပြုသည့် မယိမ်းမယိုင်သော သတ္တိရှိခြင်း။ (ကိုယ်အစွမ်းနှင့် ကိုယ့်သတ္တိကို မယုံကြည်အားမကိုးသော ခေါင်းဆောင်တစ်ယောက်ထံတွင် မည်သူကမျှ နောက်လိုက်မလုပ်ချေ')

မိမိကိုယ်ကို နိုင်နင်းခြင်း။ (မိမိကိုယ်မိမိ နိုင်နင်းအောင် မအုပ်ချုပ်မထိန်းသိမ်းနိုင်သောသူ တစ်ယောက်သည် သူတစ်ပါးတို့ကို နိုင်နင်းအောင် အုပ်ချုပ်နိုင်မည် မဟုတ်ချေ။)

တရားသဖြင့် မျှတသော စိတ်သဘောထားမျိုးမရှိခဲ့လျှင် မည်သည့်ခေါင်းဆောင်မျှ ငယ်သားများ၏ ကြည်ညိုရိုသေခြင်းကို ခံရမည်မဟုတ်ချေ။

ပိုင်းခြားဆုံးဖြတ်နိုင်သော သတ္တိရှိခြင်း။

အကြံအစည် အစီအစဉ်ကို သေချာစွာသတ်မှတ်ထားခြင်း။ (သတ်မှတ်ထားသော လုပ်ငန်းအစီအစဉ်မရှိဘဲ တော်သလို ရော်ရမ်းမှန်းဆကာဖြင့် အလုပ်လုပ်သော ခေါင်းဆောင်သည် တက်မပါသောလှေနှင့် တူသောကြောင့် ကျောက်ဆောင်များနှင့် တိုက်တတ်ချေသည်။)

မတွက်ကပ်ဘဲ အလုပ်လုပ်ခြင်း။ ခေါင်းဆောင်တို့မည်သည် နောက်လိုက်ငယ်သားများထက် ပို၍ အလုပ်လုပ်ရန် အသင့်ရှိရမည်။

ခေါင်းဆောင်တို့မည်သည် နောက်လိုက်ငယ်သားများ၏ အခက်အခဲများကိုနားလည်းတတ်၍ ထောက်ထားစာနာတတ်သော သဘောရှိရချေမည်။

ခေါင်းဆောင်တို့မည်သည် မိမိ၏အခြေအနေကို အနုစိတ်ဖြာ၍ သိရှိနားလည်ထားရန် လိုပေသည်။

ခေါင်းဆောင်တို့မည်သည် နောက်လိုက်ငယ်သားများ၏ မှားယွင်းချက်များအတွက် လုံးဝတာဝန်ယူရမည်။ တာဝန်မယူဘဲ အပြစ်ကို သူတစ်ပါးအပေါ်သို့ လွှဲချတတ်လျှင် ခေါင်းဆောင်ဖြစ်နိုင်မည်မဟုတ်ချေ။ နောက်လိုက်တစ်ယောက်၏ ညံ့ဖျင်းမှုကြောင့် အမှားအယွင်းရှိခဲ့လျှင် ခေါင်းဆောင်သည် မိမိလိုသည်ဟု မှတ်ယူတတ်ရမည်။

ခေါင်းဆောင်သည် တွဲဖက်ဆောင်ရွက်ခြင်း၏ နည်းစနစ်ကိုလိုက်နာ၍ အသုံးချတတ်ရမည့်ပြင် မိမိ၏ငယ်သားများအားလည်း ဤနည်းအတူဖြစ်စေဖို့ ပြုပြင်တတ်ရမည်။

ခေါင်းဆောင်ခြင်းတွင် နောက်လိုက်ငယ်သားများ၏ သဘောတူညီချက်အရ ခေါင်းဆောင်ဖြစ်ခြင်းနှင့် နောက်လိုက်တို့၏ သဘောတူညီချက်မရဘဲ အတင်းအဓမ္မခေါင်းဆောင်ခြင်းဟုရှိပြီး ပထမခေါင်းဆောင်မျိုးသည်သာ အရာရောက်ကြောင်း ဆရာကြီးဦးရွှေဥဒေါင်းက တင်ပြခဲ့သည်။

ကျွန်မတို့ခေါင်းဆောင်ဟာ ဘယ်လို ခေါင်းဆောင်ဖြိုးလဲ…။

ကျွန်မတို့ နောက်လိုက်ကောင်းဖြစ်ချင်သူတွေကရော ဘယ်လို အရည်အချင်းတွေနဲ့ ပြည့်စုံရမှာလဲ…။

လောကကို ဖန်ဆင်းပုံဖော်ရေးတွင် လူ့စိတ်သည် အဓိကဖြစ်သည်။

'စိတ္တေန နိယျတေ လောကော' စိတ်သည် လောကကိုဦးဆောင်၏ဟု မြတ်စွာဘုရား ဟောကြားခဲ့သည်။

လူတွင် ဥပမိရုပ်ဟူသည်ရှိ၏။ လူတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေး စိတ်နေစိတ်ထားကို စိတ်ဥပမိရုပ်ဟု ဆိုသည်။ စိတ်ဥပမိရုပ်ပေါ်မှာ

မူတည်၍ လူတို့၏ ကိုယ်ရည်ကိုယ်သွေး ကွဲပြားခြားနားကာ လူကောင်း လူတော်၊ လူညံ့ လူဆိုး၊ တာဝန်သိသူ တာဝန်မဲ့သူ၊ အတ္တကိုယ်ကျိုးရှာသမား အများအကျိုးအတွက် အနစ်နာခံဝံ့သူ…စသည်တို့ ဖြစ်ပေါ်လာရသည်။

အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို အခြေခံကျကျ မြော်မြင် ဆင်ခြင်နိုင်စွမ်းသော ပညာနှင့် စိတ်ဥပဓိ ကိုယ်ရည်ကိုယ်သွေးသည် ယှဉ်တွဲ၍ နေသည်။ တစ်ဦး၏ အထောက်အပံ့မပါဘဲ တစ်ဦး ဖြစ်ပေါ်လာသည် မဟုတ်ချေ။

ထို့ကြောင့်သာ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက သူ့ကျောင်းတိုက်မှာ စာသင်ရဟန်းသံဃာတို့အတွက် ကျင့်ကြံအားထုတ်ဖို့ရန် အချက် (၁၀)ချက် ချမှတ်သားပေးထားသည့်အထဲတွင် နံပါတ် (၁) မှာ စိတ်ကောင်းရှိဖို့က ပထမဟု ပါရှိသည်။ ဝိနည်းလေးစားဖို့က ဒုတိယဟု ဖော်ပြသည်။ ဝိနည်းသည် ရဟန်းတို့အတွက် ကျင့်ဝတ်ဖြစ်၏။

လူမှာလည်း လူ့ကျင့်ဝတ်များရှိ၏။ ထိန်းသိမ်းလိုက်နာ စောင့်ရှောက် အပ်၏။ သို့မှသာ လူ့လောကတွင် လူ လူချင်း အဆင်ပြေ ညီညွတ်စွာ လိုက်လျောညီထွေ နေနိုင်ကြပေလိမ့်မည်။ လူမှာရှိသော စောင့်ထိန်းအပ်သော တရားတွေသည် ကွပ်ညှပ်ချက် မဟုတ်ပါ။ စည်းနှင့် ဘောင်နှင့် ယဉ်ကျေး သိမ်မွေ့စွာ နေနိုင်သော လူမျိုးတစ်မျိုးဖြစ်ဖို့ လူ့ကျင့်ဝတ်ကို မလွဲမသွေ စောင့်ထိန်းအပ်ပေသည်။

နောင်တစ်ချိန် လူကြီးအဖြစ် လူရာဝင်လာမည့် ကလေးတစ်ယောက် စိတ်ကောင်း နှလုံးကောင်းရှိဖို့ရာသည် မိဘတာဝန်ဖြစ်ချေသည်။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟု ဆိုသည်မဟုတ်လား။ လက်ဦးဆရာ၊ ပြီးတော့ ထိုကလေး၏ ကျောင်းပညာရေး၊ အခြေခံပညာရေး၏ အရေးပါမှုသို့ ရောက်လာသည်။ ဆရာတို့၏ တာဝန်ဝတ္တရားသည်လည်း မိဘနည်းတူ ကြီးလေးလှသည်။ လူတစ်ယောက်၏ စိတ်နှလုံးကို ပညာပြည့်ဝ နှလုံးလှလာအောင် ပုံသွင်းထုဆစ်ဖန်တီးပေးကြမည့် ထိုမိဘ၊ ထိုဆရာသမားတို့သည် လူပုဂ္ဂိုလ်တစ်ယောက် ဘဝအတွက် ဘယ်မျှလောက် အရေးပါလိုက်လေသလဲ။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်နှင့် စတင်ကာ လူဖြစ်ခဲ့ကြတာချင်း အတူတူ၊ ဗီဇာဓာတ်ခံ ဘယ်ရွေ့ဘယ်မျှ၊ ပတ်ဝန်းကျင် မိဘဆရာ အသိုင်းအဝိုင်း စသူတို့၏ လွှမ်းမိုးမှုဩဇာက ဘယ်ရွေ့ဘယ်မျှဟု တိတိကျကျ မဆိုနိုင်သော်လည်း ပတ်ဝန်းကျင်ကောင်းကြောင့် ဗီဇဆိုးကို ပြုပြင်ယူနိုင်ခြင်းတွေ၊ ပတ်ဝန်းကျင်ကြောင့် တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး ဖြစ်လာကြတာတွေကို စာပေဗဟုသုတတွေထဲမှာ အကိုးအကားနှင့်တကွ ရှိလေ၏။ ဗီဇဓာတ်ခံကောင်းပါလျက် ပတ်ဝန်းကျင်ဆိုးအောက်မှာ မရုန်းထွက်နိုင်ဘဲ နစ်မွန်းသွားရှာကြသူတွေအကြောင်းလည်း တွေ့နိုင်ပါသည်။

ပခုံးလက်နှစ်သစ် ကလေးလေးဘဝကနေ ဗိုလ်ချုပ်အောင်ဆန်းလိုလူမျိုး၊ လင်ကွန်းလိုလူမျိုး၊ သခင်ကိုယ်တော်မှိုင်းလိုလူမျိုး၊ တဂိုးလိုလူမျိုး၊ ဂန္ဒီလိုလူမျိုးတွေ မွေးဖွားလာသလို ဟစ်တလာလိုလူမျိုး၊ ဦးစောလို လူမျိုး … တွေ ကွဲကွဲပြားပြား ခွဲခွဲခြားခြား မွေးဖွားကြီးပြင်းလာခဲ့ကြသည်မှာ အဓိက ဘဝ၏ဖြစ်စဉ်က ဘာများပါလဲ…။ မိဘကောင်း ဆရာကောင်း၏ လမ်းညွှန်မှုကောင်း၊ ရေခံမြေခံ ပတ်ဝန်းကျင်ကောင်းမှာရှိခြင်း၊ မိမိ၏ခံယူနိုင်စိတ် ရှိမှုမရှိမှုတွေ စသည်တို့အပေါ်မှာ မှီလိမ့်မည်ဟု ထင်မြင်မိသည်။

အိန္ဒိယလွတ်လပ်ရေး ခေါင်းဆောင် ပန်ဒစ်နေရူးသည် ထောင်အကျဉ်းကျနေစဉ်မှာပင် သူ၏သမီးကလေး အင်ဒီယာဂန္ဒီ၏ မွေးနေ့အတွက် သမီးထံသို့ စာလွှာတစ်စောင်ရေးပို့ခဲ့သည်။ ကမ္ဘာကျော်စာတစ်ပုဒ် 'ချစ်သမီးထံသို့ပေးစာ' ဟူ၍ နောင်းလူတို့ သိရှိဖတ်ရှုကြရလေသည်။ မိဘတွေသည် သူတို့က ကောင်းမြတ်သည်ဟု ယုံကြည်ယူဆသော စိတ်ထားမျိုး သူတို့ကလေးတွေမှာ ရရှိစေဖို့ လက်ဆင့်ကမ်း အမွေပေးတတ်ကြသည်။

"သိုသိပ်မှုနှင့် ဖုံးကွယ်မှုသည် တစ်ခြားစီဖြစ်သည်။ သိုသိပ်မှုရှိရမည်မှန်သော်လည်း မိမိပြုသောအလုပ်ကို လူသိမည်စိုး၍ ဖုံးကွယ်ခြင်းနှင့် သိုသိပ်ခြင်းမှာ တစ်ခြားစီဖြစ်သည်"

"တစ်ခါတစ်ရံ ဘာကိုလုပ်ရမလဲမသိ ဒွိဟယုံမှားခြင်း ဖြစ်မိမည်။ ထိုအခါမျိုးတွင် အစဉ်သုံးသပ်ဆင်ခြင်ရမည့် အချက်တစ်ခု ဖခင်ပေးထားမည်။ ထိုအချက်သည် ချစ်သမီးအား မှန်ရာသို့ ပို့ပေးနိုင်ကောင်း ပေးနိုင်

ပေလိမ့်မည်။ ချစ်သမီးသည် သူတစ်ပါးမသိအောင် ပုန်းလျှိုးကွယ်လျှိုးကိစ္စတို့ကို ဘယ်အခါမျှ မလုပ်မိရန် သတိရှိရမည်။ တစ်ပါးသူ သိမည်စိုး၍ ဖုံးကွယ်လိုသောစိတ်မှာ သတ္တိမရှိသော စိတ်၊ ကြောက်ရွံ့သည့် စိတ်သာ ဖြစ်သည်။ ကြောက်ရွံ့သောစိတ်သည် မကောင်းသော စိတ်ယုတ် စိတ်ညံ့ဖြစ်၍ ဤစိတ်မျိုးသည် ချစ်သမီးနှင့် မအပ်မတန်ချေ။ ချစ်သမီး သတ္တိရှိပါ။ သတ္တိရှိလျှင် ကိစ္စအားလုံးပြီးသည်။ ချစ်သမီးသတ္တိရှိလျှင် ကြောက်တော့မည်မဟုတ်။ ချစ်သမီးရှက်ရမည့် ကိစ္စကိုလည်း ပြုလုပ်တော့မည်မဟုတ်ချေ"

***(နေရူး)***

သွန်သင်တတ်သော၊ ပညာရှိသော၊ စိတ်နှလုံးပြည့်ဝသော ဖခင်ကောင်း မိခင်ကောင်း၏ အုပ်ထိန်းမှုအောက်တွင် ကလေးတို့သည် ပညာရည်ပြည့်လျက် စိတ်ဓာတ်ဖွံ့ဖြိုးလာကြသည်။ အများအကျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်နိုင်သော သူရဲကောင်းစိတ်ဓာတ်တွေကို ဖခင်ကောင်း မိခင်ကောင်းတွေက အမွေပေးနိုင်ပေသည်။ တစ်စုံတစ်ရာ၏ အကြောင်းအကျိုးကို သိရှိရလျှင် ကောင်းသောအကျိုး ဖြစ်ထွန်းအောင်၊ ကောင်းသော အကြောင်းတရားတွေရအောင် ဆောင်ကြဉ်းပေးဖို့သာ ရှိပေသည်။

သားစဉ်မြေးဆက် ကျွန်မတို့နိုင်ငံတော်ကြီးကို ခေါင်းဆောင်ခွင့်တွေ လက်လွှဲပေးအပ်ဖို့ ကလေးလူငယ်များကို ကျွန်မတို့က ဘယ်လိုလူတွေအဖြစ် ကြီးပြင်းစေချင်ပါသလဲ…။ ဘယ်လိုလူတွေ ဖြစ်လာအောင် ကြိုးစားအားထုတ် လေ့ကျင့်ပျိုးထောင်ပေးမည်လဲ…။

"ကိုယ်ကျင့်တရားကို လေးစားသော ပုဂ္ဂိုလ်ဟူသည် အောင်ပွဲကိုလည်း သိက္ခာရှိသောနည်းဖြင့်သာ ရယူရာသည်။ သိမ်ဖျင်းယုတ်ညံ့သော နည်းလမ်းမျိုးကိုကား မိမိအသက်ကို ကယ်ဆယ်ရန်အတွက်ပင် အသုံးမပြုသင့်" (ရောမခေါင်းဆောင် ဆာတိုးရီးယပ်စ်) ဟု လည်းကောင်း၊

"သူတစ်ပါးကို အောင်နိုင်သူသည် သန်မာသူဖြစ်၏။ မိမိကိုယ်ကို စိုးမိုးနိုင်သူကား အလွန်ခွန်အားကြီးသူပေတည်း" (တရုတ်ပညာရှိ လောင်ဇူး) ဟု လည်းကောင်း၊

ကိုယ်ကိုယ်ကိုယ်သိခြင်းသည် အသိဉာဏ် အမြော်အမြင်၏ အခြေခံ အုတ်မြစ်တစ်ရပ်ဖြစ်သည် ဟူ၍လည်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်ဟု လည်းကောင်း ဆရာဖေမြင့်က 'တန်ဖိုးထားအပ်သောအရာများ' စာအုပ်တွင် ရေးခဲ့သည်။

"အဟောင်းနှင့် အသစ်ကြား ပဋိပက္ခနည်းပါးဖို့မှာ အဟောင်းသမားဘက်က သဘောထားကြီးရန် လိုသကဲ့သို့ အသစ်သမားဘက်ကလည်း အမြော်အမြင်ရှိရန် လိုပေသည်။ ထိုသို့ဖြစ်ရန် ယင်းလူ့အဖွဲ့အစည်းအတွင်း အတွေးအခေါ် အယူအဆတို့ လွတ်လပ်စွာယှဉ်ပြိုင်ခဲ့သည့် အစဉ်အလာ၊ ဆန့်ကျင်ဘက် အယူအဆများကို သည်းခံနိုင်ကြသည့် အလေ့အထနှင့် အမှန်တရားကို လိုလားသည့်စိတ်ဓာတ်များ ထွန်းကားရှင်သန်နေဖို့ လိုပေသည်။ယင်းအနေအထားများ ဖြစ်ပေါ်အောင်လုပ်ဆောင်ရမည့်သူ (ဝါ) တာဝန်ရှိသူတို့ကား အဆိုပါ လူ့အဖွဲ့အစည်းအတွင်းရှိ တစ်ဦးချင်းသော လူသားများဖြစ်သည်"ဟု ဆရာဖေမြင့် ရေးခဲ့ပါသည်။

ထို့ပြင် "အရာအားလုံး အစဉ်ပြောင်းလဲလျက်ရှိသည် ဟူသော သဘောကိုသိမှတ်ခြင်း၊ အခြားသူများ၌လည်း အယူအဆကောင်း၊ စိတ်ကူးကောင်းများရှိနိုင်သည်ဟု လက်ခံခြင်း၊ အဆိုအမိန့်များ၊ ကြွေးကြော်သံများ၊ အစဉ်အဆက်မှတ်သားခဲ့သော စကားများထက် မိမိ၏ ဆင်ခြင်ဉာဏ်ကို အားကိုးပြုခြင်း၊ အမှန်ကို မြင်တတ်ရေးတွင် အစွဲကင်းဖို့သည် အရေးကြီးကြောင်းနှင့် လေ့လာဆည်းပူးတတ်သည့် စိတ်ကို အစဉ်ထိန်းသိမ်းမွေးမြူခြင်းတို့ဖြင့် အမြင်ကျယ်သူ၊ သဘောထားပြည့်ဝသူ၊ လေ့လာဆည်းပူးစိတ်ရှိသူများအဖြစ်နှင့်သာ မိမိကိုယ်ကို လည်းကောင်း၊ မိမိကျင်လည်ရာ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းကို လည်းကောင်း ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း" ကိုလည်း ညွှန်ပြပါသည်။

အမှားကိုအမှားမှန်းသိဖို့ အရေးကြီးပြီးနောက် အချိန်မီပြုပြင်နိုင်ခြင်းဖြင့် မိမိစိတ်အခြေအနေကို ကျင့်ကြံတည်ဆောက်ယူမည်ဆိုလျှင် အမှားမကင်းခဲ့သူတွေလည်း တိုင်းပြည်၏အင်အားတွေ ဖြစ်လာနိုင်သည်ပါပဲ။

မေတ္တာစိတ်ထား၍ ကရုဏာစိတ်ကြီးသော၊ လက်တုံ့ပြန် လက်စားချေစိတ် မမွေးသော စိတ်နှလုံးမြင့်မြတ်သူခေါင်းဆောင်၏ လမ်းညွှန်မှုအောက်တွင် မိမိအမှားတွေကို ကျွန်မတို့ ရဲရဲဝံ့ဝံ့ပြင်လိုစိတ် မွေးရပေမည်။ စိတ်သစ်လူသစ် အဖြစ်နှင့် တစ်ဖန် ဘဝကိုပြန်လည်စတင်ဖို့ အချိန်တွေရှိပါသည်။ သည်လိုဆို တော့ ကျွန်မတို့ ရယူပိုင်ဆိုင်ထားရသော လှေပျက်ကြီးသည် တစ်စတစ်စ ဖာထေးပြုပြင်မွမ်းမံရင်း တစ်နေ့မှာ စင်းလုံးချောလာရပေလိမ့်မည်။ သည်ခရီး စဉ်မှာ ဘယ်သူ့ကိုမှလည်း ချန်မထား၊ အတူခေါ်သွားမည်မှာ အမှန်ဖြစ် ကြောင်း ယုံကြည်အပ်ပါသည်။ မတူညီမှုများကို ညှိနှိုင်းအဖြေရှာရင်း၊ ဆွေးနွေးရင်း တစ်ဦးကိုတစ်ဦး လေးစားယုံကြည်စိတ်တို့ မွေးယူရင်း သည် ခရီးကို အတူသွားကြရမည်မှာ အသေအချာပင်။ သည်လိုတစ်လှေထဲစီး တစ်ခရီးထဲ သွား၊ ဘဝမှာ အတူယှဉ်တွဲနေနိုင်ကြဖို့ လိုအပ်သော စိတ်နေ စိတ်ထားတွေ တည်ဆောက်ယူရပေမည်။ ထူးဆန်းသည် မဟုတ်ပါ။ အခြေခံလူ့စိတ် သဘာဝလောကဓမ္မတာတရားများအတိုင်း ရှိနှင့်ပြီးသော ဘဝအသိအမြင် အသိတရားများပင် ဖြစ်သည်။ အနုပညာလက်ရာကောင်း တွေမှာ ထိုအသိကို ဖော်ပြထားလေသည်။

ကောင်းမြတ်သော အနုပညာလက်ရာများသည် လောကကို ချစ်မြတ် နိုးစေပါသည်။ မိမိတို့နေထိုင်ရာ သင်္ခါရလောကအတွင်းက သတ္တလောက ဩကာသလောကအပါအဝင် ကမ္ဘာလောကကြီးတစ်ခုလုံးကို ချစ်ခင်နိုင်ခြင်း သည် ကောင်းသည်ဟု ဆိုရပါမည်။ ထိုမေတ္တာစိတ်သည် ကမ္ဘာလောကကို ငြိမ်းချမ်းစေပါသည်။ ကမ္ဘာလောကကို ဖျက်ဆီးလိုစိတ် ရှိသူများသည် လောဘမီး၊ ဒေါသမီး၊ မာန်မာနမီး တောက်လောင်နေသူများဖြစ်၍ လောက ကို ချစ်ခင်နိုင်စိတ်မရှိ။ မိမိကိုယ်သာချစ်ခင်ပြီး 'ဘယ်သူသေသေ ငတေမာ ပြီးရော' သဘောရှိကာ လောကအပေါ် မေတ္တာစိတ်နည်းကြသူများသာ ဖြစ်၏။

အနုပညာလက်ရာတစ်ခုထံမှ အနိမ့်ဆုံးရရှိနိုင်သည်မှာ နှစ်သက် သာယာကြည်နူးစေမှု ဖြစ်၏။ မောရလှသော ဘဝထဲမှာ တဒင်္ဂအမောပြေ

အောင်၊ ရယ်မောရွှင်ပျသွားအောင်၊ ကြည်နူးချမ်းမြေ့သွားအောင် အနုပညာလက်ရာများက တတ်နိုင်ကြပါသည်။ ထို့ထက်ပိုလျှင် အနုပညာလက်ရာကောင်းတို့သည် လောကအမြင် ဘဝအမြင်တို့ကို ပေးတတ်သည်။ 'အနုပညာ၏ တာဝန်အစစ်အမှန်သည် ခံစားမှုတရားကိုဖော်ထုတ်၍ လောကအမြင် အသိတရားကိုသာ (ဝါ) ဘဝအမြင်အသိတရားကိုသာ ပို့ပေးရန်ဖြစ်သည်။ အနုပညာလက်ရာကောင်းတစ်ခုဖြစ်လျှင် ထိုလက်ရာ၏ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ အသင့်အတင့် နှလုံးသွင်းတတ်ခြင်း အရသာတို့ကို တွေ့နိုင်လေသည်'ဟု ဟားဗတ်ရိဒ်၏ ဆိုလိုချက်ကို ဆရာဇော်ဂျီက တင်ပြပေးခဲ့ပါသည်။

အသင့်အတင့် နှလုံးသွင်းတတ်ခြင်းတို့ကို ဖြစ်စေသောကြောင့် ဘဝအသိအမြင် လောကအမြင်များ ရင့်သန်လာပြီး ဘဝထဲမှာ လိုက်လျောညီထွေနေတတ်လာသည်။ လောဘ ဒေါသ မောဟကို လျော့ပါးလာစေသည်။ ကိုယ်ချင်းစာနာစိတ် မြင့်မားလာစေသည်။ ထိုစိတ်များက ဒုက္ခဘုံဘဝထဲတွင် ငြိမ်းချမ်းအောင်နေနိုင်သည့် သတ္တိကို ပေးနိုင်လေသည်။

"လူတွင် မွေ့လျော်မှုများစွာရှိသည့်အနက် စာပေမွေ့လျော်မှုသည် စိတ်ဓာတ်၏ရင့်သန်မှုကို ဖြစ်စေသည်။ စာပေအတွေ့အကြုံသည် အပေါ်ယံအတွေ့အကြုံထက် လေးနက်သဖြင့် ဆင်ခြင်တုံတရား ရင့်သန်စေနိုင်သည်။ ယင်းသို့ ရင့်သန်ခြင်းသည် လောကဓံ၏ အထုအထောင်း အညှဉ်းအပမ်းကို ခံနိုင်သော အင်အားဖြစ်ပေသည်။ စာပေမွေ့လျော်သူသည် လူ့ဘဝ၌ နေရကျိုးနပ်သည်ဟု ဆိုချင်ပါသည်"ဟု ဆရာတက်တိုးက ရေးသားခဲ့ပါသည်။

ကျွန်မတို့သည် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာစုကို ဖတ်ရင်း လောကဓံလှိုင်းကို အလိုက်သင့်စီးသွားနိုင်သော ဘဝအသိအမြင်၊ ဘဝသတ္တိ၊ ဘဝအားမာန်များလည်း ရယူခဲ့နိုင်သည်။ တဂိုး၏ ဒို့အိန္ဒိယ သို့မဟုတ် နိုင်ငံတော် သစ်ကဗျာကို အကြိမ်ကြိမ်ဖတ်ရင်း မမျှော်လင့်သာအောင် အမိုက်ဟယ်မဲ့နေသောဘဝတွင် မျှော်လင့်ချက်အလင်းရောင်ကို ခံစားရရှိနိုင်ပါ

သည်။ ဟိန်းလေး၏ အနိုင်မခံကဗျာဖြင့် အဖိနှိပ်အညှဉ်းပမ်းဒဏ်များကို အနိုင်မခံ အရှုံးမပေးသည့် သတ္တိ မွေးယူအံတုနိုင်ခဲ့ကြပါသည်။ မင်းသုဝဏ်၏ ပျဉ်းမငုတ်တို ကဗျာဖြင့် ဒဏ်ရာဒဏ်ချက်တို့ အကြိမ်ကြိမ် ထိခိုက်နှိပ်စက်ခံရသော်လည်း အရှုံးမပေးသောစိတ်၊ ကြံ့ခိုင်သောစိတ်တို့ဖြင့် အားမာန်သွင်း၍ အံတုကာ ရှင်သန်ထမြောက်နိုင်ခြင်းကိုလည်း အားကျမျှော်မှန်းတတ်ခဲ့သည်။

ရသစာပေကို ဖတ်ရှုရာမှ ရရှိနိုင်သော ဘဝအသိဆိုသည်မှာ ရသအတွေ့အကြုံမှ ရလာနိုင်သော အမှန်အမှားအသိ၊ အကောင်းအဆိုးအသိ၊ အကျိုးအပြစ်အသိ (ဝါ) လောကအယုတ်အမြတ်အသိ ဖြစ်ကြောင်း ရသအတွေ့အကြုံကို အကြောင်းပြုလျက်ပင် ချီးကျူးထိုက်သည်ကို ချီးကျူးရမှန်းသိလာသော အသိ၊ ရှုတ်ချထိုက်သည်ကို ရှုတ်ချရမှန်းသိလာသော အသိ၊ ဝမ်းမြောက်ထိုက်သည်ကို ဝမ်းမြောက်ရမှန်းသိလာသော အသိ၊ အသင့်အတင့် နှလုံးသွင်းထိုက်သည်ကို အသင့်အတင့် နှလုံးသွင်းထိုက်မှန်း သိလာသော အခါ… စသည်များဖြစ်လာကြောင်း ဆရာဇော်ဂျီက ရှင်းပြခဲ့ပါသည်။

ရသစာပေကောင်းတို့ကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူသည် စာ၏အာဘော်၊ စာ၏အာဝဇ္ဇန်း၊ စာ၏ရသတို့ကြောင့် ရသနှစ်သက်ခြင်းဖြစ်လာသည်နှင့် တစ်ပြိုင်နက် စေတနာတစ်ခုခုဖြစ်ပေါ်လာ၍ သူ့ဖာသာသူ ဆင်ခြင်စဉ်းစားခြင်းဖြင့် ဘဝအသိရှိခွင့်ရရှိနိုင်ပါသည်။ ခံစားမှုမှ ဆင်းသက်လာသော သူ၏အသိအမြင် (ဝါ) သူ၏ဘဝအသိသည် သူ၏ကိုယ်အမူအရာ၊ သူ၏နှုတ်အမူအရာ၊ သူ၏ စိတ်အမူအရာတို့ကို ပဲ့ကိုင်ပေးနိုင်ပါသည်”ဟုလည်း ဆရာဇော်ဂျီက ဆိုခဲ့သည်။

ထို့ကြောင့် နိုင်ငံတစ်ခု၏ အဓိကစွမ်းအားအရင်းအမြစ် လူသားများကို အသိပညာနှင့်ပြည့်ဝ၍ မေတ္တာနှင့်ပြည့်လျှမ်းပြီး ရဲရင့်ကြံ့ခိုင်သော စိတ်နှလုံးရည်ကို ရရှိအောင် ဆောင်ကြဉ်းပေးနိုင်သူမှာ ရသစာပေကောင်းများသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။

တကယ်တော့လည်း နိုင်ငံတစ်ခု၏ ခွန်အား၊ နိုင်ငံတစ်ခု၏ အစွန့်ရှည်

ကြာ ခိုင်မြဲမှု၊ နိုင်ငံတစ်ခု၏လွတ်လပ်မှု၊ နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုမြင့်မား ခြင်းတွေသည် ထိုနိုင်ငံ၏ စာပေအနုပညာအင်အားအပေါ်မှာ အများကြီး တည်မှီနေသည်ဟု ဆိုချင်ပါသည်။

သို့သော်လည်း ထိုအင်အားကို ကောင်းစွာ အသုံးချနိုင်ကြသည်ဟု မမျှော်လင့်သာပေ။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေက လျှင်မြန်လွန်း နေပြီး အပြောင်းအလဲတွေ များလွန်းသောခေတ်တွင် ကျွန်မတို့တတွေသည် ရုပ်ဝတ္ထုပစ္စည်းများ၏ အသုံးတည့်မှု၊ ဆန်းသစ်မှု၊ ဆွဲဆောင်မှုများကို ရင်ဆိုင် နေကြရသည်။ လွန်ခဲ့သော နှစ် ၅၀ ခန့်က လူတွေအတွက် စာဖတ်ဝါသနာ စွဲမြဲစေရန် သိပ်ကြီး အားထုတ်ကြိုးပမ်းပေးစရာ မလိုခဲ့သော်လည်း သည် ဘက် ခေတ်မှာတော့ ဉာဏ်အမြော်အမြင်ကြီးစွာအပြင် စိတ်ရှည်ခြင်း ဖွဲသန် ခြင်းတွေပါ ဖြည့်စွက်ထားပါမှ မိမိတို့သားသမီး တပည့် ကလေးလူငယ်များ ကို စာပေအနုပညာတွင် အာရုံကျက်စားမွေ့လျော်အောင် စည်းရုံးသိမ်သွင်း နိုင်ပေလိမ့်မည်။ အများစု၏ အချိန်များစွာကတော့ တီဗွီဖန်သားပြင်၊ စမတ် ဖုန်း မျက်နှာပြင်၊ ဂိမ်းကစားခြင်းများပေါ်တွင်သာ ကုန်ဆုံးနေတတ်ကြသည်။ ဘယ်သို့ပင် ခက်ခဲပင်ပန်းသည်ဖြစ်စေ လိုအပ်သဖြင့် လုပ်ကိုလုပ်ရမည့် တာဝန်တစ်ရပ်အဖြစ် ခံယူသင့်သည်ဟု ကျွန်မယူဆမိပါသည်။ ရုပ်ကမ္ဘာထဲ တွင် ကလေးတို့၏ နှလုံးသားတွေ ကြမ်းတမ်းလာနေပေပြီ။ နေ့စဉ် တွေ့မြင် ကြားသိနေရ၏။ ဪ… ရင်လည်း မ နေရပေသည်။

ရိုင်းသောစိတ်နေရာတွင် ယဉ်ကျေးခြင်းတွေ ပြန်လည်ဝင်ရောက်လာ အောင် ပြုပေးရတော့မည် ဖြစ်သည်။

"စိတ်ယဉ်ကျေးမှုဆိုသည်မှာ စာကောင်းပေမွန် စာအုပ်များထဲမှ အနှစ်များကို စုပ်ယူကာ ရသပါပါနှင့် မိမိစိတ်ကို ထိုစာပေအဆုံးအမများနှင့် အညီ သန့်စင်ပြုပြင်ယူခြင်းကို ခေါ်ပါသည်။ စိတ်ယဉ်ကျေးမှုမှာ ဝိဉာဉ်တစ် ရပ် အမှန်တရားကို စုပ်ယူထားခြင်းဖြစ်သည်။ အရှုတ္တ အသိစိတ်တို့ကို သိုလှောင်ထားခြင်း ဖြစ်သည်။ ပညာရှိကဝိများသည် အတိတ် ပစ္စုပ္ပန်တွင်

ပေါ်ခဲ့ ပေါ်ဆဲ။ တွေးခေါ်ရှင် ကဗျာဆရာများ၊ စာဆိုတော်များ၊ ကဝိပညာကျော် ပါရဂူများ စသူတို့နှင့် အပေါင်းအဖော်ဖွဲ့လျက် အသက်အရွယ်၏ အကောင်းဆုံးတွေးဆချက်နှင့် ရင်ထဲ အသည်းထဲအရ ရင်းနှီးကျွမ်းဝင်မှု တစ်ရပ်လည်း ဖြစ်သည်။ ဤစိတ်ယဉ်ကျေးမှုမှာ ကြင်နာယုယမှု၊ သနားကရုဏာ၊ ညှာတာစာနာထောက်ထားမှု၊ သန့်စင်မှု၊ ကောင်းသောအမူအရာ၊ ကျက်သရေတင့်တယ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်းတို့ဖြင့် အမြဲတစေ စုရုံးပေါင်းဖွဲ့နေသည်" *(ကောင်းသာ၏ လူငယ်တို့အတွက် စိတ်ဉပမိ အခြေခံတည်ဆောက်ရေး)*

"လူမျိုးတစ်မျိုးဟာ စာပေကို အထင်သေးနေရင်၊ သိပ္ပံပညာကို အထင်သေးနေရင်၊ အနုပညာကို အထင်သေးနေရင်၊ သဘာဝကို အထင်သေးနေရင်၊ မေတ္တာကရုဏာကို အထင်သေးနေရင်၊ ပိုက်ဆံနောက်ကိုသာ ငမ်းငမ်းတက်လိုက်နေရင် အဲဒီလူမျိုးဟာ ရေရှည်တည်တံ့နိုင်မှာ မဟုတ်ဘူး" *(ရွှန်ရပ်စကင်း၊ မြသန်းတင့်-လမင်းကို ထရံပေါက်မှကြည့်ခြင်း)*

"စာအုပ်ဆိုကာမျှဖြင့် ကောင်းသည်ချည်း မဟုတ်။ ကောင်းသောစာအုပ်များရှိသကဲ့သို့ မကောင်းသောစာအုပ်များလည်း ရှိပေသည်။ လူတို့၏ စိတ်ကို သန့်ရှင်းစင်ကြယ်စေနိုင်သောစာအုပ်၊ မြင့်မားစေနိုင်သော စာအုပ်များ ရှိသကဲ့သို့ ညစ်ညမ်းစေနိုင်သောစာအုပ်၊ နိမ့်ကျစေနိုင်သော စာအုပ်များလည်း ရှိသည်။ ကျွန်ုပ်တို့သည် ရွေးချယ်တတ်ရမည်။ စိစစ်တတ်ရမည်။ စာအုပ်က သွန်သင်ပြသသော သဘောအဓိပ္ပာယ်ကို နားလည်တတ်ရမည်။ အကောက်အယူ မှန်စေရမည်ဟူသော ဆရာဖေယျ၏ သွန်သင်ချက်သည် စာဖတ်ဝါသနာ ပျိုးထောင်ရာ၌ မှတ်သားသင့်သော အချက်ဖြစ်ကြောင်း" ဆရာဦးဝင်းတင်က ဆိုပါသည်။

"ထို့ကြောင့် စာကို ရွေးချယ်ဖတ်ရမည်။ စာဖတ်ဝါသနာ ပျိုးထောင်စကပင် လူ့အသက်နှင့်လည်းသင့်၊ စာဖတ်သက်နှင့်လည်းသင့်သည် စာအုပ်များကို ရွေးချယ်ဖတ်ရှုရမည်။ ဖတ်ရှုနိုင်အောင်လည်း အထောက်အကူများကို ဖန်တီးပေးရမည်"ဟု ဆရာဦးဝင်းတင်က စာပေမွေ့လျော်မှု ပျိုးထောင်ခြင်း

စာတမ်းတွင် ပြောခဲ့ပါသည်။

ထို့အပြင် "လူတိုင်းလူတိုင်းမှာ အသိဉာဏ်ပညာ မျက်စိမကန်းစေရ။ အဖိုးတန်အချိန်များ အချည်းနှီးမဖြစ်စေရ။ စာအုပ်အဖော်လုပ်သည့် အလေ့ကို ဖြစ်စေ၊ ကြည်နူးနှစ်သက်မှုအတွက် ရသစာပေဖတ်သည့် ဝါသနာကိုဖြစ်စေ၊ နိုင်းနိုင်းချိန်ချိန် သုခမိန်ဖြစ်ရန် ဗဟုသုတကုံလုံပြည့်ဝရာ ပြည့်ဝကြောင်း စာပေါင်းစုံဖတ်သည့် အကျင့်ကိုဖြစ်စေ ပျိုးထောင်ရပါမည်။ ပျိုးထောင်နိုင်လေ တစ်မျိုးသားလုံး အကျိုးရှိလေဖြစ်ပါသည်။ သို့သော် စာပေမွေ့လျော်မှုကို နည်းမှန်လမ်းမှန် ပျိုးထောင်ရပါမည်"ဟုဆိုကာ ဆရာဦးဝင်းတင်သည် စာပေမွေ့လျော်မှု ပျိုးထောင်ရေးနည်းလမ်းများအနက် စဉ်းစားသင့်သည် အချက်များကို တင်ပြခဲ့သည်။

ယင်းတွင် လက်ဦးဆရာများဖြစ်သော မိဘများကိုယ်တိုင်က သားသမီးကို စာပေမွေ့လျော်မှု ပျိုးထောင်ပေးရမည်။ ဆရာများက အားပေးရပါမည်။ မိတ်ဆွေသူငယ်ချင်း စာဖတ်ဝိုင်းများဖွဲ့ကာ စားမြုံ့ပြန်ရပါမည်။ အိမ်၊ ရပ်ကွက်၊ မြို့ရွာ စာဖတ်ခန်းများ၊ စာကြည့်တိုက်များ ထူထောင်ဖွဲ့စည်းအားပေးရပါမည်။ စာဖတ်နည်း မှန်ကန်အောင်၊ စာကောင်းပေကောင်းများ ရွေးချယ်နိုင်အောင် စာပေဆိုင်ရာဝေဖန်ရေးသားမှုများကို ပြုလုပ်ပေးရပါမည်။ ဟောပြောမှုများ ပြုလုပ်ပေးရပါမည်။ စာနှမှစာရင့်သို့ ချောချောမောမော ကူးပြောင်းဝင်ဆန့်နိုင်မည့် စာမျိုးစုံပါဝင်သောဂျာနယ်၊ မဂ္ဂဇင်းများကို တိုးချဲ့ထုတ်ဝေရပါမည်။ စာမွေ့သူတို့ စာကောင်းပေကောင်းပိုမိုဖတ်နိုင်ရန် ကမ္ဘာ့စာပေ ဘာသာပြန်များကို အလေးထား ထုတ်ဝေရပါမည်။ ...စသည်ဖြင့် လမ်းဘေးစာအုပ်ဆိုင်များ ပြည်ရွာအနှံ့ဖွင့်ရန်၊ မဖတ်မနေဖတ်ရမည့် စာအုပ်စာရင်းများ ပြုစုရန်၊ အစိုးရမှကူညီရန် စသော အကြောင်းအချက်များကို တင်ပြ လမ်းညွှန်ပေးခဲ့ပါသည်။

ယခုကာလတွင် ထိုအချက်များ အတော်ပင်ပြည့်စုံနေပြီဟု ဆိုနိုင်ပါသည်။ စာအုပ်အမျိုးမျိုး၊ စာကောင်းပေမွန်အမျိုးမျိုးတွေ ပေါ်ထွက်နေကြပြီ။ စာဟောင်းပေဟောင်းတွေ အလွယ်တကူ ပြန်လည်ရှာဖွေနိုင်အောင် ပြန်လည်

ထုတ်ဝေခဲ့ကြပြီ။ ကလေးလူငယ် စာပေများလည်း အတန်အသင့်ရှိပြီဟု ဆိုနိုင်ကောင်း၏။ ဘာသာရပ်ဆိုင်ရာ အတတ်ပညာ၊ အသိပညာဆိုင်ရာ စာအုပ်စာပေတွေလည်း ရှေးကထက် ပေါ်များလာပေပြီ။ အသိဉာဏ်ကို၊ အသိအမြင်ကို ဆွဲဖွင့်ပေးမည့် စာအုပ်ကမ္ဘာသို့ မျက်မှောက်ပြုနိုင်ခဲ့ကြပြီဟု ဆိုနိုင်ပါလိမ့်မည်။

သို့သော် စာအုပ်ဆိုင်ထဲ၊ စာကြည့်တိုက်ထဲ ကလေးကို လက်ဆွဲခေါ်သွားပေးသည့် မိဘမျိုး များစွာလိုအပ်နေပါသေးသည်။ ကလေးရင်တွင်းသို့ စာဖတ်ဝါသနာမျိုးစေ့ချပေးဖို့ ပျက်ကွက်နေသော မိဘတွေ ရှိနေပါသေးသည်။ မိမိနှစ်သက်ယုံကြည်အားထားသော ရသစာပေတောအုပ်သို့ မိမိတို့သားသမီး၊ တူ၊ တူမ တပည့်သားမြေးကလေးများကို ပျော်ရွှင်စွာ ကျင်လည်ကျက်စားတတ်အောင် ခေါ်ယူဆွဲဆောင်နိုင်စွမ်းတွေ ချို့တဲ့ဆဲရှိနေသေးသည်။ ကျွန်မတို့မှာ တာဝန်ကြီးတစ်ရပ်ကို ပျက်ကွက်နေဆဲရှိသေးသည်။ လူကြီးမိဘတွေက တာဝန်ကျေကြမှသာ ၎င်းတို့ပျိုးထောင်ယူမည့် ကလေးလူငယ်များ၏ အရည်အသွေးမြင့်မားမှုကို မျှော်လင့်နိုင်မည် မဟုတ်ပါလား။ ကလေးတွေတစ်ချို့ကတော့ အာရုံတွေနောက်ကိုရှက်ဖွင့်ကာ အစွမ်းကုန်လိုက်နေကြရင်း တီဗွီ မူဗွီ ဂိမ်းဖုန်းမျက်နှာပြင် ဖန်သားများပေါ်မှာ ပြင်းထန်သော ဆွဲဆောင်မှုများအောက်မှာ ခေါင်းမဖော်နိုင်ကြရှာ။

"လူတွင် မိမိစိတ်ကို ထိန်းချုပ်နိုင်ခြင်း၊ တပ်မက်မှုအာရုံများကို ချုပ်ထိန်းနိုင်ခြင်းတို့သည် လိုအပ်ပါသည်။ မိမိ၏ ရမ္မက်ဆန္ဒများနှင့် စိုးရိမ်ထိတ်လန့်မှုများကို တည့်မတ်ထိန်းကျောင်းပေးနိုင်သူသည် ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နိုင်သူ"ဖြစ်သည်။

အမှန်တကယ် အောင်မြင်သူသည် သူ၏အာရုံငါးပါးကို ကိုယ်ပိုင်အသိတရားဖြင့် ထိန်းချုပ်ထားနိုင်သူ ဖြစ်၏။ သူသည် ကံကောင်းနေချိန်တွင် ဖြစ်စေ၊ ကံဆိုးနေချိန်တွင် ဖြစ်စေ၊ ချမ်းသာကြွယ်ဝနေချိန်တွင် ဖြစ်စေ၊ ဆင်းရဲ ဒုက္ခရောက်နေချိန်တွင် ဖြစ်စေ ကိုယ့်စိတ်ကိုယ် နိုင်အောင်ထိန်း၏။ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် လုပ်ဆောင်၏။ ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နိုင်မှုရှိခြင်းက ယုံကြည်မှုကို ပေါက်ဖွားစေပါသည်" ဟု

လေ့လာမှတ်သားရဖူးသည်။

"လူငယ်တစ်ဦးသည် ပညာမတတ်ဘဲ၊ ကျန်းမာရေးမကောင်းဘဲ အောင်မြင်ကောင်း အောင်မြင်နိုင်သည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှုမရှိပါမူ အောင်မြင်နိုင်မည်မဟုတ်။ စွမ်းပကားကြီးမားလှသော ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှုက ထိုလူငယ်အား အတိုက်အခိုက် အဆီးအတားများကို ထိုးဖောက်၊ ကံကြမ္မာဆိုးများကို နင်းချေကျော်လွှားကာ ရှေ့တန်းသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်စွမ်းရှိပါသည်" ဟုလည်း စာအုပ်စာပေမှ တစ်ဆင့် လေ့လာသိရှိထားရပါသည်။

စာအုပ်စာပေတွေကို လေ့လာဖတ်ရှုခဲ့ခြင်းဖြင့် ကျွန်မတို့တွင် မှန်ကန်သော အတွေး၊ မှန်ကန်သောအကြံအစည်၊ မှန်ကန်သော အသိအမြင်များရရှိကာ မှန်ကန်သော လုပ်ဆောင်ချက်တွေကို ပြုနိုင်ကြပေလိမ့်မည်။

"အသက် (၇) နှစ်အရွယ်တွင် ကလေးတစ်ယောက်သည် သူ့ကိုယ်ပိုင် စရိုက်လက္ခဏာ၊ သူ့ကိုယ်ပိုင်စိတ်ဥပမိရုပ် အပြုအမူတွေကို စတင်အားကောင်းစွာ ပုံဖော်ခဲ့ပြီးဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ဥပမိရုပ် ကိုယ်ရည်ကိုယ်သွေး Personality သည် အောင်မြင်မှုအားလုံး၏ ဇစ်မြစ်ဖြစ်သည်ဟု ပြောနိုင်သည်။ စိတ်ဥပမိတည်ဆောက်ရေး ဆိုသည်မှာ ကိုယ့်ဆန္ဒနှင့် ကိုယ်အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ခွဲခြားသိရှိပြီး ရွေးချယ်ဆုံးဖြတ်ခြင်း၊ မလုပ်သင့်မလုပ်ထိုက်သည်ကို ပြတ်သားတိကျစွာ ခွဲခြားသိရှိရွေးချယ်လုပ်ကိုင်နိုင်ခြင်းတို့ကို လက်တွေ့ဘဝတွင် ကိုယ်တိုင်သိရှိနားလည်လာစေခြင်းပင် ဖြစ်သည်။ အမှန်တကယ် အသိပညာစွမ်းအားအပေါ် အခြေခံသော စိတ်ဥပမိစွမ်းအားကသာ အရာရာ၏အထက်မှာ ရှိသည်။ စိတ်ဥပမိပြည့်ဝသော ယောက်ျား၊ မိန်းမတို့သည်သာ ကမ္ဘာပေါ်တွင် စွမ်းအားအကြီးဆုံး ဖြစ်ကြသည်" *(ကောင်းသာ- လူတိုင်းအတွက် စိတ်ဥပမိအခြေခံတည်ဆောက်ရေး)*

ထို့ပြင် "အလေ့အကျင့်ကို အမြော်အမြင်ရှိရှိ လိမ္မာပါးနပ်စွာ ပုံသွင်းပေးလျှင် ၎င်းအလေ့အကျင့်သည် အမှန်ပင် စရိုက်သဘာဝဖြစ်လာ၏။

လူတစ်ဦးသည် ငယ်ရွယ်စဉ် အကျင့်ကောင်းကိုအရိုးစွဲသွားနိုင်သလို ဆိုးသော အမူအကျင့်ကိုလည်း အရိုးစွဲသွားနိုင်၏။ အသက်အစိတ် သို့မဟုတ် သုံးဆယ်သို့ရောက်ပြီး သူတွေသည် သူတို့ကိုယ်သူတို့ ပြုပြင်ပြောင်းလဲမှု လုပ်သည်ကို တွေ့ရခဲပေသည်။ သူတို့သည် သူတို့စလျှောက်ခဲ့ကြသော လမ်းအတိုင်း ဆက်လျှောက်ကြသည်သာ များသည်။ သင့်ဘဝ၏ ရှေ့ပိုင်း အနှစ်နှစ်ဆယ်ကို ကောင်းမွန်စွာ ပြုစုပျိုးထောင်ပါ။ သင့်ဘဝ၏ နောက်ပိုင်း အနှစ်နှစ်ဆယ်က သင့်အား တာဝန်ယူ စောင့်ရှောက်သွားနိုင်ပါသည်"ဟု ဆိုပါသည်။

အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်ကြီးတစ်ဦးက "လောကမှာ အကျင့်ကောင်းလေးခု ရှိတယ်။ အချိန်တိကျမှု၊ စေ့စပ်သေချာမှု၊ တစိုက်မတ်မတ်လုပ်ကိုင်မှုနှင့် လျင်လျင်မြန်မြန် ဆောင်ရွက်တတ်မှုတို့ ဖြစ်ကြောင်း" ပြောခဲ့သည်ဟု ဆိုပါသည်။ ပထမ အကျင့်ကောင်းမရှိရင် အချိန်တွေ လေလွင့်တယ်၊ ဒုတိယ အကျင့်ကောင်းမရှိရင် ကျုပ်တို့ရဲ့ ဂုဏ်သိက္ခာရဲ့ အကျိုးစီးပွားကိုပါ ထိခိုက်နစ်နာစေမယ့် အမှားတွေကို ကျူးလွန်မိနိုင်တယ်။ တတိယ အကျင့်ကောင်းမရှိရင် ဘယ်ကိစ္စကိုမှ ကျေနပ်အားရစရာကောင်းအောင် လုပ်နိုင်မှာ မဟုတ်ဘူး။ စတုတ္ထ အကျင့်ကောင်းမရှိရင် နောက်တစ်ကြိမ် ပြန်မရနိုင်တော့တဲ့ အခွင့်အလမ်းကောင်းတွေ လက်လွတ်ဆုံးရှုံးသွားနိုင်တယ်ဟုလည်း ဆိုထားပါသည်။

ကိုယ့်ပိုင်အသိတရားဖြင့် ထိန်းချုပ်ထားသော စိတ်သည် အနှောင်အဖွဲ့ကင်းသော စိတ်ဖြစ်ပြီး အနှောင်အဖွဲ့ကင်းခြင်းသည် စွမ်းအားဖြစ်သည်။

ကျွန်မတို့တိုင်းပြည်သည် မည်မျှသယံဇာတတွေ ပေါများခဲ့သည်ဆိုစေ၊ ပညာတတ်တွေ ပေါများသည်ဆိုစေ အမှန်ပင် ဆင်းရဲပါသည်။ ဆင်းရဲမွဲတေခြင်းသည် အနှောင့်အယှက်အစစ်မဟုတ်ပါ။ လူတစ်ယောက်အား သူ့ရည်မှန်းချက်ပန်းတိုင်သို့ အရောက်သွားအောင် တွန်းပို့ပေးသော တန်ဖိုးမဖြတ်နိုင်သည့် နှင်တံတစ်ခုသာဖြစ်သည်။ ဒုက္ခဆင်းရဲထဲမှာ ပင်ပန်းကြီးစွာ ကြိုးစားရုန်းကန်လျက် အပတ်တကုတ် အလုပ်လုပ်လာခဲ့သူသည်

သူ၏စိတ်ဥပမိတွင် စိန်ကောင်းတစ်ပွင့်၏ အရည်အချင်းအတိုင်း လောကဓံကို ခံနိုင်ရည်ရှိပြီး ပွတ်တိုက်ခံရပါ များလာသဖြင့် အရာရာ စွမ်းဆောင်အောင်မြင်နိုင်မည့် ကိုယ်ရည်ကိုယ်သွေးတွေ ဝင်းပြောင်စွာ ထွက်ပေါ်လာအောင် လေ့ကျင့်ရယူပြီးသား ဖြစ်ပေလိမ့်မည်။

“အောင်မြင်ခြင်းသည် ကံတရားနှင့်ဆိုင်သည့် ကိစ္စမဟုတ်၊ စီစဉ်ပုံဖော်ရသည့်ကိစ္စဖြစ်၏။ အောင်နိုင်သူများသည် အခွင့်အရေးပိုရသူများ မဟုတ်။ အခွင့်အရေးကို ဖန်တီးယူသူများ ဖြစ်၏။ သူတို့က ယာယီအခက်အခဲများကြောင့် သူတို့၏အတွင်္ဂပုံရိပ်ကို ညှိုးနွမ်းမှေးမှိန်စေခွင့်မပြု။ သူတို့က ယာယီအခက်အခဲများကို ရုပ်ဖျက်လာသော အခွင့်အရေးများဟု သဘောထားသည်။ အောင်ရမည်ဟူသော သူတို့၏ အဓိဋ္ဌာန်ပြုချက်ကို အထောက်အကူပြုသည့် အခွင့်အလမ်းများဟု ရှုမြင်သည်။

အနာဂတ်ဘဝအတွက် ဘယ်လိုအိပ်မက်မျိုးပဲ မက်မက်၊ ယင်းအိပ်မက်သည် ဖြစ်နိုင်ချေရှိသည့် ဘောင်အတွင်းမှာရှိလျှင် ၄င်းအိပ်မက်သည် လက်တွေ့ဖြစ်မြောက်လာနိုင်၏။ သို့သော် အမှန်တကယ် စိတ်ရောကိုယ်ပါ မြှုပ်နှံထားဖို့လို၏။ ခြေဖျက်၍မရနိုင်သော ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ကို မွေးဖို့လို၏။ သင့်ရည်မှန်းချက်ကို စုံမက်မြတ်နိုးနေဖို့လို၏။ သင့်ရည်မှန်းချက်ပန်းတိုင်ကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှပင် မျက်ခြေပြတ်မခံဖို့ လို၏”

**(မြတ်ငြိမ်း၏ ကိုယ့်ကိုယ်ကိုယ်ကိုးကွယ်)**

သည်တော့ ကျွန်မတို့ ယုံကြည်နိုင်သည်က ကြိုးစားက ဘာမဆိုဖြစ်နိုင်သည်ဟူ၍ပင်။ မျှော်လင့်ချက်ကြီးစွာ၊ ဆန္ဒအားကြီးစွာဖြင့် ဖြစ်မြောက်လိုစိတ်ရှိက မည်သည့်အခက်အခဲမဆို ရင်ဆိုင်တွန်းလှန်ကာ အောင်မြင်မှုတွေ ရယူပိုင်ဆိုင်နိုင်ပါလိမ့်မည်။ ယုံကြည်ချက်ခိုင်မာဖို့ လိုပေသည်။ လုပ်ထုံးလုပ်နည်းများ စနစ်ကျဖို့လိုပေမည်။ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အင်အားအပေါင်းအစုကို စုစည်းထားနိုင်ပြီး သူ့နေရာနှင့်သူ မှန်ကန်စွာ နေရာချထား ပေးနိုင်ရပေမည်။ “ယခုအခါ မြန်မာနိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းများ ပွင့်လာပြီဖြစ်၍ ယခင်က ဦးနှောက်ယိုစီးမှုများဖြစ်ခဲ့ရသည့် ပညာရှင်များ ပြည်ပနိုင်ငံသို့ ထွက်ခွာသွားမှုကိုလည်း ထိရောက်စွာ

ကာကွယ်ပေးနိုင်တော့မည် ဖြစ်ပါသည်"

"ပညာရှင် ဦးနှောက်ယိုစီးမှုကိုကာကွယ်ရန် ပညာရှင်များ ရှင်သန်ဖွံ့ဖြိုးနိုင်သော ရာသီဥတုအခြေအနေတစ်ရပ် ဖန်တီးပေးရန် လိုအပ်မည်ထင်ပါသည်။ ပညာရှင်ကို ထိုက်ထိုက်တန်တန်နေရာပေးခြင်း ပညာရှင်ကိုတန်ဖိုးထားခြင်း၊ ပညာရှင်ကို ထိုက်တန်သော အခွင့်အရေးပေးခြင်း၊ ပညာရှင်၏ ဦးနှောက်ကထွက်လာသော အကြံဉာဏ်၊ အယူအဆတို့ကို အလေးထားခြင်း (မပယ်ရှားခြင်းထိ မဆိုလိုပါ) များသည် အကောင်းဆုံးရာသီဥတု ဖြစ်ပါသည်။... မိခင်တိုင်းပြည်၏ ရာသီဥတုကောင်းလျှင် အပြင်ကို ရောက်သွားသော ပညာရှင်များ၏ ဦးနှောက်ကိုပင် ပြန်လည်မျှော်လင့်နိုင်သည်ဟု ထင်ပါသည်။.... ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်း များ၊ နိုင်ငံခြားတက္ကသိုလ်များတွင် ရောက်ရှိနေသော မြန်မာပညာရှင်များစွာ ရှိနေပါသည်။အချို့ဆိုလျှင် နိုင်ငံခြားအစိုးရများထံတွင် အကြံပေးပညာရှင်များ အဖြစ်သို့ ရောက်ရှိနေသူများပင် ရှိပါသည်" ဟု ဆရာနေဝင်းမောင်က ပညာတတ်နှင့် ပညာရှင် ဆောင်းပါးတွင် ဖော်ထုတ်ခဲ့ပါသည်။

ခေါင်းဆောင်ဖြစ်ထိုက်သူက ခေါင်းဆောင်နေရာယူ၍ နောက်လိုက်ဖြစ်ထိုက်သူက နောက်လိုက်နေရာယူကာ အဖွဲ့အစည်းတစ်ခုလုံးကို ကျရာတာဝန် ထမ်းရွက်ကြရသည်တွင် နောက်လိုက်မို့၊ အောက်ဆုံးဆင့် ဝန်ထမ်းမို့ ဂုဏ်ငယ်သည် မရှိချေ။ မိမိကျရာတာဝန်ကို ကျေပွန်ခြင်းသည် အလုပ်ကိုဂုဏ်ရှိအောင် ပြုနိုင်ခြင်းပင်ဖြစ်ပေသည်။ မည်သူမဆို မိမိအလုပ်ကို တာဝန်ယူရဲသောစိတ် တာဝန်ခံရဲသောသတ္တိဖြင့် အကောင်းဆုံးဖြစ်အောင် သေသပ်စွာပြုလုပ်လိုသောဆန္ဒ ရှိသင့်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ကျော်လောက်က စင်္ကာပူဝန်ကြီးချုပ် ရန်ကုန်မြို့ကို အလည်လာချိန်မှာ သူ့နိုင်ငံကို ရန်ကုန်လို ခေတ်မီဖွံ့ဖြိုးလှပ သန့်ရှင်းသောမြို့တော်ဖြစ်အောင် လုပ်မည်ဟု ပြောကြားသွားခဲ့ပြီး နှစ်များမကြာမီ ယနေ့စင်္ကာပူနိုင်ငံကို တည်ဆောက်နိုင်ခဲ့သည်။ အကြောင်းတွေ အကျိုးတွေ ဘေးဖယ်ထား၊ မဖြစ်ဖြစ်အောင်လုပ်မည်ဆိုသောစိတ် အရင်ရှိဖို့

လိုပါသည်။ ယခုတော့ မြန်မာနိုင်ငံဟာ စင်္ကာပူလိုနိုင်ငံမျိုး ဘာကြောင့် မဖြစ်နိုင်ရမှာလဲ...။

အရင်ဆုံးတော့ နိုင်ငံသားတွေ စည်းကမ်းနှင့်နေတတ်ပြီး စည်းကမ်းရှိသူများ ဖြစ်ဖို့လိုပါမည်။ ထိုစည်းကမ်းကလည်း အားလုံးအတွက် ဥပဒေသည် အတူတူဖြစ်ကြောင်း ယုံကြည်လက်ခံနိုင်ရပါမည်။ မခိုမကပ် အလုပ်လုပ်ကြပြီး လုပ်သလောက်လည်း အကျိုးခံစားခွင့်ရသည်ဟု ယုံကြည်စွဲထင်နိုင်သော၊ တရားမျှတမှုရှိသော ဘဝမျိုးတွေဖြစ်အောင် အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးထားနိုင်ရပါမည်။ ကျောမလုံသည့် ခံစားမှုမျိုးတွေ၊ ညစဉ်နှစ်ခြိုက်စွာ အိပ်မပျော်အောင် စိုးထိတ်ရတာတွေ မရှိစေရ။ ထိုသို့ အခြေအနေတွေသာ ဖန်တီးနိုင်ပါလျှင် ကျွန်မတို့ လိုရာခရီးသို့ ဖြောင့်တန်းစွာ ရောက်ရမည်မှာ အမှန်ဖြစ်သည်။ ခက်ခဲသော၊ ဖြစ်နိုင်ခဲသည်ဟုထင်ရသော အလုပ်ကိုလုပ်ရသည့်အခါ ကာလရှည်ကြာလေလေ ယုံကြည်ချက်တွေ ယိမ်းယိုင်တတ်လေ၊ စိတ်ခွန်အားတွေ လျော့ပါးလေ ဖြစ်တတ်သည်။ ဘေးကအပျက်စိတ် အားလျော့စကား၊ လက်လျော့စကားတွေ နားယောင်သဖြင့်လည်း နောက်ဆုတ်ချင်တတ်ပါသည်။ အရာရာမှာ ယုံကြည်ရဲရင့်စိတ်နှင့် အခြေအနေကို ဆင်ခြင်သုံးသပ်နိုင်သော သတိပညာကို မမေ့မလျော့ထားရှိနိုင်ခြင်းသည် လိုအပ်လှပါသည်။

မကြာသေးမီက နောင်အနှစ် ၂၀ လောက်မှာ စင်္ကာပူရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုမျိုး မြန်မာနိုင်ငံမှာရစေရမည်ဟု ကြွေးဝါးသံကိုကြားတော့ အတိတ်ကာလက ဗိုလ်ချုပ်အောင်ဆန်း၏ ရဲရဲကြီး အာမခံကတိပေးခဲ့သောစကား- နောင်တစ်နှစ်ကြရင် လွတ်လပ်ရေးကြီး ရစေရမယ် ဆိုသော ခိုင်မာသော သန္နိဋ္ဌာန်ကတိစကားကို ပြန်ကြားယောင်မိစေ၏။ ပြင်းပြသောဆန္ဒ၊ ပြင်းပြသော စေတနာ၊ ထက်သန်သောအာ၊ မမှိတ်မသုန်သော ဦးတည်ချက်၊ အရိုးကျေကျေ အရေခမ်းခမ်း အလုပ်ကြိုးစားမှုတွေနှင့် အပေါင်းအစု၊ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုတွေက မဖြစ်နိုင်ဘူးထင်ရသည်တို့ကို တကယ်ဖြစ်မြောက်စေခဲ့ဖူးသည်။

ယုံကြည်မှုဆိုသည်မှာ စိတ်က ပိုင်စိုးသော မည်ကာမတ္တ စိတ်ကူး

တစ်ခုမဟုတ်။ စိတ်ကိုပိုင်စိုးသော စိတ်ကူးတစ်ခု ဖြစ်၏။ (ရောဘတ် ဘော်လ်တန်)

ကိုယ့်ကိုယ်ကိုယ် ချစ်ခြင်းမှ စတင်မွေးဖွားလာခဲ့ကာ ဒါတို့မြေ၊ ဒါတို့ပြည် ဒါတို့ပိုင်နက်မြေ…ဟူသော နိုင်ငံချစ်စိတ်သို့ စီးဆင်းသွားခဲ့သည့် ချစ်ခြင်းတွင် ဘယ်သူ့အမိန့် ဘယ်သူ့အာဏာမှ မပါဝင်ပါဘဲ ကျွန်မတို့ မိမိကိုယ်ကို တာဝန်ယူမှုတွေ ပြုကြရပါမည်။ ကောင်းမြတ်သော ရိုးသား၍ အရည်အချင်းပြည့်မီသော နိုင်ငံသားတွေဖြစ်လာဖို့ ကျွန်မတို့ကိုယ်တိုင် အတွက်ရော၊ ကျွန်မတို့ သားမြေးကလေးလူငယ်များအတွက်ပါ ပြုစု ပျိုးထောင် လေ့ကျင့်ကြဖို့ တာဝန်ရှိနေသည်ဟု ခံယူပါသည်။

ယမ်းငွေ့တွေ ဓားလုံ့တွေ ဗုံးဆံ အမြောက်ဆံတွေကြားမှာ ကျွန်မတို့ စိုးတထင့်ထင့် ဘယ်သူမှ မနေချင်ကြ။ ရှေ့ခြေလှမ်းကို ရဲရဲနင်းဝံ့ချင်သည်။ နောက်ကျောမလုံ၊ စိတ်မလုံခြုံ၊ ဘဝမလုံခြုံမှုတွေကို ဘယ်သူတွေကိုမှ မခံစားရစေချင်။ အနိုင်အထက်ပြုကျင့်မှုတွေ၊ အကြမ်းဖက်မှုတွေမှ ကင်း လွတ်သော၊ ငြိမ်းချမ်းသာယာသော နေ့စဉ်ဘဝမျိုးကိုရချင်သည်။ နွေးထွေး သော နေရောင်ခြည်အောက်မှာ ကျွန်မတို့နိုင်ငံက ကလေးလူငယ်များအားလုံး တေးတကြော်ကြော်ဟစ်ရင်း အပူပင်ကင်းသော ဘဝချမ်းမြေ့မှုတွေ ရယူ ပိုင်ဆိုင်စေချင်ပါသည်။

စိန်ခေါ်မှုအခက်အခဲများစွာ ပြဿနာထောင်သောင်းနှင့် ခရီးလွှင့်ခဲ့ပြီ ဖြစ်သော ကျွန်မတို့ လှေကြီးလှော်ရင်း မနစ်ဖို့ ကျွန်မတို့အားလုံးမှာ တာဝန် ရှိပါသည်။ ကျွန်မတို့သည် တာဝန်ကျေသော တာဝန်ယူရဲသော တာဝန်ခံရဲ သော စိတ်ဓာတ်များဖြင့် ကလေးလူငယ်လူကြီး၊ လူတန်းစား အလွှာအသီး သီး၊ တိုင်းရင်းသားလူမျိုး အသီးသီးက ရိုင်းပင်းချစ်ခင်ညီညွတ်စွာ တက်ညီ လက်ညီ လှော်ခတ်ကြမည်ဆိုလျှင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းတွေ ထာဝစဉ်စိုးမိုးမည့် မျှော်လင့်ခြင်းနိုင်ငံတော်သစ်ကို… ကျွန်မတို့ မလွဲဧကန် အမှန်ရယူနိုင်မည်ဟု ယုံကြည်အပ်ပါသည်။

*ပိုင်*

## အပ်များရေစက်အနက်ပင်လယ်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ကျွန်တော့်မှာ မောင်နှမခြောက်ယောက် ရှိသည်။ ငယ်စဉ်က မိသားစု သိုက်သိုက်ဝန်းဝန်း နေရသည်မှာ အလွန်ပျော်စရာ ဖြစ်ခဲ့သည်။ နောက်ပိုင်း ဆွေမျိုးတချို့ လာနေရာ အိမ်မှာ လူပေါင်း ၁၃ ယောက် ဖြစ်လာခဲ့သည်။ ထမင်းစားချိန်ဆိုလျှင် အားလုံးလူစုံမှ စားရမည်ဟူသော ဖခင်ကြီး၏စကား ကြောင့် လူပေါင်း ၁၃ ယောက်စုပြီး စားရသည့် ထမင်းဝိုင်းကို တွေ့ရ လေ့ရှိသည်။ တစ်ခါတရံ ပြင်ပဧည့်သည်တချို့က-

"ဒီအိမ်မှာ အလှူလုပ်နေတာလား"ဟုပင် မေးရသည်အထိ ဖြစ်ခဲ့ သည်။ ရှေးလူကြီးတို့နှင့် နေခဲ့ရစဉ်က ရိုးရာအစဉ်အလာတစ်ခု ဖြစ်ခဲ့သည်။ ထမင်းဝိုင်းမှာ စားနေစဉ် အတွေးတစ်ခု ဝင်လာမိခဲ့သည်ကို အမှတ်ရ မိသည်။

"တို့ အိမ်မှာ လူတွေတိုးလာတော့ အိမ်ကြီး ပိုမလေးလာဘူးလား၊ မြေကြီးကရော ပိုပြီး မထမ်းလာရဘူးလား"ဟူ၍ ဖြစ်သည်။ အိမ်ဘေးကပ် လျက်မှာ 'ဦးဘောင်းဘီ'ဟု ရပ်ကွက်ထဲက လူအများ အမည်ပေးထားသည့် တရုတ်ကြီးနှင့် သူ၏မိသားစု ရှိသည်။ ဘောင်းဘီတိုတို အမြဲဝတ်ထားသော ကြောင့် ခေါ်ကြခြင်းဖြစ်သည်။ ဦးဘောင်းဘီတွင် အလွန် ထူးခြားသည်က သားသမီးတွေ အလွန်များခြင်းဖြစ်သည်။ သူ့သားတွေ အိမ်ထောင်ပြုလျှင်

သူ့အိမ်မှာပဲ ထားသည်။ ချွေးမတွေ ရောက်လာ၊ မြေးတွေ ပွားစီးလာလိုက်နှင့် သူ့အိမ်ထောင်စုစာရင်းမှာ သူများနှင့်မတူ၊ နှစ်ရှက်ထားရသည်ကို လူအများ ပြောဆိုရယ်မောလေ့ရှိကြသည်ကိုလည်း မှတ်မိနေသည်။

"ဒီလောက် လူတွေများနေရင် ဒီတရုတ်ကြီးအိမ်လည်း အတော်လေးမှာ၊ သူ့အိမ်အောက်က မြေကြီးလည်း အတော်ထမ်းထားရမှာ" ဟူ၍ တွေးမိပြန်သည်။ မြေကြီးနှင့် အိမ်ကြီးတွေကို ကရုဏာသက်မိစိတ်ဝင်ခဲ့မိခြင်းဖြစ်သည်။ စာတွေ ဖတ်တတ်လာတော့ စိတ်ဝင်စားသည့် အလေးချိန်အကြောင်း မကြာခဏ ဖတ်လာမိသည်။ ယနေ့ကမ္ဘာကြီး၏ သက်တမ်းသည် နှစ်ပေါင်း ၄.၅၄၃ ဘီလီယံ၊ မီးတင်းနေထိုင်သူ လူသားပေါင်းက ၇.၁၂၅ ဘီလီယံ၊ ထိုလူသားတို့၏ အလေးချိန် Humanity weighs က ၅၄၀၀ Titanics သို့မဟုတ် တန်ပေါင်း ၂၈၇ သန်းမျှ ရှိသည်ဟု ပညာရှင်များ ခန့်မှန်းတွက်ချက်ထားကြသည်။ ကြီးမားလှသည့် ကမ္ဘာကြီးသည် ရေထု၊ မြေထုကိုသာမက လူသားနှင့် အခြား ဇီဝသတ္တဝါမျိုးစုံတို့၏ ကိုယ်အလေးချိန်များကိုပါ ထမ်းထားနေပါသည်။ ကမ္ဘာမြေကြီးသည် ကျွန်တော်တို့အားလုံးကို နေစရာပေးထားသော ကျေးဇူးရှင် မြေပိုင်ရှင်ကြီးဖြစ်သည်။ အထူးသဖြင့် လူသားအများစုကသာ ကမ္ဘာကြီးကို အမျိုးမျိုး ခြယ်လှယ်နေကြသည်။ ကောင်းသော လူသားတို့က ကျေးဇူးသိတတ်ကြပြီး ကမ္ဘာကြီးနှင့် သူ၏ သယံဇာတ၊ ပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းပေးကြသည်။ စိတ်ကောင်းနည်းပါးသူတို့ကမူ ကမ္ဘာကြီးထံမှ အကောင်းဆုံးသော သယံဇာတများကို အတိုင်းမသိ ထုတ်သုံးစွဲကြသည်။ လောဘအမိုက်မှောင်ဖုံးကာ ရသမျှ ထုတ်ယူကြသည်။ သဘာဝပတ်ဝန်းကျင်ကြီးကိုလည်း ဖျက်ဆီးကြသည်။ လူအချင်းချင်းလည်း ဒုက္ခမျိုးစုံ ပေးကြသည်။

Desparados ခေါ် လူစားမျိုးကို ရာဇဝတ်သားစိတ်ရှိသူ လူစားမျိုးဟုဆိုသည်။ ထိုသူတို့သည် မည်သို့သော အမှုအခင်းမျိုးဖြစ်စေ၊ အလွယ်တကူ ကျူးလွန်တတ်ကြသည်။ လူအချင်းချင်း သနားညှာတာမှု၊ ကိုယ်ချင်းစာနာတတ်မှု ကင်းမဲ့ကြ၊ လူစိတ်ကင်းမဲ့နေသူများဟုပင် ထင်စရာဖြစ်သည်။

Psychopaths ခေါ် ကြမ်းတမ်းသော စိတ်ထားရှိသူများကလည်း ထိုလူစားမျိုးကဲ့သို့ ဖြစ်သည်။ သူတစ်ပါး ထိခိုက်နစ်နာ နာကျင်အောင် လုပ်တတ်ကြသည်။ ယင်းကို အရသာတွေ့ကြသူများဖြစ်သည်။

Lumpen proleterait လမ်းပန်းပရိုလီ တေးရီးယတ်ခေါ် ကိုယ်ကျိုးရှာ ပစ္စည်းမဲ့လူစားများကလည်း တစ်မျိုး။ မိမိကိုယ်ကျိုးအတွက် ဘယ်သူပဲ ထိခိုက်ခိုက် လုပ်ဝံ့သူမျိုးဖြစ်သည်။ ပညာမဲ့ကြပြီး မိမိတို့၏စွမ်းရည်ကို မကောင်းသည့်ဘက်မှာသာ မကောင်းသောနည်းမျိုးစုံဖြင့် လုပ်တတ်ကြသူများ၊ အောက်တန်းနောက်တန်းကျစိတ် ထားရှိသူများ၊ လူဆိုးလူသွမ်းများ ဖြစ်ကြသည်။

Declarr element ခေါ် စွမ်းရည်မဲ့ ကလေကချေ လူတန်းစားပျက်ဟုလည်း ခေါ်ပါသည်။

Carpet beggar ဆိုသည်က ပွဲလန့်တုန်း ဖျာခင်းကြသူများဖြစ်သည်။ ခေတ်ပျက်၊ အများဒုက္ခရောက်နေချိန်မှာ မိမိအတွက် အရယူတတ်ကြသူများလည်း ရှိသေးသည်။ ခေတ်မကောင်းလေ သူတို့အတွက် အကျိုးအမြတ်ရလေ ဖြစ်သည်။ ထိုသို့သော လူစားမျိုးများကြောင့် လူ့လောကကြီးပျက်စီးရုံမက ပြိုကျသွားနိုင်သည်ဟု ထင်သည်။ လောကကြီးကို ဘက်ပေါင်းစုံမှ ဒုက္ခပေးနိုင်သည့် ထိုလူစားမျိုးတွေ၊ မိမိအတွက်ကလွဲပြီး အများအတွက် ဘာတစ်ခုမှ အကျိုးမပြုသည့် လူစားမျိုးတွေကြောင့် ကမ္ဘာကြီးအတော် အလေးထမ်းထားရမည်။ မကောင်းမှုများဖြင့် အချိန်စီးနေသည့် လူစားမျိုးတွေ များနေလေ အများအကျိုးမဲ့လေဖြစ်မည်။ ခန္ဓာကိုယ်အလေးချိန်ထက် စိတ်ဓာတ်၊ ဉာဏ်ပညာ အလေးချိန်စီးသည့် လူစားမျိုးများ၊ လူတော်လူကောင်းများစွာရှိနေလျှင် အများချမ်းသာကြပါမည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်လေးများကို ထိုသို့သော ကောင်းခြင်းများစွာဖြင့် အချိန်စီးနေသူများ ဖြစ်စေချင်သည်။

လူငယ်လေးများ၏ အတွင်းစိတ်တွင် စိန်ပွင့်ကလေးများ စီခြယ်ထားသလို အရည်အချင်းကောင်းများရှိနေမှ၊ တန်ဖိုးရှိသော အချိန်စီးသော လူစား

များ၊ လောကကြီးကို အကျိုးပြုနိုင်မည့် လူစားမျိုးများ ဖြစ်လာမည်။

DIAMONDS ခေါ် 'လင်းလက်နေသော စိန်ပွင့်များ' ဟူ၍ ဆရာကြည်မင်း ရေးသားထားသည်ကို အမှတ်ရနေမိသည်။

D = desire ပြင်းပြသော ဆန္ဒ။

I = Integrity ခိုင်မြဲကြံ့ခိုင်သော စိတ်ဓာတ်။

A = Attitude မှန်ကန်သော စိတ်သဘောထား။

M = Mission ရည်မှန်းချက်ရောက်ရန် မှန်ကန်စွာ လျှောက်လှမ်းနိုင်ခြင်း။

O = Openness ပွင့်လင်းသောစိတ်ထား။

N = New-mindness စိတ်အခြေအနေကို အမှန်အတိုင်း ပြောင်းလဲ လက်ခံနိုင်တတ်ခြင်း။

D = Decisiveness မှန်ကန်သော ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်း။

S = Service လက်တွေ့ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်သည်။

If an egg is broken by an outside force, life ends. If broken by an inside force,life begins.Great things always begin from the inside.

ကြက်ဥတစ်လုံး၊ ပြင်ပမှ အားတစ်ခုခု သက်ရောက်ပါက လွတ်ကျသည်ပဲဆိုပါစို့ ကွဲသွားမည်။ အတွင်းမှာရှိသော အသက်ဝိညာဉ် ချုပ်ငြိမ်းသွားမည်။ အတွင်းမှလာသော အား၊ ထိုအားက ကြက်ဥကို ကွဲသွားစေသော်လည်း အသက်ရှိသော သားငယ်လေးကို မွေးဖွားပေးမည်။ လောကကြီးထဲ သက်ရှိတစ်ဦးကို ရှင်သန်ခွင့် ပေးလိမ့်မည်ဖြစ်သည်။

လောကကြီးတွင် ကြီးကျယ်မြင့်သော အရာဟူသမျှ လူသားတို့၏ ကိုယ်တွင်းရှိ မူလ အရည်အချင်းများကြောင့်သာ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

လူသားတိုင်း၏စိတ်ဓာတ်၊ အရည်အသွေးကောင်းများကသာ လောကကြီးကို အကျိုးပြုနိုင်မည်ဖြစ်သည်။

လူ၏ အရွယ်အစားထက် ထိုသူ၏ စိတ်ဓာတ်အရည်အချင်းတို့က လေးလံကြီးမားနေစေဖို့ လိုခြင်းသာဖြစ်သည်။ လူတစ်ဦး ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုထက် ထိုသူ၏ တန်ဖိုးရှိသော အရည်အချင်း ပိုင်ဆိုင်နိုင်မှုကသာ လောကကြီးကို အကျိုးပြုနိုင်မည်ဖြစ်သည်။ ပေါ့ပေါ့လေးနှင့် လေးနေသော တန်ဖိုးကြီး လူသားမျိုးဆက်များစွာ ပိုင်ဆိုင်သော လူ့အဖွဲ့အစည်းများသာ အောင်မြင်တိုးတက်နေသည်ကို တွေ့နိုင်ပါသည်။

'အပ်ဖျားရေစက်၊ အနက်ပင်လယ်' အပ်ဖျားမှာတွဲကျနေသော ရေစက်ကလေးပင်ဖြစ်သော်လည်း တန်ဖိုးကြီးသည့် အနက်အဓိပ္ပာယ်ဆောင်နိုင်နေနိုင်ဖို့ ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် ယခုအခါ ကိုယ်ခန္ဓာသေးသေးငယ်ငယ်ပင် ဖြစ်သော်လည်း တန်ဖိုးကြီးမား လေးလံလှသော အမျိုးသမီးကြီးတစ်ဦး ရှိနေသည်။ သူမကြောင့် ကမ္ဘာက မြန်မာကို မျှော်ကြည့်လာရသည်။ ပျောက်ဆုံးနေခဲ့ရသော မြန်မာ့ဂုဏ်များ နိုးကြားလာရသည်။ ယနေ့ လူငယ်တိုင်းသည်လည်း မိမိတို့ ကိုယ်တွင်းမှာ စိန်များစီထားသလို၊ တန်ဖိုးရှိ အရည်အသွေးများ မွေးမြူထားကြဖို့ လိုနေသည်သာ ဖြစ်ပေသည်။

*ဒေါက်တာမြင့်သန်း(ညောင်လေးပင်)*

# မင်းဘယ်မှာလဲမောင်စိန်ထွား

မြနန္ဒီ

စာပေခရီးသွားများ စာအုပ်တိုက်မှ ဆရာမဒေါ်ခင်မို့မို့နီ (စီစဉ်သူ စာရေးဆရာမ ရွှေစကား)သတ်မှတ်ပေးလိုက်တဲ့ ခေါင်းစဉ်လေးက "လူငယ်တွေစိန်စီမှ အချိန်စီးတဲ့ လူကြီးတွေဖြစ်မယ်"တဲ့။

ငယ်စဉ်ကတော့ ဘိုးဘွားမိဘတွေ ပြောစကားထဲမှာ "ကြီးလေ အချိန်မစီးလေ ဖြစ်မယ်နော်"ဆိုတာ မကြာခဏပါပဲ။ ကိုယ်တိုင် စဉ်းစားတတ်လာတဲ့အခါ "အချိန်မစီး"ဆိုတဲ့ စကားကို နက်နက်ရှိုင်းရှိုင်းတွေးမိပါတယ်။ လူကြီးနေရာကနေ၊ လူကြီးတစ်ယောက်ရဲ့ တာဝန်ကို ယူထားပြီး တာဝန်နဲ့အညီ မစွမ်းဆောင်နိုင်သူတွေ၊ အချောင်သမားတွေ စသည်ဖြင့် အချိန်မစီးသူတွေကို တွေ့ကြုံရတာများလာတဲ့အခါ "ငယ်စဉ်က ဘယ်လိုများ နေထိုင်ကျင့်ကြံခဲ့ပါလိမ့်"လို့ မမေးချင်ဘဲ မနေနိုင်ပါဘူး။

ရုပ်ပိုင်ဆိုင်းရာဖွံ့ဖြိုး၊ ရာထူးဂုဏ်သိမ်နေရာကြီးမားပေမယ့် အတွေးအခေါ်အသိဉာဏ် နည်းပါးသူတွေကို တွေ့ရတဲ့အခါ အသက်ငယ်၊ တာဝန်ငယ်ပေမယ့် အတွေးအခေါ်ရှေ့ပြေး အသိဉာဏ်ဖွံ့ဖြိုးတဲ့ စိန်စီသောလူငယ်လေးများကို ပိုပြီး လေးစားမိတယ်လေ။ တကယ်တော့လည်း စိန်စီသောလူတစ်ယောက်ဖြစ်ဖို့ဆိုရာမှာ အကြောင်းအမျိုးမျိုးရှိပါတယ်။ တစ်ချို့တော့လည်း မွေးရာပါဗီဇနဲ့ ပါရမီကိုက ဖြစ်လာတာ။ နိုင်ငံရေးသမားကြီးတွေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်အောင်ဆန်းစုကြည်တို့လို လူမျိုးတွေပေါ့။ သူတို့

လုံ့လ၊ ဝီရိယ ဖွဲ့ကတော့ မဖြစ်မနေထားတတ်သူတွေလဲ ဖြစ်နေသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးအတွက် လန်ဒန်မှာ အရေးဆိုစဉ်က သူ့အသက်ဟာ (၃၂)နှစ်ပဲ ရှိသေးတဲ့လူငယ်လေးပါ။ သူတို့လက်အောက်မှာ သူတို့စကားကို ကျွမ်းကျင်မှ ကိုက်လိုရာပေါက်အောင် ပြောနိုင်မယ် ဆိုတဲ့ စိတ်နဲ့ အင်္ဂလိပ်စာကို အပတ်တကုတ် လေ့လာအားထုတ်မှုရှိပြီး နိုင်ငံ လွတ်လပ်ရေးကို တစိုက်မတ်မတ် မယိမ်းမယိုင်လုပ်ခဲ့တာလေ။ ဒါကြောင့်လဲ ဗိုလ်ချုပ်အောင်ဆန်းဟာ လူသာသေပေမယ့် နာမည်မသေတဲ့ စိန်စီသော ပုဂ္ဂိုလ်ကြီး ဖြစ်နေတာပေါ့။ဒေါ်အောင်ဆန်းစုကြည်ဆိုတာတော့ အများသိပြီးမို့ အထူးအထွေ မပြောလိုတော့ပေမယ့် ကမ္ဘာ့နိုင်ငံအသီးသီးက အင်မတန်မှ လေးစားတန်ဖိုးထားရတဲ့ ခေါင်းဆောင်ဆိုတဲ့ အရည်အချင်းတွေကို သိ လောက်ပါရဲ့။ တချို့ကတော့ ကောင်းမွန်မှန်ကန်တဲ့ ပျိုးထောင်မှုကို ရခဲ့တယ်၊ အလေ့အကျင့်ကောင်းကို ကျင့်ခဲ့ကြတယ်။ ကိုယ်တိုင်ကလည်း ကြိုးစားမှု ကောင်းတယ်၊ တည်ငြိမ်အေးချမ်းမှု၊ နှစ်လိုဖွယ်ယဉ်ကျေးမှုတွေ ရှိတယ်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် (၅)နှစ် သက်တမ်း(၂) ကြိမ်၊ (၁၀) နှစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးသန့်မှာ ဒီလိုအရည်အချင်းတွေ အားလုံးပြည့်စုံတဲ့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ချစ်ခင်လေးစားတဲ့ ပုဂ္ဂိုလ် ကြီးအဖြစ် မြန်မာ့သမိုင်းကို ထင်ရှားလှပစေခဲ့ပါတယ်။ ကမ္ဘာ့သမိုင်းမှာ လည်း ထင်ရှားတဲ့ စိန်တစ်ပွင့်အဖြစ် တလက်လက်တောက်ပခဲ့သူ ဖြစ်ပါ တယ်။

(၁၉၁၄ မှ ၁၉၁၈) ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ပထမကမ္ဘာစစ်၊ (၁၉၃၉-၁၉၄၅) ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးတွေ ဖြစ်ခဲ့တာကြောင့် တစ်ကမ္ဘာလုံး မီးဟုန်းဟုန်းတောက်ခဲ့ရပါတယ်။ တတိယ ကမ္ဘာစစ်မဖြစ်ပွားရေးနဲ့ လူသားတွေရဲ့အကျိုး တိုးတက်ကောင်းမွန်ရေး စသည်တို့ကို ရည်ရွယ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို (၁၉၄၅ အောက်တို ဘာလ ၂၄ ရက်) မှာ နိုင်ငံပေါင်း (၅၁)နိုင်ငံနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ (၁၉၄၈) လွတ်လပ်ရေးရပြီးတဲ့အခါ မြန်မာနိုင်ငံလဲ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါ တယ်။ ဦးသန့်ဟာ (၁၉၅၇)မှာ ကုလသမဂ္ဂ သံအမတ်ကြီးအဖြစ် တာဝန်

ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီမှတစ်ဆင့် တတိယမြောက် အတွင်းရေးမှူးအဖြစ် နိုင်ငံတကာခေါင်းဆောင်အသီးသီးရဲ့ ရွေးချယ်မှုနဲ့ မြန်မာနိုင်ငံသား ဦးသန့်ဟာ တာဝန်ထမ်းဆောင်ခဲ့ရပြန်ပါတယ်။

ဦးသန့် တာဝန်ထမ်းဆောင်စဉ်အတွင်း တတိယကမ္ဘာစစ်ဖြစ်လုဆဲ အခြေအအနေဆိုးတွေကို ဦးသန့်က ကြားဝင်စေ့စပ်ဖျန်ဖြေမှုအရ စစ်မက်အရေးတွေက ကင်းဝေးခဲ့ရမှုတွေကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ခြင်းခံခဲ့ရသူပါ။ အမေရိကန်နိုင်ငံက ထူးထူးခြားခြား ဂုဏ်ပြုမှုကတော့ ပို့စကဒ်အရွယ် မြန်မာအလံကို အာကာသယာဉ်မှူးတွေက အာကာသထဲ ယူဆောင်သွားပြီး စကြာဝဠာရောက် မြန်မာ့အလံကို ဦးသန့်လက်ထဲ ပေးအပ်ခဲ့ခြင်းပါ။ ဘောင်သွင်းထားသောအလံမှာ "ဤအလံမှာ ဂျီမီနီ အမှတ် (၁၂) အာကာသယာဉ်ဖြင့် ယာဉ်မှူး ဂျိမ်းလိုဘယ်နှင့် အက်ဒွင်အယ်ဒရင်တို့ ၁၉၆၆ နိုဝင်ဘာလအတွင်းက အာကာသသို့ပျံသန်းစဉ် သယ်ဆောင်ယူသွားသည်"ဟူသော စာတမ်းရေးထိုးထားပါသည်။ တက္ကသိုလ်စိန်တင်၏ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်စာအုပ်တွင် ဖော်ပြထားသည်ကို မှတ်သားရပါတယ်။

လူတွေ လူတွေ မွေးဖွားကြ၊ ကြီးပြင်းကြ၊ သေဆုံးကြနဲ့ မဆုံးနိုင်တဲ့ သံသရာထဲမှာ လူ့ဘဝဟာ ခဏလေးပါ။ တချို့က ကောင်းတာကို ယူတတ်ကြတယ်၊ ကောင်းအောင် ကြိုးစားတည်ဆောက်ကြတယ်။ အတ္တကို ပယ်နိုင်ကြတယ်။ သစ္စာတရား၊ ကိုယ်ကျင့်သိက္ခာ၊ သမာဓိ၊ ခွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ ပညာ၊ ယဉ်ကျေးဖွယ်ရာ စသည်ဖြင့် အကြောင်းတရားများစွာဟာ လူသားတွေအတွက် အသင့်ပါပဲ။ လိုအပ်သလို ဆွဲယူသုံးစွဲ ကျင့်ကြံရင်း မြန်မာမှာရော ကမ္ဘာမှာပါ လူ့အဖိုးတန်တွေ ပေါ်ထွန်းလာခဲ့ပါတယ်။ ဒါတွေကို လူငယ်လေးတွေအားလုံး အတုယူသင့်တာ ယူရမှာဖြစ်ပါတယ်။

"မင်္ဂလာပါမြန်မာ" "ငုတ်မိသဲတိုင် တတ်နိုင်ဖျားရောက်" စတဲ့ စကားလုံးတွေကို ရှင်လန်းတက်ကြွတဲ့ အမူအယာ၊ နှစ်လိုဖွယ်အပြုံးတွေနဲ့ မြန်မာတွေရဲ့ အသည်းနှလုံးကို သိမ်းကြုံးယူခဲ့သူက အမေရိကန်သမ္မတ

ဘားရက်အိုဘားမားပါ။ လူဖြူ လူမဲ ခွဲခြားမှု၊ လူမည်းတွေကို ကျွန်ပြုတဲ့ စနစ်ဟာ အမေရိကန်မှာ နှစ်ပေါင်း (၂၀၀) ကျော်လွန်းမက ကျော်နေပါပြီ၊ အမြစ်တွယ်နေပါပြီ။ (၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်) မှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲကြီးမှာတော့ သမိုင်းတစ်ခေတ် ဆန်းသစ်ခဲ့ရပြီဖြစ်ပါတယ်။ အသက် (၄၇) နှစ်ရှိပြီဖြစ်တဲ့ လူမည်းသွေး (၅၀%) ပါတဲ့ ဘားရက်အိုဘားမားဟာ (၄၄) ယောက်မြောက် အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါတယ်။ စီးပွားရေးပြည့်စုံကြွယ်ဝ၊ ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံတဲ့ အမေရိကန်ထိပ်တန်း လူဖြူ ဟီလာရီကကင်လန်၊ ဂျွန်မက်ကိန်း စသူတို့နဲ့ ယှဉ်ပြိုင်ခဲ့ရပြီး လူမည်း လူဆင်းရဲအသိုင်းအဝန်း၊ အထောက်အပံ့မရှိသူ ဘားရက်အိုဘားမား အနိုင်ရရှိခဲ့ပါတယ်။ သူရဲ့ မမိုတ်မသုန်ထားရှိတဲ့ သူ့ကိုယ်သူ ယုံကြည်မှု၊ သည်းခံမှု၊ ကြိုးစားအားထုတ်မှုတွေနဲ့ လူမည်းဟာ အမေရိကန်ရဲ့ မလိုလားအပ်တဲ့သမိုင်းကြောင်းကို ပြောင်းလဲစေခဲ့တဲ့သူအဖြစ် ကမ္ဘာ့သမိုင်းမှာ မမေ့ကောင်းစရာ ခေါင်းဆောင်ကောင်းအဖြစ် တွင်ရစ်သူပါ။ (၁၉၅၀) ခုနှစ်ကစပြီး နိုင်ငံရေးလောကထဲ ဝင်ရောက်ခဲ့တဲ့ စင်္ကာပူရဲ့ လီကွမ်ယူဟာလည်း စံပြ အဖိုးတန်လူသားတစ်ဦးပါ။ မလေးကျွန်းဆွယ်ကျွန်းလေးတစ်ကျွန်းပေါ်က တံငါရွာလေးမှသည် ဒီနေ့စင်္ကာပူဟာ ကမ္ဘာမှာ ထိပ်တန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေနိုင်ခဲ့တာဟာ လီကွမ်ယူရဲ့ အတွေးအခေါ် သိပ်ကောင်းခဲ့လို့ပါ။ သူတွေးတဲ့အတိုင်း အောင်မြင်အောင်လုပ်နိုင်ခဲ့သူဖြစ်တာကြောင့် သူ့စကားတွေဟာ လွန်ခဲ့သောနှစ်ပေါင်းများစွာက ပြောသည်ဖြစ်စေ ထာဝရ ဆန်းသစ်နေဆဲပါပဲ။ ကောက်နုတ်ဖော်ပြပါရစေ။

## (၁၉၆၇)

"ကျွန်တော်တို့ ဘာကြောင့် ကြေးစားစစ်သားတွေ မလိုချင်လဲဆိုတော့ ဒီနေရာဟာ ဘဝရပ်တည်မှုအတွက် နေတတ်ထိုင်တတ်၊ အလုပ်လုပ်တတ်အောင် သင်ယူရမည့်နေရာဖြစ်တယ်။ စစ်သားပဲဖြစ်နေမယ်ဆိုရင် ဒီနေရာရဲ့ဖြစ်ထွန်းအောင်မြင်မှုအတွက် ပံ့ပိုးမှုပေးနိုင်မှာ မဟုတ်ဘူး"

## (၁၉၅၇)

"မလေး၊ တရုတ်၊ အိန္ဒိယဆိုတဲ့ လူမျိုးကြီးသုံးမျိုးနဲ့ အခြားလူပေါင်းစုံ နေထိုင်တဲ့ မလေးကျွန်းဆွယ်မှာ အားလုံးဟာ ယဉ်ကျေးမှု၊ ဘာသာစကား အမျိုးမျိုးရှိကြပြီး ပိုအရေးကြီးတာကတော့ နိုင်ငံရေးအစဉ်အလာနဲ့ အယူအဆ မတူညီတာပါပဲ။ ပါတီတစ်ခုရဲ့ အာဏာရှင်ဆန်ဆန် အုပ်ချုပ်မယ်ဆိုရင်တော့ လူမျိုးရေး ပဋိပက္ခအသွင်ဆောင်ပြီး အခြေအနေ ဆိုးရွားသွားနိုင်တယ်"

## (၁၉၆၇)

"ဒီနိုင်ငံမှာ ငတ်မွတ်ခေါင်းပါးလို့ သေတဲ့လူမရှိဘူး၊ ဘယ်သူကိုမှ တောင်းစားခွင့်မပြုဘူး၊ တောင်းစားနေသူတစ်ဦး တွေ့ရင် နေစရာပေးပြီး စားစရာကျွေးတယ်။ လာမယ့် နှစ်နှစ်သုံးနှစ်အတွင်း ကျွန်တော်တို့ရဲ့ ရှင်လင်း သန့်စင်စေရေး ဖော်ဆောင်မှုတွေနဲ့အတူ မြို့တော်ကြီးရဲ့ အများပြည်သူဆိုင်ရာ နေရာတွေမှာ သစ်ပင်ပန်းပင်တွေနဲ့ ဝေဆာပြီး အာရှမှာ အသန့်စင်ဆုံး၊ အလှပဆုံး မြို့ကြီးတစ်မြို့ဖြစ်လာအောင် လုပ်ဆောင်ကြမယ်"

## (၁၉၅၇)

"ကျွန်တော်တို့ ထိန်းချုပ်နေတဲ့ နိုင်ငံအာဏာကို ပြည်သူများ ကြွယ်ဝစေဖို့ သုံးတာမဟုတ်ဘဲ အုပ်ချုပ်သူလူတန်းစား အနည်းငယ်ရဲ့ အိပ်ကပ်ထဲဖြည့်ဖို့ပဲ သုံးမယ်ဆိုရင် အားလုံးပျက်စီးခြင်းတိုင်မှာပဲ"

## (၁၉၉၂)

"အစိုးရအမှုထမ်းတွေကို လစာ လုံလုံလောက်လောက်ပေးထားရင် သူတို့လာဘ်စားတဲ့အခါ ကြီးလေးတဲ့ပြစ်ဒဏ် ခံစားစေသင့်တယ်။ ရပိုင်ခွင့်ရှိ တဲ့ ဝင်ငွေထက် ပိုင်ဆိုင်မှုပိုများနေတဲ့သူအပေါ် သက်သေပြပေးဖို့ အကျင့်ပျက် ခြစားမှုကို ဆန့်ကျင်တဲ့ဥပဒေကို ပိုပြီး တင်းကျပ်သင့်တယ်။

## (၁၉၆၂)

“သေနတ်ကိုင်ထားတဲ့ရဲ (သို့မဟုတ်) စစ်သားတစ်ယောက်ထက် ကင်မရာကိုင်ထားတဲ့ ဓာတ်ပုံဆရာတစ်ယောက်က အများကြီးတန်ဖိုးပိုရှိတဲ့ ဒီမိုကရေစီအရေး ကာကွယ်သူဖြစ်တယ်”

## (၁၉၈၇)

“ဘာသာရေးကို နိုင်ငံရေးနဲ့ မရောထွေးစေနဲ့၊ ဒီလိုမှမဟုတ်ရင် နိုင်ငံရေးအမြင်ခြင်း ပဋိပက္ခဖြစ်ရာကနေ ဘာသာရေးယုံကြည်မှု ပဋိပက္ခကို လွယ်လွယ်နဲ့ ပြောင်းသွားလိမ့်မယ်။ ဒီနောက် ဘာသာမတူတဲ့ လူ့အသိုင်းအဝိုင်းတွေကြားမှာ အမုန်းတရားတွေကြီးထွားလာပြီး လူ့အဖွဲ့အစည်းအတွက် ဆုံးရှုံးစရာတွေ ကြုံတွေ့ရလိမ့်မယ်။

စိန်စီတဲ့လူတွေအကြောင်း လေ့လာမိပြီး ကိုယ့်ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်လေတော့ ဘုရား…ဘုရား ဘဝင်မကျစရာတွေချည်းပါလား ဆိုရမလောက်ပါပဲ။ ကျွန်မရောက်နေတဲ့ မလေးရှားမှာ နှစ်စဉ်စာပေဟောပြော ပွဲတွေ လုပ်ပါတယ်။ စာပေးမြတ်နိုးသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပရဟိတလူငယ်လေးတွေ စုပေါင်းလို့ နိုင်တဲ့ဝန်ကို ထမ်းကြတာပါ။ နိုင်ငံရပ်ခြားမှာ အထူးသဖြင့် လူမျိုးမတူဘာသာကွဲပြားတဲ့ ဒီနိုင်ငံမှာ ပွဲတစ်ပွဲဖြစ်ဖို့ မလွယ်လိုက်တာမှ သံရုံး၊ ရဲစခန်း၊ ပြည်ဝင်ခွင့်ဗီဇာ၊ စာရေးဆရာတွေ နေထိုင်စားသောက်ရေး၊ ပွဲခန်းမ ငှားရမ်းရေး၊ လုံခြုံမှုရယူရေးလုပ်ရတာ အဆင့်ဆင့်ကို ငွေနိုင်သူကငွေ၊ လူအားဉာဏ်အားစိုက်သူတွေ စိုက်လို့ ဝိုင်းဝန်း လုပ်ကြရတာပါ။ ဒီလိုပွဲမျိုးတွေမှာ အထူး အပင်ပန်းခံသူတွေကတော့ ပရဟိတအဖွဲ့အစည်း အသီးသီးမှ လူငယ်လေးတွေပါ။ (သူတို့အကြောင်း သီးခြားရေးမှာပါ)

ဟောခန်းမက ပလတ်စတစ်ထိုင်ခုံတွေပဲ ပေးတာမို့ စာရေးဆရာ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော် သံဃာတော်တွေလဲ ကြွလာလေ့ရှိတာမို့ ဒီလိုပုဂ္ဂိုလ်တွေအတွက် ရှေ့ဆုံးတန်းမှာ ဆိုဖာကောင်းကောင်းတွေ ချထားပေး

ပါတယ်။ ခန်းမမှာက ပလက်စတစ်ထိုင်ခုံတွေသာပေးထားတာလေ။ လိုအပ်သမျှ ပစ္စည်းတွေကို စီးပွားရေးလုပ်ငန်းရှင်တွေက ရှာဖွေပေး၊ ပရဟိတလူငယ်လေးတွေက ထမ်းကြပိုးကြသယ်ကြ ခန်းမတစ်ခုလုံး သန့်ရှင်းရေးလုပ်၊ အပြင်အဆင်အားလုံး ဒီလူငယ်လေးတွေ လုပ်ကြတာပါ။ ဒီနိုင်ငံမှာလူတိုင်းဟာ မိသားစုဝမ်းဆာ မနေသာလို့ ငွေရှာရကြသူများမို့ နေမကောင်းရင်သော်မှ လစာဖြတ်ခံရမှာ စိုးကြောက်လို့ အလုပ်ခွင်ဝင်ကြရတဲ့ လူငယ်လေးတွေပါ။ဒါပေမယ့် ပရိဟိတလုပ်ငန်းတွေအတွက် သူတို့လစာကိုအဖြတ်ခံရတဲ့အပြင် ပင်ပင်ပန်းပန်း ထမ်းပိုး သန့်ရှင်းကူညီကြသူလေးတွေမို့ဒီလူငယ်တွေဟာလဲ အသက်အရွယ်အရငယ်ပေမယ့် အချိန်စီးသူ လူကြီးတွေဖြစ်နေကြပါပြီ၊ ကျွန်မတစ်ယောက်ထဲ သဘောအရတော့ ပရဟိတသမားနဲ့နိုင်ငံရေးသမားကောင်းနဲ့ဟာ ပါရမီပါသောသူတွေမှ ဖြစ်တာပါ။ သူတို့ခမျာဘဝနဲ့ရင်းပြီး ပရဟိတလုပ်ကြရတဲ့ သူတွေချည်းပါပဲ။ နှစ်ဆယ်ရာခိုင်နှုန်းသော လူငယ်တွေဟာ တရားမဝင်နေထိုင်ကြသူတွေချည်းပါပဲ။ ဒီနိုင်ငံကရဲတွေကလည်း လူမြင်ရင် ပတ်စ်ပို့ ပတ်စ်ပို့ လုပ်ကြတာ အခြေအနေကောင်းရင် လက်ဖက်ရည်ဖိုး ထမင်းဖိုးလောက်နဲ့ ပြီးသွားပေမယ့် အခြေအနေမကောင်းရင် ဖမ်းခေါ်၊ ထောင်ကျ၊ ပြစ်ဒဏ်ကျခံပြီးရင်လည်း ပြန်စရာလမ်းစရိတ်မရှိလို့ (Camp) ထဲမှာ ဒုက္ခရောက်တဲ့ လူငယ်လေးတွေ တပုံတပင်။ ဒီလိုအန္တရာယ်တွေထဲကနေပဲ စာပေဟောပြောပွဲ ဖြစ်မြောက်အောင်မြင်ဖို့ဝိုင်းကြဝန်းကြ ကူညီကြ ထမ်းကြပိုးကြ သန့်ရှင်းရေးလုပ်ကြတဲ့ လူငယ်လေးတွေဟာ သူတို့ရဲ့စိတ်ထား၊ သူတို့ရဲ့ စွမ်းဆောင်မှုတွေဟာ တဖျပ်ဖျပ်လက်နေတဲ့ အဖိုးတန်စိန်လေးတွေ စီထားသလို အချိန်စီးတဲ့ လူကြီးတွေ ဖြစ်နေကြပြီလေ။

အရာရာအကောင်းနဲ့ အဆိုး ဒွန်တွဲနေတတ်တာထုံးစံမို့ အချိန်မစီးတဲ့လူကြီးတွေလည်း ရှိနေပြန်ရော။ ဟောပြောပွဲနေ့မှာ ပရိသတ်တွေဟာ စာရေးဆရာတွေ ဟောပြောတာကြားချင်လွန်းလို့ အခက်အခဲ အမျိုးမျိုးကြားကအရောက်လာကြသူတွေ၊ တစ်ချို့လူငယ်တွေဆို (၅) နာရီလောက် ကားစီး

ရတဲ့ ပီနန်၊ ဂျိုဟိုးတို့ကနေ ညကားစီးပြီးလာ တငုတ်တုတ်တုတ်နဲ့ ထိုင်စောင့်၊ ညနေ (၅) နာရီကားနဲ့ ပြန်မှ သန်းခေါင်ပြန်ရောက်ပြီး နောက်နေ့မနက်မှာ အလုပ်ခွင်ပြန်ဝင်ရမယ့် ကလေးတွေ၊ စာရေးဆရာအားလုံးကို နားမထောင်နိုင်ပဲ ကားလက်မှတ်ဆုံးမှာစိုးလို့ ပြန်ပြေးကြရသူတွေ အများကြီး။ တချို့လည်း နီးပေမယ့် အပြန်မိုးချုပ်ရင် ရဲနဲ့တိုးဦးမှာလေ၊ မလေးရှားက လူငယ်လေးတွေလောက် သနားစရာကောင်းတဲ့ လူငယ်လေးတွေ ဘယ်မှာမှရှိမယ် မထင်ပါဘူး။

ပြဿနာက အချိန်မစီးတဲ့ လူကြီးတွေလေ၊ ပြောရေးဆိုခွင့်ရှိသူ တစ်ယောက်အနေနဲ့ အမှာစကားပြောဖို့ စင်မြင့်ပေါ်ရောက်တဲ့အခါ ဘဝတစ် လျှောက် ပြောချင်သမျှတွေကို ထုတ်ဖော်ပြောတော့တာ။ "မပြောလဲ သိပါတယ်"ဆိုတဲ့ ပရိသတ်တွေချည်းပါပဲဆိုတာ မသိရှာသူတွေပေါ့။ စင်ပေါ်ရောက်တုန်း၊ အခွင့်ရေးရတုန်း အတ္တကြီးစွာ မဆင်ခြင်စွာ ပြောချင်ရာတွေ ပြောတာများ စားပြီး နားမလည်သူတွေများသား။ တစ်ခါတုန်းကများ ခုနှစ်အပိုင်းအခြားနဲ့ပြောတဲ့ လူကြီးတစ်ယောက်ကို ကြုံရတာ တခြားလူတွေက ထပြန်သူတွေပြန်၊ စကားပြောသူပြော၊ ကျွန်မခမျာမှာတော့ ဧည့်သည်တွေနဲ့အတူ ဖြစ်နေလေတော့ သူ့စကားကိုများ မှတ်သလိုနဲ့ စာအုပ်ထဲမှာ တစ်ယောက်တည်း အမေးအဖြေ လုပ်နေရတယ်။

"ဟယ်… သူပြောမှာလား စာရေးဆရာပြောမှာလား"

"သူ"

"သူ အခုမှ ၁၉၆၂ ရောက်သေးတယ်"

"ဖြေးဖြေးပေါ့ သူပွဲပြီးတဲ့အထိ တာဝန်ယူလိမ့်မယ်"

"ဟော… ပရိသတ်တစ်ချို့တွေ ပြန်သွားကြပြီ"

"အင်း… ၁၉၈၈ တော့ရောက်လာပြီ"

"ဟယ်… ၁၉၉၀လည်း မချန်ပါလား"

"အကုန်အစုံမိ"

"နေဦး… ဒီနှစ်ရောက်ဖို့ ဘယ်လောက်တောင်လိုသေးလဲ"

“ဒုက္ခပဲ… သူနဲ့ပဲ ပွဲသိမ်းတော့မယ်”

“ဟိုမှာ စာရေးဆရာမျက်နှာ ဇီးရွက်လောက်”

“ဟိုတစ်ယောက်လည်း မျက်လုံးအတင်း ဒေါက်ထောက်နေရတယ်”

“ဟောတော့ အခုမှ စစ်တပ်တဲ့ သွားပါပြီ”

အော် စင်အောက်က ကျွန်မခမျာဒီလို၊ စင်ပေါ်က စာရေးဆရာခမျာမှာတော့ ဘာမှမတတ်နိုင်ရှာတော့၊ ဘယ်ရှေးကံငယ် ဖန်လာတယ်ပေါ့။ ဒီပွဲအတွက်တော့ ဆရာလက်လျှော့နေပေတော့၊ ဝေဟင်မှာ လေယာဉ်စီးယီလေးခိုမိပြီကိုး။

နောက်တစ်ခါ လာပြန်ချည်သေး။ ရှေ့ဆုံးတန်းက ညှော့သည်တော်နေရာမှာ ထိုင်နေသူတွေ၊ ဗီဒီယိုထဲပါချင်လို့ နှစ်စဉ်မပျက် ချစ်ခင်လျက်လာသူတွေလေ၊ ဘယ်တုန်းကမှ ငွေအားလူအားမပါခဲ့။ သူတို့ကိုလည်း ဖြစ်မြောက်ရေးအဖွဲ့တွေက သိပ်မသိ မရင်းနှီး၊ သူတို့ကတော့ ခပ်တည်တည်ပါပဲ။ ငယ်တုန်းက ထွေးညိုဇာတ်လမ်းထဲကစကားလေး သတိရမိတယ်။ “သာဒင်ကို ဘာထင်နေသလဲလို”များ သူတို့စိတ်ထဲ ကြုံးဝါးနေလေရော့ သလား တွေးမိရင်း ကျွန်မမှာ ပြုံးစေ့စေ့။ အော်… အချိန်မစီးသူတွေလေ၊ တစ်ချို့တော့လည်း အရာရာကိုယ်ပဲသိတယ်ထင်၊ ကိုယ့်ကို လူရာသွင်းနေတယ်ထင်၊ ကိုယ်ပဲ မှန်တယ်ထင်၊ ထင်တစ်လုံးနဲ့လူတွေ။ တခြားသူတွေအမြင်မှာတော့ အထင်သေးစရာ။ တချို့တော့လည်း ကိုယ့်မှာရှိတဲ့ ချို့ယွင်းချက်၊ အားနည်းချက်တွေကို လူမသိဘူးထင်ပြီး တိုက်ပုံတွေပုဝါတွေနဲ့ ဖုံးလို့လုံမယ် ထင်နေကြသူတွေ၊ သနားစရာ အချိန်မစီးသူတွေလေ။ သနားစရာဆိုလို့ အဖြစ်အပျက်လေးတစ်ခုနဲ့ ဆက်စပ်ပြောချင်ပါသေးတယ်။ တကယ်တော့လေ လူငယ်တွေကို လူကောင်းလူတော် လူ့အဖိုးတန် စိန်စီတဲ့ လူငယ်တွေ ဖြစ်စေချင်လို့ ဆရာတွေက ကျောင်းနေစဉ်ကာလတွေမှာ နီတိတွေ၊ ကျင့်ဝတ်တွေ သင်ပေးပြီးသားပါ။ လိုက်နာကျင့်ကြံဖို့က ကိုယ့်တာဝန်ပါ။ တစ်ချို့လဲ လိုက်နာကျင့်ကြံချင်ပါလျက်နဲ့ အခြေအနေ အချိန်အခါက

လိုက်နာခွင့်မပေးလို့ တစ်မျိုးပြောင်းရတာတွေလည်း ရှိနေပါသေးတယ်။ ဘဝတွေလေ ဘဝတွေ စိန်စီတဲ့ဘဝ မရချင်သူ မရှိပါဘူး။

လက်ပွေ့စာအုပ်သည်အဖြစ် စာပွင့်လွှာမဂ္ဂဇင်း လိုက်ရောင်းစဉ်က ကျောင်းဆရာဟောင်းကြီး တစ်ယောက်နဲ့ တွေ့ဆုံခဲ့ရပါတယ်။ 'ကျွန်တော့် အကြောင်းလေး ရေးစမ်းပါဗျာတဲ့' ဒီစာကိုဖတ်မိရင် ကျွန်တော့်တပည့်လေး ကျွန်တော့်ကို ဆက်သွယ်လာမလားလို့ပါတဲ့။ သူပြောတဲ့ အကြောင်းလေးတွေကို ကဗျာရှည်အနေနဲ့ ကျွန်မရေးခဲ့တဲ့အထဲက ကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။

"ပူတလှည့် အေးတဖုံ ရာသီစုံလည်ပတ်
ဘွဲ့လက်မှတ် တစ်ခုပိုက်ရင်း
ရှာငယ်ဇနပုဒ် မီးကလေးမှိတ်တုတ်မှာ
ကျောင်းဆရာဘဝ အခြေကျခဲ့တယ်။
နာမည်ဂုဏ်မလေး ဆရာလေး ဆရာလေးနဲ့
ရဟန်းရှင်လူလေးစား ဘယ်ကိုသွားသွား
တပည့်တွေကများသား ဟိုနားမှာစိန်ထွား
ဒီအစုမှာတက်ပု အရှေ့ဆီမှာ ကြွက်နီတို့လေ။
မြစ်နားချောင်းနား ပုဇွန်ငါး အလွန်များပါဘိ
အသီးအရွက်လည်းမရှား ကန်စွန်းနဲ့မှိုနတို
လိုသလိုချိုးပေးတော့ ဘယ်သူမှစိတ်မဆိုး
မယားတောသူအလှန့် နှစ်ဝမ်းနှစ်ခါး အသာဝခဲ့တယ်။
နေ့လယ်ခင်းနားနေချိန် တပည့်အပေါင်းက
သောင်းသောင်းဖျဖျ အညောင်းပြေ
ဟဲ့ သံချောင်း တံတောင်းနဲ့ထောင်း
စိန်ထွားက ဒီနားနှိပ် ငါအိပ်ရင် မဆူကြနဲ့။
သားအကြီးမွေးတုန်းက တရွာလုံးအုံးအုံးထလို့
ချွေးအောင်းရွက်ရှာသူရှာ နနွင်းထောင်းသူထောင်း
ဟင်းခါးပူပူချက်ပေးသူမရှား ငါးကြော်ငါးခြောက်ရှားတာမှ

ရှာဦးကျောင်းတောင် လှူရသေး။
ကံတရားလှည့်ကွက် တို့တတွေ အခြေပျက်ပေါ့
မိသားစုအရေး ဘာလုပ်သင့်သလဲ တွေးနေတုန်း
ဖြုန်းခနဲရောက်လို့လာ ဟိုတုန်းက တပည့်စိန်ထွား
မလေးရှားမှာ ကြီးပွားနေသတဲ့။
လူကောင်က ခပ်ထွားထွား အင်္ကျီကကြောင်ကျား
ဂျင်းဘောင်းဘီ အပျံစား ဆံပင်အရောင်ခြယ်ထားတဲ့
ငယ်တပည့် စိန်ထွား ဟိုမှာတော့ ဘာဆိုလား
ပြောတော့ပြောသား ကျောင်းဆရာမသိတဲ့ စကား။
ကျေးဇူးဆပ်ခွင့်ကြုံလို့မှတ်ပါ တပည့်နဲ့သာလိုက်ခဲ့ပါ
စရိတ်စကလား စိန်ထွားတာဝန်ထား
တရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့စကား
ဆရာပဲသင်းပေးခဲ့တာ မဟုတ်လား။
လေးဆယ်ကျော်မှ ဘဝကိုစတယ်တဲ့
ဒီလိုဆိုဆရာက ဆယ်နှစ်သားပဲရှိသေးတာ
ဆရာ့ဒုက္ခ မကြည့်ရက်လို့ပါ၊ တပည့်နဲ့သာလိုက်ခဲ့ပါ
ကျေးဇူးသိတဲ့တပည့်ရေ ဘုန်းကြီးလိုအသက်ရှည်ပါစေ။
အော်… ငါတို့မြေမှာတုန်းကလေ
အလို… သူတို့မြေမှာတော့လေ
မလေးရှားရောက်ကတည်းက ပျောက်သွားတဲ့ စိန်ထွား
တပည့်ပျောက်လို့ ဆရာရှာ ငါ့ခမျာ ငိုမဲ့ငိုမဲ့
မလေးရှားတဲ့သူ့မြေမှာ ဆရာအို ဘယ်လိုရှာရပါ့
အော်… တို့မြေမှာတော့ ကြက်ဖ
သူတို့မြေမှာတော့ ကြက်မလိုဘဝ။
နေထွက်မှ နေဝင် အလုပ်ဝင်ရတဲ့ ဆရာအို
လကလေးတစောင်း အိမ်ပြန်ရောက်

အချိန်မှန်ညောင်းတဲ့ ခြေထောက်
ဟိုဆရာကြီးညိုတိုတို မတ်တပ်ရပ်လို့ လမ်းမှာငိုသလား
ငါငိုပေမယ့်အလကား မင်းဘယ်မှာလဲ မောင်စိန်ထွား။
တစ်နေကုန် ရပ်ရတာပါလား စိန်ထွားရေ
ဟိုတုန်းကလို အနှိပ်ခံချင်လိုက်တာလေ
ကျပ်ငါးသောင်းနဲ့ ညီမျှတဲ့ လခ
ကျန်တာက အေးဂျင့်ဖြတ်သတဲ့
ရှစ်လနေမှ ကျေမှာတဲ့လေ
ငါပြန်ချင်တယ် တပည့်ရေ
နောင်နှစ်ခါ တန်ဆောင်မုန်း
အေးဂျင့်ကြွေးတွေ ကျေပါဦးမလား။
မလေးရှားလား၊ အေးဂျင့်လား
ဘဝဝဋ်ကြွေးလား စိန်ထွားလား
တစ်ခုခုတော့မှားနေပြီ အမှားမရှိနိုင်တာ စိန်ထွား
ငါ့တပည့်လေးများ ကောင်းပါတယ်။
ဆရာ့ခြေထောက်တွေ ညောင်းလှပြီ
မင်းအတွက်လည်း စိတ်ပူစွ အိပ်မရတာကြာလှပြီ
ကြွေးတွေကျေရင်လေ တပည့်ရေပြန်ကြစို့
ဒီကဗျာလေးကို ဖတ်ရရင်လေ ဆရာ့ကိုလာတွေ့ပါဦး စိန်ထွားရေ။

ခေတ်သစ်စနစ်သစ်မှာ လူငယ်သစ်တွေ စိန်စီနိုင်ကြပါစေ။

*မြနဒီ*

**ရည်ညွှန်း** - ငြိမ်းချမ်းရေးဗိသုကာဦးသန့် (တက္ကသိုလ်စိန်တင်)
- လီကွမ်ယူအတွေးလီကွမ်ယူအမြင် (ဇေယျတု မြန်မာပြန်)
- လူတစ်ယောက်ရဲ့အောင်မြင်မှု (ချစ်နိုင်-စိတ်ပညာ)
- Reader's Digest (ဇွန်-၂၀၀၈)
- စာပွင့်လွှာမဂ္ဂဇင်း (၂၀၁၂-မလေးရှား)

# စိတ်သို့...ခံယူချက်

**သီတဂူဇေယျ**

တကယ်တော့ မျိုးစဉ်မျိုးဆက်အတွက်ဟုပဲ ဆိုဆို ဆွေစဉ်မျိုးဆက်အတွက်ဟုပဲ ပြောပြော လူငယ်များကောင်းစားရေးအတွက် ရှေ့ရှုရေးသားရမည့်စာသည် ကျွန်မအတွက် အတော်ကျယ်ပြန့်လွန်းလှပါသည်။

× × × × × ×

ကျွန်မရေးသားလိုက်သည့် စာတစ်လုံး စာတစ်ကြောင်း စာတစ်ပုဒ်သည် အမှန်တကယ်ကော လူငယ်များအတွက် အကောင်းဆုံး ရှေ့ရှုနိုင်ပါ့မလား…။

ကျွန်မ စိုးရွံ့လှပါသည်။ သိပ်ကိုစိုးရိမ်ပါသည်။

သို့ပေမယ့်…

သေသေချာချာပြန်စဉ်းစားလိုက်ကြည့်တော့…

ကျွန်မနှင့် အနီးပတ်ဝန်းကျင်မှာရှိသည့် လူငယ်လူရွယ်များကို လက်ရုံးရည်ရော နှလုံးရည်ရော ထူးချွန်ထက်မြက်စေချင်သည့် စိတ်ဆန္ဒမျိုး ကျွန်မမှာရှိနေသည်မှာ အတော်တောင်ကြာမြင့်ခဲ့လေပြီ။ ဒါဆို ကျွန်မမှာ မူလဓာတ်ခံကိုက သူတစ်ပါးကိုကောင်းစားစေလိုစိတ် ရှိပြီးသားပေါ့။ ဒါဟာ အခြေခံအကျဆုံး လူသားပီသစိတ် ဖြစ်သည်။ ဒီစိတ်ဓာတ်နှင့် လူငယ်များကောင်းစားရေးကို ရှေ့ရှုနိုင်ပါပြီ။ ကျွန်မတတ်စွမ်းသလောက် ဥပမာ ဥပမေယျများနှင့် ပြောပြဆုံးမဖူးသည့် လူငယ်များမှာ အရွယ်သုံးပါးစုံလှ

သည်။

လက်လှမ်းမီသမျှ လူငယ်တွေကို စိတ်နေမြင့်အောင် လုပ်ဆောင်ပေးနိုင်ဖို့ ကျွန်မကြိုးစားဖူးသည်။ အခါခါ ဖြစ်သည်။

ဟုတ်ပါသည်။

'စိတ်နေမြင့်ဖို့ အရေးကြီးသည်' ဟု ကျွန်မ ယုံကြည်သည်။ ''စိတ်နေမြင့်မှ ခံယူချက်မြင့်မည်''။

ဒါဆို 'စိတ်'က အရေးကြီးဆုံးပေါ့။ အခြေခံအမူအကျင့်များမှာပင် စိတ်က ဖြူစင်ရိုးဖြောင့်နေဖို့ လိုသည်ဟု ကျွန်မ ခံယူထားသည်။

လူငယ်လေး ကျွန်မဘဝ အနည်းငယ် မှိုင်းညို့အုံ့ဆိုင်းခဲ့ပါသည်။ ထိုခေတ်ကာလက မျှော်လင့်ချက်တွေ အတော်ကင်းမဲ့နေချိန် ဖြစ်သည်။ လူငယ်တစ်ယောက်အတွက် ကျောင်းပြီးပြီးချင်း ဘာလုပ်ရမှန်းမသိတာလောက် အခြေအနေဆိုးရွားတာ ရှိပါဦးမလား။

အပျိုသင်ကာစ လူငယ်တစ်ယောက်အတွက် စံပြလိုပါသည်။ ကျွန်မအတွက် စံပြသည် ဖေဖေနှင့်မေမေ ဖြစ်သည်။ မိန်းကလေးတစ်ဦးဖြစ်ပြီး နေအိမ်ကနေ ဘယ်ကိုမှ ထွက်ခွာမသွားနိုင်သော လူငယ်တစ်ယောက်၏စံပြသည် အတော်အရေးကြီးသည်ဟု ဆိုရမည်။

ဒီတော့ မိဘများ၏အခန်းကဏ္ဍက လူငယ်ဘဝအတွက် လမ်းညွှန်ဖြစ်သည်။ တံတိုင်းဖြစ်သည်။ မီးရောင်ဖြစ်သည်။ ချစ်ခြင်း ဖြစ်သည်။ နွေးထွေးမှုဖြစ်သည်။ အေးမြခြင်းဖြစ်သည်။ ပြီးတော့ စံပြဖြစ်သည်။

ကျွန်မမိဘများဆီက ပထမဆုံး သင်ယူသိရှိခဲ့ရသော အရာသည်...

'ကိုယ့်လိပ်ပြာကိုယ်သန့်အောင်နေရမယ်'

× × × × × ×

ကိုယ့်လိပ်ပြာဆိုတာ ကိုယ့်စိတ်ပဲဖြစ်သည်ဟု ကျွန်မနားလည်လာချိန်မှာတော့ အမှန်တရားကို ချစ်မြတ်နိုးခြင်းသည် စိတ်ဖြူစင်ခြင်း ဖြစ်သည်ဟုလည်း ကောင်းကောင်းကြီး လက်ခံနားလည်သွားပြီ ဖြစ်သည်။

ထို့ကြောင့် လိမ်ညာခြင်းကို ပိုပြီး ရှောင်နိုင်အောင် ကြိုးစားရသည်။

ထိုအခါ အမှန်အမှားကို ခွဲခြားသိစိတ်နှင့် လူငယ်ဘဝကို ဖြတ်သန်းခွင့်ရခဲ့သည်။

မေမေပြောလေ့ရှိသည့် စကားက…

"မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေထဲမှာ ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုတို့ကို ပြုတော်မမူသော မြတ်စွာဘုရား ဆိုတဲ့ ဂုဏ်တော်လည်း ပါဝင်သေးတယ်။ ကြည်ညိုစရာအကောင်းဆုံး ဘုရားဂုဏ်တော်ပေါ့။ ဒါကြောင့် ဘယ်လိုကိစ္စရပ်တွေမှာ ဖြစ်ပါစေ မကောင်းမှုဆိုတာ မပြုအပ်ဘူး၊ ပြုရင်လည်း တစ်နေ့ ပေါ်ကိုပေါ်မှာပဲ။ သူများမျက်လုံးအောက်မှာနေချင်လား၊ လူတိုင်းနဲ့ မျက်နှာချင်းဆိုင်ကြည့်နိုင်တဲ့သူ ဖြစ်ချင်လား…။ ဒါဟာ ကိုယ့်လုပ်ရပ်အပေါ်မှာ မူတည်တယ်"

သူများမျက်လုံးအောက်မှာ ကျွန်မမနေချင်ပါ။ ဒီတော့ အပြစ်ကင်းနိုင်အောင် ကြိုးစားဖို့ပဲ ရှိတော့သည်။ လူငယ်တစ်ယောက်၏ ဘဝအစ ခြေလှမ်းတချို့သည် ယိုင်နဲ့ချင်ယိုင်နဲ့မည်။ ယိမ်းယိုင်ချင်ယိမ်းယိုင်မည်။ သို့ပေမယ့် လမ်းဖြောင့်တော့ ရှိဖို့လိုသည်။ မိဘဖောက်သော လမ်းလည်း ဖြစ်နိုင်သလို ကိုယ်တိုင်ဖောက်လုပ်ရသော လမ်းလည်းဖြစ်နိုင်သည်။

မိဘဖောက်သောလမ်းတွေ ကောက်ခြင်းကြောင့် ငယ်ဘဝမှာပင် ဒလိမ့်ခေါက်ကွေးလဲကျပြီး ပြန်မထနိုင်တော့သော လူငယ်ညီအစ်ကိုတစ်စုကို ကျွန်မတွေ့ဖူးခဲ့သည်။ သူတို့ဘဝက မျိုးရိုးစဉ်ဆက် လဲကျသွားလိုက်တာများ သူတို့သားသမီးများလက်ထက်ရောက်သည်အထိပါပဲ…။

နောက်အိမ်ထောင်ပြုပြီး အော်ကြီးဟစ်ကျယ် ရန်လိုတတ်သော အရက်သမားဖခင်ကို သူတို့ညီအစ်ကိုများ ပိုင်ဆိုင်ခဲ့ရခြင်းက သူတို့ဘဝကို ဒလိမ့်ခေါက်ကွေး ကစဉ့်ကလျားဖြစ်စေခြင်း အဓိကအချက်ဟု ကျွန်မ ယုံကြည်သည်။

သူတို့ညီအစ်ကိုများ ကြီးပြင်းလာတော့လည်း သူတို့အိမ်ထောင်ဖက်များအပေါ် အရက်မူးမူး မမူးမူး အကြမ်းဖက်ရန်လိုတတ်လိုက်တာများ… သူတို့အဖေက သူတို့အမေအပေါ် ပြုမူခဲ့ပုံများနှင့် အတူတူပင်…။ သူတို့က

တောင် သာချင်ချင်။ တဖန် သူတို့မွေးထားသည့် သားများ ကိုးတန်းလောက် နှင့် အရက်သောက်၊ အိမ်ထောင်ပြု၊ မိန်းမကို နှိပ်စက်…။

"ဒါဟာ အတုမြင် အတတ်သင်ပဲပေါ့။ မိဘဆိုတိုင်း စံပြကောင်း မဖြစ်လာနိုင်ဘူး။ ဒါကြောင့် မိဘကောင်းဆိုတာ သေတပန်သက်တစ်ဆုံး ဒီလင်ဒီမယားသာ အေးတူပူမျှ ပေါင်းဖက်ပြီး သားသမီးကို ငဲ့ရမပေးရအောင် လည်း ကိုယ့်ရဲ့လောဘ၊ ဒေါသ၊ မောဟ၊ တဏှာရာဂတွေကို ထိန်းချုပ်နိုင် သူတွေကိုမှ ခေါ်နိုင်တယ်"

ကျွန်မတို့ စာကောင်းကောင်း ဖတ်နိုင်ဖို့အတွက် အချိန်တိုင်း တိတ်ဆိတ်ငြိမ်သက်စွာ နေပေးနိုင်ခဲ့သော ကျွန်မတို့မိဘများသည် ရေဒီယို သီချင်းလေးမျှတောင် ကိုယ်ပိုင်စိတ်ပိုင် နားထောင်ဖူးတာ မတွေ့ခဲ့ရပါ။ ထိန်းချုပ်နိုင်စွမ်းလှသည်။

အခုခေတ်မှာ ကိုယ်ပိုင်လမ်းကို ဖြောင့်တန်းချောမွေ့စွာ အကောင်းဆုံး ဖောက်လုပ်နိုင်ခဲ့သော လူငယ်တစ်ဦးကို ကျွန်မတို့ မျက်ဝါးထင်ထင် တွေ့မြင် ကြရပြီ။ အံ့ဩမဆုံးဖြစ်ရသည်။

လူငယ်များ စာများများဖတ်စေချင်လွန်း၍ စာကြည့်တိုက်တွေ တစ်ခု ပြီးတစ်ခု တည်ထောင်နေသည် ဆိုသော မန္တလေးစာကြည့်တိုက် ကိုဇော်ဇော် ဖြစ်သည်။

အနှီ ကိုဇော်ဇော်သည် လူငယ်များအားလုံး မျိုးရိုးစဉ်ဆက် အလုံးစုံ ကောင်းစားအောင် ရှေ့ရှုပြီး မျက်ဝါးထင်ထင် စွမ်းဆောင်ပေးနိုင်သူ အစစ် အမှန်တစ်ဦးပင် ဖြစ်တော့သည်။

ကျွန်မ အားကျလှသည်။ သူ့လို စိတ်ဓာတ်ကြံ့ခိုင် ဖြောင့်မတ်ဖို့ လူငယ်များ အားကျလာစေလိုသည်။ ထိုအခါ ခံယူချက်ကောင်းသည်နှင့်အမျှ စိတ်နေမြင့်မားလာပေမည်။

"ဟော့…ကလေးတွေ…ကားကို သူများတွေလိုပဲ ရောက်ရာအရပ်က တန်းစီလေ။ ကြားဖြတ်ဝင်တယ်ဆိုတာ လူနာတင်ယာဉ်မှာပဲ လုပ်ပိုင်ခွင့်ရှိ တာ…နိုင်ငံကြီးသားစိတ် မွေးမြူကြစမ်းပါကွယ်"

ကျွန်မ၏ကားမောင်းသမားကို အမြဲသတိပေးရသော စကားဖြစ်သည်။ လူငယ်တွေထဲမှာ တချို့က ဘာ့ကြောင့်များ အချောင်ခိုလိုစိတ်တွေ ပိုများလာရပါလိမ့်…။

ကားတန်းရှည်ကြီး၏နောက်ကနေ တန်းမစီဘဲ ကြားဖြတ်ကျော်ဝင်ဖို့ လုပ်ခြင်းကို နံဘေးကားတွေက အောင့်သက်သက်ဖြင့် လက်ခံပေးလိုက်သည် ထားပါဦး။ ကျွန်မကတော့ လိပ်ပြာမလုံ။ လိပ်ပြာမသန့်ပါ။

လူတို့သည် နေ့စဉ်ကိစ္စများမှာ သူပြီးမှ ကိုယ်ဆိုသည့် အလှည့်ကျစနစ်ကို မလိုက်နာနိုင်ကြသည်က များသည်။ တစ်ခါတလေ ကျွန်မ စဉ်းစားပြီး ပြုံးရသည်။ သေခြင်းတရားဆီကိုသာ သွားရမယ်ဆိုရင် ဒီလို အလှည့်တွေ ကျော်၊ ကြားတွေဝင်ဖြတ်ပြီး ဘယ်သူမှလုပ်မယ်မထင်။ သူများကို ဦးစားပေးလိုက်မယ့်ဖြစ်ခြင်း…။

☆ ☆ ☆

ကျွန်မတို့ သိတတ်စအရွယ်ကတည်းက မေမေ အမြဲဆုံးမပြောဆိုတတ်သည့် စကားတစ်ခွန်းကလည်း ကျွန်မ၏ လူငယ်ဘဝကို ရှေ့ဆောင်လမ်းပြပေးခဲ့သေးသည်။

"ကျီးကို ဘုတ် ရိုသေမှ ဘုတ်ကို ကျီး ရိုသေမယ်"

ဒီစကားအဓိပ္ပာယ်ကို မေမေက ဥပမာများနှင့် ရှင်းပြခဲ့သည်။

"လူတစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ အကျိုးစီးမသန်ရဘူး။ မခံချင်အောင်မပြောရဘူး။ သူ့ကို ကိုယ်က တလေးတစား ဆက်ဆံတတ်မှ သူက ကိုယ့်ကို လေးစားသမှုနဲ့ ပြန်ဆက်ဆံမှာပေါ့။ ဂျပန်ခေတ်တုန်းက သမီးတို့ဖေဖေရဲ့အဖိုးဟာ အကျိုးစီးသန်ခြင်းကြောင့် အသက်အန္တရာယ်ကြုံဖူးတယ်။ အဖိုးက သူ့သူငယ်ချင်းကို မခံချင်အောင် မနိုင်နိုင်အောင် စကားနိုင်လုပြောပြီး နောက်ပြောင်ခဲ့တာကို သူငယ်ချင်းက တေးမှတ်ထားသတဲ့။ ဂျပန်လည်းဝင်ရော အဖိုးဟာ အင်္ဂလိပ်သူလျှိုလို့ပြောပြီး ယုံလောက်အောင် ချောက်တွန်းလိုက်တာ အဖိုးလည်း ဂျပန်ရဲ့နှိပ်စက်မှုကို အလူးအလဲခံရတော့

တာပဲတဲ့။ နောက်မှ အာမခံပေးတဲ့သူတွေက လိုက်ထုတ်ပေးတော့မှ အဖိုး လွတ်လာသတဲ့။ ဒါကြောင့် တစ်သက်လုံး မှတ်ထားရမယ်။ ဘယ်သူ့ကိုမှ အစအနောက်မသန်နဲ့။ ကိုယ့်ကိုစနောက်တာမကြိုက်ရင် ကိုယ်ကလည်း သူများကို မစနောက်နဲ့။ ဒါဟာ ကိုယ်ချင်းစာတရားပဲ။ ငယ်သူကို သနား၊ ရွယ်တူကိုလေးစား၊ ကြီးသူကို ရိုသေလိုက်ရင် ခိုက်ရန်ဒေါသဖြစ်လာစရာ မရှိတော့ဘူးပေါ့"

ဟုတ်ပါသည်။ ကျွန်မတစ်သက်လုံး လိုက်နာကျင့်သုံးခဲ့သော ကိုယ်ချင်းစာလိုစိတ်တရားသည် ကျွန်မ၏ လူနေမှုဘဝပုံစံကို အိန္ဒြေရစွာ တင့်တယ်လှပစေခဲ့ပါသည်။

နောင်မှာ အသက်အရွယ်ရလာသည်နှင့်အမျှ တဖြည်းဖြည်း ပိုသိလာ ရသည်ကား ဖေဖေနှင့်မေမေ သွန်သင်ဆုံးမတည့်မတ်ပေးခဲ့သော 'ကိုယ့် လိပ်ပြာကိုယ်သန့်အောင်နေရမယ်' ဆိုသည်မှာ ဘုရားစကားနားထောင်ခြင်း ပင် ဖြစ်တော့သည်။

"မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား"

နေ့စဉ်လုပ်ဆောင်မှုများကို ဒီခံယူချက်များနှင့်သာ စံသတ်မှတ် လုပ်ကိုင်နိုင်လျှင် လိပ်ပြာသန့်နိုင်လေပြီ။ ဒါဟာ ကျွန်မ၏လူငယ်ဘဝ တစ်လျှောက်လုံး စွဲကိုင်ကျင့်သုံးခဲ့ပြီး အကျိုးအရှိဆုံး ရလဒ်ကောင်းများကို သာ ရရှိစေခဲ့သော ခံယူချက်များ ဖြစ်သည်။

ကျွန်မ၏ လူငယ်ဘဝကနေ လူလတ် လူကြီး အသက်အရွယ်ရောက် သည်အထိ မြတ်နိုးစွာ စွဲကိုင်သွားမည့် ခံယူချက်များလည်း ဖြစ်သည်။ ကျွန်မ၏ ပတ်ဝန်းကျင်မှာရှိသော လက်လှမ်းမီရာ လူငယ်လူရွယ်များကို ကျွန်မ ပြန်ပြောပြဆုံးမပေးရတိုင်း ကျွန်မ၏ လူငယ်ဘဝကိုသာ ဥပမာပေးခဲ့ မိသည်။ ကျွန်မမိဘနှစ်ပါးက အကောင်းဆုံးအမွေပေးခဲ့သော ဤခံယူချက် များကား… လူငယ်မည်သူ့ကိုမဆို အနည်းဆုံးတော့ အမှားတချို့ကင်းစေ မည်ပင်…။

*သီတာဝ္ပဆေယျ*

# စိန်စွမ်းဂုဏ်ရည်

မနွယ်(ကလော)

စာပေခရီးသွားများ လူငယ်စာစဉ်တွင် စာပေပညာရှင် ဝါရင့် သမ္ဘာရင့် ဆရာ ဆရာမကြီးများနှင့်အတူ ပင်တိုင်ပါဝင် ရေးသားခွင့်ရရှိခြင်းအတွက် စာရေးသူ ပို၍ ကြိုးစားရပါသည်။

အကြောင်းကြောင်းကြောင့် ပျက်ကွက်ခြင်း၊ နှောင့်နှေးသွားရခြင်းများနှင့် ကြုံရမည်ကို ကြောင့်ကြစိုးရိမ်မိသည်က အမှန်ပင်။ အချိန်မမီတော့ဟု ထင်၍ မရေးနိုင်တော့ဟု အားလျှော့ထားသော ဤစာမူ 'လူငယ်တွေ စိန်စီမှ အချိန်စီးသော လူကြီးတွေ ဖြစ်မည်'ဟူသော စာမူကို အချိန်တစ်ပတ်ရသေးသည်ဆိုသဖြင့် ဝမ်းမြောက်ကျေနပ် ကျေးဇူးတင်စွာဖြင့် ရေးသားရပါသည်။

စာပေခရီးသွားများစာအုပ်မှ လူငယ်အကျိုးပြု စာစဉ်တိုင်း ခေါင်းစဉ်ပေးလေ့ရှိပါသည်။ ခေါင်းစဉ်တိုင်းတို့တွင် ဆိုလိုချင်သော သဘောတရားအဓိပ္ပာယ်ကို ဝက်ဝုဒ္ဒိဖြင့် ပေးထားသည်ချည်း ဖြစ်ပါသည်။

စိန်စီသော လူငယ်တွေ နောင် လူကြီးဖြစ်မည် ဧကန်ပင်။ ယနေ့လူငယ် နောင်လူကြီးဆိုစကားနှင့် တူညီပါသည်။

ယနေ့လူငယ်များ၏ ရှေ့အနာဂတ်ကို ပကတိမျက်စိဖြင့် ကြိုတင်မမြင်စွမ်းပါသော်လည်း-

လူငယ်တွေ၏ အရည်အသွေးအလိုက် စိတ်ဓာတ်နှင့်အညီ လုပ်ဆောင်လှုပ်ရှားမှုများကို ကြည့်မြင်သုံးသပ်ရခြင်းဖြင့် သူတို့သည် စိန်စီသော လူငယ်များ၊ ခိုင်ခံ့သော အနာဂတ်တည်ဆောက်သူများဖြစ်ကာ နောင်တစ်ချိန် အချိန်စီးသော လူကြီးများ ဖြစ်နိုင်ချေကို အာမခံနေသည့် သာဓကပြနေသည်ဟု ယုံကြည်ရပါသည်။

ယနေ့ လူကြီး အချိန်စီးစွာ လူ့လောကကို တစ်နည်းနည်းဖြင့် အကျိုးပြုနေကြသည်။ ယခင် လူငယ်၊ နောင် လူကြီး၊ စိန်စီသော လူငယ်ဘဝကို အတွေးအမြင် အသိဉာဏ်ကြွယ် ရှန်းကန်ရင်ဆိုင် မိမိသူတစ်ပါးတို့ အကျိုးကို လိုလားလုပ်ဆောင် အခြေအနေအရ စွန့်လွှတ်စွန့်စားတတ်စွာ အစရှိသော စိတ်ဓာတ်စွမ်းသည့် လူငယ်များသည် အထက်ပါ အရည်အသွေး အချက်အလက်များကို အရင်းအနှီးပြု၍ ကိုယ်ပိုင်တည်ဆောက်သူများ ဖြစ်ခဲ့သည်။ ရောက်တဲ့နေရာမှာ ရပ်မနေဘဲ အကွေ့အထစ် အဆစ်မပြေ လမ်းတွေမဖြောင့်လည်း နောက်မတွန့်စတမ်း အားမာန်စွမ်းဖြင့် ရှေ့တက်ခဲ့သူတွေ ယခင် လူငယ် ယနေ့ အချိန်စီးသော လူကြီးများဖြစ်လေသည် ကေန်ပင်။

စာပေခရီးသွားများစာအုပ်တိုက်မှ ထွက်ရှိသမျှ စာအုပ်တိုင်းတွင် လူငယ်အကျိုးပြု စာပေဖြစ်သည်နှင့် လျော်ညီစွာ ပါဝင်သော ဇာတ်ကောင်တိုင်းတွင် လူငယ်တွေ စိန်စီနေကြသည်ချည်းဖြစ်၏။ စိန်စီသမျှ အချိန်အခါကျသော် သူတို့ရောက်သည့်နေရာသည် လူ့စွမ်းရည် လူ့အဆင့်အတန်းတစ်နေရာမှာသာ တွေ့နိုင်ပါသည်။

ဤစာအုပ်၏ လူငယ်အကျိုးပြုစာစဉ် (၉) ယောက်ျားတံခွန် လူ့ရည်ချွန် စာအုပ်တွင် ဆရာကြီး လန်ထောင်စပ်စုလေး တင်ပြသော 'ဒေါက်တာစစ' အပြင် ဆရာကံညွန့်လှိုင် ရေးသော 'စွန့်ဦးတီထွင်ဝေဟင်ခရီး' တွင် ဂလင်း-အယ်လ်မာတင် (GLENN LMARTIN) ဆိုသော လူငယ်လေးသည် မိခင်၏ပံ့ပိုးမှုကြောင့် စာများ မပြတ်ဖတ်ရှုလေ့လာမှုနှင့် မလျှော့သောဇွဲဖြင့် စွန့်ဦးတီထွင် ကြံဆမှု လုံ့လ ဝီရိယ အားမာန်အပြည့်နှင့် ကြိုးစားခဲ့သည်တွင် မီးဖိုချောင်ထဲမှာ စွန်လုပ်ပြီး ရောင်းစားခဲ့သော လူငယ်

လေး ဂလင်းအယ်လ်မာတင် အနေဖြင့် ကမ္ဘာ့အကြီးဆုံး လေယာဉ်ပျံများ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်ကြီး ဖြစ်လေသည်အထိ အချိန်စီးလွန်းသော လူကြီး ဖြစ်သွားပေသည်။

စာရေးသူသည် ကိုယ်ပိုင်လား အငှားလား ကိုယ်တိုင်တည်ဆောက်ယူမှာလား ဒုတိယတွဲ စာအုပ်တွင်လည်း ညီမဝမ်းကွဲတော်စပ်သူ ခင်စိန်ရွှေဖခင်မုဆိုးဖို ကျေးလက်ကျန်းမာရေးမှူးနှင့် မောင်နှမကိုးယောက်တို့အတွက် ဘဝအထွေထွေ စားဝတ်နေမှု ကျန်းမာရေး ပညာရေးများအတွက် ရင်ဆိုင်ရုန်းကန်ရသဖြင့် ဆယ်တန်းကို (၁၀) ကြိမ်အထိ ဖြေဆိုရသည်။ ဖြေဆိုနေစဉ် မအောင်မြင်သေးသမျှကာလပတ်လုံး စည်ပင်ရုံးတွင် နေ့စားမှ တစ်ဆင့်တက်ပြီး ရုံးအကူ။ ထိုမှ (၁၀)ကြိမ်မြောက်ဖြစ်သော ဆယ်တန်းစာမေးပွဲအောင်မြင်သဖြင့် လုပ်ငန်းထိတွေ့မှုတွေနှင့် ကျွမ်းကျင်နေသောကြောင့် အငယ်တန်းစာရေးအဖြစ် ရာထူးတိုးမြှင့် ခန့်ထားခံရသည်။ အငယ်တန်းစာရေးနှင့် စာပေးစာယူ တက္ကသိုလ်မှ ဘွဲ့တစ်ခုရလိုက်သော် အကြီးတန်းစာရေး၊ ထိုမှ အထက် အထက်အရာရှိများ အငြိမ်းစားယူသွားပြီးနောက် ယနေ့ ဒေါ်ခင်စိန်ရွှေ ဦးစီးအရာရှိ ဖြစ်နေသည်များ စိန်စီသောလူငယ်မှ အချိန်စီးသော လူကြီးဖြစ်သည်မှာ ထင်သာမြင်သာ ရှိလေသည်။

ထို့ပြင် စာပို့လုလင်မှ ရသမျှ အချိန်၊ အချိန်ကို တန်ဖိုးထား၍ ပညာသင်ယူ လေ့လာလိုက်စား ကျက်မှတ်ရင်း ရာထူးတိုး၊ အထက်တန်း၊ တက္ကသိုလ်ဘွဲ့ စာရင်းအင်း ဒီပလိုမာ အစရှိသည့် ပညာရည်များပြည့်ဝလာချိန် ဘဏ်မန်နေဂျာတစ်ဦး ဖြစ်ခဲ့လေသူ ထက်အောင် (ခေါ်) စိန်စီသောလူငယ်မှ အချိန်စီးသော လူကြီး ဦးထက်အောင် ဖြစ်ခဲ့လေသည်။ (မင်းအချိန်ကို မင်းပိုင်တယ်) စာအုပ်မှ-

စာရေးသူတို့မြို့မှ ဆေးရုံတွင် မိဘနှစ်ဦးစလုံး အောက်ခြေဝန်ထမ်းအထွေထွေ သန့်ရှင်းရေး အလုပ်သမားများ၏သမီး နန်းဦးက ကြီးစွာသော အာသီသမှာ ဆရာဝန်ဖြစ်ဖို့ဟူ၏။

သမီးက ဆရာဝန်ဖြစ်အောင် ကြိုးစားမည်ဟု ကိုယ့်ကိုယ်ကိုယ်

ပြင့်ချွန်းလေသော် မိဘနှစ်ဦးစလုံးက အားမတန်လည်း မာန်မလျှော့ ငါတို့ သမီးဆန္ဒက ဆရာဝန်ဆိုတော့ မိဘတို့က ဖြစ်အောင် ဖန်တီးပေးရမှာပေါ့ ဟု ဆိုသည်။ တို့သမီးက ဆရာဝန်မကြီး လုပ်မှာတဲ့ဟု အားတက်သရော ပြောလိုက်သေးသည်။

မိမိဝန်းကျင် လုပ်ဖော်ကိုင်ဖက်နှင့် ဆွေမျိုးများ အသိမိတ်ဆွေများက လူနေခြုံကြား စိတ်နေဘုံဖျား သူနာပြုဆရာမဖြစ်ဖို့တောင် လွယ်တယ်မှတ် လို့၊ ကိုယ့်ဘဝအခြေခံလည်း ပြန်ကြည့်ကြဦးဟု စိတ်ဓာတ်ကျစေသော စကားများ ဟားတိုက်ရယ်မောကြရင်း ဟာသပဲပေါ့ဟု ပြောသူများ ရှိလေလေ စာပိုကျက်သည်၊ ပို၍ ကြိုးစားသည်။ ဝင်ငွေရသော အိမ်အလုပ်ကို ပို၍လုပ်သည်။ စာမေးပွဲတိုင်းတွင် ထူးချွန်စွာ အောင်မြင်သည်၊ ဆယ်တန်း ရောက်သော် ပို၍ အားထည့်ပြီး ကြိုးစားသည်။

မိဘများ ပညာအခြေခံနည်းသဖြင့် ဆေးရုံတွင် အောက်ခြေဝန်ထမ်း လုပ်ပြီး သမီးက အမြင့်ဆုံးနေရာကို မှန်းသည်များ စိတ်ကူးယဉ်အိပ်မက် မဟုတ်ဘဲ တကယ် လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့သည့် ကလောမြို့ မှာ မျက်ဝါးထင်ထင် ဌာနဆိုင်ရာဝန်းကျင်ဈေးအတွင်း လူတိုင်း အသိပင်။

သမီးလေး နန်းဦးကလည်း ဝက်စာခူး၊ ဝက်စာကျွေး၊ မိဘနှင့် မောင်ညီမတွေအတွက် ထမင်းဟင်းချက် နံနက်ည တာဝန်ကျေပြီး ညဥ့်နက် သည်အထိ စာကျက်သည်။

ဆယ်တန်းရောက်လေ တက်ကြွကြလေဖြစ်၍ ခါကျက်ဥ၊ ပန်းမုံလာတွေ၊ တရုတ်နံနံတွေပါ တိုးပြီး စိုက်သဖြင့် ရန်ကုန်မှ ကုန်စိမ်းပွဲစားတွေ အိမ်တိုင်ရာရောက် ဖောက်သည်ဖြစ်သည်။ **ရောင်းရသမျှ** အဖေက ဘဏ် စာအုပ်ထဲထည့်ပြီး မည့်သည်ကိစ္စအတွက်မှ **အထုတ်မရှိ၊** **အသွင်း**သာရှိသည်။

၂၀၀၄/၂၀၀၅ ဝန်းကျင်တွင် ဈေး**အတွင်း** **စားသောက်**ဆိုင်များ၊ ဌာနဆိုင်ရာများ ဆေးရုံတည်ရှိသော အမှတ် (၁) **ရပ်ကွက်တို့**တွင် ဆေးရုံမှ မပြုံးရီကို မသိသူ မရှိသဖြင့်-

'အမယ်… အမယ် ဆေးရုံသန့်ရှင်းရေးဝန်ထမ်း မပြုံးရီသမီးက

ဝိုင်းကျူရှင်၊ ဟုမ်းကျူရှင်တွေ မတက်နိုင်ဘဲနဲ့ ဘာသာစုံ ဂုဏ်ထူးရှင်တဲ့တော့၊ အံ့သြကုန်နိုင်ဖွယ်ပဲဟော့'' စသည်ဖြင့် အုတ်ြော်သောင်းတင်း ဖြစ်ကြကာ မုဒိတာပွားကြလေသည်။

သမီးကို စိန်စီပေးသော မိဘတို့၏ရင်ထဲမှာတော့ စမ်းရေစီးသံတွေ သောသောညံနေလေ၏။

''အို... သူ ဒီကလေးမ စိတ်ဖိစီးတော့မှာပဲ၊ သူ့ရဲ့ဂုဏ်ထူးတွေ နှမြောစရာ၊ ဆရာဝန်လိုင်းဝင်ရင်တောင်မှ စပွန်ဆာရှိဦးမှ၊ သူ့မိဘအခြေအနေနဲ့ ဘယ်လိုမှ ၇ နှစ်ကြီး စရိတ်စက ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒီတော့ ရည်ရွယ်ချက်အတိုင်း မဖြစ်နိုင်ရင် ဆိုက်ကိုဝင်သွားလိမ့်မယ်နော်''ဟု ဆိုကြသူတွေရှိသလို-

''ဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့ သမီးကဖြင့် အောင်မြင်မှုတစ်ဆင့် ရပြီ၊ ဒါ ကြိုးစားရင် အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်နှင့် ဖွဲ့ လို့လပဲ။ ယုံကြည်မှုခွန်အားရှိနေသရွေ့ ရှေ့ခရီးဆက်ရမယ်၊ လုပ်နိုင်သလောက် လုပ်စမ်းပါ၊ ရှေ့မှာ ပန်းတိုင်ရှိတယ်''ဟု ပညာရှိ အသိအမြင် တွေးဆမှုတွေနှင့် တွန်းအားပေးသူတွေလည်း ရှိလေသည်။

မိဘတွေက အချိန်တန်ဖိုးတွေနှင့် မြေကြီးကိုရင်းနှီးပြီးကို ခွန်အားတွေနှင့် ပူးတွဲအသုံးချကြသည်။ သားသမီးဆန္ဒကို ဖြည့်စွမ်းကြသည်။

ယနေ့ ဒေါက်တာနန်းဦး (အမည်လွှဲ)၏ မိဘများ ဘဝအမောပြေကြရလေပြီ။

စိန်စီသော လူငယ် အချိန်စီးသော လူကြီး တကယ်ဖြစ်လေပြီ။

***မနွယ်(ကလော)***

## စီးဆင်းလား

## စုန်ဆင်းလား

**ခင်လန်းဆန်း**

အမြစ်လှန်မလား၊ ပင်စည်ဖြတ်ပြီး အခေါက်ခွာမလား။ ဒါပဲတွေ့မှာပဲ။ အကိုင်းဖြတ်ပြီးရော ကြည့်ချင်သေးလား။ ဒီရေကြောနဲ့ အစာကြောအပြင် ဘာရှိနိုင်ပါဦးမလဲ··ကဲ···။

အရင်းစစ်တော့ အမြစ်မြေက ရေသောက်မြစ်ဟာ အဓိကပေါ့။ အပြစ်ရှာ အနာတွေ့၊ အချစ်ရှာ သကာတွေ့မှာပဲလေ။ ဒါပေမယ့်လည်း အချစ်ကို ဘယ်လိုရှာရှာ သကာက မတွေ့တာပါပဲ။

အတွေးတွေ တောရောက်တောင်ရောက် ဒီလောက်ရှည်ရှည်လျားလျားဆို သူတို့က သဘောပေါက်မှာမဟုတ်။ ဘာက ဘယ်လိုစပြောရမှန်းကို မသိတော့တာ။ ကြည့်လေ ပြောလိုက်တဲ့စကားက···

"ဘာလုပ်ရမှာလဲ။ သူတို့ညီအစ်ကိုနှစ်ယောက် ထွန်စက်တစ်ယောက်တစ်စီးနဲ့ အလုပ်လုပ်နေကြတာပေါ့" တဲ့။ ကျေနပ်အားရနေတဲ့ မျက်နှာကြီးနဲ့လေ။

ဩော်···အတွေးတိမ် အမြင်ကျဉ်းလို့ ဆိုပြန်ရင်လည်း သူတကာကို လက်ညှိုးထိုးပြပြီး အဖော်ညှိ မဏ္ဍာပ်တိုင်တက်ဦးမှာ။

ဒီလိုအတွေး ဒီလိုအမြင်တွေနဲ့ လူတွေ များနေသမျှတော့ မထွေးမပါဒို့ချည်းသာလို့ ဆိုနေရမယ့်အဖြစ်။ တကယ်က တရွာလုံး တရပ်လုံးနီးနီး မထွေးမပါတွေဖြစ်နေကြတော့တာ။

✡ ✡ ✡

ရိုးရိုးကုပ်ကုပ်ကြိုးပမ်းအားထုတ်တယ် ဆိုတဲ့ စကားနဲ့အညီ တကယ် ရိုးသားပြီး အနေအစားခြိုးခြံ အကောင်းမစား အကောင်းမနေ အကောင်း မခံစားဘဲ ကိုယ့်အိမ်ကသူရင်းငှား လူငှားနဲ့အတူ တဝိုင်းတည်းစား တန်းတူ အလုပ်လုပ်ပြီး ရိုးသားလွန်း တစ်ဖက်သားကို စာနာတတ်လွန်းတဲ့ မိဘနှစ်ပါး က ရှာဖွေစုဆောင်းထားခဲ့တာ။

"ဒီနေ့ ဘာရှက်"

"ရှင်ဟင်းရှက်"

တစ်ခါတလေလည်း…

"ဒီနေ့ ဘာရှက်"

"ခရမ်းရှင်သီးငါးပိရှက်" ဆိုတဲ့ အဖြေစကားက အဲဒီအရပ် အဲဒီ ခေတ်မှာ မရိုးနိုင်အောင် ကြားရတဲ့စကား စားကြတဲ့အစား သူတို့ဒေသသံ စစ်စစ်နဲ့လေ။ (ချဉ်ရည်ဟင်း၊ ခရမ်းချဉ်သီးငါးပိချက်)

တစ်ပြည်တစ်ခွက် ထမင်းအိုးကြီးတစ်လုံးကို မနက်ည ကိုယ်တိုင် ချက် ကိုယ်တိုင်ငှဲ့ မီးဖိုထဲ ချွေးတလုံးလုံးနဲ့ ပင်ပန်းတကြီး ချက်ပြုတ်ပြီး အိမ်သားနဲ့ သူရင်းငှားတွေအတွက် တူမလေးတစ်ယောက်အကူနဲ့အတူ အမေ ကိုယ်တိုင်ချက်တတ်တာ။ နွားတင်းကုပ်ကြီး အချင်တန်းမှာ ဝါးလုံးထိုး ထရံချပ်ကြီးတွေခံပြီး ကျင်းထားတတ်တဲ့ ကိုင်းခရမ်းချဉ်သီးတွေက နွေနွေ မိုးမိုး နှစ်ပေါက်ထိ စားမကုန်သေးတာ။

စဉ့်အိုးကြီးငယ်နဲ့သိပ်ထားတဲ့ လယ်ကြားငါးပိနဲ့ ငါးခြောက်တွေဟာ လည်း ဈေးမရှိတဲ့အရပ် ဈေးသည်ရှားပါးတဲ့ရွာလေးမှာ မိုးခါ စားစရာမပူရ။

နေ့စဉ်လို ခရမ်းချဉ်သီးငါးပိချက်နဲ့ ငါးခြောက်စပ်ကြော်နဲ့ ဟင်းရွက် ပြုတ်၊ တစ်ခါတရံ မန်ကျည်းရွက်သုပ်၊ မန်ကျည်းရွက်ချဉ်ရည်ဟင်း၊ အဖေ ရော အတူ တစ်ဝိုင်းတည်းထိုင်စားကြတာ။ သူရင်းငှားသားအဖတွေ လူငှား တွေနဲ့ အတူတူပင်။ ဘကြီးအတွက်ဆိုပြီး ဟင်းခွက်အပိုမပါတတ်။ အတူစား အတူလုပ်ပြီး ရသမျှ စုဆောင်းတတ်၊ ခြိုးခြံချွေတာတတ်။ တတ်အားသမျှ လည်း ပေးလှူတတ်။ ညာတကာနဥ္စ သင်္ဂဟောတတ်သူမျိုးမို့လည်း သူ့ရွာ

သူ့နယ်မှာ အများက လေးစားကြရတဲ့ လူရိုးလူဖြောင့် မိဘနှစ်ပါး။

ထားရစ်ခဲ့တဲ့ လယ်ယာခြံမြေ နွားကျွဲ စုဆောင်းရစ်တဲ့ အတွင်းပစ္စည်းဆိုတာ နည်းရော့မလား။

ဖခင်ကြီးကွယ်လွန်တော့ အတူနေ သားလတ်က လက်ငုတ်ကိုဆက်ခံ အလုပ်လုပ်။ အဖေလိုတော့ အပင်ပန်းမခံနိုင်။ မားမဦးချမလုပ်နိုင်။ ဝီရိယချင်းလည်းမတူနိုင်တော့။ အချိန်ကာလချင်း အခြေအနေချင်းကလည်းမတူလေတော့ အတွေးတွေကလည်း မတူတော့။ အဖေ့လက်ထက်က ရိုးကုပ်စွာ အလုပ်လုပ် ရှာဖွေစုဆောင်းခဲ့သော်လည်း သားအလှည့်မှာတော့ အဖေပျိုးထောင်ခဲ့သော လုပ်ငန်းကို အသင့်ခံယူပြီး သက်သောင့်သက်သာချမ်းတောင့်ချမ်းသာ။ အဖေက သူရင်းငှားနဲ့အတူ လယ်ထဲဆင်း နွားနဲ့အတူရုန်းပေမယ့် သားလက်ထက်ကျတော့ အဖေလို လယ်ထဲသွားသော်လည်းခြေမြေမကျ ကန်သင်းပေါ်မှပင်မကြွဘဲ လက်ညှိုးညွှန်ကာ အိမ်ဦးခန်းထက်မှနှုတ်မိန့်ဖြင့်သာ စီမံကွပ်ကဲပြီး ဘယ်နေရာမှာမှ ကိုယ်တိုင်ဝင်မပါ။ လူတကာက ကောင်းတယ်ဆိုသမျှ ရိတ်စက်ဝယ် ထွန်စက်ဝယ်နဲ့ ကိုယ်တိုင်မကျွမ်းကျင်တော့ အရာရာ သူတစ်ပါးဖို့ချည်း ဖြစ်ရတာ။ မိဘလက်ထက်ကရိုးရိုးကုပ်ကုပ်နေခဲ့သမျှ ယခုတော့ အိမ်ညေ့ခန်း ဖိမ်ခံပစ္စည်းတွေနဲ့၊ အရက်လေးသောက် ချဲကလေးထိုး ဘောပွဲလေးလောင်းနဲ့ အဖေ ကွယ်လွန်ပြီးငါးနှစ်မှာ အသီးဆုတ် အထွက်နှုန်းဆုတ်လာသော လယ်ယာဟု ဆိုပြီးခွဲကာ ဖွဲ့ကာ ရောင်းချလို့ ကုန်လုလု။ အမေအိုကြီးက ဘာမှဝင်မပြောတော့နောက် ကိုးနှစ်အကြာ အမေအိုကြီး ကွယ်လွန်ချိန်မှာတော့ ကျန်ရှိပစ္စည်းအတွင်းအပြင် လယ်ယာအိုးအိမ် ကျွဲနွားပါမကျန် အတူနေသားက လက်ခံယူပြီး ဆက်လက်လုပ်ကိုင်ခဲ့တာမို့ အဖေ့လက်ငုတ် အမေ့လက်ကျဟာ အားလုံးသူတို့မိသားစုအတွက်သာ။ တကယ်တမ်းသာ မိဘအရိုက်အရာကို တန်ဖိုးထားလေးစားပြီး ကြိုးပမ်းကြရင်တော့ တိုးပွားမလာသည့်တိုင် တည်မြဲနေဖို့မကောင်းလား။ ခုတော့ အဖေမျက်ကွယ်ပြုပြီး ငါးနှစ်ပင်မကြာ အမေမရှိတဲ့နောက် လေးငါးဆယ်နှစ်မတိုင်ခင်မှာပဲ တိုးပွားလာဖို့ဝေးလို့ တည်တံ့အောင်

ဗင်းဆင့်ရဲ့အဖြစ်အပျက်တွေက ကိုယ်တို့ကို သံဝေဂတွေ သင်ခန်းစာတွေ အများကြီးပေးခဲ့ပါတယ်။ ကိုယ်ဖန်တီးထားတာတွေကို လူတွေက လက်မခံတဲ့အခါ ဗင်းဆင့်ဗန်ဂိုးကို သတိရလိုက်ကြပါ။ ကိုယ်ကြိုးစားထားတာတွေကို ပတ်ဝန်းကျင်က အသိအမှတ်မပြုတဲ့အခါ ဘယ်တော့မှ လက်မလျှော့လိုက်ပါနဲ့။ ကိုယ်ယုံကြည်ရာဘဝလမ်းကို လျှောက်လှမ်းနေကြတဲ့ ကိုယ်တို့တွေကို ပတ်ဝန်းကျင်က အသိအမှတ်ပြုသည် ဖြစ်စေ မပြုသည် ဖြစ်စေ၊ လက်ခံသည် ဖြစ်စေ လက်မခံသည် ဖြစ်စေ ဒါတွေကို မမှုဘဲ အဆုံးထိရောက်အောင် ဖြောင့်ဖြောင့်တန်းတန်းနဲ့ ရှေ့ဆက်လျှောက်ကြရပါမယ်။

မေတ္တာဖြင့်

*ကေတုမာလာ*

ပင် မထိန်းသိမ်းနိုင်ခဲ့တဲ့ သားချွေးမနဲ့ မြေးမိသားစုက ခုတော့ တနိုင်စာ လယ်မြေလေးအပြင် လက်ရှိက ထွန်စက် တစ်ယောက်တစ်စီးတဲ့။ အဲဒီ ထွန်စက်နဲ့ သူတစ်ပါးလယ်မြေမှာ အငှားလိုက်ထွန်ကြသတဲ့။

ကြားရသမျှအတွက် နှမြောစိတ်ဖြစ်မိတာအမှန်။ ဒါပေမယ့် နှမြော မိတာက လယ်မြေလည်းမဟုတ်၊ ပစ္စည်းဥစ္စာရွှေငွေလည်းမဟုတ်၊ တိုက်တာ အိုးအိမ်ခြံမြေလည်းမဟုတ်။ များလှစွာသော ကျွဲနွားများလည်းမဟုတ်။

သူတို့သူတို့ရဲ့စဉ်းစားဉာဏ် ဆင်ခြင်တုံတရားနဲ့ ဘယ်အရာက တန်ဖိုးရှိ၊ ဘယ်အရာက တန်ဖိုးမဲ့၊ ဘယ်အရာက ထိန်းသိမ်းသင့်တဲ့အရာ၊ ဘယ်အရာက ကြာရှည်ပကတိတည်ရှိနေသင့်တဲ့အရာ၊ ဘယ်အရာက ပျောက်ပြယ်သွားမယ့်အရာ ဆိုတဲ့ အဓိကနဲ့ သာမညကို ခွဲခြားနိုင်စွမ်း ကင်းမဲ့လွန်းကြတဲ့ သူတို့ သူတို့ရဲ့ စိတ်တွေ အသိတွေကိုပါပဲ။

ခုတော့ အဖိုးအဖွားထားရစ်ခဲ့တဲ့ လယ်မြေဧကပေါင်းများစွာနဲ့ လယ်လုပ်ကိရိယာ ထွန်တုံးထွန်တံတွေ အပါအဝင် ကျွဲနွားကောင်ရေ နှစ်ဆယ်အစိတ်ဟာ သူတစ်ပါးလယ်မြေမှာ ထွန်စက်မောင်းနေမယ့် မြေး နှစ်ဦးကို အဖိုးအဖွားကိုယ်စား မစောင့်ရှောက်နိုင်တော့ပါ။

အဲဒီလို မြေးများ အဲဒီလိုသားသမီးများ အဲဒီလိုမိဘများဟာ မြန်မာ့ လယ်တောမှာ ဘယ်လောက်များ များပြားလေမလဲ။ သူတို့ ဘာကြောင့်များ ဒီလိုလုပ်ဖို့ ဆုံးဖြတ်နိုင်ကြသလဲ။ သူတို့ ဘာကြောင့် ဒီလိုတွေးကြလေသလဲ။

**မေတ္တာဖြင့်**
***ခင်လန်းဆန်း***

# လူငယ်တွေစိန်စီမှအချိန်စီးတဲ့လူကြီးတွေဖြစ်မယ်

**ရွှေစကား**

သားတို့သမီးတို့ရေ…

စာရဲ့ခေါင်းစဉ်လေးကိုကြည့်လိုက်တော့ တယ်အဖိုးတန်တဲ့ ခေါင်းစဉ်ပါလားလို့ တွေးမိကြမှာနော်။ ဟုတ်တာပေါ့။ စိန်ဆိုတာက အလွန်တရာရှားပါးတဲ့ တောက်ပတဲ့ မွမ်းမံနိုင်ရင် မွမ်းမံနိုင်သလောက် လှပဆန်းကြယ်တဲ့ သဘာဝ အမိမြေကပေးထားတဲ့ ဒြပ်စင်တစ်မျိုးပဲကိုး။ နေရာတိုင်းတော့ မတွေ့နိုင်ဘူး။ အတွေ့ရနည်းတယ်။ ရှားပါးတယ်။ အရာထင်တယ်။ အသုံးဝင်တယ်။ မြင်သူတိုင်းနှစ်သက်တယ်။ တန်ဖိုးထားတယ်။ အဲဒီတော့ အဖိုးတန်ပြီပေါ့။ အဲဒီလိုအဖိုးတန်လှတဲ့စိန်တွေကို တစ်ခုတည်းမဟုတ်ဘဲ အမြောက်အမြား စီခြယ်ထားမယ် ဆိုတော့ တော်တော်ကို တန်ဖိုးကြီးမားမြတ်နိုးအလေးထားကြတော့တာပေါ့။

လူဆိုတာလည်း မွေးဖွားလာသည်မှ သေဆုံးချိန်ထိ နေနေစဉ်ကာလဟာ ရှည်ကြာချင် ရှည်ကြာမယ်၊ တိုတောင်းချင်လည်း တိုတောင်းမယ်။ ဘယ်လောက်ကာလအတိုင်းအတာအထိ သူ ရှင်သန်နိုင်ခဲ့သလဲ။ ရှင်သန်နေခဲ့သလဲဆိုတာကို ကြည့်ရင် ဒါဟာ သူ့သက်တမ်းပဲလေ။ အဲဒီ သူ့ရဲ့သက်တမ်းအတွင်းမှာ သူ့ရဲ့စိတ်အနေ၊ သူ့ရဲ့ခံယူချက်၊ သူ့ရဲ့ရပ်တည်ချက်သဘောထားနဲ့ လုပ်ရပ်က သူ အသက်ရှင်နေတဲ့ ကာလကို လွှမ်းမိုးနိုင်တာပဲ။ သူဟာ သူတော်စင်လား၊ ဆိုးသွမ်းမိုက်မဲသူလား၊ ထက်မြက်သူလား

ကြိုးစားအားထုတ်သူလား။ အချိန်ကိုအကျိုးမဲ့ကုန်ဆုံးနေသူလား။ သူ့အတွက် ကြိုးစားနေသူလား။ အခြားသူအတွက်ပါ ကျေးဇူးများစေသူလား။ သူ့ကိုယ်သူ မြင့်သထက်မြင့်အောင် မြှင့်တင်နေသူလား။ အများရဲ့ဘဝတွေကို ဆွဲယူမြှင့်တင်ပေးနေသူလား။ လူအများကို အသိဉာဏ်ဖွင့်ပေးသူလား။ အများရဲ့ ဒုက္ခတွေကို ကယ်တင်စောင့်ရှောက်နေသူလား။ အသိဉာဏ်ခေါင်းပါးနေမှုတွေကို ရှင်းပြပြောပြပြီး အသိအလင်းဖွင့်ပေးသူလား။ နာဖျားနေသူတွေကို ကိုယ်စိတ်ကျန်းမာအောင် စောင့်ရှောက်ပေးနေသူလား ဆိုတာတွေ ကြည့်ရင်တော့ အများကြီးပေါ့။ ဒါကြောင့်လည်း လူနေမှုဘဝတွေနိမ့်ကျ ပညာမတတ် စားစရာမပြည့်စုံ အဝတ်အနေဆင်းရဲနိမ့်ကျ ကိုယ်စိတ်ဆင်းရဲ ပညာသင်ခွင့်မရ အလုပ်လုပ်ခွင့်မရနဲ့ နှစ်ပရိစ္ဆေဒရှည်ကြာ ဆိုးဝါးနိမ့်ကျလှတဲ့ ဒို့နိုင်ငံရဲ့ လူများစုဖြစ်တဲ့ တောနေလူထု တိုင်းစွန်ပြည်နယ်တွေက ဒို့တိုင်းရင်းသားတွေအတွက် သူတို့ရဲ့လူငယ်ဘဝ လူငယ်အချိန်လေးတွေကို ရင်းနှီးပြီး အဲဒီလို အဖက်ဖက်က ဆိုးဝါးနိမ့်ကျမှုတွေကို ဖြည့်ဆည်းပေး စောင့်ရှောက်ပေးနေကြတဲ့ လူငယ်လေးတွေ အများအပြားရှိနေပြီလေ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်လို့ မခံယူမီကတည်းက မြန်မာနိုင်ငံရဲ့ဒီမိုကရေစီပုံရိပ်ကို ဖော်ဆောင်နိုင်ဖို့ရာ လူငယ်တွေရဲ့အင်အားတွေ အများကြီးလိုအပ်တယ်လို့ သိမြင်ခံယူထားတဲ့ အမေဒေါ်အောင်ဆန်းစုကြည်က လူငယ်တွေကိုဖိတ်ခေါ်ပြီး အားဖြည့်ကြဖို့ နိုင်ငံအတွက်အလုပ်လုပ်ကြဖို့ လူငယ်တွေရဲ့အင်အားကို အသိအမှတ်ပြုခဲ့တယ်လေ။ လူကြီးနဲ့လူငယ်ကို ညှိညှိနှိုင်းနှိုင်းနဲ့ အလုပ်လုပ်ကြပြီး မှောင်မည်းဆိုးဝါးလှတဲ့ နက်လှတဲ့ ချောက်ကမ်းပါးကြီးထဲက အမိနိုင်ငံနဲ့ ပြည်သူတွေကို အတူတူကယ်တင်စောင့်ရှောက်ကြမယ်လို့ သဘောတူညီခဲ့ကြတယ်လေ။ လူကြီးရဲ့ပြောစကားကို လူငယ်တွေကလည်း သက်ဝင်ယုံကြည်သဘောတူပြီး နိုင်ရာတာဝန် ကျရာနေရာမှာ ပါဝင်ကြမယ် အလုပ်လုပ်ကြမယ်လို့ သဘောထားတွေတူမျှခဲ့ကြတာပဲ။

ဒါကြောင့်လည်း ကိုယ့်အရပ်ဒေသမှာလုပ်နိုင်တဲ့သူက ကိုယ့်ဒေသမှာ နိုင်ရာတာဝန်ယူကြ။ အဝေးအလံထိသွားရောက်ပြီး စောင့်ရှောက်နိုင်သူ

ကလည်း ရောက်အောင်သွားကြ ကလေးတွေကိုစာသင်ပေးတာ စာသင်ကျောင်းမရှိသေးတဲ့နေရာမှာ စာသင်ကျောင်းတွေဆောက်ပေးတာ ဆေးဝါးဓာတ်စာ ဆေးရုံ ဆေးခန်း ရေဘေး မီးဘေး သဘာဝဘေးတွေကနေပြီး ဖြစ်ပေါ်သမျှအန္တရာယ်တွေကနေ သက်သာစေဖို့ စောင့်ရှောက်ကယ်တင်နေကြတာ သားတို့သမီးတို့လည်း တွေ့ကြမှာပေါ့။ သားတို့သမီးတို့ကိုယ်တိုင်လည်း ကိုယ့်ရဲ့မိသားစုကို စောင့်ရှောက်ရင်းနဲ့ပဲ ကိုယ့်အရပ်ဒေသက ပြည်သူကို စောင့်ရှောက်နေကြတာပဲမဟုတ်လား။

နေရေးထက် သေရေးခက် ဆိုတဲ့ ရှေးစကားလိုပဲ သေလွန်ပြီးချိန်မှာ ကြုံတွေ့ရတဲ့ ဒုက္ခတွေဟာ ကွယ်လွန်သူအတွက်သာမက ကျန်ရစ်သူရဲ့ဒုက္ခကလည်း မသေးလှဘူးလေ။ အဲဒီအတွက်ကို ဝါခင်းကုန်းဆရာတော်ကြီး၊ ဆရာကြီးဦးသုခ၊ ဆရာမကြီးလူထုဒေါ်အမာ စတဲ့ အမြော်အမြင်ကြီးမားလှတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ အစပျိုးဦးဆောင်မှုရဲ့ အသီးအပွင့်အဖြစ် ဒို့နိုင်ငံလူထုအတွက် အမှန်တကယ်လိုအပ်နေတဲ့ အသင်းကြီးတစ်ခုဟာ နိုင်ငံရဲ့မြို့ရွာအနှံ့အပြားမှာ ပေါ်ထွက်လာပြီလေ။ နာရေးကူညီမှုအသင်းဆိုတာဟာ ခုတော့ ရုပ်ရှင်မင်းသားတစ်ဖြစ်လဲ ဦးကျော်သူ၊ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်တို့ကနေ တဖြည်းဖြည်းဆင့်ပွားလာလိုက်တာ တစ်နိုင်ငံလုံးအနှံ့အပြားမှာ ပြည်သူတွေနာရေးအတွက်တော့ စိတ်အေးရပြီပေါ့။ ဒါ့အပြင် ဒို့လူမျိုးတွေအများအပြား သွားပြီးအလုပ်လုပ်နေကြရတဲ့ အိမ်နီးချင်းနိုင်ငံတွေမှာလည်း သေရေးခက်နေရတဲ့ ကိစ္စတွေအတွက် နာကူအသင်းတွေဖွဲ့ထားပြီး ဆောင်ရွက်နေကြတာ ဝမ်းသာစရာပဲ။ ဒါနဲ့ တဆက်တည်း မသေခင် နာဖျားမကျန်းမှုကိုပါ တတ်နိုင်သလောက် ခေါ်ယူစောင့်ရှောက်နေကြတာလည်း အများအပြားပဲလေ။

အဲဒီလိုခေါ်ယူစောင့်ရှောက်နေတဲ့ လူငယ်လေးတွေလည်း ရှိကြတယ်။ တစ်ဦးတည်းအစီအစဉ်နဲ့ပဲ တစ်နိုင်စွမ်းဆောင်ကြရင်းနဲ့ အများကလည်း တတ်နိုင် သလောက် ဝိုင်းဝန်းလှူဒါန်းကြလို့ တဖြည်းဖြည်းတိုးချဲ့နိုင်လာကြတဲ့ စွန့်လွှတ်သူလူငယ်လေးတွေလည်း ရှိတယ်လေ။ ဟသ်ာတနယ်က

မသင်းရွှေစင်လှိုင်လို ကနောင်မင်းသားကြီးရဲ့အနွယ်တော်ဖြစ်တဲ့ တော်ဘုရား နောင် ဆိုတဲ့ ဆရာဝန်ကလေးလို လူငယ်လေးတွေပေါ့။ အဝေးနယ်တွေအထိ သွားရောက်ဖြည့်ဆည်း စောင့်ရှောက်နေတာကတော့ အများသိပြီးဖြစ်တဲ့ မခင်နှင်းကြည်သာ ဆိုတဲ့ မိန်းကလေးငယ်ပေါ့။ တကိုယ်တော်ပရဟိတ ကွန်ရက်ကို ဖွဲ့စည်းပြီး လူထုကျန်းမာရေး ပညာရေးကနေ လူမှုရေးအထိ ဖြည့်ဆည်းပေးနေတဲ့ လူငယ်တွေရဲ့ မြင့်မြတ်လှပတဲ့ စိတ်ဓာတ်နဲ့ အားအင် စိုက်ထုတ်မှုဟာ သူတို့ရဲ့ 'တသက်တာဖြစ်တဲ့ သက်တမ်း' တွေကို တန်ဖိုး မြင့်မားစေခဲ့တယ်လေ။ ဒါဟာ ကိုယ့်ရဲ့အချိန် ကိုယ့်ရဲ့သက်တမ်းကို တန်ဖိုးရှိ အောင် အသုံးချမယ်ဆိုတဲ့ မှန်ကန်မြင့်မြတ်တဲ့ သဘောထားစိတ်အရင်းခံ ကလေးတွေကြောင့်သာ သူတို့လုပ်နိုင်ကြတာပဲ။ တကယ်ဆိုရင် သူတို့ တစ်ဦးချင်းစီဟာ ငယ်ရွယ်လှပ စိတ်အားတက်ကြွနေတဲ့ လူငယ်လေးတွေပါ။ လှအောင် ဝတ်စားပြင်ဆင် ပညာတွေသင် စီးပွားတွေရှာနေလို့ ရတာပဲ။ ကိုယ့်ဘဝတွေမြင့်မားသထက်မြင့်မားအောင် စွမ်းဆောင်နိုင်ကြတဲ့ ကိုယ်အား ဉာဏ်အား အသိုင်းအဝိုင်းမိဘ စတဲ့ နောက်ခံအင်အား တောင့်တင်းပြည့်စုံ ကြတဲ့သူတွေပါ။ သူတို့ရဲ့တကိုယ်ရေဘဝကို လှပခမ်းနားအောင် ပုံဖော် ထုဆစ်နိုင်ကြသူတွေပါ။ ဒါပေမယ့် သူတို့ရွေးချယ်လိုက်တဲ့ လမ်းကြောင်းက သူတို့အချိန် သူတို့ပညာ သူတို့စီးပွား သူတို့ခန္ဓာကိုယ်စိတ် သူတို့အသက်တွေ ကို 'ဒုက္ခ' ဆိုတဲ့ ကြမ်းတမ်းဆိုးရွားလှတဲ့ လှိုင်းတံပိုးပင်လယ်ကြီးထဲက သူတို့တိုင်းပြည်နဲ့ သူတို့ရဲ့ညီနောင်သားချင်းတွေ ပြည်သူလူထုတွေကို တတ်နိုင်သလောက် ရေတစ်ခွက် ထမင်းတစ်နပ် အဝတ်တစ်ထည်ကို မရောက်ရောက်အောင် ပေးပို့နေကြသလို အသိဉာဏ်ဆင်းရဲနိမ့်ကျမှု အတွေး အမြင်အမှောင်ဖုံးခံရမှု အမှားအမှန်ကို ခွဲခြားနိုင်စွမ်းမရှိမှု အရာရာကို ရွံ့ကြောက်စွာ လက်ခံယုံကြည်ရမှု၊ ခြိမ်းခြောက်နှိပ်စက်မှုကို ကြောက်ရွံ့စွာ ခေါင်းငုံ့လည်စင်းပေးနေရမှုတွေကိုလည်း ဖြည့်ဆည်းစောင့်ရှောက်ပေးနေကြ တယ်။ တကိုယ်ရေကျန်းမာရေးအသိပင်မရှိဘဲ ကြီးပြင်းလာကြတဲ့ လူသား မျိုးဆက် သုံးဆက်အတွက် ကျန်းမာရေးအသိတွေ ရှင်းလင်းပြ ဖြန့်ဝေကြ

လေ့ကျင့်ပေးကြ ဖြည့်ဆည်းပေးကြနဲ့ သူတို့ရဲ့ အဖိုးတန်လှတဲ့ သက်တမ်းတွေကို အများအတွက် အသုံးချနေမှုတွေဟာ ဘယ်လောက်များ တောက်ပလိုက်သလဲ။ ဘယ်လောက်များ တန်ဖိုးတွေ မြင့်မားလိုက်သလဲ။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမြင့်မားစေတာပဲ။ ကိုယ့်တန်ဖိုးကို ကိုယ်တိုင်မြှင့်တင်တာ ကိုယ်တိုင်သတ်မှတ်လိုက်ကြတာပဲ မဟုတ်လား။ ဒါဟာ ကိုယ်တိုင်စိန်စီတာပဲပေါ့။ သူတို့လောက် မစွမ်းဆောင်နိုင်စေ ကိုယ်နိုင်ရာနေရာကနေပြီး ကိုယ်စွမ်းသလောက်ကိုပဲ စောင့်ရှောက် ဖေးမကြတာဟာလည်း ကိုယ်တိုင်စိန်စီတာပါပဲ။

လူငယ်ဆိုတဲ့ဘဝသက်တမ်းကို ပျော်ပါးမော်ကြွားရင်း တုပဂုဏ်ပြိုင်ရင်း စားသောက်သုံးဖြုန်းရင်း မူးယစ်သံသရာထဲမှာ မိုက်မဲစွာ ကုန်ဆုံးရင်းနဲ့ အချိန်ဖြုန်းမနေကြဘဲ သူတို့ရဲ့ အဖိုးတန်လှတဲ့ တသက်တာကို အများအတွက် အသုံးချနေကြတာဟာ အားရစရာကောင်းလှပါတယ်။

အဲဒီလိုပဲ လူထုအတွက် အသိအမြင်ပွင့်လင်းလာဖို့ ကလေးသူငယ်လေးတွေ အများအမှန်ကို ငယ်စဉ်ကတည်းက ပွင့်လင်းလွတ်လပ်စွာ သိမြင်တွေးခေါ်တတ်စေဖို့အတွက် 'စိတ်သင်ခြင်း' ကို ဆောင်ရွက်နေကြတဲ့ လူငယ်လေးတွေလည်း ရှိတယ်လေ။ သူတို့က ရန်ကုန်အခြေစိုက်ပရဟိတကွန်ရက်က လူငယ်လေးတွေပါ။ 'ပုံပြောသူများ' ဆိုတဲ့ အသင်းအဖွဲ့လေးနဲ့ ဝေးလံခေါင်ဖျားရော မြို့ပေါ်အနီးနားရောက စာသင်ကျောင်းတွေ ဘ/က ကျောင်းတွေ မိဘမဲ့ဂေဟာတွေ လူမှုဝန်ထမ်းကျောင်းတွေအပြင် ကျေးရွာရပ်ကွက်တွေမကျန် အရောက်သွားပြီး ကလေးသူငယ်လေးတွေရဲ့ စိတ်အာဟာရကို ဖြည့်စွမ်းပေးကြ သန့်စင်ပေးကြတဲ့ လူငယ်လေးတွေလေ။ အဲဒီလူငယ်လေးတွေဟာ ရန်ကုန်မြို့ရဲ့ မီဒီယာလောကမှာ ကျင်လည်ရင်း မြို့ရွာအနှံ့ သတင်းယူကြရာက ရောက်ခဲ့ တွေ့ခဲ့ရတဲ့ ဒို့နိုင်ငံရဲ့ လူမှုဘဝအစစ်တွေကို မျက်မြင်ကိုယ်တွေ့ တွေ့ကြရတယ်။

အသက်တွေ ကိုးနှစ် ဆယ်နှစ် ရောက်နေပေမယ့် စာသင်ကျောင်းကို ရောက်မလာနိုင်တဲ့ ကလေးတွေ စာသင်ကျောင်းလို့ ဆိုင်းဘုတ်ချိတ်ထားပြီး

အမိုးအကာမလုံခြုံတဲ့ ယိုင်နဲ့နဲ့ အဆောက်အအုံထဲက ကျိုးတိုးကျဲတဲ စာသင်သားအနည်းငယ် ဆရာဆရာမတစ်ယောက်တည်းနဲ့ သူငယ်တန်းကနေ လေးတန်းအထိ အခြေခံပညာမူလတန်းလို့ခေါ်တဲ့ လူသားမျိုးနွယ်အတွက် အရေးပါလှတဲ့ စာသင်နှစ်တွေ သင်ခန်းစာတွေကို မနိုင်ဝန်ထမ်းပြီး မမျှတတဲ့ လစာကြောင့် မိသားစုဘဝမရပ်တည်နိုင်တော့တဲ့အတွက် ကြာရှည်မနေနိုင်တော့တဲ့ ဆရာကင်းမဲ့တဲ့ စာသင်ကျောင်းနဲ့ ကျေးရွာတွေ။ ပြောရမယ်ဆိုရင်တော့ ပြောမဆုံးပေါင် တောသုံးထောင်မက ရှိရော့မယ်။ ပြောမယုံ ကြုံဖူးမှ သိ ဆိုတဲ့ စကားဟာ နည်းများနည်းနေမလားပဲ။ အဲဒီလောက်မဟုတ်တောင် အဲဒီနီးပါး မပြည့်စုံတဲ့ ကျေးရွာမျိုး ကျောင်းမျိုးကို ဆရာမတို့လည်း ကြားဖူး ကြုံဖူးတယ်။ ကြုံပင်ကြုံသော်လည်း မိသားစုအရေးဦးစားပေးကြရတဲ့ မပြည့်စုံတဲ့မိဘနဲ့ မိသားစုတွေကြောင့် အဲဒီလိုမျိုးစွန့်လွှတ်မှုမျိုးကို ကိုယ်တိုင် မလုပ်နိုင်ခဲ့ဘူးလေ။ ဆရာမတို့လူငယ်ဘဝ ဘွဲ့ရပြီးစ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်က မစွန့်နိုင်ခဲ့တဲ့ ကိုယ့်အကျိုးစီးပွား ကိုယ့်မိသားစု အရေးတွေလိုမျိုး သူတို့မှာလည်း ရှိနေမှာနော်။ သူတို့ကတော့ တကယ်လည်း စွန့်နိုင်ကြတယ်၊ စွန့်နိုင်ခဲ့တဲ့ ကိုယ့်ရဲ့ ကိုယ်စီအတ္တတွေကို ရှေ့တန်းမတင်ဘဲ ပြည်သူတွေအတွက်သာ ဦးစားပေးကြတဲ့ လူငယ်လေးတွေမို့ ဆရာမက တကယ်ကို လေးစားမိတာပါ။ သူတို့အချိန်တွေကို သူတို့ တကယ်ပိုင်ဆိုင်ကြသလို တသက်တာ သက်တမ်းတွေကိုလည်း အဖိုးတန်အောင် လုပ်နိုင်ကြတယ်။ သူတို့ရဲ့ခန္ဓာမှာ တန်ဖိုးကြီးမားတဲ့ အဝတ်အထည်အသုံးအဆောင်တွေ မဆင်ယင်ထားဘဲနဲ့ကို သူတို့ဟာ လူအများရဲ့ကြားမှာ တန်ဖိုးမြင့်မား တောက်ပနေကြတယ်။

ဒါဟာ အံ့သြစရာတော့ မကောင်းဘူးနော်။ ဘာဖြစ်လို့လည်းဆိုတော့ မွန်မြတ်တဲ့စိတ်ဓာတ်ကို အခြေပြုပြီး လုပ်လိုက်တဲ့လုပ်ရပ်တိုင်းဟာ တန်ဖိုးကြီးမားသလို အဲဒီလိုပြုလိုက်တဲ့ လူပုဂ္ဂိုလ်တိုင်းဟာလည်း တစ်ဘဝလုံးစာ တန်ဖိုးကြီးမားပါတယ်။ သူတို့ကိုယ်သူတို့တော့ ငါတို့ဟာ တန်ဖိုးကြီးမားတဲ့ လူတွေပါလားလို့ မသတ်မှတ်ကြပါဘူး။ သူတို့ရဲ့စိတ်အသိမှာ လုပ်သင့်

တယ်လို့ ယုံကြည်လို့ လုပ်နေတယ်။ အစာမဝတဲ့သူကိုတွေ့ရင် သူတို့လည်း ကိုယ့်လိုပဲစားချင်မှာပဲ ဆိုတဲ့ အတွေးမျိုးတွေးတယ်။ အဝတ်မရှိတဲ့လူကိုလည်း ရာသီဥတုဒဏ်ကာကွယ်နိုင်ပါစေလို့ တွေးတယ်။ မသိသူကို သိမြင်အောင် အမှားကိုအမှန်ထင် အမှန်ကို အမှားထင်နေကြတဲ့သူကို အမှန်အတိုင်းသိလာဖို့ တွေးတတ်ဖို့ ကူညီပေးတယ်။

တကယ်တမ်း နိုင်ငံတော်ကို ပြုပြင်ချင်ရင် ကလေးငယ်တွေကို အမှန်သိ အမှန်မြင် အမှန်တွေးတတ် လုပ်တတ်ဖို့ ပြောပြရှင်းပြ ကူညီ လေ့ကျင့်သင်ကြားပေးတာဟာ အကောင်းဆုံးပဲလေ။ သစ်ပင်ကြီး ကြီးမား လာမှ အာဟာရကျွေးတာထက် ပျိုးပင်ငယ်ဘဝမှာကတည်းက ကြီးထွားစေ မယ့် ခန္ဓာအာဟာရ စိတ်ဓာတ်အာဟာရတွေကို ပေးကျွေးတာက အဖြစ်သင့် ဆုံးပဲ မဟုတ်လား။

အဲဒီပရဟိတကွန်ရက်မှာ ဆရာမသိတဲ့လူငယ်လေးက သန့်ဇင်စိုး တဲ့။ အဲဒီ ကိုသန့်ဇင်စိုးက သတင်းသမားဘဝနဲ့ သူသတင်းရယူရင်းနဲ့ တွေ့ခဲ့ကြုံခဲ့ရတဲ့ လူထုရဲ့ပကတိဘဝတွေကို သိတယ်လေ။ စစ်ပွဲတွေကို သတင်းယူတဲ့အခါမှာလည်း စစ်ဘေးကိုရှောင်တိမ်းရင်းနဲ့ ပြေးလွှားပုန်းခို နေကြရတဲ့ တိုင်းရင်းသားမိသားစုတွေရဲ့ဘဝကို သူတို့က အမြင်အကြားဖြစ် ရတာပဲ။ ဆရာမတို့က သူတို့ရေးတဲ့သတင်းကိုဖတ်ပြီးမှ သိရတာ။ သူတို့က ပကတိအရှိအတိုင်း သိနေမြင်နေကြရတော့ လူထုရဲ့ဒုက္ခကို လျစ်လျူမရှုရက် ကြတော့ဘူးပေါ့။ တတ်နိုင်သလောက်ကူကြရင်း သဒ္ဓါပေါက်တဲ့အလှူရှင် တွေရဲ့ အကူအညီတွေနဲ့ပါ ကူကြလှူကြတာပဲ။

ထူးခြားတာလေးက ပျိုးခင်းလေးတွေကို ဂရုစိုက်ပြီး ပေါင်းရှင်း ရေလောင်း မြေတောင်မြှောက် အာဟာရကျွေး။ သူတို့တစ်သက်တာမှာ အသိအမြင်ကြွယ်ဝဖို့ စာနာတတ်ဖို့ အတွေးအမြင်ရင့်သန်ဖို့ အချင်းချင်းချစ်ခင် ကူညီတတ်ဖို့ ရန်လိုစိတ်တွေကင်းဝေးဖို့ တုပပြိုင်ဆိုင်လိုစိတ်တွေ မမွေးကြဖို့ အခက်အခဲတွေကို ရင်ဆိုင်တတ်ဖို့ ဖြေရှင်းတတ်ဖို့ ပျော်ရွှင်မှ ကျန်းမာမယ် ဆိုတဲ့ အသိလေးတွေကိုယ်စီခံယူထားနိုင်ဖို့တွေကို သူတို့ကိုယ်စွမ်းဉာဏ်စွမ်း

ရှိသလောက် အားထုတ်နေကြတယ်လေ။

ပုံပြောသူများအဖွဲ့ဆိုပြီး မြန်မာ့ပုံပြင် **ကမ္ဘာ့ပုံပြင်တွေအပြင်** ကိုယ်တိုင် စိတ်ကူးတီထွင်ပြီး ပြောပြ သရုပ်ဆောင်ပြတဲ့ ပုံပြင်**လေးတွေနဲ့** ကလေးငယ်တွေရဲ့ စိတ်အားကို မြှင့်တင်ပေးကြတဲ့ အဖွဲ့လေးပေါ့။ ဆရာမကတော့ သန့်ဇင်စိုးနဲ့အဖွဲ့ လို့ပဲ မှတ်ထားလိုက်တယ်။ သူတို့အုပ်စုလေးက ကလေးတွေ စိတ်ဝင်စားအောင် အသံအမျိုးမျိုး အမူအယာအမျိုးမျိုးနဲ့ သရုပ်ဆောင်ပြရင်း ကလေးတွေကို တွေးတတ် ခံစားတတ်အောင် လမ်းပြပေးတယ်လေ။ အဲဒီ ပုံပြောသူအဖြစ်နဲ့ ကမ္ဘာ့နိုင်ငံအတော်များများကိုတောင် သွားရောက်ပြီး ပုံပြင် တွေဖလှယ်ကြ အတွေ့အကြုံတွေဖလှယ်ကြနဲ့လေ။ သူတို့အဖွဲ့လေးဟာ အလှူရှင်တွေရဲ့ အကူအညီကို မယူခင်ကတည်းက ကိုယ့်ရဲ့ချွေးနည်းစာ ကိုယ့်ရဲ့လုပ်အား ကိုယ့်ရဲ့ကိုယ်ပိုင်အချိန်တွေကိုသုံးပြီး နိုင်ငံရဲ့ လိုအပ်နေတဲ့ ကလေးငယ်တွေကို ငယ်စဉ်မှာကတည်းက အသိပညာတိုးပွားအောင် စဉ်းစားတွေးခေါ်တတ်အောင် ကလေးငယ်လေးတွေရဲ့ရင်မှာ စာနာတတ်တဲ့ စိတ် နူးညံ့တဲ့စိတ်ထား အချင်းချင်းချစ်ကြည်ရင်းနှီးလိုတဲ့စိတ် စတဲ့ စိတ် ကောင်းစိတ်မြတ်တွေ ကိန်းအောင်းလာစေဖို့ သူတို့အားထုတ်ကြတယ်။ လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားတတ်ဖို့ အမှားလား အမှန်လား ဝေဖန် တတ်ဖို့တွေကို ပုံပြင်လေးတွေပြောပြပြီး ကလေးတွေရဲ့ မွေးရာပါ သန္ဓေဗီဇ စိတ်ကလေးတွေကို မတိမ်းစောင်းစေဖို့ တည့်မတ်ပေးနိုင်ကြတယ်။ အဲဒီလို သွားရင်းလာရင်းနဲ့ပဲ လူမနီး သူမနီးတဲ့ အရပ်က မပြည့်စုံတဲ့ ကလေးငယ်တွေ တိုင်းရင်းသားတွေကိုလည်း အဝတ်အထည်၊ စောင်၊ အစားအစာ၊ ဆေးဝါးနဲ့ စာအုပ်၊ ကျောင်းသုံးကိရိယာ ငွေကြေးကအစ သူတို့ရဲ့ငွေကြေးနဲ့ရော နောက်ပိုင်းအလှူရှင်တွေရဲ့ အထောက်အပံ့တွေကိုပါ ရယူပြီး ဖြည့်ဆည်းကြ တယ်လေ။ သူတို့အဖွဲ့လေးကတော့ ပရဟိတဆိုတဲ့ ကူညီဖြည့်ဆည်းတဲ့ အလုပ်ကို ကလေးလေးတွေရဲ့အသိနဲ့ စိတ်ထားကိုပါ အားဖြည့်ပေးတာမို့ ဆရာမက ပုံပြောသူများဆိုတဲ့ သူတို့ကို 'စိန်စီပေးသောလူငယ်များ' လို့ မှတ်ထားလိုက်တယ်လေ။

ဟုတ်တယ်။ သူတို့ဟာ သူတို့ကိုယ်တိုင်လည်း စိန်စီတယ်။ ဒို့နိုင်ငံရဲ့ အနာဂတ်ကို ထုဆစ်ကြမယ့် အလွှာအသီးသီးက ကလေးငယ်လေးတွေကို လည်း စိန်စီပေးတယ်။

အဲဒီတော့ ကိုယ်တိုင်လည်း စိန်စီ ကလေးငယ်တွေကိုလည်း စိန်စီပေးကြတဲ့ သူတို့ဟာ ကလေးငယ်တွေအတွက်တော့ အချိန်စီးတဲ့လူကြီးတွေဖြစ်တဲ့အပြင် သူတို့စိန်စီပေးလိုက်တဲ့ ကလေးငယ်တွေဟာလည်း တချိန်မှာတော့ အချိန်စီးတဲ့လူကြီးတွေဖြစ်လာမှာ အမှန်ပဲလို့ ဆရာမယုံကြည်တယ်။

ကဲ သားတို့သမီးတို့ရော ဘယ်လိုမြင်သလဲ။

သားတို့သမီးတို့ကိုယ်တိုင်စိန်စီပြီး ကလေးငယ်တွေကိုလည်း စိန်စီပေးနိုင်သော အချိန်စီးတဲ့လူကြီးတွေဖြစ်ကြပါစေလို့ ဆရာမ ဆန္ဒပြုလိုက်ပါတယ်။

သားတို့သမီးတို့ရဲ့ဆရာမ

*ဌေးစကား*

# လူငယ်သွေးသစ်

## ယုံကြည်ရတဲ့သူဖြစ်အောင်လုပ်ပါ

ဒေါက်တာဖြိုးသီဟ

လေးစားရတဲ့ ဆရာတစ်ယောက်က ပြောဖူးပါတယ်။ ဘယ်အဖွဲ့အစည်းက ဘယ်ရာထူးမှာ လုပ်နေပါစေ၊ သူဟာ ယုံကြည်ရတယ်၊ Reliable ဖြစ်တယ်ဆိုပြီး နာမည်ရသွားရင် လူကြီးတွေက သိသွား၊ လက်ခံသွားရင် အဲဒါ အမြင့်ကို ဆက်တက်ဖို့ လှေကားတစ်စင်းရပြီလို့ပဲ မှတ်ပါတဲ့။

ခေါင်းဆောင်တစ်ယောက်ရယ်လို့ဖြစ်လာရင် သူလုပ်ရမယ့် အရေးကြီးတာဝန်တစ်ရပ်က သူ့လိုခေါင်းဆောင်တွေ မွေးထုတ်နိုင်ဖို့ပါပဲ။ ဒါကြောင့် ခေါင်းဆောင်တွေဟာ Potential (အလားအလာ) ရှိတဲ့သူတွေကို အမြဲစောင့်ကြည့်နေတတ်တယ်။ ဒီလိုပဲ စီမံခန့်ခွဲရတဲ့သူတွေမှာလည်း Delegation ဆိုတဲ့ တာဝန်ခွဲပေးခြင်းကို မဖြစ်မနေ လုပ်ဆောင်ကြရတယ်။ သူတစ်ယောက်တည်း အကုန်လိုက်လုပ်နေလို့ မရနိုင်ဘူး။ ဒီအခါမှာ အဲဒီမန်နေဂျာဟာ သူ ပေးလိုက်တဲ့တာဝန်ကို အကောင်းဆုံးလုပ်နိုင်တဲ့သူ၊ ပြီးပြီလားလို့ တွန်းနေစရာ မလိုတဲ့သူ၊ သပ်သပ်ရပ်ရပ် လုပ်တတ်တဲ့သူကို လိုချင်မှာ အမှန်ပဲ။ အဲဒီလို စိတ်ချရတဲ့ လူတွေဟာလည်း ဒီခေတ်မှာ ရှားပါးလှတာမို့ တစ်ယောက်တစ်လေ တွေ့လိုက်ရင်ကို လစာတွေ အများကြီးပေးပြီး ကိုယ့်ဆီက ထွက်မသွားအောင် ဆွဲခေါ်ထားတတ်ကြတယ်။ ဒါကြောင့် ကိုယ့်ဘက်ကသာ အသင့်ပြင်ထားမယ်ဆိုရင် အခွင့်အလမ်းက ကိုယ်နဲ့ လက်တစ်ကမ်းမှာပဲ ရှိလိမ့်မယ်။

ဒါဖြင့် ယုံကြည်ရတဲ့သူ (Reliable person) တစ်ယောက်မှာ ဘယ်လိုစရိုက်လက္ခဏာတွေ ရှိနေတတ်သလဲ။ လူငယ်ဘဝမှာ ကိုယ့်နာမည်ကို ကြားလိုက်တာနဲ့ သူကတော့ သိပ်စိတ်ချရတယ်၊ သိပ်အားကိုးရတယ်ဆိုတာမျိုး လူကြီးတွေက တွဲမြင်နေအောင် ဘာတွေ ပြင်ဆင်ထားဖို့ လိုမလဲ။

## ၁။ ရိုးသားမှု (Honesty)

ငွေရေးကြေးရေးအရ ရိုးသားဖို့ လိုပါတယ်။ ကျန်တာမှားသွားလို့ ကိစ္စမရှိပေမယ့် အဲဒီရိုးသားမှုအပိုင်းမှာ အမည်းစက်ထင်သွားရင်တော့ ဘယ်လောက်တော်တဲ့သူ ဖြစ်ပါစေ၊ ရှေ့ဆက်ဖို့ ခက်ခဲသွားတတ်ပါတယ်။ ရိုးသားမှုဆိုတဲ့နေရာမှာ ငွေကြေးအပြင် အလုပ်နဲ့ပတ်သက်ရင်လည်း ရိုးသားဖို့လိုပါတယ်။ မသိရင် မသိကြောင်း၊ မတတ်ရင် မတတ်ကြောင်း ပြောပါ။ မလုပ်တတ်တာကို လုပ်နိုင်သလိုလိုနဲ့ တာဝန်ယူလာပြီးမှ အချိန်မီ မပြီးတာမျိုး လုပ်ရင်းကိုင်ရင်းမှားသွားတဲ့အခါ ပွင့်ပွင့်လင်းလင်းမပြောဘဲ အကြောင်းလျှောက်ပြတာမျိုးတွေဟာလည်း ရိုးသားမှုမရှိတာကို ပြပါတယ်။

## ၂။ လုပ်ဆောင်နိုင်စွမ်း (Capacity)

အလုပ်တာဝန်ဖြစ်လို့ ရိုးသားမှုတစ်ခုတည်း မလုံလောက်ပါဘူး။ လုပ်ဆောင်နိုင်စွမ်းလည်း အရေးကြီးပါသေးတယ်။ ပွဲတစ်ခုကို စီစဉ်ပေးစေချင်တယ်၊ အကြောင်းအရာတစ်ခုကို စုံစမ်းခိုင်းချင်တယ်၊ အစည်းအဝေးတစ်ခုကို ဦးဆောင်စေချင်တယ်၊ ဒီလိုတာဝန်တွေ ပေးလိုက်တဲ့အခါမှာ အကောင်းဆုံး ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ ကိုယ့်အလုပ်က ဘယ်လိုကျွမ်းကျင်မှုမျိုး ရှိထားဖို့ တောင်းဆိုသလဲ၊ အဲဒါကို ရှိနေအောင်လုပ်ပါ။

## ၃။ အသေးစိတ်များကို ဂရုစိုက်နိုင်ခြင်း (Detail oriented)

အဖွဲ့အစည်းတစ်ခုမှာ အဆုံးအဖြတ်ပေးရတဲ့ အဆင့်မျိုးရောက်လာ

ရင် အသေးစိတ်တွေ အကုန်လိုက်ကြည့်ဖို့ ခက်လာပါတယ်။ ဒီအတွက် ကိုယ် အသေးစိတ် စစ်ဆေးထားပြီး အချက်အလက် အမှားအယွင်းကင်းတဲ့ အစီရင်ခံစာမျိုးကို တင်ပေးနိုင်မယ်ဆို သူတို့တွေ သိပ်သဘောကျပါလိမ့်မယ်။ လူငယ်ဘဝမှာပဲ အဲဒီလို အသေးစိတ်တွေ အာရုံစိုက်နိုင်တာပါ။ အဲဒီမှာ အောက်သက်ကျေခဲ့မှ အဆင့်မြင့်မြင့်နေရာမျိုး ရောက်တဲ့အခါ အဆင်ပြေပါလိမ့်မယ်။ ခု လူငယ်ဘဝမှာကို အသေးစိတ်တွေ သတိမထားတတ်ရင်၊ အမှားအယွင်းများနေရင် ယုံကြည်ခံရဖို့ ခက်ပါတယ်။ Devil is in the detail ပါ။ ကိုယ့်ကို ဒုက္ခပေးသွားနိုင်တဲ့ ကိုယ့်အလုပ်ကို ထိခိုက်သွားစေနိုင်တဲ့ အရာတွေဟာ အဲဒီအသေးအဖွဲလေးတွေမှာ ရှိနေတတ်တယ်။ ဒါတွေကို မစစ်ဆေးမိလိုက်ဘဲ လွတ်ထွက်မသွားဖို့ ဂရုစိုက်ကြရပါမယ်။

## ၄။ မိမိအသိစိတ်ဖြင့် ဆောင်ရွက်ခြင်း (Initiative)

ခိုင်းမှလုပ်တတ်တဲ့ အကျင့်မျိုး ဖျောက်ဖို့လိုပါတယ်။ ကိုယ့်အသိစိတ်နဲ့ကိုယ် စတင် လုပ်ဆောင်တတ်တဲ့ Self starter ဖြစ်ရပါမယ်။ တစ်ခါပြပြီးရင် နောက်တစ်ခါ ထပ်ပြစရာ မလိုတော့ဘူး။ ဒီအလုပ်တစ်ခုတည်းတင်မဟုတ်ဘဲ သူနဲ့သက်ဆိုင်ရာ တခြားလိုအပ်မယ်ထင်တာလေးတွေကိုပါ ကြိုတင် လုပ်ထားတတ်မယ်ဆိုရင် လူကြီးတွေ သိပ်သဘောကျမှာပါ။

## ၅။ အချိန်မီ ပြီးစီးခြင်း (Timeliness)

အလုပ်တစ်ခု တာဝန်ပေးခံရပြီဆိုပါတော့။ ဘယ်အချိန်ပြီးရမယ်ဆိုတဲ့ Deadline လည်း တစ်ပါတည်း ပြောလိုက်ပါလိမ့်မယ်။ အဲဒါကို ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားပါ။ ၃ ရက်စာ လုပ်ရမယ့်အလုပ်ကို ညနေအပြီးလုပ်ခိုင်းတယ်ဆိုရင် မဖြစ်နိုင်ကြောင်း၊ အချိန်ပေးဖို့လိုကြောင်း ရှင်းရှင်းလင်းလင်း ပြောပါ။ အဲဒီလို တာဝန်တစ်ခုကို လက်ခံပြီးပြီဆိုရင်တော့ အချိန်မီ ပြီးစီးအောင် ကြိုးစားဖို့လိုပါတယ်။ Deadline ပြည့်တဲ့နေ့ရောက်

မှ မလုပ်ရသေးဘူး၊ မေ့နေလို့ဆိုတာမျိုးတွေက ကိုယ့်အပေါ် ယုံကြည်မှုကို လျော့စေပါတယ်။

## ၆။ မဆိုင်းမတွ တုံ့ပြန်ဆောင်ရွက်ခြင်း (Responsiveness)

တာဝန်တစ်ခု ပေးလိုက်တဲ့အခါ ဘယ်လောက်မြန်မြန် စလုပ်တတ်သလဲ၊ ဘယ်လောက်အချိန်တိုအတွင်း ပြီးစီးသလဲဆိုတာကလည်း လူငယ်တွေအတွက် အရေးကြီးပါတယ်။ တချို့ဆို တာဝန်ပေးလိုက်ရင် တော်တော်နဲ့ စ,မလုပ်ဘူး။ လုပ်တတ်ပါရက်နဲ့ အချိန်ဆွဲနေတယ်။ အဓိကက စိတ်ဓာတ်တက်ကြွမှု မရှိတာနဲ့လည်း ဆိုင်ပါတယ်။ စိတ်ဓာတ်တက်ကြွမှုဆိုတာကလည်း အလုပ်အပေါ် သူ ဘယ်လိုသဘောထားသလဲဆိုတာကနေ ပေါ်လာတာမျိုးပါ။ ဒီလိုပဲ ခိုင်းရင်လုပ်လိုက်တာပေါ့ဆိုတာထက် ငါ ဒီမှာ ဘယ်လိုအရေးကြီးတဲ့ အခန်းကဏ္ဍကနေ အလုပ်လုပ်နေတယ်ဆိုတာမျိုး တွေးထားရင် လူဟာ စိတ်ဓာတ်တက်ကြွတယ်၊ အလုပ်လုပ်ချင်စိတ် အပြည့်ဖြစ်နေတယ်။ ဒီတော့ တာဝန်တစ်ခုပေါ်လာရင် မဆိုင်းမတွ ချက်ချင်း စလုပ်တတ်တယ်။

## ၇။ ဆက်သွယ်ပြောဆိုခြင်း (Communication skill)

အလုပ်တာဝန်နဲ့ပတ်သက်တဲ့ ဆက်သွယ်ပြောဆိုခြင်းဆိုတာဟာ အဓိကအားဖြင့် အစီရင်ခံစာ ရေးတာ၊ အချိန်နဲ့တပြေးညီ အခြေအနေကို တင်ပြတာမျိုးတွေကို ဆိုလိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့တွေဟာ ပင်ပင်ပန်းပန်း အလုပ်လုပ်ဆို လုပ်လိုက်မယ်။ အစီရင်ခံစာလေး တစ်မျက်နှာလောက် ရေးဖို့ကိုတော့ အင်မတန် တွန့်ဆုတ်ကြတယ်။ အင်္ဂလိပ်လို ရေးရမယ်ဆို ပိုလို့တောင် ဆိုးသေးတာပေါ့။ တာဝန်တစ်ခု ပေးလိုက်ပြီဆို အဲဒါ အဆင်ပြေမပြေ၊ ပြီးမပြီး လူတိုင်း ပြန်သိချင်ပါတယ်။ စိတ်ချချင်တာလည်း ပါသလို၊ လိုအပ်တဲ့ အကူအညီပေးဖို့ရှိတယ်ဆိုလည်း ပေးနိုင်အောင် သိချင်ကြတာပါ။ ဒါကြောင့် ဘာတာဝန်မျိုးကို ယူခဲ့ပါစေ၊ အမြဲတမ်း Re-

port back လုပ်ပါ။ အဲဒီအလေ့အကျင့်ဟာ လူကြီးနဲ့ ကိုယ်နဲ့ကြား ဆက်ဆံရေး ကောင်းတစ်ခု တည်ဆောက်ပြီးသား ဖြစ်သွားနိုင်သလို ကိုယ့်ရဲ့စွမ်းဆောင် ရည်ကိုလည်း သတိထားမိသွားစေနိုင်ပါတယ်။

## ၈။ လွှမ်းမိုးနိုင်စွမ်းရှိခြင်း (Influence)

ရာထူးငယ်ငယ်မှာ Technical skill ရှိရုံနဲ့ လုံလောက်ပါတယ်။ ဒါပေမဲ့ စီမံခန့်ခွဲရတဲ့ Managerial role တစ်ခုရဖို့ဆိုရင်တော့ လူတွေကို စည်းရုံးလှုံ့ဆော်နိုင်တဲ့၊ လွှမ်းမိုးနိုင်တဲ့ အရည်အသွေးမျိုး ရှိဖို့လိုအပ်လာပါတယ်။ လူငယ်တွေကိုကြည့်လိုက်ရင် တချို့ဟာ သူတို့ သက်ဆိုင်ရာနယ်ပယ်မှာ ကျွမ်းကျင်မှုရှိပေမယ့် လူတွေကို Motivation Inspiration ပေး ရတဲ့အပိုင်းတွေမှာ မလုပ်ချင်ကြတာ၊ မလုပ်နိုင်ကြတာကို တွေ့ရပါတယ်။ အဲဒီအခါ ခေါင်းဆောင်နေရာ၊ စီမံခန့်ခွဲရတဲ့နေရာမျိုးကို လွှဲပေးဖို့ အင်မတန် ခက်ပါတယ်။

Youth is an opportunity to do something and to become somebody in life.

လူငယ်ဆိုတာ ဘဝမှာ တစ်စုံတစ်ယောက်ဖြစ်လာဖို့အတွက် တစ်ခုခုလုပ်နေရမယ့် အချိန်ကောင်းပါပဲတဲ့။ ခပ်ရှင်းရှင်းပြောရရင် လူငယ်ဘဝဆိုတာ လူကြီးဖြစ်လာတဲ့အခါ အောင်မြင်မှုတွေရဖို့ ပြင်ဆင်ရတဲ့ အချိန်ကာလတစ်ခုပါ။

အောင်မြင်သူတစ်ယောက်ကို တွေ့တဲ့အခါ လူတွေဟာ ပင်လယ်ပြင်မှာ မျောနေတဲ့ ရေခဲတုံးကြီးကို မြင်ရသလိုမျိုး ပြောတတ်ကြတယ်။ တကယ်ဆို အပေါ်ယံမြင်သာတာလေးက နည်းပြီး ရေအောက်မှာ မြုပ်နေတဲ့ အစိုင်အခဲကြီးက အကြီးကြီးပါ။ ခုလည်း ဒီသဘောပါပဲ။ အသက်အရွယ်ချင်း အတူတူ၊ လုပ်သက်ချင်းအတူတူ၊ အလုပ်လုပ်တာချင်းလည်း အတူတူမှာ တစ်ယောက်က ရာထူးတွေ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတဲ့အခါ ထင်တတ်ကြတယ်။ သူက လူကြီးနဲ့ပိုင်အောင်ပေါင်းလို့ နေမှာပေါ့။ အပြစ်တင်

မိတတ်တယ်၊ အတူတူချင်းကို သူ့ကျ **ရာထူးတိုးပေးတယ်**၊ မတရားဘူး၊ မဖြစ်သင့်ဘူးပေါ့။ ဒါပေမဲ့ သူတို့မမြင်လိုက်**တာက အ**ပေါ်ယံကြည့်လိုက်ရင်တော့ ဟုတ်တယ်၊ လုပ်သက်တူတယ်၊ **အလုပ်လုပ်ရ**တာချင်းတူတယ်၊ ဒါပေမဲ့ စေတနာချင်းကွာတယ်၊ **ရိုးသားမှုချင်းကွာတယ်**၊ မဆိုင်းမတွ လုပ်တတ်တာ၊ သတင်းပြန်ပို့တတ်တာ၊ အချိန်မီပြီးစီးတာ၊ မြန်မြန်လုပ်ဖို့ တွန်းမနေရတာ၊ ဒါတွေကွာတယ်။ ဒီအခါမှာ ရလာတဲ့အခွင့်အလမ်းချင်းလည်း ကွာသွားတယ်။ ဒီတော့ အဆင့်တွေ ကွာတယ်၊ ရာထူးတွေ ကွာလာတယ်။ နောက်ဆုံး အောင်မြင်မှုတွေ ကွာသွားတော့တာပဲ။

တကယ်တော့ နိစ္စဓူဝ လုပ်ငန်းခွင်ထဲမှာ တွေ့နေရတဲ့ ကိုယ်ရဲ့အရည်အသွေး၊ ခံယူချက်၊ တာဝန်ယူမှု၊ စေတနာ၊ ပေါင်းသင်းဆက်ဆံရေး၊ ကျင့်ဝတ်ကို အလေးထားမှု စတာတွေဟာ ကိုယ် ဘယ်လိုလူလဲဆိုတာကို ပြသနေတာပဲဖြစ်တယ်။ တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ပိုင် Brand Image တစ်ခုကို တည်ဆောက်နေတာလည်းပဲ ဖြစ်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။

ကိုယ့်နာမည်ကို လူတွေကြားလိုက်ရတဲ့အချိန်မှာ သူတို့စိတ်ထဲ ဘယ်လို ပေါ်လာစေချင်သလဲ။

စွမ်းဆောင်ရည်မြင့်တဲ့သူလား၊ ယုံကြည်စိတ်ချရသူလား၊ နှစ်လိုဖွယ်ကောင်းတဲ့သူလား ပရော်ဖက်ရှင်နယ် ပီသသူလား၊ ဒါမှမဟုတ် အဲဒါတွေရဲ့ ဆန့်ကျင်ဘက်အနေအထားနဲ့လား။

ကိုယ့်ကို ပုံဖော်ပေးနေတဲ့ အဲဒီ Image ကပဲ မာရသွန်ပြေးပွဲလို ရှည်လျားလှတဲ့ ဘဝပြိုင်ပွဲမှာ အောင်မြင်မှာလား၊ ရှုံးနိမ့်မှာလားဆိုတာကို အဓိက အဆုံးအဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။

လူငယ်ဘဝမှာ ယုံကြည်ရတဲ့သူ(Reliable Person) တစ်ယောက်အဖြစ် ကိုယ့် Image ကို တည်ဆောက်သွားနိုင်ရင်တော့ ကျွန်တော့်ဆရာပြောသလို ပြောပါမယ်။ အဲဒါ လေ့ကားတစ်စင်း ရလိုက်တာပါပဲ။

*ဒေါက်တာဖြိုးသီဟ*

# ယုံကြည်ရာလမ်းကိုဆက်လျှောက်စို့

**ကေတုမာလာ**

ငယ်ဘဝတလျှောက် အနှောင့်အယှက်အပေးဆုံး အရာတွေထဲမှာ အစဉ်အလာရှေးစကားတွေလည်း တစ်ခုပါဝင်ပါတယ်။ တချို့လူငယ်တွေဟာ ဒီရှေးစကားပုံ အစဉ်အလာတွေအောက်မှာ အနာဂတ်တွေ ပျောက်ခဲ့ကြရတယ်။ သမားရိုးကျ ဘဝလမ်းကြောင်းပုံစံထဲမှာပဲ အစဉ်အလာအတိုင်း မျှောခဲ့ကြရတယ်။ ကိုယ်ကတော့ ကိုယ့်မိသားစု ပတ်ဝန်းကျင်က သွားနေတဲ့ ဘဝလမ်းကြောင်းပုံစံကနေ ခွဲထွက်ခဲ့တယ်။ အသက် ၁၈ နှစ်မှာ သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။

"မိဘစကားနားမထောင်တဲ့သမီး၊ မိဘကျေးဇူးမသိတတ်တဲ့သမီး၊ တဇွတ်ထိုး" ကိုယ့်မျက်နှာရှေ့တည့်တည့်ကို လက်ညှိုးတငေါက်ငေါက်ထိုးရင်း ဒီစကားလုံးတွေနဲ့ ထပ်ကာထပ်ကာ ပြောခံခဲ့ရဖူးတယ်။ အပြောခံရတဲ့အကြောင်းအရင်းက သူတို့က လူထွက်ဖို့တိုက်တွန်းတာကို ကိုယ်က လက်မခံ လို့တဲ့။ "သက်ကြီးစကား သက်ငယ်ကြား" ဆိုတဲ့ စကားပုံကို သူတို့က အသေစွဲကိုင်ထားတယ်။ ကိုယ်က သူတို့ပြောတာကိုပဲ နားထောင်ရတယ်။ ကိုယ့်ရဲ့ခံစားချက်၊ ကိုယ့်ရဲ့စိတ်ကူးအိမ်မက်၊ ကိုယ်လုပ်ချင်တဲ့အရာဒါတွေကို သူတို့ ဘာမှ မကြားချင် မသိချင်ကြဘူး။ ပြောခွင့်လည်း မရခဲ့ဘူး။ သီလရှင်ငယ်လေးတစ်ပါးကို လက်ညှိုးထိုးထိုးပြီး မောင်းမဲ့အပြစ်

တင်နေကြတဲ့ အမျိုးသမီးကြီး (၃)ယောက်ကို အဲဒီအချိန်တုန်းကတော့ နားမလည်စွာနဲ့ အံ့သြခဲ့ရတယ်။

တချို့ကျတော့လည်း ပုံစံတစ်မျိုး။ ခြိမ်းခြောက်ပြီးတော့ ပြောကြတာ။ "မိဘစကားနားမထောင်တဲ့သားသမီး၊ မိဘစိတ်ဆင်းရဲအောင်လုပ်တဲ့ သားသမီးတွေဟာ ဘယ်တော့မှ မကောင်းစားဘူး။ သေချာပေါက် ဒုက္ခတွေ့မှာ" အဲဒီလို ကြောက်သွားအောင် ခြိမ်းခြောက်စကားတွေနဲ့ လှုထွက်ဖို့ တရားချကြတယ်။ အဲဒီလိုခြိမ်းခြောက်ပြီး ပြောတဲ့သူတွေကိုတော့ သူတို့စကား ထပ်မရှည်ရလေအောင် ကိုယ်က ချက်ချင်း တုံ့ပြန်ပြောလေ့ရှိပါတယ်။ "မိဘစကားနားထောင်နေရင် သိဒ္ဓတ္ထမင်းသားတောင် ဘုရားမဖြစ်ဘူး။ ဘုရားရှင်လို ခေါင်းဆောင်ကြီးတောင်မှ ဒီလိုရင်ဆိုင်ခဲ့ရသေးတာပဲ။ သူ့နောက်လိုက်တွေလည်း ဒီလမ်းကြောင်းလိုက်တာ သိပ်မဆန်းပါဘူး" လို့ ပြောလိုက်မှသာ သူတို့ခြိမ်းခြောက်တာတွေ ရပ်သွားတော့တယ်။ မြန်မာ့လူမှုဝန်းကျင်မှာ ကလေးလူငယ်တွေကို အကြောက်တရားနဲ့ အုပ်ချုပ်တာက အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ သူတို့တွေက လေးစားတာနဲ့ ကြောက်တာကို မကွဲဘူးဖြစ်နေကြတယ်။

တစ်ဖက်မှာလည်း ကိုယ့်အခြေအနေကို ကိုယ်တိုင်လည်း သေချာသုံးသပ်ခဲ့တယ်။ ကိုယ်ရွေးချယ်လိုက်တဲ့ ဘဝလမ်းကြောင်းဟာ မိမိကောင်းကျိုးကိုဖြည့်ဆည်းရင်း အများကောင်းကျိုးအတွက်လည်း လုပ်ဆောင်ခွင့်ရသလို ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နာကျင်စေတဲ့ လမ်းကြောင်းတစ်ခုမဟုတ်ဘူး။ မိဘတွေကို အရှက်ရစေတဲ့ အလုပ်တစ်ခုလည်း မဟုတ်ဘူး။ ပတ်ဝန်းကျင်ကို ဒုက္ခပေးနေတာလည်း မဟုတ်ဘူး။ ပြီးတော့ အဲဒီတုန်းက ကိုယ့်အသက်က ၁၈ နှစ်ကျော်ရုံလေးပဲ ရှိသေးတယ် ဆိုပေမယ့် ဘုရားရှင်ရဲ့သာသနာတော်အပေါ်မှာထားရှိတဲ့ ကိုယ့်ရဲ့ယုံကြည်မှုသဒ္ဓါတရားက တကယ့်ကိုဖြူတယ်။ သာသနာ့နွယ်ဝင်အဖြစ်ကို ခံယူခဲ့ရတာက စိတ်ဆင်းရဲခြင်းသောက၊ ပူဆွေးရခြင်းဒုက္ခတွေကြောင့် မဟုတ်သလို ကိုယ်ခန္ဓာရောဂါဝေဒနာတွေကြောင့်လည်း မဟုတ်ခဲ့ပါဘူး။ ခိုကိုးရာမဲ့ခြင်းဆိုတဲ့

ဘေးဘယာတွေကြောင့်လည်း မဟုတ်ခဲ့ပါဘူး။ ကိုယ်တကယ်ဖြစ်ချင်လို့သာ ရွေးချယ်ခဲ့တာလေ။ ဆိုတော့ကာ သူတို့ ဘယ်လိုပဲ ပြောကြပြောကြ ကိုယ့်ဘက်ကတော့ ကိုယ်ရွေးချယ်တဲ့ လမ်းကြောင်းအပေါ်မှာ ယုံကြည်မှု အပြည့်အဝရှိတယ်။

ပြောချင်တာက ကိုယ်တို့ရဲ့ လူမှုဝန်းကျင်က လူငယ်တွေအပေါ်မှာ ထားတဲ့ အမြင်သဘောထားကိုပါ။ လူငယ်တွေဟာ ရှေးစကားပုံတွေ အစဉ်အလာတွေဆိုတဲ့ ပုံစံခွက်ထဲမှာ ချောင်ပိတ်ခံရလေ့ရှိပါတယ်။ လူကြီးတွေ ပြောတာကိုသာ လူငယ်တွေနားထောင်ကြရပြီး လူငယ်တွေရဲ့ ခံစားချက်နဲ့ ဆန္ဒတွေဟာ လျစ်လျူရှုခြင်းခံရလေ့ရှိပါတယ်။ လူငယ်တွေရဲ့ အတွေး စိတ်ကူးတွေကို အစဉ်အလာစကားပုံတွေနဲ့ ပိတ်ထားလိုက်ကြတယ်။

ဗုဒ္ဓရဲ့ဝါဒက ဝိဘဇ္ဇဝါဒပါ။ ဝေဖန်ပိုင်းခြားဆန်းစစ်ခြင်း ဆိုတဲ့ ဆင်ခြင်တုံတရားကို အဓိကအခြေပြုထားတဲ့ ဝါဒပါပဲ။ မြတ်စွာဘုရားရှင်က "ငါဘုရားရှင်ပြောခဲ့တဲ့စကား ဆိုပြီးတော့လည်း မယုံနဲ့၊……" ဆိုပြီး ကိုယ်တိုင်ဝေဖန်ပိုင်းခြားဆန်းစစ်ကြဖို့ သူ့ရဲ့တပည့်တွေကို သင်ကြားပေးထား ခဲ့တယ်။ မိဘတွေရဲ့စကားဆိုတာကလည်း မိဘတွေရဲ့ အသိဉာဏ်ပညာ အပေါ်မှာ မှီတည်နေတာပါ။ တကယ်တမ်းဖြစ်သင့်တာက မိဘနဲ့ သားသမီး၊ လူကြီးနဲ့လူငယ် နှစ်ဖက်အပြန်အလှန် လေးလေးစားစား ပြောဆိုဆွေးနွေးခွင့် ရတဲ့ အဝန်းအဝိုင်းတစ်ခုဖြစ်ဖို့ လိုအပ်ပါတယ်။ လူငယ်တွေဘက်ကလည်း လူကြီးတွေရဲ့ အတွေ့အကြုံတွေ သင်ခန်းစာယူပြီး ပိုကောင်းတဲ့ အနာဂတ်ကို ဖန်တီးကြရမှာပါ။

တကယ်တော့ လူငယ်တွေမှာ ပြင်းပြတဲ့ဆန္ဒတွေ ရှိတတ်ကြပါတယ်။ ဒီဆန္ဒတွေ အကောင်အထည်ဖော်ဖို့ကိုလည်း ကြိုးစားကြတယ်။ သူတို့သွား ချင်တဲ့ ဘဝလမ်းကြောင်းပုံစံက သူတို့ပတ်ဝန်းကျင်ကလူတွေ သွားနေတဲ့ပုံစံနဲ့ မတူညီဘဲ ခွဲထွက်လာတဲ့အခါ သူတို့တွေရဲ့ ဆန္ဒတွေကို လူတွေက မိုက်မဲမှု လို့ မြင်လာကြတယ်။ တကယ်တော့ မိမိကိုယ်ကို ပိုကောင်းတဲ့လူ တစ်ယောက် ဖြစ်ချင်တဲ့စိတ်၊ မိမိအကျိုး အများအကျိုးကို လုပ်ဆောင်ချင်တဲ့

စိတ်၊ ဒီစိတ်တွေက လူငယ်တွေအားလုံးလိုလိုရဲ့ စိတ်ထဲမှာ အခြေခံအနေနဲ့ ပါပြီးသားလို့ ယုံကြည်တယ်။ တကယ့်အစစ်အမှန် တန်ဖိုးထားရမယ့်အရာတွေကို တွေ့ပြီ ဆိုရင်လည်း အရာအားလုံးကိုစွန့်ပြီး လုပ်နိုင်တဲ့စွမ်းရည်တွေ လူငယ်တွေမှာ ရှိကြပါတယ်။

ပြီးခဲ့တဲ့လက ဥရောပကိုရောက်တော့ နယ်သာလန်နိုင်ငံမှာရှိတဲ့ (တစ်လတစ်လကို ဒေါ်လာသန်းပေါင်းများစွာ ဝင်ကြေးရနေတဲ့) နာမည်ကျော် ဗန်ဂိုးပြတိုက်ကို လေ့လာဖို့ သွားဖြစ်ခဲ့တယ်။ ကမ္ဘာကျော်ပန်းချီဆရာကြီး ဗင်းဆင့်ဗန်ဂိုးရဲ့ ဂန္ထဝင်ပန်းချီကားတွေကို ကြည့်ရှုခွင့်ရရုံသာမက သူ့ရဲ့ဘဝထဲကို ခဏဖြတ်သန်းခွင့်ရလိုက်ပါတယ်။ ဗင်းဆင့်ဟာ သူ့ရဲ့ တစ်သက်တာမှာ ဆီဆေးပန်းချီကား (၈၆၀)ကျော် အပါအဝင် အနုပညာပေါင်း (၂၁၀၀)ခန့် ဖန်တီးခဲ့သော်လည်း ပန်းချီကားတစ်ကားသာ ရောင်းချခဲ့ရဖူးတယ်။ သမားရိုးကျပုံစံတွေကနေ ခွဲထွက်ရေးဆွဲခဲ့တဲ့ သူ့ရဲ့ပန်းချီကားတွေဟာ အပြစ်ပယ်ခံခဲ့ကြရတယ်။ သူဖန်တီးထားတဲ့ အနုပညာတွေကို သူ့ပတ်ဝန်းကျင်က လက်မခံခဲ့ကြဘူး။ သူ့ရဲ့အနုပညာကို လူတွေနားမလည်ခဲ့ကြဘူး။ ပတ်ဝန်းကျင်က သူ့ကို အရူးတစ်ယောက်လိုပဲ မြင်ကြတယ်။

မိသားစုနဲ့မတူညီတဲ့ ဘဝလမ်းကြောင်းတစ်ခုကို ရွေးချယ်ခဲ့တဲ့ ပန်းချီဆရာ ဗင်းဆင့် တွေ့ကြုံခဲ့ရတဲ့ လောကဓံက ကြမ်းတမ်းဆင်းရဲလှပါတယ်။ ဗင်းဆင့်ဟာ ဒီဆင်းရဲဒဏ်တွေကို မခံနိုင်တော့တဲ့နောက်ဆုံး သူ့အသက် ၃၇ နှစ် အရွယ်မှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့တယ်။ သူကွယ်လွန်ပြီးမှ သူ့ရဲ့ပန်းချီကားတွေကို လူတွေ စတင်အသိအမှတ်ပြုလာခဲ့တယ်။ နောက်ပိုင်းမှာတော့ သူ့လက်ရာတွေဟာ ဒေါ်လာသန်းရာချီတန်တဲ့ ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးဆုံး ပန်းချီကားတွေ ဖြစ်လာပါတော့တယ်။ ဒါ့အပြင် အနောက်တိုင်း အနုပညာသမိုင်းမှာ အထင်ရှားအကျော်ကြားဆုံး ပန်းချီဆရာတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။ နောက်ဆုံးထွက်သက်အထိ ဝမ်းနည်းနာကျင်မှုတွေနဲ့ အရူးသမားအဖြစ် ဘဝကို လက်လျှော့သွားခဲ့တဲ့ ဗင်းဆင့်ဗန်ဂိုးကတော့ ဒီအောင်မြင်မှုတွေကို မသိမမြင်လိုက်ရပါဘူး။

# နှစ်ဖက်လှ

ဘိက္ခုရွှေဥတ်

(၁) နောက်ဆုံး ကိုယ့်သမီးလိုဖြစ်လာခဲ့သည်အထိပါပဲ။

(၂) 'ကလေးအထူးကုဆရာဝန်တစ်ဦး'ဖြစ်ပြီး ပြည်တွင်းပြည်ပမှ ဘွဲ့လွန်နှင့် ဒီပလိုမာ (၉)ခု ရရှိခဲ့သည်။

ဒီစာကြောင်းနှစ်ကြောင်းက ဆရာလက်ာရည်ကျော်ရဲ့ 'သမီးသို့' စာအုပ်ထဲကပါ။ ဒီစာကြောင်းတွေမှာ လူနှစ်ယောက် ပါဝင်ပါတယ်။ သမီးလို ပုဂ္ဂိုလ်နဲ့ ဖခင်လိုပုဂ္ဂိုလ်၊ သမီးလိုပုဂ္ဂိုလ်က တစ်ကိုယ်တော်ပရဟိတ သမား (ဒေါ်)ခင်နှင်းကြည်သာ၊ ဖခင်လိုပုဂ္ဂိုလ်က 'လက်ာရည်ကျော်' လို့ လူသိများတဲ့ ပါမောက္ခဒေါက်တာ ဦးရဲမြင့်ကျော်၊ ပြည်တွင်းပြည်ပက ဘွဲ့ပေါင်း (၉)ခု ပိုင်ဆိုင်ထားရုံသာမက စာပေလောကမှာလည်း နာမည်ရ ပုဂ္ဂိုလ်ပါ။

အဲဒီလိုပုဂ္ဂိုလ်က လူငယ်မိန်းကလေးတစ်ယောက်အကြောင်းကို 'ပန်းဒေါင်း' နာမည်နဲ့ တကူးတက စာအုပ်ရေးရုံသာမက အဲဒီလူငယ် မိန်းကလေးကိုလည်း 'သမီးလို' သဘောထားသေးတယ်တဲ့။ ကဲ-(ဒေါ်) ခင်နှင်းကြည်သာရဲ့ စွမ်းအားအလှ၊ မြင်အောင်ကြည့်ကြပါလေတော့။

အဲဒီ(ဒေါ်)ခင်နှင်းကြည်သာ ဆိုတာကလည်း မြန်မာအမျိုးသမီး လောကကို တစ်ကိုယ်တော်ကိုင်လှုပ်နိုင်တဲ့ တစ်သိန်းတစ်ယောက် တွေ့ဖို့ ခဲယဉ်းလှတဲ့ အမျိုးသမီးစွမ်းအားရှင်ဖြစ်ကြောင်း အထူးပြောနေဖွယ်မလို။ သူ့ကို မသိသူဟာ 'ပရဟိတမျက်စိမပွင့်သေးသူ' ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီစွမ်းအားရှင် အထင်ကရ လူငယ်မိန်းကလေးကို 'ကိုယ့်သမီးလို' လို့

သုံးနှုန်းလိုက်တဲ့ ထိုက်တန်စွာ သုံးနှုန်းနိုင်တဲ့ ဆရာလက်ာရည်ကျော်ရဲ့ စွမ်းအားအလှ၊ မြင်အောင်ကြည့်ကြပါလေတော့။

ဒီနေရာမှာ သူလိုငါလို သာမညပုဂ္ဂိုလ်တစ်ယောက်က (ဒေါ်)ခင်နှင်းကြည်သာကို 'ကိုယ့်သမီးလို' လို့များ သုံးခဲ့ရင် ကြားရသူများက နှာခေါင်းရှုံ့ကြမှာပါ။ ဆရာလက်ာရည်ကျော်လိုပုဂ္ဂိုလ်က သုံးတာကိုတော့ အားလုံးက ထိုက်တန်တယ်လို့ လက်ခံကြမှာပါ။ စွမ်းအားရှင်တစ်ယောက်ကို ချီးမွမ်းချင်ရင် ကိုယ်တိုင်က စွမ်းအားရှင်ဖြစ်ဖို့ လိုအပ်ပါတယ်။

ဆရာလက်ာရည်ကျော် ဆိုတဲ့ လူကြီးတစ်ယောက်က ခင်နှင်းကြည်သာ ဆိုတဲ့ လူငယ်မိန်းကလေးတစ်ယောက်ကို စိန်စီပေးတာလို့ပြောရင် အကျွန်ုပ်စကား လွန်အံ့မထင်ပါ။

"ဂုဏ်ရှိသူကို ဂုဏ်ရှိသူက ချီးမွမ်းမှ ဂုဏ်မြောက်တာပါ၊

ဂုဏ်ရှိသူကို ဂုဏ်မဲ့သူက ချီးမွမ်းရင် ပြက်ရယ်ပြုရာရောက်ပါတယ်"

"ချီးမွမ်းခံရသူက ဂုဏ်ကြီးလေ ချီးမွမ်းသူမှာ ဂုဏ်တက်လေ"

"ချီးမွမ်းသူက ဂုဏ်ကြီးလေ ချီးမွမ်းခံရသူမှာ ဂုဏ်တက်လေ" မဟုတ်လား။ ဒါ အကျွန်ုပ်ပြောလိုတဲ့ 'နှစ်ဘက်လှ' ပါပဲ။

စာဖတ်နေတဲ့ သင်က...

ချီးမွမ်းခံရသူလား...

ချီးမွမ်းတဲ့သူလား...

လူ့သမိုင်းမှာ ရယူခွင့်ရှိတဲ့ နေရာနှစ်ခုပါ။ သင်တို့ ကျွန်ုပ်တို့ အဲဒီအထဲက တစ်ခုမှ အရမယူနိုင်ခဲ့ရင် တစ်နည်းအားဖြင့် လူငယ်ဖြစ်ပြီး လူကြီးရဲ့ စိန်စီမှုကို မခံရရင် 'မနုဿတ္တဘာဝေါ ဒုလ္လဘော' က ပြက်ရယ်ပြုနေမလား...လို့။

(ခွင့်ပြုချက်မယူဘဲ ရေးမိ၍ ဆရာနှင့် ဒေါ်ခင်နှင်းကြည်သာတို့ကို ဤနေရာမှ တောင်းပန်ပါ၏)

*ဘိက္ခုရွှေဥတ်*

# သွေးသစ်မျိုးခြင်း

**နွေလှိုင်းဆည်းဆာ**

အမိဝမ်းတွင်း၌ လူရယ်လို့ သန္ဓေတည်ပြီးဆိုကတည်းက ထိုသန္ဓေသားလေး ကျန်းမာဖို့ ချမ်းသာဖို့ အမိသည် ရှေးဦးစွာ မေတ္တာစိတ်မွေးရတော့သည်ဖြစ်၏။ ထိုမေတ္တာစိတ်ဖြင့် မိမိ၏သန္ဓေသားလေး ကျန်းမာဖို့ အာဟာရဖြစ်စေမည့် အစားအသောက်ကို စားသောက်ပေးရတော့၏။ ချမ်းသာစွာနေရဖို့ အထိုင်အထ အသွားအလာမှစ၍ ဂရုပြု ဆင်ခြင်ရတော့၏။

၎င်းသည် လောကကြီးအတွင်းသို့ ဝင်ရောက်လာတော့မည်ဖြစ်သော လူငယ်အလောင်းအလျာလေးအား စတင် ပြုစုပျိုးထောင်ပေးခြင်းပင်ဖြစ်သည်။

မွေးဖွားလာပြီးနောက် ပက်လက်ကလေးမှ မှောက်တတ်လာစေရန်၊ မှောက်ရာမှ ရှေ့သို့တိုးရွေ့လာတတ်စေရန်၊ ထိုမှတစ်ဆင့် လေးဖက်ထောက်တတ်စေရန်၊ ထိုင်တတ်စေရန်၊ မတ်တတ်ရပ်စေရန်၊ လမ်းလျှောက်တတ်စေရန် စသည်ဖြင့် ကလေး၏ ပင်ကိုယ်အရည်အချင်းအား ဘေးကဖေးမ၍ လိုက်လံကူညီပေးရပြန်၏။ တစ်ဖန် မျက်လုံးကလေးမှ မြင်တတ်စေရန် ပါးစပ်ကလေးမှ စကားပြောတတ်စေရန် ထောက်ကူပေးရပြန်၏။ ဥပမာ ပန်းကလေးတစ်ပွင့်အားပြ၍ ဤဟာသည် ပန်းဖြစ်ကြောင်း သိစေရန်အတွက် 'ပန်း... ပန်း' ဟု ပြောပြရ၏။ ၎င်းသည် ကလေး၏ ပင်ကိုယ် အရည်အသွေးအား ထက်မြက်စေရန် သွေးပေးနေခြင်းပင်တည်း။

မိမိ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားဖို့ဆိုသည်မှာ အစိက အကျဆုံး

သည် မိမိကိုယ်တိုင်ပင်ဖြစ်၏။ သို့ဖြစ်လင့်ကစား ပတ်ဝန်းကျင်၏ ပံ့ပိုးမှုကို ရလျှင်လည်း အရည်အသွေး ပိုမိုတောက်ပြောင်နိုင်သည်ဖြစ်ရာ အမိအဖ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းအပေါင်းအသင်းနှင့် ပတ်ဝန်းကျင်၏ လှုပ်ရှားလုပ်ဆောင်မှုများကလည်း အရေးပါလှပေသည်။

ယခုခေတ်အခါသည် မျက်စိပွင့်၊ နားပွင့်သည့်အချိန်ကာလဖြစ်ပေရာ မိမိတို့၏ သားသမီးများအား ငယ်ရွယ်စဉ်အခါမှစ၍ပင် မူကြိုကျောင်းထားခြင်း၊ အတန်းပညာသင်ကျောင်းထားခြင်း၊ ကျောင်းစာသင်နေစဉ်၌ပင်လျှင် ဉာဏ်ရည်မြင့်မားစေသော ကစားနည်းများတွင် သွားရောက်ကစားစေခြင်း (သို့မဟုတ်) အိမ်၌ပင် ကစားစေခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများသို့ တက်ရောက်စေခြင်း၊ အကြောင်းအရာတစ်ခုအား လေ့လာမှတ်သားစေ၍ မေးခွန်းများအား ဖြေဆိုစေခြင်း၊ ပဟေဠိများအား ဖြေဆိုစေခြင်း စသည်ဖြင့် မူလတန်းအရွယ်မှစ၍ ပင်ကိုယ်အရည်အသွေး မြင့်မားထက်မြက်စေရန်အလို့ငှာ လူကြီးမိဘတို့က လုပ်ဆောင်ပေးနေကြပြီဖြစ်၏။ ထိုသို့လုပ်ဆောင်ရာတွင် ကလေးလိုက်ပါလာဖို့မှာလည်း အရေးကြီးလှပေသည်။ ဆိုလိုသည်မှာ ထိုလုပ်ငန်းများတွင် ကလေးစိတ်ဝင်စားမှုရှိစေရန် ကလေးအား စိတ်ဓာတ်ခွန်အားများ ပေးတတ်ရန်ပင်ဖြစ်၏။ ဆွဲဆောင်ခေါ်ယူတတ်ရန်ပင်ဖြစ်၏။ ဓားကို သွေးတိုင်းလည်း ထက်သည်မဟုတ်၊ သွေးတတ်မှ ထက်မည်ဖြစ်၏။

မူလတန်းအရွယ်အဆင့်တွင် ထိုသို့ စိတ်ဓာတ်ခွန်အားများ ထည့်သွင်းပေးလိုက်နိုင်ခြင်းဖြင့် အလယ်တန်းအဆင့်အရွယ်သို့ ရောက်သောအခါ မိမိကိုယ်မိမိ ချိန်ဆတတ်လာပြီဖြစ်၏။ ကျောင်းပညာသင်ယူခြင်းအပြင် တပြိုင်တည်းမှာလည်း မိမိ ဝါသနာပါရာကို အောင်မြင်ဖြစ်ထွန်းစေရန်အလို့ငှာ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့်လည်း မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်နိုင်ပေသေး၏။ ဥပမာ ကျောင်းစာအပြင် ဖတ်သင့်သော ပြင်ပစာပေများအား ဖတ်ရှုခြင်း၊ ပန်းချီဆွဲခြင်း၊ သီချင်းဆိုခြင်း စသည်ဖြင့်။

ထို့ပြင် ပရဟိတ လုပ်ငန်းများကိုလည်း အသေးအမွှားမှစ၍ လုပ်သင့်ပေသေး၏။ ပရဟိတလုပ်ခြင်းဖြင့် မိမိ၏စိတ်ထားများမှာ မွန်မြတ်လာပြီးလျှင် အကြောင်းအကျိုးကို သိမြင်လာမည်ဖြစ်သဖြင့် အကောင်းအဆိုးကိုလည်း ခွဲခြား သိရှိလာမည်ဖြစ်ပေသည်။

'ယနေ့ လူငယ် နောင်ဝယ် လူကြီး' ဟု အဆိုရှိသည့်အတိုင်း လူကြီးဖြစ်ချိန်တွင် အများသူငှာ လေးစားစေရန်၊ အားကျစေရန် အတုယူစေရန်မှာ ယနေ့လူငယ်ဘဝတွင် အခြေခံကောင်းနေရမည်ဖြစ်၏။ အဘက်ဘက်မှကောင်းသောအခြေခံရှိနေခြင်းဖြင့် တစ်စတစ်စ ပိုမို ပြည့်ဝလာခြင်းသာရှိပေတော့မည်။ ညှိုးနွမ်းယုတ်လျော့ခြင်း မဖြစ်တော့ရာ။

လူငယ်ဘဝတွင် အခြေခံကောင်းများ ရရှိရန်မှာ ဆိုခဲ့ပြီးသည့်အတိုင်း ပရဟိတလုပ်ပါ။ မိမိဘဝကို ကျေနပ်မှုရချင်လျှင် (သို့မဟုတ်) မိမိဘဝကို ကျေနပ်နေချင်လျှင် တတ်နိုင်သလောက် အများအကျိုးကို ဆောင်ရွက်ပါ။ အများအကျိုးကို ဆောင်ရွက်နိုင်သည့်သူ ဖြစ်ရခြင်းသည် ဝမ်းသာကြည်နူးစရာ အလွန်ကောင်းလှပေသည်။

နောက်တစ်ချက်မှာ မိမိအမှားကို မိမိသိပါ။ မိမိအမှားတွေကို မိမိသိပြီးလျှင် မိမိကိုယ်မိမိ ပြုပြင်နိုင်ခြင်းသည် လွတ်လပ်မှုတစ်မျိုးပင်ဖြစ်သည်။ ပြုပြင်ချင်သော ဆန္ဒရှိဖို့သာလိုပါသည်။ အမှားကိုသိ၍ မိမိကိုယ်မိမိ ပြုပြင်လိုက်ခြင်းဖြင့် အမှားနည်းသည်ထက် နည်းနည်းသွားပြီး အသိဉာဏ်ပညာလည်း ပိုမို မြင့်မားလာနိုင်ပေသည်။ ထိုအမှားကို သင်ခန်းစာတစ်ခုအဖြစ်ယူတတ်ဖို့ပင်ဖြစ်သည်။ သူများအမှားတွေထဲကနေ သင်ခန်းစာ ယူတတ်ခြင်းဖြင့်လည်း အမှားကို နည်းသည်ထက် နည်းသွားစေနိုင်သေး၏။ စဉ်းစားဆင်ခြင်ခြင်းဖြင့် မှန်ကန်စွာ သိနိုင်ပေသည်။ နားလည်လာခြင်းဟူသည်မှန်ကန်စွာ တွေးတောသောကြောင့်ပင်ဖြစ်၏။

နောက်တစ်ချက်မှာ မိမိကိုယ်မိမိ လေးစားရန်ပင်ဖြစ်သည်။ မိမိကိုယ်မိမိ လေးစားနိုင်ရန်မှာ ငါးပါးသီလကို စောင့်ထိန်းနိုင်ခြင်းဖြင့် မိမိကိုယ်မိမိ အလိုလို လေးစားပြီးသားပင်ဖြစ်ပေသည်။ ငါးပါးသီလမှ တစ်ပါးပါး

ချွတ်ချော်မှုရှိခဲ့သော် မိမိကိုယ်မိမိ လိပ်ပြာမသန့်တော့သည်ဖြစ်၍ လေးစားနိုင်ရန်မှာလည်း ခဲယဉ်းသွားတော့၏။

ဥပမာ လိမ်ညာပြောဆိုမိသည်ဖြစ်အံ့ ထိုလိမ်ညာပြောဆိုမှုအား အပြောခံရသူ မသိသော်လည်း ပြောလိုက်သူမှာ အစဉ်အမြဲ သိနေပေလိမ့်မည်။ ထို့ပြင် 'ငါ လိမ်ညာလိုက်တာကို သူ တစ်နေ့နေ့ သိသွားခဲ့လျှင်' ဟူသော အတွေးကလည်း ခြောက်လှန့်နေသဖြင့် စိတ်သက်သာရာကိုလည်း ရရှိမည် မဟုတ်ပေ။ ထိုအခါ မိမိကိုယ်မိမိ မကျေမနပ် ဖြစ်လာတော့၏။ ၎င်းသည် မိမိကိုယ်မိမိ လေးစားမှု ကင်းမဲ့သွားခြင်းပင်ဖြစ်လေသည်။ မိမိကိုယ်မိမိ လေးစားမှု မရှိတော့ခြင်းသည် ကြီးမားသော ဆုံးရှုံးမှုတစ်ခုပင်ဖြစ်တော့၏။

မိမိကို အများက လေးစားစေချင်လျှင်မူ သတိနှင့် ဉာဏ်နှင့်ယှဉ်၍ ပြောဆိုပါ၊ လုပ်ကိုင်ပါ၊ မိမိအလုပ်ကို မိမိလေးစားပါ၊ မိမိလုပ်ရသည့်အလုပ်ကို လေးစားစွာ ပြုလုပ်ခြင်းဖြင့် ပြီးပြီးရောဟူသည့် သာမန်ကာလျှံကာ လုပ်တတ်ခြင်းမှ ကင်းဝေးသည့်အပြင် သူတစ်ပါး၏လေးစားမှုကိုလည်း ရပေလိမ့်မည်။ ဤသို့ နေသွားမည်ဆိုလျှင် သူတစ်ပါး၏ လေးစားမှုကို ရရှိရုံမျှမက မိမိကိုယ်ကိုပါ လေးစားမှု တိုးတက်လာမည် ဖြစ်ပေသည်။

နောက်ဆုံးတစ်ချက်မှာ တရားရှုမှတ်ခြင်းဖြင့် သတိကို ခိုင်မြဲအောင် ပြုလုပ်ပါ။ တရားထိုင်ခြင်း၊ တရားရှုမှတ်ခြင်းသည် လွင့်ပါးနေသော စိတ်အာရုံတို့ကို တစ်နေရာတည်းတွင် ငြိမ်သက်စွာရှိနေစေရန် သတိကပ်၍ ပြုလုပ်ခြင်းပင်ဖြစ်၏။ လုပ်ဖန်များ၊ လေ့ကျင့်ဖန်များလျှင် သတိသည် မြဲမြံလာမည်ဖြစ်၏။ သတိအားကောင်းလာသည်နှင့်အမျှ အရာရာကို သတိနှင့်ယှဉ်၍ ပြောဆိုလုပ်ကိုင်လာပေတော့၏။ ထိုအခါ ချွတ်ချော်လွဲမှားခြင်းဟူသည် မရှိနိုင်တော့ပေ။ မည်သည့်အရာမဆို လေ့ကျင့်ဖန်များ၍ အလေ့အကျင့် ကောင်းလာသည်နှင့်အမျှ တပင်တပန်း အားစိုက်လုပ်စရာမလိုတော့ဘဲ အလိုအလျောက် ဖြစ်လာတော့မည်သာ ဖြစ်ပေသည်။

ဘဝတစ်ခုမှာ လူရယ်လို့ဖြစ်လာပြီဆိုလျှင် ရရှိလာသည့် မိမိ၏ ခန္ဓာကိုယ်အား မိမိသည် ကြိုက်ချင်လည်း ကြိုက်မည်၊ မုန်းချင်လည်း မုန်းမည်။ သို့သော် သည်ဘဝအတွက်မူကား ဤခန္ဓာကိုယ်သည် မိမိ၏ ခန္ဓာကိုယ်သာ ဖြစ်ရပေတော့သည်။ သို့ဖြစ်ရာ ရရှိလာသော မိမိ၏ခန္ဓာ ကိုယ်အား ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အပြစ်ကင်းပြီး အရည် အသွေး တောက်ပြောင်လာစေနိုင်ရန်အလို့ငှာ လူငယ်ဘဝမှစ၍ အစဉ် တစိုက် လေ့ကျင့်ကာ ပြုစုပျိုးထောင်ရတော့မည်ဖြစ်၏။ လူ့ဘဝရခြင်းသည် အသိဉာဏ်ရရှိဖို့ပင် မဟုတ်ပါလော။ ထိုရရှိသော အသိဉာဏ်ဖြင့် လူသည် အောင်မြင်မှုကို အမှန်တကယ် ရှာဖွေလျှင် မရနိုင်စရာအကြောင်းမရှိ။ ရရှိ မည်သာ ဖြစ်ပေတော့သတည်း။

***နေလှိုင်းဆည်းဆာ***

## အထွတ်အထိပ်မရောက်ခင်

**ပန်းခက်နွယ်**

ဘဝမှာ အောင်မြင်မှုအတွက် အထွတ်အထိပ်ကိုရောက်ဖို့ အခက်အခဲ ဒါမှမဟုတ် ပြဿနာများစွာကို ဦးစွာ ရင်ဆိုင်ဖြတ်သန်းကြရပါတယ်။ လူတိုင်းမှာ ဘဝရည်မှန်းချက်အမျိုးမျိုး ရှိတတ်ကြပါတယ်။ အဲဒီ ဘဝရည်မှန်းချက်တွေဆီ သွားရင်းသွားရင်းနဲ့ အမျိုးမျိုးသော အန္တရာယ်တွေ၊ အခက်အခဲတွေကို ရင်ဆိုင်ကြရတတ်သည်။ အကြိမ်ကြိမ် ကြုံတွေ့မယ်၊ အခါခါ ကြိုးစားရမည်။ ပြဿနာ သေးသေးလေးတွေလည်း ရှိတတ်သလို အင်မတန် ခါးသီးရက်စက်တဲ့ အခါမျိုးတွေလည်း ရှိမယ်။ ဘယ်လိုပဲ ကြုံတွေ့ပါစေ အကောင်းဆုံးနဲ့ အရဲဝံ့ဆုံးအဖြစ် ရင်ဆိုင်လိုက်ပါ ကျရှုံးမှုနဲ့ ကြုံတွေ့တိုင်း စိတ်ပျက်အားငယ်နေမယ်ဆိုရင်တော့ အောင်မြင်မှု မရတော့ဘူးပေါ့။ အဲဒီ ကျရှုံးမှုကို သေချာ ပြန်သုံးသပ်ကြည့်ရင် ကိုယ့်အားနည်းချက်တွေကို တွေ့မြင်လာပါလိမ့်မယ်။ အဲဒီတော့မှ ကိုယ် ဘာကိုလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ပြီး ဖွဲမလျှော့ အရှုံးမပေးဘဲ ရဲရဲသာ ရှေ့ဆက်ပါ။ ဖွဲကြိုးရင် ဖွဲနိုင်ပါလိမ့်မယ်။

လူတွေဟာ ကိုယ့်စိတ်ကို ကိုယ်ပဲ ပိုင်ပါတယ်။ အရှုံးမပေးသရွေ့ အနိုင်ရပိုင်ခွင့်ရှိပါတယ်။ မိမိစိတ်မှာ အလျှော့ပေး အားလျှော့မှသာ တကယ်ရှုံးတာပါ။ အခက်အခဲ အတားအဆီးတွေကို ကျော်ဖြတ်နိုင်တဲ့ စိတ်စွမ်း

အားနဲ့ အလျှော့မပြေးတဲ့ ဖွဲလုံ့လ ပူးပေါင်းရင် အောင်မြင်မှုကို ရမှာအသေ အချာပါ။

လူတချို့ဟာ အောင်မြင်မှုရပြီးမှ ပြန်ပြုတ်ကျသွားတာမျိုးလည်း ရှိပါတယ်။ အဲဒီလို ကြုံတွေ့တဲ့အခါ ခံနိုင်ရည်မရှိ၊ ဆောက်တည်ရာမရဘဲဖြစ် ကာ ဒုက္ခရောက်တတ်ကြပါတယ်။ အဲဒီလို ဖြစ်ပြီဆိုရင် သတိထားရမှာက ဘယ်အချက်က ကိုယ့်ကို ကျရှုံးစေသလဲဆိုတာပါပဲ။ အဲဒါကို ပြုပြင်လိုက် ရင် လက်လွှတ်လိုက်ရတဲ့ အောင်မြင်မှုကို ပြန်ရမှာ မလွဲမသွေပါ။ ဒါကြောင့် ဘဝဆိုတာ ပြဿနာကင်းအောင်နေဖို့ မဟုတ်ပါဘူး။ ပြဿနာတွေကို တွန်းလှန်ပြီး ရည်မှန်းချက်ပန်းတိုင်ဆီ ရှေ့ဆက်ချီတက်ဖို့ပါဟု တင်ပြရင်း သာဓကလေးတစ်ခုနှင့် နိဂုံးချုပ်ချင်ပါတယ်။

ကျွန်မတို့ရပ်ကွက်လေးသည် မြို့လယ်တွင် တည်ရှိသောကြောင့် စတိုးဆိုင်ကြီးတွေ၊ စားသောက်ဆိုင်တွေ၊ အလှကုန်ဆိုင်တွေ စသည်ဖြင့် ဈေးဆိုင်များစွာနှင့် စည်ကားလို့နေပါသည်။ ထိုဆိုင်တွေထဲမှ ကျွန်မ တင်ပြ လိုတာကတော့ လျှပ်စစ်ပစ္စည်းဆိုင်လေးတစ်ဆိုင်အကြောင်း ဖြစ်ပါတယ်။ ဆိုင်ရှင်ဟာ လူမျိုးခြားဖြစ်ပြီး အင်မတန် ယဉ်ကျေးပျူငှာပါတယ်။ အဲဒါ ကြောင့်လည်း သူ့ဆိုင်သေးသေးမှာ အစဉ်မပြတ် ဝယ်သူများနှင့် စည်ကား နေခြင်းဖြစ်ပါတယ်။ အခြားဆိုင်ကြီးတွေကြားတွင် ထိုဆိုင်လေးက ပို၍ စည်ကားနေပါတယ်။

ထိုဆိုင်လေးရဲ့ တစ်လမ်းကျော်တွင် တရုတ်စတိုးဆိုင်ကြီးတစ်ဆိုင် ရှိပါတယ်။ စတိုးဆိုင်ဟုဆိုပေမယ့် အိမ်ဆိုင်ကြီးဟုဆိုလျှင် ပိုမှန်မည်။ အဲဒီ စတိုးဆိုင်ဟာလည်း ဖော်ရွေလှသောကြောင့် စည်ကားပါသည်။ စီးပွားရေးဖြစ်ထွန်းတဲ့အတွက်ကြောင့် သိပ်မကြာခင်မှာပဲ သူ့ဆွေမျိုးတွေရှိတဲ့ မြို့လေးမှာ အိမ်နဲ့ဆိုင်တွဲလျက် ထပ်ဖွင့်နိုင်ခဲ့တယ်။ စီးပွားရေးတိုးတက် လာတာနဲ့ အမျှ မူလစတိုးဆိုင်ကြီးဟာ ဆက်ဆံရေးတွေ ကျဲလာပါတယ်။ အရင်ကလို ပစ္စည်းဆိုလည်း မစုံတော့ဘဲ အပြောအဆိုကအစ ခက်ထန်လာ ပါတော့တယ်။ ဒီလိုနဲ့ တစ်နေ့တခြား ဝယ်သူနည်းပါးပြီး နောက်ပိုင်းမှာတော့

ဝယ်သူမရှိသလောက် ဖြစ်လာတဲ့အတွက် ထိုဆိုင်နှင့်အိမ်ကို ငှားရန် စီစဥ်ရပါတော့တယ်။

ကံကောင်းထောက်မစွာနဲ့ပဲ အိမ်နှင့်ဆိုင်ကိုငှားဖို့ သိပ်မရှာလိုက်ရပါဘူး။ ပထမအပိုဒ်မှာ ဖော်ပြခဲ့တဲ့ တစ်လမ်းကျော်က လျှပ်စစ်ပစ္စည်းဆိုင်လေးက ငှားလိုက်တာပါ။ သူ စဖွင့်ခဲ့တဲ့ ဆိုင်းသေးလေးဟာ ထရံကာဆိုင်လေးပါ။ ထိုဆိုင်လေးကို ပိုင်ရှင်ထံပြန်အပ်ပြီး ဒီတိုက်မှာ သူ့ဆိုင်ကို တစ်စတစ်စ ချဲ့ပါတော့တယ်။ ဒါပေမဲ့ သူ့ဆက်ဆံရေးဟာ ပြောင်းလဲမသွားပါဘူး။ ပစ္စည်းတွေလည်း ပိုစုံလာတာကို တွေ့ရပါတယ်။ သုံးလေးနှစ်လောက်လည်းရောက်ရော အဲဒီခြံဝင်းကြီးကို ဝယ်လိုက်ပါတယ်။ နောက်ပိုင်းမှာ ဆိုင်ခွဲတွေလည်း ထပ်တိုးပြီး ဖွင့်လာနိုင်ခဲ့ပါတယ်။ အခြားဆိုင်လေးတွေကိုလည်း တစ်ဆင့်ပြန်ဖြန့်ပေးတဲ့အထိ အောင်မြင်နေပါပြီ။ အခုချိန်ထိ သူ့ဆိုင်တွေဟာ အမြဲ လူစည်ကားနေလျက် ရှိနေပါတယ်။

ထိုဆိုင်လေးနှစ်ဆိုင်ဟာ တူညီတဲ့ ကြိုးစားမှု အရည်အချင်းတွေကြောင့် အောင်မြင်မှုရလာပြီးတဲ့နောက် ပြောင်းလဲသွားတတ်တဲ့ လူ့သဘာဝဟာ အောင်မြင်မှုကို ထိခိုက်တတ်ကြောင်းတင်ပြရင်း ဆက်လက် ကြိုးစားခွင့်ပြုပါဟု လေးစားစွာဖြင့် . . .။

***ပန်းခက်နွယ်***

# အောင်မြင်ချင်လား

**အောင်မျိုး**

အောင်မြင်ချင်လား…

ဒီစာလေးကို အရမ်းအလုပ်ရှုပ်တဲ့ သင်္ဘောပေါ်မှာ ပင်ပန်းနေတဲ့ကြားကနေ ကြိုးစားပြီး ရေးသားလိုက်ပါတယ်။ ကျွန်တော် ဘာကောင်မှမဟုတ်သေးပါဘူး။ လက်ရှိချိန်ထိ ဘဝကို ကြိုးစားနေတုန်းပါ။ ကျွန်တော့်လိုလူငယ်တွေ အိမ်မက်တွေ ဖမ်းဆုပ်နိုင်စေဖို့ ကြိုးစားစေချင်လို့ အခုကရည်ရွယ်မိလို့ပါ။

ယခု ကျွန်တော် အလုပ်လုပ်နေတာက Norwegian Dawn Cruise ဆိုတဲ့ အပျော်စီးသင်္ဘောပေါ်မှာ Bar Waiter အဖြစ်နဲ့ပါ။ ၁၃-၃-၂၀၁၆ နေ့မှာ စတင်အလုပ်ဝင်ခဲ့ပါတယ်။ လစာ သိန်းနှစ်ဆယ်ကျော်ဝန်းကျင် ရပါတယ်။ ၂၀၁၃ ကျွန်တော် ဒူဘိုင်းက ပြန်ရောက်လာပြီးနောက် အိမ်ထောင်ကျခဲ့ပါတယ်။ အိမ်ထောင်မကျခင်ကရရှိခဲ့သော အလုပ်က ရန်ကုန်မြို့ရဲ့ ဟိုတယ်တစ်ခုမှာ Bar Supervisor အဖြစ် လစာသုံးသိန်းပေါ့၊ ရရှိတယ်။ အိမ်ထောင်ကျပြီးနောက် နိုင်ငံခြားကို ပြန်မထွက်တော့ဘဲ မိမိနိုင်ငံမှာသာ ကြိုးစားလုပ်ကိုင်မယ်လို့ ဆုံးဖြတ်ခဲ့ပြီး အရမ်းကိုကြိုးစားခဲ့ပါတယ်။ မိမိလည်း စာတွေလေ့လာ မိမိသိသမျှကိုလည်း ပြန်လည်မျှဝေပြီး တက်ကြွစွာဖြင့် ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်ရဲ့စိတ်ကူးတွေဟာ နောက်ပိုင်းဝေဝါးလာခဲ့ပါတယ်။ ငါ့အနာဂတ်က ဘာလဲ။ နောက်ထပ် သုံးနှစ်လောက်ဆို ငါ ဘာကောင်ဖြစ်လာမှာလဲ။ နောက်သုံးနှစ်ဆိုရင်ကော ငါ့လစာက

ဘယ်လောက်ရှိနေမှာလဲ ဆိုပြီး ကျွန်တော့်ကိုယ်ကျွန်တော် မေးခွန်းတွေ ပြန်မေးခဲ့တယ်။

ဘာ့ကြောင့်ဆိုတာတော့ မြန်မာပြည်မှာအလုပ်လုပ်ရင် အထက်လူကြီးကို ဖားနိုင်မှ သူ့ဒွေးအကြိုက်လိုက်လုပ်နိုင်မှ ရာထူးတိုး လစာကောင်းတဲ့ **အခြေအနေဆိုတာ** လူတိုင်းသိကြပါတယ်။ အဲဒီဟိုတယ်မှာ တစ်နှစ်ကျော် လုပ်ခဲ့ပြီး မြင်လာမိခဲ့တယ်။ ဒီနေရာမှာ ငါ့အနာဂတ် မကောင်းဘူး။ **ငါ့အနာဂတ်မရှိဘူး** ဆိုတာကို မြင်လာမိခဲ့တယ်။ စာပေတွေဖတ်ခဲ့သည့် **အတွက်ကြောင့် ကျွန်**တော့်စိတ်ဓာတ်ခွန်အားတွေ ယုံကြည်ချက်တွေ ဘဝ **အဓိပ္ပာယ်တွေ မြင်သိလာခဲ့**ရတယ်။ ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် အမြဲပြုလုပ်**တတ်သောအ**ရာများဖြင့် မိတ်ဆက်ပေးချင်ပါတယ်။

**(၁) မိမိကိုယ်ကို မေးခွန်းပြန်ထုတ်ခြင်း (မိမိကိုယ်ကိုနိုးထခြင်း)**

**ငါ့အတွက် ဒီနေရာက** အနာဂတ် ဘာတွေဖြစ်လာနိုင်သလဲပေါ့။ လူတိုင်းမှာ **အတွေးက အရေး**အကြီးဆုံးပါ။ Thinking ကောင်းဖို့ လူတိုင်း **လိုအပ်ပါတယ်။ (မှန်ကန်တဲ့** Thinking ရနိုင်ဖို့ဆိုတာလည်း စာများများ **ဖတ်မှ ရနိုင်တာပါ)**

**ကျွန်တော် ကြာလေ မြင်မိလာလေ**··· ငါ့အတွက် ဒီဟိုတယ်မှာ **အနာဂတ်ဆိုတာ မရှိဘူး ဆိုတာကိုပေ**ါ့။ ညနေတိုင်း ညနေတိုင်းမှာ ရန်ကုန်မြစ်ထဲက **ငင်ယော်ငှက်ကလေးတွေ ပျံသန်း**နေတာကို ငေးကြည့်ရင်း မေးခွန်းများစွာ **ပြန်လည်မေးခဲ့တယ်။ ငါ့အနာ**ဂတ်က ဘာလဲ။ ငါ့ရဲ့အိမ်မက်က ဘာလဲ။

ကျွန်တော့်**အမေ**မှာကြားသလို **တစ်သက်**လုံး သူများအလုပ်ချည်းပဲ မလုပ်နဲ့။ **ကိုယ့်ဘဝရဲ့ထွက်ပေါက်ကို ကိုယ်တိုင်ဖန်တီးနိုင်**ရမယ်။ ကျွန်တော့် ဘဝရဲ့ထွက်**ပေါက်ကတော့ တစ်နေ့နေ့ တစ်ချိန်ချိန်**ကြရင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်ဖို့ပါ။ **လက်ရှိရနေတဲ့လစာနဲ့ဆို မဖြစ်နိုင်ဘူးပေ**ါ့။ လူတိုင်း ချမ်းသာ ချင်တာပေါ့။ ဘယ်**သူမှ ရှော့..အင့်..ဗိုက်ဆံသိန်းတစ်ထောင်** လုပ်ငန်းကြီး တစ်ခု··· ဟောဒီမှာ **ချမ်းသာဖို့ ဆေးတစ်ခွက်**··· **ဆိုပြီးတော့** လာပေးမှာ

မဟုတ်ဘူး။ ဒါတွေကို ကျွန်တော်တို့ကိုယ်တိုင် ဖန်တီးယူနိုင်ရမယ်။ အလုပ်တစ်ခုလုပ်တယ်ဆိုပါတော့။ သင်မကြိုက်ဘူး။ ထွက်လိုက်။ နောက်အလုပ်ထပ်ရှာ။ သင်မကြိုက်သေးဘူးလား။ ထွက်လိုက်စမ်းပါ။ ဘယ်လိုမှ ဆက်လုပ်ချင်စိတ် မရှိတော့ဘူး ဆိုရင် အဲဒီနေရာကနေ ထွက်လိုက်တော့။ လူတွေက သင့်အပေါ် မကောင်းဘူးလား။ သင် ဘယ်လိုပဲ ကြိုးစားကြိုးစား လူကြီးတွေက သင့်အပေါ် မကောင်းကြဘူး ဆိုရင် အားနာမနေနဲ့ ထွက်သာထွက်လိုက်။ ဘယ်သူမှ သင့်ကို မတားဆီးနိုင်ဘူး။ တစ်ရက်တစ်ရက် အဆင်မပြေနေတာတွေ နားညည်းနေတာတွေ သည်းခံလို့မရနိုင်တဲ့အဆုံး ထွက်သာထွက်လိုက်တော့။ ကျွန်တော်တို့ကိုယ်တိုင်ကလွဲလို့ ဘယ်သူကမှ ကျွန်တော်တို့ကို မပြောင်းလဲပေးနိုင်ဘူး။ မိမိသာလျှင် မိမိဖာသာ စတင်ပြောင်းလဲရတာ။ ကျွန်တော် အဲဒီလိုခံယူရင်း ဘဝထွက်ပေါက်ကို စတင်ရှာဖွေတော့တာပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်လည်မေးခွန်းထုတ်လိုက်တယ်။ ငါ့အတွက် ဒီထက်ကောင်းတဲ့အလုပ် ရှာဖို့လိုအပ်လာပြီ။

## (၂) မိမိကိုယ်ကို ရင်းနှီးမြှုပ်နှံပါ

ကမ္ဘာပေါ်မှာရှိတဲ့လူတိုင်း ရင်းနှီးမြှုပ်နှံမှု (၂)ခုပဲ ရှိတယ်။ ပိုက်ဆံရှိတဲ့သူက ပိုက်ဆံကို ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးရှာသလို ကျွန်တော်တို့လို မရှိဆင်းရဲသားလူတွေအတွက်ကတော့ ရင်းနှီးမြှုပ်နှံစရာဆိုလို့ တစ်ခုပဲ ရှိတယ်။ အဲဒါ အချိန်ပါပဲ။ ဆိုကြပါတော့။ နောက်ဆယ်နှစ်ကြာရင် ငါ ဘာဖြစ်နေရမယ်။ မန်နေဂျာဖြစ်နေရမယ်။ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကိုယ်ပိုင်စီးပွားရေးသမား ဖြစ်နေရမယ်။ နောက်နှစ်ဆို ငါ **ဘာဖြစ်နေရမယ်။** ကျွန်တော့်အစ်ကို အောင်သူရ ဆုံးမသလို **ရှေ့တစ်နှစ်စာအတွက် ကြိုတွေး**ကွာ။ ငါ ဘာတွေ လုပ်သင့်သလဲ။ **မိမိကိုယ်ကို အမြဲပြန်လည်သုံးသပ်။** ဘယ်လိုအသိပညာတွေ **တတ်သိဖို့ လိုအပ်သလဲပေါ့။ လိုအပ်တာ**တွေဖြည့်။ ကျွန်တော် အဲဒီလို **အမြဲတွေးမိလာခဲ့တယ်။ သူငယ်ချင်းတွေ** ဘယ်သူက ဘယ်နေရာမှာတော့ **မန်နေဂျာဖြစ်သွားပြီ။ ဘယ်သူတွေကတော့** ကိုယ်ပိုင်စီးပွားရေးတောင် **လုပ်ကိုင်နေပြီ။ ငါကကော... သူတို့** ဘာ့ကြောင့်ဖြစ်သွား

ကြတာလဲ။ အများအားဖြင့်တော့ အချိန်ကြောင့်ရယ် ဦးနှောက်ထဲမှာ ရင်းနှီးထားတဲ့ အသိပညာ အတတ်ပညာတွေကြောင့် သူတို့ တိုးတက်သွားကြတာ။ အဲဒီလို အချိန်ကိုရင်းနှီးမြှုပ်နှံနေရင်း စာဖတ်ခြင်းဆိုတဲ့ အသိပညာကို အချိန်နဲ့တပြေးညီ ရင်းနှီးမြှုပ်နှံတဲ့သူက ပိုမိုအောင်မြင်ပါတယ်။ စာအုပ်တွေများများဖတ်။ တစ်လတစ်အုပ်လောက် ဖတ်နိုင်အောင် ကြိုးစားသင့်သလို မှတ်ယူပြီးလိုက်နာကျင့်သုံးသင့်တယ်။ စာဖတ်ပြီး အချိန်ကို ရင်းနှီးမြှုပ်နှံတဲ့သူဟာ စာပေမဖတ်ဘဲ ရင်းနှီးမြှုပ်နှံသူထက် များစွာအောင်မြင်လာပါတယ်။ ကျွန်တော့်အတွက်တော့ ရွာမှာ စာကြည့်တိုက်ကလေး စတင်မွေးဖွားနိုင်ခဲ့သည့်ကျေးဇူးကြောင့် အရင်ကထက် စာဖတ်လာခဲ့သလို အတွေးအခေါ်တွေမြင့်လာနိုင်ခဲ့တယ်။ လူသားဆန်တဲ့အလုပ်တွေ လုပ်လာမိခဲ့တယ်။ ဒါဟာစာပေဖတ်ခြင်းကျေးဇူးကြောင့်ပါ။ ဒီအလုပ်ရရှိတာလည်း စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့်ပါ။ အင်တာဗျူးမဝင်ခင် သုံးလလောက်ကတည်းက အလုပ်နဲ့ပတ်သက်တဲ့စာတွေ ဖတ်တယ်။ ဒီအင်တာဗျူး ငါ အောင်ရမယ်။ ဒီလိုအခွင့်အရေး နောက်ထပ်မရှိတော့ဘူး။ အောင်ကိုအောင်ရမယ်ပေါ့။ အသိပညာတွေကို ဦးနှောက်ထဲမှာ စာဖတ်ခြင်း လေ့လာခြင်းဖြင့် ရင်းနှီးမြှုပ်နှံခဲ့လို့ဒီနေ့ ဒီနေရာရောက်လာခဲ့တာပါ။

ယနေ့ခေတ်လူငယ်တွေ စာဖတ်အားနည်းလာကြပါတယ်။ သင့်ရဲ့စိတ်ဓာတ်ကို မြှင့်တင်လိုက်ပါ။ သင့်ရဲ့ယုံကြည်ချက်တွေကို ပြုပြင်လိုက်ပါ။ (ငါ ဖြစ်မှဖြစ်ပါ့မလား မသိဘူး…အောင်မှအောင်ပါ့မလားတောင် မသိဘူးဆိုတဲ့ စိတ်) သံချေးတက်နေတဲ့ ဦးနှောက်ကို ဆေးကြောပစ်လိုက်တော့။ ဒါ့ကြောင့် ရင်းနှီးမြှုပ်နှံပါ။

### (၃) မိတ်ဆွေအပေါင်းအသင်းကောင်းတွေရှိနေလား

မိတ်ဆွေအပေါင်းအသင်းကောင်းတွေရှိနေလား။ သင် အခု ဘယ်လိုလူတွေနဲ့ မိတ်ဆွေဖြစ်ထားပြီလဲ။ သင့်ရဲ့သူငယ်ချင်းမိတ်ဆွေအများစုကဘယ်လိုပတ်ဝန်းကျင်တွေလဲ။ သိပ်ကိုအရေးကြီးပါတယ်။ အဲဒီပတ်ဝန်းကျင်ကြောင့် သင်ဟာလည်း ပြောင်းလဲလာမှာပါ။ သင့်ရဲ့အနာဂတ်ကို သင်

ပေါင်းသင်းနေထိုင်တဲ့ မိတ်ဆွေအဆင့်အတန်းတွေ
ထိတွေ့ဆက်ဆံနေတဲ့သူကို ကြည့်တာနဲ့တင် သင်ဘယ
ဆိုတာ အကြမ်းဖျင်း ခန့်မှန်းမိနိုင်ပြီပေါ့။ (ကျွန်တော်
ကျေးဇူးတင်ရမည့်သူက မရွှေဇင်ပါပဲ။ သူပြောပြလို့ CTI သဘော်သား
အေးဂျင့်ဆိုတာ သိခဲ့ရတာပါ။ ကျေးဇူးအထူးတင်မိပါတယ် မရွှေဇင်)

ဆိုပါတော့… သင့်မိတ်ဆွေဟာ တစ်လတစ်လ သိန်းပေါင်းများစွာ ရှာနိုင်ပြီဆိုရင် သင်ဟာလည်း အနည်းဆုံးတော့ သူ့လို ဖြစ်လာချင်တဲ့စိတ် ပေါ်ပေါက်လာမှာပဲ။ သူ့လောက်မရသေးတောင် တစ်နေ့ သူ့လောက်ရနိုင်မှာ ဆိုတဲ့ အသိခံစားချက်ဝင်လာမှာ။ ဆိုပါတော့ဗျာ… သင့်ပတ်ဝန်းကျင်က ပညာတတ်အသိုင်းအဝိုင်း ဆိုပါတော့… သင်လည်း သူတို့ကို အားကျမိလာမှာပဲ။ ငါလည်းဖြစ်ချင်လိုက်တာ။ သူ့လိုပညာတတ်ကြီးဖြစ်ချင်တယ်။ သူ ဘာသင်တန်းတွေတက်နေလဲ၊ သူ ဘာတွေလေ့လာနေလဲ ဆိုတဲ့ အသိဝင်လာပြီး သင်လည်း အတုယူကြိုးစားလာမှာပေါ့လေ။ ဆိုပါတော့… သင့်သူငယ်ချင်းအများစုက ဘီယာဆိုင်ထိုင် ဆေးလိပ် ကွမ်းယာစား ကလပ်တက် အရက်သောက် စတာတွေ မကြာမကြာ ပြုလုပ်တတ်တယ် ဆိုရင် သင်ဟာလည်း အနည်းဆုံး တစ်ခေါက်လောက်တော့ လိုက်လုပ်မိမှာ အသေအချာပေါ့။ သင့်ပတ်ဝန်းကျင်မှာ စာပေချစ်မြတ်နိုးသူရှိလာရင်လည်း သင်ဟာ စာပေချစ်မြတ်နိုးလာတတ်မှာပေါ့။ ဆိုရိုးစကားဖြင့်ပြောရရင် အပေါင်း(သင်း)ကြောင့် ဂုဏ်တက် အပေါင်း(သင်း)ကြောင့် ဂုဏ်ပျက် ဆိုသလို။ ဒါကြောင့် မိတ်ဆွေအပေါင်းအသင်းဟာလည်း ဘဝမှာ အောင်မြင်လာဖို့ အဓိပ္ပာယ်ရှိလာဖို့ အရမ်းကို အရေးကြီးပါတယ်။ မိမိပတ်ဝန်းကျင်က မိတ်ဆွေသူငယ်ချင်းတွေကို အမျိုးအစား (၃)ခု ခွဲကြည့်လိုက်ပါ။ A B C ဆိုပြီး။ A ဆိုတာ အဆင့်အတန်းမြင့် ဂုဏ်သရေရှိလူကြီးတွေ၊ B အလယ်အလတ်တန်းစားဂုဏ်သရေရှိလူ၊ C ဆိုတာကတော့ အောက်ဆုံးဘဝ ကို အဓိပ္ပာယ်မဲ့နေထိုင်ကြသောသူ ဆိုပြီးတော့ ဘယ်အဖွဲ့ထဲ သင် အများဆုံး ပါရှိသလဲ ပြန်ဆန်းစစ်ပြီးကြည့်တာနဲ့ သိနိုင်ပါပြီ။

ပေါင်းသင်းနေထိုင်တဲ့ မိတ်ဆွေအဆင့်အတန်းတွေ သင့်ပတ်ဝန်းကျင်မှာ ထိတွေ့ဆက်ဆံနေတဲ့သူကို ကြည့်တာနဲ့တင် သင်ဘယ်လိုလူမျိုးဖြစ်လာမလဲ ဆိုတာ အကြမ်းဖျင်း ခန့်မှန်းမိနိုင်ပြီပေါ့။ (ကျွန်တော် ဒီအလုပ်ရရှိဖို့ ဦးစွာ ကျေးဇူးတင်ရမည့်သူက မရွှေဇင်ပါပဲ။ သူပြောပြလို့ CTI သဘော်သား အေးဂျင့်ဆိုတာ သိခဲ့ရတာပါ။ ကျေးဇူးအထူးတင်မိပါတယ် မရွှေဇင်)

ဆိုပါတော့… သင့်မိတ်ဆွေဟာ တစ်လတစ်လ သိန်းပေါင်းများစွာ ရှာနိုင်ပြီဆိုရင် သင်ဟာလည်း အနည်းဆုံးတော့ သူ့လို ဖြစ်လာချင်တဲ့စိတ် ပေါ်ပေါက်လာမှာပဲ။ သူ့လောက်မရသေးတောင် တစ်နေ့ သူ့လောက်ရနိုင်မှာ ဆိုတဲ့ အသိခံစားချက်ဝင်လာမှာ။ ဆိုပါတော့ဗျာ… သင့်ပတ်ဝန်းကျင်က ပညာတတ်အသိုင်းအဝိုင်း ဆိုပါတော့… သင်လည်း သူတို့ကို အားကျမိလာမှာပဲ။ ငါလည်းဖြစ်ချင်လိုက်တာ။ သူ့လိုပညာတတ်ကြီးဖြစ်ချင်တယ်။ သူ ဘာသင်တန်းတွေတက်နေလဲ၊ သူ ဘာတွေလေ့လာနေလဲ ဆိုတဲ့ အသိဝင်လာပြီး သင်လည်း အတုယူကြိုးစားလာမှာပေါ့လေ။ ဆိုပါတော့… သင့်သူငယ်ချင်းအများစုက ဘီယာဆိုင်ထိုင် ဆေးလိပ် ကွမ်းယာစား ကလပ်တက် အရက်သောက် စတာတွေ မကြာမကြာ ပြုလုပ်တတ်တယ် ဆိုရင် သင်ဟာလည်း အနည်းဆုံး တစ်ခေါက်လောက်တော့ လိုက်လုပ်မိမှာ အသေအချာပေါ့။ သင့်ပတ်ဝန်းကျင်မှာ စာပေချစ်မြတ်နိုးသူရှိလာရင်လည်း သင်ဟာ စာပေချစ်မြတ်နိုးလာတတ်မှာပေါ့။ ဆိုရိုးစကားဖြင့်ပြောရရင် အပေါင်း(သင်း)ကြောင့် ဂုဏ်တက် အပေါင်း(သင်း)ကြောင့် ဂုဏ်ပျက် ဆိုသလို။ ဒါကြောင့် မိတ်ဆွေအပေါင်းအသင်းဟာလည်း ဘဝမှာ အောင်မြင်လာဖို့ အဓိပ္ပာယ်ရှိလာဖို့ အရမ်းကို အရေးကြီးပါတယ်။ မိမိပတ်ဝန်းကျင်က မိတ်ဆွေသူငယ်ချင်းတွေကို အမျိုးအစား (၃)ခု ခွဲကြည့်လိုက်ပါ။ A B C ဆိုပြီး။ A ဆိုတာ အဆင့်အတန်းမြင့် ဂုဏ်သရေရှိလူကြီးတွေ၊ B အလယ်အလတ်တန်းစားဂုဏ်သရေရှိလူ၊ C ဆိုတာကတော့ အောက်ဆုံးဘဝ ကို အဓိပ္ပာယ်မဲ့နေထိုင်ကြသောသူ ဆိုပြီးတော့ ဘယ်အဖွဲ့ထဲ သင် အများဆုံး ပါရှိသလဲ ပြန်ဆန်းစစ်ပြီးကြည့်တာနဲ့ သိနိုင်ပါပြီ။

**(၄) မိမိကိုယ်ကိုယုံကြည်ပါ**

မိမိကိုယ်ကို ယုံကြည်ပါ။ ငါလုပ်နိုင်ရမယ်။ ငါ အောင်ကိုအောင်ရမယ်။ ဒါ ဒီလောက်ကြိုးစားနေတာ တစ်နေ့ အောင်မြင်ရမယ်။ အောင်မြင်ဖို့အတွက် အတန်းပညာမလိုအပ်ပါဘူး။ ဘွဲ့တွေအများကြီးရှိနေဖို့ မလိုအပ်ပါဘူး။ အောင်ကိုအောင်မြင်ရမယ် ဆိုတဲ့ စိတ်ဓာတ်သာ လိုအပ်တာ။ မင်းဘာဘွဲ့တွေရရ အောင်မြင်ခြင်းနဲ့ သိပ်မသက်ဆိုင်ဘူး။ ကျွန်တော်ဆိုဆယ်တန်းအောင်ရုံသာ သင်ခဲ့ရတယ်။ ပထမနှစ်တောင် မတက်ခဲ့ရပါဘူး။ ကျွန်တော်ကြိုက်မိတဲ့စကားလုံးလေး ရှိတယ်။ ဂျက်ကီချန်းပြောခဲ့တာ။ သူလည်း သုံးတန်းထိသာ သင်ခဲ့ရတာ။ သူပြောတာက ကျွန်တော် ပညာကောင်းကောင်း မသင်ခဲ့ရဘူး။ ပြောရရင် ပညာတတ်တစ်ယောက်ဖြစ်ဖို့ ကျွန်တော် ဉာဏ်မမီခဲ့ဘူး(ကံမပါခဲ့ဘူး)။ ဒါပေမယ့် ဟောဒီကမ္ဘာကြီးက ပညာတတ်ဘွဲ့ရတွေအတွက်ပဲ ဖြစ်တည်နေတာမှမဟုတ်တာ။ အတန်းပညာထက် အသိပညာက လောကကြီးအတွက် တကယ်လိုအပ်ပါတယ်။ နောက်ကိုဇော်ဇော်(မန္တလေး)ဆိုရင်လည်း လေးတန်းသာအောင်ခဲ့တာ။ စာပေဖတ်ခြင်းကြောင့် အသိပညာရရှိခဲ့ပြီး သူ့လိုလူငယ်များ အသိပညာရစေဖို့ ကိုယ်ကျိုးမဖက် ကြိုးစားနေတာများ အတုယူစရာကောင်းလိုက်တာ။ မိမိကိုယ်ကို ယုံကြည်ချက်ရနိုင်ဖို့ ဆိုတာ စာများများဖတ်မှ စာပေထဲမှာ ကောင်းမွန်တဲ့ ခွန်အားတွေ ရှာဖွေရရှိနိုင်ပါတယ်။ ဘာဘွဲ့တွေပဲရရ မိမိကိုယ်ကို ယုံကြည်ချက်မရှိလို့ကတော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။

**(၅) မပျင်းနဲ့**

ယုံကြည်ချက်အပြည့်နဲ့ ကြိုးစားစေချင်တယ်။ ကျွန်တော်ဆို CVT Centre Of Vocational Training School သင်တန်းကျောင်းမှာ Management သင်တန်း (၃)လတက်ခဲ့တယ်။ တကယ်လို့များ နိုင်ငံခြားမသွားဖြစ်ရင် ပြည်တွင်းမှာ အလုပ်အဆင်ပြေအောင် ကြိုတင်ပြင်ဆင်ခဲ့တာပါ။ တစ်ဘက်က အလုပ်လုပ်နေရင်း သင်တန်းက မနက် (၉)နာရီမှ ညနေ (၄)နာရီခွဲထိ သင်တာ။ ညနေ (၅)နာရီကနေ နံနက် (၃)နာရီထိုးမှ

အိမ်ပြန်ရောက်။ တစ်နေ့ကို အိပ်ချိန် (၄)နာရီလောက်ပဲ ရခဲ့တာ။ သင်တန်းချိန်ပျက်လို့မရဘူး။ အဲဒီမှာ (၃)လပြီးသွားတော့ နောက် တာမွေက IHC International Hospitality Centre မှာ သဘော်နဲ့သက်ဆိုင်သော သင်တန်းကို (၃)လတက်ခဲ့ရတယ်။ မနက် (၉)နာရီမှ နေ့လယ် (၁)နာရီထိ တစ်ပတ် (၃)ရက် တက်ခဲ့ရတယ်။ အိပ်ငိုက်လိုက်တာများ လိုင်းကားပေါ်မှာ မှတ်တိုင်ကျော်သွားခဲ့ဖူးတယ်။ တစ်ခါတလေ အိပ်ရာက မထချင်ဘူး။ အဲဒီလိုအချိန်တိုင်း ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြောဖြစ်တဲ့စကားက အိုဘားမားတောင် (၄)နာရီပဲ အိပ်ခဲ့ပြီး ကြိုးစားလာခဲ့ဖူးတယ်။ မသေမချင်း အိပ်နေရမှာ ပျင်းတယ်ဆိုတာ နှစ်ခါလောက်ရှိသွားရင် အကျင့်ဖြစ်သွားတာ။ ငါ အခုထ မျက်နှာသစ်၊ ဒီလိုပဲ မအောင်မြင်ခင်တော့ ပေးဆပ်နေရမှာ ဆိုပြီး နိုးထခဲ့တယ်။ ရန်ကုန်မြို့ပြရဲ့ကားလမ်းပေါ်မှာ အိပ်ချင်မူးတူးနဲ့ ဘ၀အတွက် ရုန်းကန်နေတာ ကျွန်တော်ကလွဲလို့ ဘယ်သူမှမသိခဲ့ဘူး။ သင်တန်းက စာတွေကို အိမ်ပြန်ရောက်ရင် အားတဲ့အချိန် ပြန်လေ့လာခဲ့တယ်။ (ဒီကြားထဲ ရွာကစာကြည့်တိုက်အတွက် အားတဲ့အချိန် အလှူရှင်တွေဆီ စာအုပ်လိုက်ယူတာ အလှူရှင်တွေနဲ့ သွားတွေ့ဆုံတာ နောက် ရွာက ကလေးတွေနဲ့ အဆက်အသွယ်လုပ်ခဲ့တာတွေ ထည့်မပြောတော့ပါဘူး။ စာတွေအများကြီး ရှည်ကုန်မှာမို့လို့ပါ။)

သင်တန်းတွေတက်လို့ ပိုက်ဆံရှိတယ်များထင်ဦးမယ်။ သင်တန်းဖိုး ကိုယ့်ဖာသာစုပြီး ကြိုးစားလာခဲ့တာ။ အခုခေတ်လူငယ်အတော်များများကို လည်း မပျင်းစေချင်ဘူး။ လက်တွေ့ကျကျ ကြိုးစားနေစေချင်တယ်။ သူများတွေ ဆယ်တန်းမှာ ဂုဏ်ထူးအများကြီးနဲ့အောင်ချိန် ကိုယ်လည်း အောင်ချင်မှာပေါ့။ ဒါပေမယ့် သူများတွေစာကျက်နေချိန် ကိုယ်က စာမကျက်ရင်တော့ ဘယ်လိုလုပ်အောင်မြင်မှာလဲ။ နိုင်ငံကျော်ရေကူးချန်ပီယံ အမေရိကန်နိုင်ငံသား မိုက်ကယ်ဖဲလ်ဆိုရင် တစ်နေ့တစ်နေ့ ရေကူးလေ့ကျင့်တာ ရှစ်နာရီတဲ့။ နောက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ရိုနယ်ဒို ဆိုရင်လည်း သူများထက်စောပြီး လေ့ကျင့်ရေးကွင်းရောက်လာခဲ့ပြီး သူများထက်နောက်ကျမှ

ပြန်သွားခဲ့တယ်။ သူတို့မပျင်းခဲ့လို့ သူများထက်ပိုကြိုးစားခဲ့လို့ အခုလို အောင်မြင်လာခဲ့တာ အသေအချာပေါ့။

**(၆) အပျော်အပါးသိပ်မလိုက်စားပါနဲ့**

အပျော်အပါးသိပ်မလိုက်စားပါနဲ့။ စိတ်ထွက်ပေါက် စိတ်ထွက်ပေါက် ဆိုပြီး ဘော်ဒါတွေနဲ့ သောက်မယ်၊ ကလပ်သွားမယ်၊ ကဲလိုက်မယ်။ လုပ်တော့လုပ်ပေါ့။ Limitလေးတော့ ထားစေချင်ပါတယ်။ ဘီယာဆိုင်ထိုင်တာ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်အမြဲထိုင်ဖြစ်တာတို့ ဆိုတာ ကောင်း တော့ကောင်းပါတယ်။ ဒါကိုလည်း အချိန်တစ်ခုလောက် Limit ထားတာ ပိုကောင်းတာပေါ့။ သေချာတာတစ်ခုကတော့ နိုင်ငံခြားရောက်ဖူးသူတိုင်း သိမှာပါ။ သူတို့နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံသားတွေလောက် အချိန်မပေါကြပါဘူး။ သူတို့နိုင်ငံမှာ အားအားရှိ အပြင်ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင် ဗီဒီယိုကြည့်နေတာတို့ အပေါင်းအသင်းတွေနဲ့ ဘီယာဆိုင်ထိုင်သောက်တာတို့ ဆိုတာ မြင်တွေ့ရခဲပါတယ်။ အပျော်အပါးတော့ရှိကြပါတယ်။ သို့သော် အမြဲတမ်း မပြုလုပ်ကြပါဘူး။ ဒါ့ကြောင့် လူငယ်သဘာဝ ပျော်တာကောင်းပါတယ်။ အပေါင်းအသင်းတွေနဲ့တွေ့ပြီး ပျော်ရွှင်နေမှလည်း စိတ်ကျန်းမာရေး ကောင်းမှာပေါ့။ ဒါပေမယ့် ပျော်တော့ပျော်ပါ။ မပြဲပါစေနဲ့။ ဥပမာပေးရရင် သင်္ဘောသီးလို အမှည့်လွန်လို့ ပြဲသွားရင် ဘယ်သူမှ မကြိုက်ကြတော့ဘူး။ ဘာ့ကြောင့် အခုလိုပြောရတာလဲဆိုတော့ ကျွန်တော် အဲဒီလို ကျင့်သုံးလာခဲ့လို့ ပါ။ စာပေတွေဖတ်လာပြီးနောက်ပိုင်း သူများနိုင်ငံတွေ တိုးတက်တဲ့အထဲမှာ အချိန်ကိုတန်ဖိုးထားတဲ့အချက်ဟာလည်း အဓိက အချက်ထဲမှာ ပါဝင်နေပါလားဆိုတာ ကိုယ်တိုင်မြင်သိလာပြီး အပျော်အပါး လိုက်စားခြင်းကို တတ်နိုင်သလောက် Limit ထားလိုက်တယ်။ ဘောင်လေး တစ်ခု ထားလိုက်တယ်။

ပြန်အကျဉ်းချုပ်ရရင် . . .

**(၁) မိမိကိုယ်ကိုပြန်လည်မေးခွန်းထုတ်ပါ။ မိမိကိုယ်ကို ပြန်လည်နှိုးထပါ။**

**(၂) ရင်းနှီးမြှုပ်နှံပါ။ ဦးနှောက်တွင် ရင်းနှီးမြှုပ်နှံပါ။ (စာပေများများ ဖတ်ပါ။)**

**(၃) မိတ်ဆွေကောင်း သူငယ်ချင်းကောင်းတွေ ပိုင်ဆိုင်နိုင်ပါစေ။**

**(၄) မိမိကိုယ်ကိုယုံကြည်ပါ။ အဲဒီယုံကြည်ချက်ကိုလည်း ဘယ်တော့မှ မပျောက်ပျက်သွားဘဲ ငါလုပ်နိုင်ရမယ် ဆိုတဲ့ စိတ်ဓာတ်ခွန်အား အပြည့်ဖြည့်ထားပါ။**

**(၅) မပျင်းပါနဲ့။ သူများတွေ ဆယ်တန်းကို ဂုဏ်ထူးတွေ အမှတ်ကောင်းကောင်းနဲ့ အောင်ချိန်မှာ ကိုယ်လည်းအောင်ချင်မှာပေါ့။ ခက်တာက သူများတွေစာကျက်နေချိန် ကိုယ်မကျက်လို့ကတော့ ဘယ်ရပါ့မလဲ။**

**(၆) အပျော်အပါးမမက်ပါနဲ့။ အချိန်ကို ဘောင်လေးတစ်ခုခတ်ပြီးတော့ ကြိုးစားစေချင်တယ်။ အနားကွပ်မရှိတဲ့အိုးဟာ ပျက်စီးလွယ်စေပါတယ်။**

ကျွန်တော့်စာလေးကိုဖတ်ပြီး အသိတစ်ခုခုလေးပဲရခဲ့ရင် ကျေနပ်ပါတယ်။ နောက်ဆုံးအနေနဲ့ စကားလက်ဆောင် ပေးလိုက်ချင်ပါတယ်။ ကျွန်တော် အကြိုက်ဆုံးစကားမို့လို့ပါ။ ကမ္ဘာ့အချမ်းသာဆုံးသူဌေး ဘီဂိတ် ပြောခဲ့တာပေါ့။

ဆင်းဆင်းရဲရဲဖြင့် မွေးဖွားလာတာ သင့်အပြစ်မဟုတ်ပါဘူး။ ဒါပေမယ့် ဆင်းဆင်းရဲရဲဖြင့် သေဆုံးသွားရင် မင်းရဲ့အပြစ် တဲ့။

ယနေ့ချိန်ထိ လမ်းညွှန်ပြသပေးသော ဆရာသမားများ သူငယ်ချင်းများ စာပေလောကပတ်ဝန်းကျင်မှ မိတ်ဆွေများအားလုံးကို ကျေးဇူးတင်ရှိရင်း လိုအပ်ချက်များရှိပါက နားလည်ပေးကြပါရန်… ရှေ့ဆက်ပြီး လူသားဆန်သော မိမိပတ်ဝန်းကျင်အား အကျိုးပြုနိုင်သောသူအဖြစ် ဆက်လက်ကြိုးစားနေပါမည်။

ချစ်ခြင်းအားဖြင့်
***အောင်မျိုး***

# အနက်ရှိုင်းဆုံးပင်လယ်(၅)

ခင်မို့မို့နီ

“ဘဘက ကျွန်တော့်ကို ကိုယ့်ဝန်းကျင်ကောင်းဖို့ စိတ်ကို ဘယ်လိုထားရမယ်၊ ဘာတွေလုပ်ရမယ် ဆိုတာ အမြဲပြောတယ်လေ။

အဲဒါကို ကျွန်တော် ဘယ်တော့မှမမေ့ပါဘူး။ ဒါကြောင့် ကျွန်တော် ဘယ်တော့မှ အမှိုက်မပစ်ဘူး ဆရာမ။ ကိုယ့်ကြောင့် ပတ်ဝန်းကျင်မှာ အမှိုက်မပွစေရဘူးလေ။ သူများပစ်ထားတဲ့အမှိုက်ကိုလည်း မြင်ရင် ကျွန်တော် သိမ်းပေးလိုက်တယ်။ အဲဒါကြောင့်လည်း အဲဒီလမ်းတစ်လျှောက် ကျွန်တော် အမှိုက်ရှင်းတယ်။ တချို့အိမ်တွေက သူတို့အိမ်ကအမှိုက်တွေ လာပေးပြီး ပစ်ခိုင်းကြတယ်။ ကျွန်တော်လုပ်ပေးလိုက်တယ်။ အဲဒီကစ်ဖုံဂျာနယ်ပုံနှိပ်တိုက်က ဦးလေးကလည်း ကျွန်တော့်ကိုချစ်တယ်။ ကျွန်တော်လုပ်နေတာ သူတွေ့တယ်လေ။ အဲဒီတော့ သူက ကျွန်တော် ဈေးရောင်းအသွားအပြန်ကို တွန်းလှည်းလေးတွန်းပြီးသွားနေတော့ ကျွန်တော်ငှားနေတဲ့ လိုင်းခန်းမှာကလည်း လှည်းထားစရာနေရာမရှိဘူးလေ။ အဆင်မပြေဘူးပေါ့။ အဲဒါ အဲဒီဦးလေးက သူ့ခြံထဲမှာ လာထားဖို့ပြောတယ်။ လမ်းထဲမှာလည်း ချစ်သူခင်သူပေါ်လာတယ်။ မိတ်ဆွေတွေလည်း ရလာတာပေါ့။ ကျွန်တော်ကလည်း

ကိုယ်တိုင်လည်းဖတ် သူတို့ကိုလည်း ပေးဖတ်တော့ ကျွန်တော့်ကို သူတို့ ချစ်ခင်ကြတယ်လေ။ အရင်က တွန်းလှည်းက ခုလို အောက်ပိုင်းမှာ တံခါး အဖွင့်အပိတ်နဲ့ အခန်းလေးတွေမပါဘူးလေ။ ဟို…ကားတာရာဘီးတပ်တဲ့ လက်ကိုင်နဲ့ တွန်းရတဲ့ တွန်းလှည်းပေါ့။ ပစ္စည်းတွေအားလုံး စုပုံပြီး ထည့်တွန်းရတာပေါ့။ ခုလိုမျိုး လှည်းတော့ မဝယ်နိုင်သေးဘူးလေ။ ဒါပေမယ့် ကျွန်တော် ရောက် လေရာမှာ သူတကာကိုကူညီပြီး စာပေဖတ်ပြီး ကိုယ်တတ်တဲ့အလုပ်နဲ့ ရိုးရိုးသားသား စီးပွားရှာတော့ ကျွန်တော့်ကို ချစ်ခင်ကြ လေးစားကြပါတယ်”

**လူကြီးမိဘရဲ့ဆုံးမစကားကို လိုက်နာမှတ်သားပြီး ကိုယ်တိုင်ကျင့်ကြံ အားထုတ်တဲ့အတွက် ရလာတဲ့ ကောင်းကျိုးတွေပေါ့။ ဒါတွေဟာ မိဘတွေရဲ့ ခွင့်ပြုပေးမှုလည်း ပါတာပေါ့။ သူတို့သာ ဆူဆူပူပူလုပ်မယ်ဆိုရင် သား ခုလို အေးအေးချမ်းချမ်းနဲ့ စာအုပ်တွေကို လှူနိုင်မှာမဟုတ်ဘူးလေ။ ရတဲ့ ငွေကို ပို့ပေးနေရမှာပဲပေါ့။**

“ဟုတ်ပါတယ် ဆရာမ။ ကျွန်တော်လေ စရောက်လာကတည်းက အဖေတို့ဆီကို ဖြစ်ဖြစ်မြောက်မြောက် ပိုက်ဆံမပို့ဖြစ်ပါဘူး။ စာအုပ်ဖတ်ချင် လို့ပါ၊ ဝယ်ရမှာမို့ပါ၊ အမေတို့ကို မပို့သေးဘူးနော်လို့ ပြောတော့လည်း မကျေနပ်ပေမယ့် ခွင့်ပြုပေးခဲ့ကြတာပါပဲ။ အခုတော့ အဲဒီနောက်ပိုင်း ရောက်ပြီး တစ်နှစ်ကျော် နှစ်နှစ်လောက်မှာတော့ ပို့နိုင်လာပါပြီ။ ငါးကင်က လည်း တအားရောင်းရတော့ ကျွန်တော်ကလည်း စာအုပ်ဝယ်ဖို့ကို သပ်သပ် ဖယ်ထားပြီး အမေတို့ဆီပို့ဖို့ စုရတာပေါ့။ အခုအချိန်ထိတော့ အိမ်ကိုလည်း တိုက်ခံအိမ်ဆောက်ပြီးပါပြီ။ လယ်လည်း (၁၅)ဧက ဝယ်ပြီးပြီ။ ယာကွက် လည်း ဝယ်ထားတယ်။ ညီလေးလည်း ဆယ်တန်းအောင်ပြီ။ ခုဆို အဖေက **စာအုပ်လက်**ကြားကမချတော့ဘူး။ အလုပ်အားတာနဲ့ **စာအုပ်ကိုင်**တော့တာ။ **အမေကလည်း** ဘာစာအုပ်မရှိသေးဘူး ပို့ပေးပါဦးနဲ့ မှာတာလေ။ ရွာက **စာကြည့်တိုက်**အတွက်ပေါ့။ စာပေအကျိုးကို သိနေကြပါပြီ”

**ခုဆို သား မန္တလေးစာကြည့်တိုက်တွေ တော်တော်များလာပြီနော်။ ခု အမှတ်(၅) ဖွင့်တော့မယ်ဆို…**

"ဟုတ်ကဲ့ ဆရာမ။ ကျွန်တော်က တစ်နိုင်ငံလုံး စာကြည့်တိုက်တွေ ဖွင့်လိုက်ချင်တာလို့ ပြောပြီးပါပြီ။ ဇော်ဇော်မန္တလေးစာကြည့်တိုက် နာမည်နဲ့က အမှတ်(၅) ဖွင့်တော့မယ်။ ကျွန်တော့်နာမည်မတင်ဘဲ အခြား စာကြည့်တိုက်တွေကို လှူပေးနေတာကိုပဲ စာကြည့်တိုက်ပေါင်း (၅၀) ကျော်ပြီ ဆရာမ။ ကျွန်တော့်စာကြည့်တိုက်က စာအုပ်တွေနဲ့လည်း အလဲအလှယ်လုပ်ပေးတယ်။ တစ်နိုင်ငံလုံးက လာလှူသမျှတွေနဲ့လည်း ဖြည့်ပေးရတာပေါ့။ ခုဆို ဟိုမြို့ ဒီမြို့တွေက ဖုန်းဆက်ကြ ကိုယ်တိုင်လာလှူကြတယ်။ အဲဒါတွေနဲ့ပဲ ကျွန်တော်လည်း ခရီးတွေ တအားသွားနေရတယ်။ အချို့ဆိုလည်း ကားနဲ့တင်ပေး၊ ကျွန်တော်က ဒီက ရွေးယူပေါ့။ တချို့အလှူရှင်တွေကတော့ စရိတ်ခံပြီး ပို့ပေးကြတယ်။ ဒီကနေ ကျွန်တော်က စာအုပ်တွေ ခွဲဝေပြီး ဆယ်သွယ်လာသမျှ စာကြည့်တိုက်တွေကို ပြန်ပြီး လှူပေးရတာပေါ့။ တချို့ကလည်း စာကြည့်တိုက်ဖွင့်ချင်လို့ပါ၊ ကူပါဦး စာအုပ်တွေလှူပေးပါပေါ့။ အဲဒါတွေလည်း လက်ခံပြီး လုပ်ပေးရတာပေါ့

**ဇော်ဇော်မန္တလေးစာကြည့်တိုက်အမည်နဲ့ အမှတ်(၅) ဆိုတော့ လိပ်စာလေးတွေ ပြောပါဦး သား…**

"ဟုတ်ကဲ့။ စာကြည့်တိုက် အမှတ်(၁)က အမှတ်(၂၁၆)၊ မြေညီထပ်၊ အောင်မေတ္တာ (၄)လမ်း၊ လှိုင်၊ (၁)ရပ်ကွက်၊ ကမာရွတ်ဈေးကြီး (လှိုင်ဈေးကြီး)ရှေ့ ဘူတာရုံလမ်းမှတ်တိုင်အနီး။ အမှတ်(၂)က ကျောက်ပန်းတောင်းတောင်ဘက် စည်သာရွာ၊ ကျွန်တော့်အိမ်ပေါ့။ အမှတ်(၃)က ကျောက်ပန်းတောင်းစံပြရပ်ကွက်၊ ခေမာသီစံဘုန်းတော်ကြီးကျောင်းအနောက်ဘက်။ အမှတ်(၄)က ဇေယျာဝတီတိုင်း၊ ကန်ကြီးထောင့်မြို့ပေါ်။ အမှတ်(၅)က ကျောက်ပန်းတောင်း၊ ဇောတိကလမ်း၊ မြို့မသုစ်ရပ်ကွက်။ ကျွန်တော့်ဖုန်း နံပါတ်က ၀၉ ၂၅၆၁၁၆၇၂၇ ပါ ဆရာမ

**ကဲ သားရဲ့အမည်နဲ့ကိုပဲ စာကြည့်တိုက်အမှတ်(၅)ထိ ရောက်ပြီဆို တော့ ဒီလောက်အချိန်လေးအတွင်းမှာပဲ သား အောင်အောင်မြင်မြင် လုပ်နိုင် နေပါပြီ။ ရှေ့ကိုလည်း မျှော်မှန်းသလို တစ်နိုင်ငံလုံးဖွင့်နိုင်ရမှာပေါ့။ အသက် ငယ်သေးတာပဲ။ ခုဆို ဝိုင်းဝန်းကူညီကြသူတွေလည်း များလာပြီဆိုတော့လေ။**

"ဆရာမရယ်၊ ကျွန်တော်က ခုကို အသက်ကြီးနေပြီထင်တာ။ ကျွန်တော် အလုပ်တွေ အများကြီးလုပ်ချင်သေးတယ်။ စာကြည့်တိုက်တွေ အများကြီး ဖွင့်ရဦးမယ်လေ။ ဆရာမပြောသလိုပဲ။ အခုဆို ကိုယ်ဖတ်ပြီးတဲ့ စာအုပ်တွေလှူတဲ့သူနဲ့ စာအုပ်ငှားဆိုင်တွေ၊ အချို့စာအုပ်ဆိုင်လေးတွေက လည်း ပိတ်ရတော့မယ်၊ သိပ်အလုပ်မဖြစ်တော့ဘူးပေါ့လေ။ အဲဒီလိုဆိုရင် ပြန်ရောင်းမနေတော့ဘဲ ကျွန်တော့်ကိုဖုန်းဆက်ကြတယ်။ ကိုဇော်ဇော် လာကြည့်ပါ။ စာအုပ်တွေလှူချင်တယ်။ လာပြီးလက်ခံပေးပါပေါ့။ အဲဒါဆို ကျွန်တော် သွားရတယ်။ ပြီးတော့ အကူအညီတောင်းတဲ့ စာကြည့်တိုက် တွေအတွက် ကိုယ်တိုင်သွားသယ်ပေး၊ သယ်ပို့ပေး လုပ်ရတယ်။ ကုန်ကား ကြီးနဲ့ စာအုပ်အိတ်တွေကို သယ်ရတာလေ။ တစ်ခါတစ်ခါ သယ်ခချည်းပဲ တစ်သိန်းလောက်ထိ ပေးရတယ်။ စာအုပ်အိတ်တွေက ၅၀ ၆၀ လောက် ဆိုတော့ တစ်အိတ်ကို မြွေရေခွံအိတ်ကြီးတွေပေါ့နော်၊ ၃၀၀၀ လောက် ပေးရတာ။ အဲဒီစာအုပ်တွေ သယ်ပို့စားရိတ်ကပဲ မနည်းဘူးလေ။ ဒါလည်း ခုနောက်ပိုင်းမှာတော့ ကျွန်တော် အလှူငွေတွေနဲ့ လုပ်နေရတာပါ။ ကျွန်တော့် ဆီကို စာအုပ်တွေလည်း လှူသလို ငွေတွေလည်း လှူကြတယ်လေ"

"ဆရာမကလည်း ကျွန်တော်တို့နားက ဆိုက်ကားသမားတွေဆို သူတို့က ကျွန်တော့်ဆီက စာအုပ်ငှားဖတ်ကြတာလေ။ အင်းစိန်၊ မင်္ဂလာဒုံက ဆိုက်ကားသမားကတောင် ကျွန်တော့်ဆီအထိ လာငှားတာ။ သတင်းကြားနဲ့ ပေါ့။ တီဗွီမှာမြင်ရလို့၊ ဂျာနယ်မှာဖတ်ဖူးလို့နဲ့ ရောက်လာကြတာ။ ခုဆို သူတို့က ဆိုက်ကားနင်းရင်းနဲ့ အပိုဝင်ငွေရအောင် ရှာနေကြပြီ။ ဆိုက်ကားရဲ့ ဘေးမှာ အိတ်တစ်လုံးချိတ်ထားပြီး သွားရင်းလာရင်း တွေ့တဲ့ ဗူးခွံ၊ ပုလင်းခွံ တွေပေါ့။ အဲဒါတွေကောက်ပြီး စုထားကြတယ်။ ပြီးတော့ ရောင်းပြီး

စာအုပ်ဝယ်လှူကြတာပေါ့။ သူတို့ကတော့ ငွေမပေါတော့လည်း သူတို့တတ်နိုင်တဲ့နည်းနဲ့ လှူပေးကြတာလေ။ ကျွန်တော့်ဆီကို လာငှားကြတာ မင်္ဂလာဒုံ၊ ပဲခူး၊ ခရမ်းသုံးခွ၊ ရေလယ်ကျောက်တန်း၊ အစုံပါပဲ လာကြတယ်။ သူတို့ရွာအတွက် ငှားချင်တယ် ဆိုပြီး စာအုပ် ၅၀ ၁၀၀ တစ်ခါတည်းစုပြီး ငှားသွားကြတယ်။ တစ်လကြာ နှစ်လကြာပေါ့။ ပြီးရင် လာပြန်ပို့၊ ရှိတဲ့စာအုပ်ပြန်ယူငှားကြပေါ့။ စာကြည့်တိုက်ဆိုတာက ဆရာမရယ် တံခါးပိတ်ထား၊ အချိန်နဲ့ဖွင့်၊ စည်းမျဉ်းဘောင်တွေ သိပ်များနေရင် စာဖတ်ချင်သူအတွက် ဘယ်မှာ အဆင်ပြေပါ့မလဲ။ ကျွန်တော်ကတော့ အားလုံးအဆင်ပြေအောင် ငှားပေးတယ်။ ကျွန်တော့်စာကြည့်တိုက်က စာအုပ်ဟာ ဘယ်တော့မှ အိပ်မနေရဘူး၊ အမြဲတမ်း လှည့်ပတ်စီးဆင်းနေအောင် ကျွန်တော် အားလုံးကို ယုံကြည်စွာနဲ့ ငှားပေးတယ်။ သူတို့ကလည်း ဖတ်ပြီးတာနဲ့ မှန်မှန်ကန်ကန် လာပို့ကြတာပဲ။ နည်းနည်းပါးပါး ပျောက်တာ ပျက်စီးတာ အတွက်လည်း ကျွန်တော်ပြောပြီးပြီပဲ၊ အမြဲပြန်ဝယ်ဖြည့်ပါတယ်လို့။ အလှူရှင်တွေလာပို့ပေးကြ၊ ကားနဲ့တင်ပေးလိုက်ကြတဲ့ စာအုပ်တွေဟာ အနယ်နယ်က လာငှားကြလွန်းလို့ စင်တွေပေါ်မှာ လျော့သွားလိုက်တာ၊ နောက်နေ့ရောက်တော့ ကျွန်တော့်စာကြည့်တိုက်(အောင်မေတ္တာ(၄)လမ်းကလေ)မှာ အခုပဲ လူနေစရာတောင်မရှိအောင် ပြည့်လျှံပြီး စုပုံနေပြန်ရော၊ ခဏနေ ဟိုမြို့ဒီမြို့က လူကိုယ်တိုင်စုပြီး လာငှားကြဆိုတော့ နေရာအနှံ့အပြားကို စာအုပ်တွေရောက်ပါတယ်။ အရွယ်မရွေး၊ လူတန်းစားမရွေးလည်း ဖတ်ချင်တဲ့စာအုပ်ကို ဖတ်ခွင့်ရကြပါတယ်။ ဒီရွာက စာအုပ် (၁၀၀) နဲ့ နောက်တစ်ရွာက စာအုပ် (၁၀၀) ကို တစ်လအကြာမှာ လဲလှယ်ပြီး ဖတ်ကြရတော့ စာအုပ်များများ ဖတ်ခွင့်ရသွားကြတာပေါ့။ သူတို့အချင်းချင်း အလဲအလှယ်နဲ့ ဖတ်ပြီးမှ လာပြန်ပို့ကြတယ်။ ကျွန်တော် အဲဒီအစီအစဉ်လေးကို လုပ်လိုက်နိုင်တော့ ရပ်ဝေးကစာဖတ်ချင်သူတွေလည်း စားရိတ်မကုန်၊ အချိန်မကုန်ဘဲ ဖတ်နိုင်သွားကြတယ်။

ပြီးတော့ ကျွန်တော့်စာကြည့်တိုက်ဆိုင်းဘုတ်ကိုက အခမဲ့စာကြည့်

တိုက်၊ စာအုပ်စာပေအခမဲ့ငှားပါသည် လို့ ရေးထားပြီး ကြော်ငြာထားတော့ သူတို့ လွတ်လွတ်လပ်လပ် ငှားနိုင်ကြတယ်။ သူတို့လည်း အားရနှစ်ခြိုက်ကြတယ်။ စာလာဖတ်တဲ့သူတွေ ရွာအတွက်တာဝန်ခံပြီး စာအုပ်လာငှားပေးတဲ့သူတွေ အစုံပါပဲ။ ကျွန်တော့်ကို စာတွေရေးပြီး မှတ်ချက်တွေပေးခဲ့ကြတယ်။ အဲဒါတွေ ဖတ်ရ မြင်ရတာ ကျွန်တော် ပျော်တယ် ဆရာမ။ လူတွေ စာအုပ်တွေကို အလွယ်တကူ ငှားနိုင်၊ ဖတ်နိုင်ကြတယ်။ သူတို့ အသိဉာဏ်တွေ တိုးပွားလာကြမှာကို တွေးပြီး ကျွန်တော် ကျေနပ်တယ်။ ကျွန်တော်တောင် အတန်းပညာလေးတန်းအောင် ကလေးနဲ့ ဟိုး…အညာကျေးလက်ကနေလာပြီး ကိုယ့်စားဝတ်နေရေးအတွက် စီးပွားလည်းရှာ၊ စာကြည့်တိုက်လည်း ဖွင့်နိုင်သေးရင် သူတို့ဆို ဒီထက်ပိုပြီး လုပ်နိုင်ကြမှာပါ"


**သူတို့ရေးပေးတဲ့ မှတ်ချက်ကလေးတွေ ပေးပါဦး။ ဆရာမ ထည့်ပြီး ဖော်ပြရတာပေါ့။ ဒါမှ စာဖတ်သူတွေလည်း ဇော်ဇော့်လိုပီတိမျိုး ရကြရအောင်လေ။ ပြီးတော့ သူတို့လည်း စာဖတ်ချင်စိတ်တွေ ပိုပြီး နိုးကြားလာကြမှာပေါ့။**

"ဟုတ်ကဲ့ ဆရာမ။ ကျွန်တော် ပို့ပေးလိုက်ပါမယ်"

သူဝမ်းသာသလို ကျွန်မလည်း ဝမ်းသာမိပါတယ်။ တကယ်လည်း အားရစရာကောင်းလှပါတယ်။ မှတ်ချက်များစွာထဲက နမူနာအဖြစ် ဖော်ပြပေးလိုက်တာလေး ဖတ်ကြည့်ပြီး ဇော်ဇော်ရဲ့ စွမ်းဆောင်ရည်ကြောင့် မြန်မာနိုင်ငံက ကလေးငယ်တွေ လူငယ်တွေ ရပ်ကွက်တွေ ကျေးရွာတွေက ကလေးတွေ ဘယ်လို အတွေးအခေါ် ဉာဏ်ပညာတွေ တိုးတက်လာသလဲ ဆိုတာကို သိမြင်နိုင်မှာပါ။

✡ ✡ ✡


## ပုံ(၁)



## ပုံ (၁) မှ စာများ

စာအုပ်စာပေလူ့မိတ်ဆွေပါ။ စာအုပ်ဖတ်ခြင်းဖြင့် အသိပညာ ဗဟုသုတ မြောက်များစွာ ရရှိပါတယ်။ ကျွန်တော်သည် စာအုပ်ဖတ်ရာတွင် အလွန် ဝါသနာပါ၊ တခါတလေ ထမင်းစားဖို့တောင် မေ့နေပါတယ်။ ယနေ့ခေတ် လူငယ်တွေကတော့ ဂိမ်းဆော့တာလောက်ပဲ ဝါသနာပါကြတယ်။ စာအုပ်တွေကို ဖတ်စေချင်တယ်။ စာဖတ်ရင်လည်း စာအုပ်တွေအကုန်လုံးကို ဖတ်စေချင်တယ်။ ဘာလို့လည်းဆိုတော့ စာရေးဆရာတွေ တစ်ယောက်နဲ့တစ်ယောက် အာဘော် မတူဘူး။ အဲဒါ ကြောင့် အရမ်းဗဟုသုတရတယ်။ အခုလို အခမဲ့စာကြည့်တိုက် Facebook မှာတွေ့ရလို့ အရမ်းလည်း ဝမ်းသာတယ်။ အရမ်းလည်း ဂုဏ်ယူပါ တယ်။ စာကြည့်တိုက်တွေအများကြီးလည်း ပေါ်လာစေချင်ပါတယ်။ စာအုပ်က လူတွေရဲ့ စိတ်ကို နူးညံ့စေပါတယ်။ ကျွန်တော်ကတော့ လူငယ်တွေကို စာများ များ ဖတ်စေချင်တယ်။ နောင်တစ်ချိန်မှာ ညီငယ် ညီမငယ်တို့က တိုင်းပြည် အတွက် သားကောင်းရတနာ သမီးကောင်းရတနာ တွေဖြစ်လာကြမှာဆိုလည်း မမှားနိုင်ပါဘူး။ အခုလို အခမဲ့ မန္တလေးစာကြည့်တိုက်ကို အရမ်းလည်း ကျေးဇူး တင်ပါတယ်။ ဒီထက်မက အောင်မြင်ပါစေလို့လည်း ဆုတောင်းပေးပါတယ်။


## ပုံ (၂)




## ပုံ (၂) မှ စာများ

စာအုပ်ဖတ်ခြင်းသည် လူငယ်များအတွက် အရမ်းအရေးကြီးပါတယ်။ ဗဟုသုတတိုးပွားရုံသာမဟုတ်။ အမှားအမှန်ကိုလည်း ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရရှိစေပါတယ်။ အထူးသဖြင့် ကလေးများကို စာဖတ်သောအကျင့် ဖြစ်စေရန် မိဘများကလည်း အားပေးသင့်ပါတယ်။ ဒီလို အခမဲ့စာကြည့်တိုက် တွေရှိလာတာ အရမ်းကောင်းပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ဒီဘက်ခေတ် ကလေးတွေက Facebook ဂိမ်းတွေနဲ့ အလုပ်ရှုပ်နေကြတယ်။ စာအုပ်ဆိုင် သွားဖို့ဆိုတာ သူတို့နဲ့မဆိုင်သလိုဖြစ်လာကြ။ ဒါပေမယ့် အခုလို အခမဲ့ စာအုပ်တိုက်တွေ ဖွင့်ပေးထားတော့ အရမ်းကောင်းပါတယ်။ ဒီလိုစာကြည့်တိုက် တွေ အများကြီးပေါ်လာရင် ပိုပြီးကောင်းပါတယ်။ ဒါမှ စာဖတ်တဲ့ကလေးတွေ ပိုများလာပြီး နောင်တစ်ချိန် တိုင်းပြည်အတွက် သားကောင်းရတနာ သမီး ကောင်းရတနာတွေ ဖြစ်မလာဘူး ဆိုတာ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဒီလို စာကြည့်တိုက်တွေ ရှိလာတာကို ကျေးဇူး တင်ပါတယ်။ နောက်ထပ် ဒီထက်ပိုပြီး ဖွင့်နိုင်ဖို့ မျှော်လင့်ပါတယ်။

## ပုံ (၃)




## ပုံ (၃) မှ စာများ

စာအုပ်စာပေ လူ့မိတ်ဆွေ တဲ့။ ရေးမယ့်သာရေးရတာပါ။ ဒီဘက်ခေတ်မှာ စာအုပ်အငှားဆိုင်ဆိုတာ အဖြစ်လောက်ပဲရှိတယ်။ စာကြည့်တိုက်ဆိုတာ မရှိသလောက်ရှားပါးသွားပြီလေ။ နိုင်ငံတော်ပံ့ပိုးတဲ့ စာကြည့်တိုက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေတောင် ရှားပါးနေတာ ဒီလိုမျိုး ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ဆိုတာ တစ်ရပ်ကွက်မှာမပြောနဲ့ တစ်မြို့နယ် မှာတောင် တစ်ခုမရှိဘူးလေ။ ဒီလိုစာကြည့်တိုက်လေးရှိခြင်းအားဖြင့် ဒီရပ်ကွက်မှာနေထိုင်တဲ့လူတွေအတွက်တော့ ဂုဏ်ယူသင့်တယ်။ ကျွန်မတို့တောင် ရပ်ကွက်တစ်ခုခြားပြီး လာငှားရတာပါ။ ကျွန်မတို့ရပ်ကွက်မှာ စာကြည့်တိုက်မရှိပါဘူး။ စာအုပ်အငှားဆိုင်ပဲ ရှိတယ်။ ဆိုင်မှာဆိုတော့လည်း ရသစာအုပ်ပဲရှိတယ်။ ဝတ္ထု၊ ကာတွန်းပဲ ရှိတယ်။ ဒီစာကြည့်တိုက်လို သုတ၊ ရသ၊ ဘာသာရေး စာအုပ်အစုံမရှိဘူး။ ကျွန်မဆိုရင် နောက်နေ့ နောက်နေ့တွေလာရင် စာအုပ်အသစ်တွေတွေ့ရရင် အရမ်းဝမ်းသာတယ်။ အချုပ်ဆိုရင် စာအုပ်စာပေဆိုတာ လူငယ်လူကြီးမှ မဟုတ်ပါဘူး။ ကလေးသူငယ် လူမျိုးမရွေး ဘာသာမရွေး ဖတ်ရှုသင့်တယ်။

ဒီခေတ်မှာတော့ ဖုန်းတွေ ဂိမ်းတွေ အင်တာနက်တွေ ပေါများနေတယ်။ လူတိုင်းက သာယာမှုကိုလိုက်တတ်ကြတော့လည်း ဒီလိုတွေအများကြီးစွဲဆောင်စရာမလိုတော့ဘူးပေါ့လေ။ ဘာပဲဖြစ်ဖြစ်ပါ။ ခေတ်ပေါ်စက်ပစ္စည်းကိရိယာတွေကိုလည်း မျက်ခြေမပြတ်ဘဲ ယခင်ကတည်းက မတိမ်ကောတဲ့ စာအုပ်လေးတွေကို အချိန်နည်းနည်းလေးပေးပြီး ဖတ်ရှုကြဖို့ တိုက်တွန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပုံ (၄)



## ပုံ (၄) မှ စာများ


'စာအုပ်စာပေ လူ့မိတ်ဆွေ' ဟု ဆိုသည့်အတိုင်း လူသားအားလုံးကို အသိပညာ အတတ်ပညာတွေကို လမ်းပြဦးဆောင်ပေး၊ ဗဟုသုတတွေတိုးပွားအောင် စာအုပ်စာပေတွေက ကူညီလမ်းပြပေးသူပါပဲ။ ဒါကြောင့် စာအုပ်စာပေတွေကို လူတိုင်း ကလေး(စာဖတ်တတ်တဲ့အရွယ်)တွေက စပြီး အနီးကပ်သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို ရှိနေသင့်ပြီ။ ဖတ်စရာရှိတာဖတ်၊ မှတ်စရာ

ရှိတာမှတ်လို့ စာအုပ်စာပေထဲမှ ကြီးပွား တိုးတက် လိမ္မာ ယဉ်ကျေး အစရှိတဲ့ အရာတွေကို လိုက်နာသင့်ပါတယ်။ ယခုလို စာကြည့်တိုက်ဖွင့်ပြီး လွတ်လွတ်လပ်လပ် ကလေးတွေ ဖတ်ထားတာ တွေ့ရလို့ အရမ်းပဲ ကြည်နူးမိပါတယ်။ ကျွန်မကိုယ်တိုင်လည်း စာဖတ်တာ ဝါသနာပါသူဖြစ်လို့ စာအုပ်တွေဝယ်ဖတ်ဖြစ်ပါတယ်။ ဒီစာကြည့်တိုက်အတွက်လည်း လှူထားပါတယ်။ နောက်လည်း တတ်နိုင်သလိုလှူပါဦးမယ်။ (ယခုလို ကလေးတွေကို ကိုယ်တိုင်ရေးမှတ်ခိုင်းတဲ့အတွက်လည်း ကလေးတွေက ကိုယ့်ကိုယ်ကိုယ်အားကိုးတတ်လာပြီး စာရင်းဇယားနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ မှတ်သားတတ်သွားတဲ့အကျင့် ရရှိလို့သွားပါတယ်။ 'ပညာရွှေအိုး လူမခိုး' ဆိုသလိုပဲ ကိုယ်ဖတ်မှတ်သားထားတဲ့ အရာတွေကို ဘယ်သူမှ မခိုးနိုင်ပါဘူး။ ဒါကြောင့်မို့ ဘယ်သူမှမခိုးနိုင်တဲ့ စာပေပညာကို လိုက်စားနိုင်အောင် ဦးဆောင်လမ်းပြပေးတဲ့ စာကြည့်တိုက်ကို တွေ့ရလို့ အရမ်းပီတိဖြစ်မိပါတယ်ရှင်။ နောက်ထပ်လည်း များများတိုးချဲ့နိုင်ပြီး နိုင်ငံကို ဦးဆောင်မယ့် ကလေးတွေကို သားသမီးရတနာကောင်းလေးတွေဖြစ်ဖို့ အခမဲ့ဖွင့်ထားတဲ့အတွက် ပညာပါရမီတွေ များများရပါစေ။ ဒီထက်မကလည်း အောင်မြင်ဦးမယ်လို့ ကျွန်မအနေနဲ့ ထင်မြင်မိ ပါတယ်ရှင်။

ကျေးဇူးတင်လျက်

*ဆောင်းသဇင်(ချူးချူး)*

## ပုံ (၅)



## ပုံ (၅) မှ စာများ

"Life မှာ အရေးအကြီးဆုံး စဉ်းစားချင့်ချိန်မှုပါ။ အဲဒီလို အတွေး

အခေါ်ရရှိဖို့က စာအုပ်များများဖတ်ပေးဖို့ အရေးကြီးပါတယ်။ လောကကြီးကို ဝင်ဆံ့ဖို့ဆိုရင် သင်အများဆုံး ဘယ်လောက်ခြေဆန့်နိုင်မှာလဲ။ လွယ်လွယ်လေးပါ။ တို့တွေ knowledge ရရှိမယ့် စာအုပ်စာပေတွေကမှ ကမ္ဘာမှာ သိချင်တဲ့ အကြောင်းအရာတွေကို သိနိုင်မှာမို့။ လူသားတိုင်းစာအုပ်နဲ့ နံနက်ခင်းရဲ့လုပမှုကို ကြိုဆိုသင့်ပါတယ်'' ဟု ထင်မြင်မိပါတယ်ရှင်။

*အိချမ်းမြေ့*

✡ ✡ ✡

နောင်လည်း အလျဉ်းသင့်သလို ဆက်ပြီး ဖော်ပြပေးသွားပါဦးမယ်။ စာဖတ်သူကလေးငယ်၊ လူငယ်လေးတွေရဲ့ လက်ရေးစုံ၊ အတွေးအမြင်စုံ၊ သူတို့ရဲ့ရင်တွင်းက စကားလေးတွေကို ဖတ်လိုက်ရတော့ ဩော်…ပိတ်ဆို့ထားတဲ့ အဆီးအတားကြီးသာမရှိခဲ့ရင် ဒို့လူငယ်ကလေးတွေ ခုချိန်မှာ အတွေးအမြင်တွေ ဘယ်လောက်များ ကျယ်ပြန့်နေလိမ့်မလဲ။ ကိုယ်လည်းအကျိုးရှိ၊ အများလည်းအကျိုးရှိတဲ့ အလုပ်တွေကိုလုပ်ရင်း သူတို့ရဲ့အားလပ်ချိန် အပန်းဖြေချိန်တွေဟာ ဘယ်လောက်များ အဓိပ္ပာယ်ရှိလိမ့်မလဲ။ တကယ့်အဖိုးတန် လူကလေးတွေနဲ့ ပြည့်နေမယ့် နိုင်ငံကြီးရဲ့အနာဂတ် လှပနေမှာ တွေးမိတိုင်း 'ကောင်းတဲ့အလုပ်မှန်သမျှ ခုအချိန်ကစ' ဆိုတဲ့ ရှေးလူကြီးသူမများရဲ့ စကားအတိုင်း 'ကောင်းတာတွေစခွင့်ကို မြန်မြန်နဲ့ များများရပါစေ' လို့ပဲ တွေးမိပါတယ်။ အဲဒီလိုအခွင့်အလမ်းကလည်း သူတစ်ပါးက ပေးလာမှာလား၊ ကိုယ်တိုင်လုပ်ယူရမှာလားလို့ မေးရင်တော့ အရာရာအတွက် အရေးအပါဆုံးဟာ 'ကိုယ်ကိုယ်တိုင်'ပဲ မဟုတ်ပါလား။ အဲဒီသက်သေကို အခု ဖော်ဖော်က လက်တွေ့ပြလိုက်ပါပြီ။ သူပြလိုက်တဲ့လက်တွေ့ကမှ တကယ့်ကို ပီပြင်လွန်းတဲ့ လက်တွေ့ပါ။ ကိုယ်တိုင်ကျောင်းစာသင်ခန်းနဲ့ဝေး၊ ကိုယ်တိုင် ငွေကြေးမပြည့်စုံ၊ ကိုယ်တိုင်က လမ်းဘေးဈေးသည်၊ ကိုယ်တိုင်က အညာကျေးလက်ကနေ မြို့ရန်ကုန်ကိုတက်လာရတဲ့ အခြေအနေ။ ကဲ… သူ့လောက်များ အခြေနိမ့်ပါးတာ ရှိနိုင်ပါဦးမလား။ အဲဒီလိုနိမ့်ပါးလှတဲ့ အခြေအနေကနေ ဖော်ဖော်က ပြည်သူ့ဂုဏ်ရည်ဆုကို ထိုက်ထိုက်တန်တန် ပိုင်ဆိုင်နိုင်လိုက်ပါပြီ။ သူပြခဲ့တဲ့ တကယ့်လက်တွေ့အလုပ်ဟာ ဘယ်အတိုင်း

အတာအထိ ခရီးပေါက်နေသလဲ ဆိုတာကတော့ သူ့ရဲ့သတင်း၊ သူ့ရဲ့ စာကြည့်တိုက်၊ သူ့ရဲ့အကူအညီနဲ့ ဖြည့်ဆည်းနေတဲ့ တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်ပေါင်းများစွာက သက်သေပါပဲ။

ဇော်ဇော်က သူ့စာကြည့်တိုက်တွေအတွက် သူကိုယ်တိုင် စာရေး၊ သူကိုယ်တိုင် ကြော်ငြာနေတာပါ။ သူရေးပြီး ဖေ့ဘုတ်ပေါ်တင်ထားတဲ့ သူ့ရဲ့ စာကြည့်တိုက်အပေါ်ထားတဲ့ ခံယူချက်၊ စာအုပ်စာပေကို မြတ်နိုးတန်ဖိုးထားတတ်တဲ့ စိတ်ကလေးကို ဖတ်ကြည့်ကြပါဦးရှင်။

☆ ☆ ☆

ကျွန်တော်မောင်ဇော်ဇော် ကျွန်တော့်ဘဝကို စာပေစာကြည့်တိုက်တွေထဲမှာ အမြဲနေထိုင်ချင်တယ်။ ကျွန်တော်သေခဲ့ရင်တောင် စာအုပ်ဘေးမှာ သေချင်တယ်။ ကျွန်တော် စာအုပ်တွေ အများကြီး ပိုင်ဆိုင်ချင်တယ်။ စာကြည့်တိုက်တွေ အများကြီး ဖွင့်ချင်တယ်။ ဒါပေမယ့် ကျွန်တော်က လမ်းဘေးဈေးသည်လေ။ နောက် ကျွန်တော်က ဘာအဖွဲ့အစည်းမှ မရှိဘူး။ တစ်ကိုယ်တော် တစ်ယောက်တည်းသမားပါ။ မိတ်ဆွေသူငယ်ချင်းဆိုတာ ခုထိ မရှိခဲ့ဘူး။ စာပေနဲ့ ဘယ်ဟာက ကောင်းတယ် ဘယ်ဟာက မကောင်းဘူး တိုင်ပင်ဖော်အားပေးဖော်ဆိုလို့ သူငယ်ချင်းတွေက စာပေတွေထဲမှာပဲ ရှိနေတယ်ခင်ဗျာ။

လူငယ်တစ်ယောက်ဘဝကို ခုထိ ဘာလဲဆိုတာ မသိဘူး နားမလည်ဘူး။ အားပေးဖော်ဆိုလို့ ခုမှ ဖေ့ဘုတ်ပေါ်ကရှိခဲ့တာပါ။ အရင်အချိန်ကဆိုရင် တစ်ယောက်တည်းပါ။ အားငယ်ချိန်မှာ ခွန်အားပေးသူက စာအုပ်တွေပါခင်ဗျာ။

စာအုပ်တွေထဲက မိတ်ဆွေတွေ အများကြီးရှိခဲ့ဖူးတယ်။ အပြင်မှာတော့ မဟုတ်ဘူး။

ဘဝကို အားမငယ်ခဲ့ပါဘူး။ စာပေက ဘဝရဲ့ မဟာတံတိုင်းကြီး။ ကျွန်တော် နာမည်ကို မရေးတတ်ခဲ့ဘူး။ ဒါပေမယ့် ကျွန်တော် ဘယ်အရာကိုမှ မကြောက်ခဲ့ဘူး။ စာပေခွန်အားနဲ့ အရာရာရင်ဆိုင်ခဲ့တယ်။ ကျွန်တော် ရန်ကုန်မြို့ကြီးမှာ နေခဲ့ချိန်က ခုခေတ်လူငယ်တွေလောက် အသိအမြင်မရှိခဲ့ဘူး။ ဒါကလည်း ကျွန်တော်တို့တိုင်းပြည်မှာ ငါ မြန်မာဟေ့လို့တောင် အော်မပြောရဲဘူး။ အရင်ကပါ။ စာကြည့်တိုက်စဖွင့်ချိန်က အသက် (၁၄)နှစ် ခင်ဗျာ။ အိမ်ကနယ်က မိသားစုတွေရဲ့ ဘေးဖယ်ထားခြင်းကိုလည်း ခံခဲ့ရတယ်။ ကျွန်တော့်

မိသားစုက ဆင်းရဲတယ်လေ။ မိသားစုက ငွေတွေပဲလိုချင်တာ။ ဒါကို ကျွန်တော် အောင်မြင်စွာ ကျော်ဖြတ်ခဲ့တယ်။ ခုဆို မိသားစုတွေအားလုံး စာပေတွေချစ်နေကြပြီ။ မချစ်ခင်ကဆို နယ်ကအိမ်ပြန်ရင် ပိုက်ဆံမပါဘူး။ စာအုပ်တွေပဲ ကျောပိုးအိတ်ထဲမှာ။ ကျွန်တော့်ကို အားပေးဖော် ဂုဏ်ယူဖော်က ကျွန်တော့်ဘဘ ခင်ဗျာ။ ငါ့မြေးက တော်တယ်ကွာ။ တစ်နေ့ကျ စာပေဝါးပင်တွေ မြန်မာပြည်အနှံ့ စိုက်ခဲ့ပါ အမြဲပြောတဲ့ ဘဘ ခုတော့ မိသားစုအားလုံး စာတွေဖတ်နေကြပြီ။ အပူအပင်ဆိုတာ မရှိတော့ဘူး။ ရှိတာလေးနဲ့ ဘဝကို နေထိုင်နေကြပြီ။ မေမေက လူကြုံရင် အိမ်က စာကြည့်တိုက်အတွက် စာအုပ်တွေမှာနေပြီ ခင်ဗျာ။

ကျွန်တော်က မြန်မာပြည်ကို သိပ်ချစ်တယ်။ ကျွန်တော့်ထက် ဘဝတွေ ဆိုးတဲ့လူတွေ အများကြီး။ သစ်ပင်တစ်ပင်တောင် ခုဆို တန်ဖိုးထားရမှန်း မသိဘူး။ ပညာရေး ... မပြောချင် ပေမယ့် ပြောရဦးမယ်။ မြန်မာပြည်မှာ ခုခေတ်လူငယ်တွေဆို ကျောင်းသွား ပြန်လာရင် ကျူရှင်သွား၊ ဒါနဲ့ အချိန်ကုန်။ ရှမ်းပြည်နယ် တောင်ပိုင်း မြောက်ပိုင်း မသိ။

အိုဗျာ. . . ဘယ်လောက်တောင် ပညာရေးတွေ နိမ့်ကျလိုက်ပါသိဗျာ။ ဒါတွေ ထားလိုက်ပါတော့။ ဘွဲ့တွေတော့ ရပါပြီ။ ဂျပန်စာတွေသင် တရုတ်စာသင် အင်္ဂလိပ်စာတွေ ပြန်သင်ရသေး။ ကျောင်းတွေကျ မြို့အပြင်မှာဖွင့်။ အရက်ဆိုင် ဘီယာဆိုင်ကျ မြို့ထဲ လူတွေ ကြားထဲမှာဖွင့်။ သူတို့သားတွေ သမီးတွေကျ စင်္ကာပူ ဂျပန် ယူကေလို နိုင်ငံတွေ ကျောင်းထား။ မြန်မာပြည် ပညာရေးကကောင်းရင် ဒီမြန်မာပြည်မှာထားပါလားခင်ဗျာ။ ပြောချင်တယ်။ စာကမရေးတတ်ဘူး။

စာကြည့်တိုက် ဟား ... ခုဖွင့်ပြီး နောက်မရှိတော့ဘူး။ စာကြည့်တိုက်ပေါင်း ငါးသောင်းငါးထောင်ရှိတယ်။ သွားကြည့်ပါ။ ကျောက်ပန်းတောင်းမြို့ တောင်ဘက် မန္တလေးစာကြည့်တိုက်တစ်တိုက်ပဲ ရှိတယ်။ စာကြည့်တိုက်တွေကျ အပေါ်ထပ်မှာဖွင့် အောက်ကျ အရက်ဆိုင်ဗှားစားကြတယ်။ မိန်းမပျိုလေးတွေ ဘယ်လို အပေါ်ထပ်ကို စာကြည့်တိုက်ကို သွားရဲပါမလဲ။ အဲဒါတွေကို ကျွန်တော်က တိုက်ဖျက်ချင်နေတာ ကြာပြီ။ မပြောရဲလို့။ ခုတော့ ပြောလိုက်မိပြီဗျာ။ ကျွန်တော်က စာကြည့်တိုက်တွေ စာပေတွေ အသက်ပြန်ဝင်စေချင်တယ်။ ခုဆို လူငယ်တွေ ဖေ့ဘုတ်နဲ့ အချိန်ကုန်နေပြီ။ ဂိမ်းတွေနဲ့ အချိန်ကုန်နေပြီ။ ဒါတွေက သူတို့မှာ ဒါပဲ ကြည့်စရာ သုံးစရာ သတင်း ဒီထဲမှာပဲရှိနေတာလေ။ ဘယ်မှာလဲ

ရပ်ကွက်ထဲ လမ်းထဲ ရွာထဲမှာ စာအုပ်အငှားဆိုင် စာကြည့်တိုက်တွေ။ တစ်ခုပဲ ကျွန်တော်ပြောလိုက်ပါမယ်။ စိတ်မဆိုးကြပါနဲ့ခင်ဗျာ။

မြန်မာပြည်ကို လူငယ်တွေကို မြန်မာလူမျိုးတွေကို ပြုပြင်ဖို့ အကောင်းဆုံး လက်နက်က စာပေ ..စာပေ .. စာပေ ... ဆိုတာ ဘယ်တော့မှ မမေ့ကြပါနဲ့လို့ ပန်ကြားရင်း အမှားပါရင် တောင်းပန်အပ်ပါသည်ခင်ဗျာ။

စာလုံးပေါင်းလေးမှားရင် ပြင်ဖတ်ပေးကြပါခင်ဗျာ။ ကျွန်တော်က လေးတန်းပဲ နေခဲ့ရလို့။ ကျွန်တော့်ခံစားချက်လေး မျှဝေတယ်သဘောထားပြီး ဖတ်ပေးကြပါရန်။

ဇော်ဇော် (မန္တလေးစာကြည့်တိုက်)

☆ ☆ ☆

ဇော်ဇော်ရဲ့ရင်ထဲက စကားတွေပါ။ နိုင်ငံအကျိုး၊ လူထုအကျိုးအတွက် ကိုယ့်စားရိတ်ကိုယ်စားပြီး ကိုယ့်စားရိတ်နဲ့ပဲ အသိပညာတွေဖြန့်ဝေပေးနေတဲ့ လူငယ်လေးအတွက် ကျွန်မ စွမ်းနိုင်သမျှ စာပေနဲ့ မှတ်တမ်းတင်လိုက်ခြင်းပါ။

ကျွန်မ ဇော်ဇော်နဲ့ စကားတွေ ဆက်ပြောဖြစ်ပါဦးမယ်။

***ခင်မိုမိုနီ***